www.burmeseclassic.com

## ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

## (ပေါင်းချုပ်)

BURMESE CLASSIC .com

[ တတိယအကြိမ် ]

ပထမ အုပ်

အပိုင်း ၇ /၈

ခံလှစာပေတိုက်

အမှတ် ၁၀၃၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း–၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | | |
|---|---|---|---|
| —။ | ပုဂံစာတည်းအဖွဲ့၏ မှတ်ချက် | .... | [illegible] |
| —။ | ထုတ်ဝေသူ၏ ကျေးဇူးတင်လွှာ | .... | [illegible] |
| ၁။ | မိတ်ဆက် | .... | ၁ |
| ၂။ | ဘောင်ဒရီလမ်း လူသတ်မှု | .... | ၁၆ |
| ၃။ | အစိုးရစာချုပ် ပျောက်ဆုံးမှု | .... | ၈၂ |
| ၄။ | မဟာရှာဇာတဦးအမှု | .... | ၁၀၃ |
| ၅။ | ထူးဆန်းသော အိမ်ငှားမှု | .... | ၁၁၅ |
| ၆။ | စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု | .... | ၁၂၈ |
| ၇။ | ကပ်စေးနှဲသော ရဟူဒီအမှု | .... | ၁၄၂ |
| ၈။ | ကာဏာရိုင်ရှိအသင်း | .... | ၁၅၇ |
| ၉။ | ဝန်ထောက်လူလိမ် အမှု | .... | ၁၇၃ |
| ၁၀။ | သိရိဓမ္မာသောကမင်းကြီး တံဆိပ်တော် | .... | ၁၈၄ |
| ၁၁။ | တိုင်ကပ်နာရီများ ခိုးခံရမှု | .... | ၂၀၃ |
| ၁၂။ | တဂူကူးကူး | .... | ၂၁၆ |
| ၁၃။ | ခြေကျိုး ကြောင် | .... | ၂၃၃ |
| ၁၄။ | အိမ်ထွင်းပုန်း ကုလားမ အမှု | .... | ၂၄၇ |
| ၁၅။ | မောက်တူး အမှု | .... | ၂၅၇ |
| ၁၆။ | ပြိုင်မြင်းရှင် မောင်ကြာညွန့်အမှု | .... | ၂၇၀ |
| ၁၇။ | အာဠဝက မောင်ကလေးအမှု | .... | ၂၈၆ |
| ၁၈။ | ထူးဆန်းသော နားရွက်ပြတ် နှစ်ခု | .... | ၃၀၃ |
| ၁၉။ | ကမာရွတ်ရွာ လူသတ်မှု | .... | ၃၂၁ |
| ၂၀။ | ရည်းစားဓါးပျောက် ရှာပုံတော် | .... | ၃၄၃ |
| ၂၁။ | ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု | .... | ၃၅၆ |
| ၂၂။ | သိုက်ဆရာတယောက်၏ အမှု | .... | ၃၇၀ |
| ၂၃။ | ဘင်္ဂါလီ စကားပြန်အမှု | .... | ၃၈၂ |


www.burmeseclassic.com

www.burmeseclassic.com


၂၄။ ကပ်စေးနှဲ မိုးဇက်အမှု .... ၃၉၆
၂၅။ အင်လျားကန် လူသတ်မှု .... ၄၁၀
၂၆။ တွံတေးအိုး ၆ လုံးကွဲမှု .... ၄၂၃
၂၇။ ထူးဆန်းသော အားကစားသမားအမှု .... ၄၄၀
၂၈။ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု .... ၄၅၀
၂၉။ လက်ပြတ် အင်ဂျင်နီယာ .... ၄၆၃
၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု .... ၄၇၅
၃၁။ ဩဇာ သုံးစေ့အမှု .... ၄၉၇
၃၂။ ဗိုလ်ကပြားမလေးတယောက်၏ အမှု .... ၅၁၆
၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု .... ၅၃၀
၃၄။ မသင်္ကာသော လင်မယား .... ၅၄၂
၃၅။ စံပဲအဆောင်း တွေ့မှု .... ၅၅၇
၃၆။ အမွေမပေးလိုသော ပထွေးအမှု .... ၅၇၀
၃၇။ ကောလိပ်ကျောင်းသားများနှင့် ညဏ်ကစားသည့်အမှု .... ၅၈၈
၃၈။ စင်တာဖောဇပ် ဘောသမားပျောက်မှု .... ၆၀၄
၃၉။ ညဏ်သမား မောင်မောင်ဦး .... ၆၁၈
၄၀။ အာဇာနည်အသင်း အမှု .... ၆၃၂
၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ .... ၆၆၃
၄၂။ လှေသူကြီး ဦးမိုးသီး .... ၆၈၃
၄၃။ လေးပွင့်ဆိုင် .... ၇၀၁
၄၄။ ရှိမ်းမကားရွာ လူသတ်မှု .... ၇၅၂
၄၅။ ဦးစံရှားအသက်ကို လုပ်ကြံမှု .... ၇၈၆
၄၆။ ကျောက်စီ ဓားမြှောင် ပျောက်ဆုံးမှု .... ၇၉၈
၄၇။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု .... ၈၁၂
၄၈။ ပျောက်သောသူ ရှာလျှင်တွေ့ .... ၈၄၁
၄၉။ ဘုရင်ခံကတော်၏ စာပျောက်မှု .... ၈၅၉
၅၀။ ပန်းဆိုးတန်း လူသတ်မှု .... ၈၇၂
၅၁။ လယ်ဝန် ဦးသာလူနှင့် ဇနီး မခင်တင့် သတ်မှု .... ၈၈၆
၅၂။ ထူးဆန်းသော အဆိပ်ခတ်မှု .... ၈၉၅
၅၃။ ပွေလီအင်းခွေးကြီး အမှု .... ၉၀၆


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ၄၄။ လေးပွင့်ဆိုင်*

၁

ကျွန်တော်သည် ဦးစံရှားနှင့် နှစ်ပေါင်းများစွာ အတူတကွ နေထိုင်ခဲ့သည့်အတွင်း တနေ့သ၌ ကျွန်တော်နှင့် ဦးစံရှားသည် ကျွန်တော်တို့၏ တိုက်ခန်း၌ထိုင်ကာ စုံထောက်ပညာ အကြောင်းများကို နှီးနှောပြောဆိုလျက် ရှိကြစဉ် အသက် ၂၅ နှစ် အရွယ်ခန့်ရှိ ပိန်းမကလေးတယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ထိုမိန်းမမှာ အလှန်အမင်း ရုပ်ရည်ချောမောလှသည် မဟုတ်ငြားသော်လည်း သပ်သပ်ရပ်ရပ်နှင့် မွန်မွန်ရည်ရည်ရှိ၏။ ဝတ်ပုံစားပုံမှာလည်း ဘိုဆန်ဆန်ရှိချေ၏။ သို့ရာတွင် တန်ဖိုးငွေ ၃၅ ကျပ်မျှထိုက်တန်သော ကတ္တီပါ လုံချည်မှာ မသိမသာ စပ်ဖာ၍ ထားသည်ကို ထောက်သော် ထိုမိန်းမသည် ရှေးအခါက ကောင်းစားဖူး၍ ယခုအခါ၌ စီးပွားဥစ္စာ အခြေအနေ ဆုတ်ယုတ်ခဲ့ဟန် လက္ခဏာ ရှိချေ၏။

ယင်း၏ အမူအရာမှာ အောက်တန်းစားလူမျိုးတို့၌ ထင်ရှားစွာ တွေ့မြင်ကတ်ရသည့် ရှုံ့တွန့်တွန့်နှင့် ရှက်ကိုးရှက်ကန်း အမူအရာမျိုး မဟုတ်ပဲ ခပ်အေးအေးရှိသော ကိုယ်ဟန်ဖြင့် အခန်းတွင်းသို့ ဝင်လာခဲ့ခြင်း ဖြစ်လေသည်။

ထိုမိန်းမသည် ဦးစံရှား ညွှန်ပြသော ကုလားထိုင်တွင် ထိုင်၏။ သူ၏ တုန်လှုပ်သော နှုတ်ခမ်းနှင့် လက်တို့ကို ထောက်သည်ရှိသော် တစုံတခုသော အကြောင်းကြောင့် စိတ်ယဲ၍ အပြင်းအထန်တုန်လှုပ်လျက် ရှိကြောင်း ထင်ရှားပေ၏။

ထိုမိန်းမသည် ကုလားထိုင်တွင် ထိုင်ပြီးနောက်—

"ကျွန်မတို့ ကျောင်းဆရာမကြီး မစ္စနော်တင်ရဲ့ အမှုမှာဦးစံရှား ဆောင်ရွက်ပေးဖူးတဲ့အတွက် မစ္စနော်တင်က ကျွန်မကို လမ်းညွှန်လိုက်လို့ ကျွန်မလာခဲ့ရခြင်း ဖြစ်ပါတယ်ရှင်"

ရှား။ ။"စိန်မေရီကျောင်းဆရာမကြီး မစ္စနော်တင်လား၊ ကြော် ဟုတ်တယ်၊ သူ့ကိစ္စကလေးကို ဆောင်ရွက်ပေးဖူးတယ်၊ သူ့အမှုက တယ်အရေး မကြီးလှပါဘူး၊ ရိုးရိုး လွယ်လွယ်ကလေးပါပဲ"

---

* မည်သည့်မဂ္ဂဇင်းတွင် ဦးစွာ ပုံနှိပ်ဖော်ပြခဲ့ကြောင်း မသိရသေး။ မြန်မာပြည် စာအုပ်တိုက်မှ၊ အတွဲ ၆ နှင့် နလုံးလှ စာပေတိုက်မှ အတွဲ ၃ တို့တွင် ဖော်ပြပါရှိသည်။ မူရင်း Sign for Four ဖြစ်သည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး။ ။ "ဦးစံရှားက အရေးမကြီးဘူး ဆိုပေမယ့် ဆရာကြီး ကဖြင့် ဦးစံရှား အစွမ်းကို မြှောလို့ပဲ မဆုံးပါဘူးရှင်၊ ကျွန်မက စိန့်မေရီကျောင်းမှာ လက်ထောက် ဆရာမ တယောက် ဖြစ်ပါတယ်၊ နာမည်ကတော့ မအုန်းခင်ပါတဲ့"

ရှား။ ။ "ဆရာမ မအုန်းခင်တဲ့လား၊ ကောင်းပါပြီ၊ ကိစ္စကို ပြောပါဦး"

ခင်။ ။ "မစ္စနေဘ်တင်အမှုဟာက လွယ်တယ်၊ ရိုးတယ်ဆိုယင် ဆိုနိုင်ပါလိမ့်မယ်၊ ကျွန်မ အမှုကဖြင့် အင်မတန်ဆန်း၊ အင်မတန်ရှုပ်ထွေးတဲ့အမှု ဖြစ်ပါတယ်ရှင်"

ရှား။ ။ (ဝမ်းမြောက်သော အမူအရာဖြင့် လက်ဝါးနှစ်ဘက်ကိုပွတ်လျက်) "ကောင်းပါလေရဲ့မျာ၊ ကျုပ်တော့ ထူးဆန်းလေလေ၊ နက်နဲလေလေ၊ ရှုပ်ထွေးလေလေ၊ နှစ်သက်လေပဲဗျ၊ ကိုင်း၊ အမှုသွားကို ပြောပြစမ်းပါ၊ ဒီက မိတ်ဆွေက ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ မိတ်ဆွေကြီး ကိုသိန်းမောင်ပဲ၊ ကျုပ်ကို ယုံကြည်သလို သူ့ကိုလဲ ယုံကြည်နိုင်ပါတယ်၊ ပြောသာ ပြောပါ"

ခင်။ ။ "ဒီလိုပါရှင်၊ ကျွန်မဖေဖေက မူလကတော့ ယောင်မှူးတယောက် ဖြစ်ပါတယ်၊ နောက်တော့ တကျွန်းက အကျဉ်းသမားများကို စောင့်ကြပ်ကြည့်ရှုရတဲ့ အရာရှိ တယောက်ရဲ့ ရာထူး လစ်လပ်တဲ့ အခါ လျှောက်ထားလေတော့ မြန်မာပြည်က ဆောင်ပိုင်မင်းကြီးရဲ့ ထောက်ခံချက်အရ အဲဒီ ရာထူးမှာ ခန့်ထားခြင်း ခံရပါတယ်၊ ဒီအခါမှာ ကျွန်မတို့မေမေ သေဆုံးပြီး ဖြစ်လေတော့ ကျွန်မက တကျွန်းကို ဖေဖေနဲ့ မလိုက်ပဲ ဒေါ်ဒေါ် တယောက်နဲ့ မန္တလေးမှာ နေရစ်ပြီး ကျောင်းမှာ စာသင်နေခဲ့ပါတယ်။

"ကျွန်မတို့ ဖေဖေက လခကလဲ ကောင်းလေတော့ ကျွန်မအတွက် တလကို ငွေတရာရာ မှန်မှန် တင်ပို့ခဲ့ပါတယ်၊ သို့သော်လဲ နှစ်ပေါင်းတော်တော်ကလေး ကြာတော့ ဘယ်အတွက်ကြောင့်လဲ မသိဘူး၊ တလမှ နှစ်ဆယ်ငါးကျပ် သုံးဆယ်လောက်သာ တင်ပို့ပြီး တခါတခါမှာ လုံးလုံးတောင် တင်မပို့ပဲ နေခဲ့ပါတယ်၊ ဒီလိုနဲ့ နေရာက တနေ့တော့ ဖေဖေ့ဆီက မြန်မာပြည်သို့ သူ ပြန်လာမည်အကြောင်း၊ ရန်ကုန်က လာကြိုဖို့ အကြောင်းနဲ့ ကြေးနန်းတစောင် ရပါတယ်။

"ဒီတော့ ကျွန်မက ဖေဖေမှာတဲ့အတိုင်း ရန်ကုန်မြို့ ဆင်းလာပြီး စဥ္ဆဒိုးတန်းက ကျွန်မရဲ့ ဘကြီး ဦးဘရီတို့တိုက်မှာ တည်းခိုပါတယ်၊ ကျွန်မတို့ဟာ သင်္ဘောဆိပ်သွားကြိုပေမယ့် သင်္ဘောဟာ ထွက်သွားပြီ ဖြစ်လို့ ဖေဖေနဲ့ လွဲသွားပါတယ်။

"ဒါပေမယ့် သူ့ဝါသနာအတိုင်း ဟိုဘယ်တခုခုမှ တည်းခိုလိမ့်မယ်လို့ တွေးမိပြီး စုံစမ်းတော့ ရွှိုင်ရယ် ဟိုတယ်မှာ တည်းခိုကြောင်း သတင်းရပါတယ်၊ ဟိုတယ်မန်နေဂျာက ဦးဘမြင့်ဆိုတဲ့ လူကြီး တယောက် တည်းခိုတာဟာမှန်ကြောင်း၊ ဒါပေမယ့် ပစ္စည်းတွေကို အပ်ထားခဲ့ပြီး ချက်ချင်း ထွက်သွားတာ အခုထိ ပြန်မလာသေးကြောင်း ကျွန်မကို ပြောပါတယ်။

"ကျွန်မက ဟိုတယ်ကို သုံးခေါက်တိတိ သွားမေးပေမယ့် ပြန်မလာသေးဘူး လို့သာပြောပြီး နောက်ဆုံးမှာ မန်နေဂျာက ပုလိပ်ကို တိုင်ယန်းဖို့ အကြံပေးတဲ့အတိုင်း ပုလိပ်ကိုလဲ တိုင်ပါတယ်၊ သတင်းစာ ထဲမှာလဲ ကြော်ငြာပါတယ်၊ ဒါပေမယ့် အဲဒီနေ့ကစပြီး ယနေ့တိုင် ကျွန်မ ဖေဖေ့သတင်းကို ဘာမှမကြား ရတော့ပါဘူး ဦးစံရှားရှင်"

တတိယအကြိမ်

www.burmeseclassic.com



သို့ပြောလျက် မအုန်းခင်သည် ပါးပြင်၌ စီးကျလာသော မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်သိမ်းလေ၏။

ရှား။ ။"ပျောက်သွားတာ ဘယ်နေ့ကလဲ"

ခင်။ ။"၁၉၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ကပါရှင်။ အခု ၁၉၂၇ ခုနှစ်ဆိုတော့ ၁၀ နှစ်လောက် ရှိသွားပါပြီ"

ရှား။ ။"သူ့ ဝန်စည်စလည် ပစ္စည်းများကော"

ခင်။ ။"ဟိုတယ်မှာ အပ်ထားခဲ့လို့ နောက်ဆုံးမှာ ကျွန်မလက်ကို ရောက်ပါတယ်။ ဒါပေမယ့် သူ့ပစ္စည်းတွေအနက် ခြေရာခံနိုင်လောက်တာ ဘာမှ မတွေ့ရပါဘူးရှင်"

ရှား။ ။"ရန်ကုန်မြို့ပေါ်မှာ သူ့မိတ်ဆွေများ ရှိသလား"

ခင်။ ။"ကျွန်မတို့ သိသလောက်ကြွင်း တကျွန်းမှာ သူနဲ့အတူ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ဦးကျော်ရှိန် ဆိုတဲ့ လူကြီးတစ်ယောက်သာ ရှိပါတယ်။ ဦးကျော်ရှိန်ဟာ ဖေဖေပြန်မလာမီ လေးငါး ခြောက်လလောက်က ရာထူးက နုတ်ထွက်ပြီး ချူးချိလမ်းမှာ နေပါတယ်။ ဦးကျော်ရှိန်က ကျွန်မကို ဖေဖေပြန်လာမယ် ဆိုတဲ့ အကြောင်းကိုတောင် မကြားပသိရပါဘူးတဲ့ ပြောပါတယ်"

BURMESE CLASSIC .com

ရှား။ ။"အင်း၊ တော်တော်ထူးဆန်းတဲ့ အမှုပါပေပဲ"

ခင်။ ။"ထူးဆန်းသလောက် ကျွန်မ အကုန်မပြောရသေးပါဘူးရှင်။ ကျန်ပါသေးတယ်။ ၁၉၂၁ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာထဲမှာ ကြော်ငြာတခု ပါလာပါတယ်။ ဒီကြော်ငြာက ထောင်ပိုင်အရာရှိ ဦးဘမြင့်ရဲ့သမီး မအုန်းခင်ဆိုသူရဲ့ နေရပ်ကို သိလိုပါတယ်တဲ့။ ကိစ္စမှာတော့ မအုန်းခင်အတွက် အကျိုးကျေးဇူး ခံစားရဖို့ ဖြစ်ပါတယ်တဲ့။

"အဲဒီအခါမှာ ကျွန်မမှာ စိန့်မေရီကျောင်းမှာ ဆရာမအလုပ်ကို လက်ခံပြီးဖြစ်လေတော့ ဆရာမကြီး မစ္စနော်တင်နဲ့တိုင်ပင်ပြီး ကျွန်မ၏နေရပ်ကို မြန်မာ့အလင်းသတင်းစာမှာပဲ ကြော်ငြာထည့်ပေးလိုက်ပါတယ်။ ဒီကြော်ငြာလဲ ထည့်ပေးလိုက်ပါရော၊ နောက်တနေ့တော့ စာတိုက်က အထုပ်ကလေးတခု ရောက်လာပါတယ်။ အထုပ်ကို ဖြေကြည့်တဲ့အခါမှာ အင်မတန်ကောင်းတဲ့ ပုလဲတလုံးကို တွေ့ရပါတယ်။

"ဒီပုလဲကို မဂိုလမ်းက အာတူဆိုင်မှာ ပြကြည့်တော့ တထောင်တန်တယ်လို့ အဖိုးဖြတ်ပါတယ်။ အထုပ်ထဲမှာ ပုလဲမှတပါး စာလဲမပါ၊ အကျိုးအကြောင်း သိရအောင်လဲ ဘာတခုမှ မပါပါဘူးရှင်။

"အဲဒီနှစ်ကစပြီး နှစ်စဉ် ဧမလ တရက်နေ့တိုင်း ပုလဲတလုံးတလုံး ကျွန်မဆီကို စာတိုက်ကရောက်လာပါတယ်။ နောက်လာတဲ့ ပုလဲငါးလုံးမှာလဲ ပထမပုလဲလိုပဲ အဖိုးတန်ကြောင်းနဲ့ အာတူက ပြောပြပါတယ်။ ဦးစံရှား ကြည့်ချင် ကြည့်ရအောင် ကျွန်မ ယူခဲ့ပါတယ်။ ဟောဒီမှာ ကြည့်ကြပါရှင်"

မအုန်းခင်သည် ဂုဏ်ပြုပါဖြင့် ဖုံးအုပ်ထားသော သေတ္တာကလေးတလုံးကိုဖွင့်၍ ပြလေရာ ကျွန်တော်တို့မှာ အလွန်တရာ အရောင်ကောင်းလှသော ပုလဲခြောက်လုံးကို အံ့သြစွာဖြင့် တွေ့မြင်ကြရလေ၏။

ရှား။ ။"ထူးဆန်းပါပေတယ်ဗျာ။ ဒီပြင်ကော ဘာများ ဖြစ်ပျက်သေးသလဲ"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ခင်။ "ဒီကနေ့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဦးစံရှားဆီ ကျွန်မ လာခဲ့ခြင်း ဖြစ်ပါတယ်။ ဒီကနေ့ ဟောဒီစာကို ရပါတယ်။ ဦးစံရှားတို့ပဲ ဖတ်ကြည့်ကြပါတော့"ဟု ပြော၍ စာတစောင်ကို ထုတ်ပြလေရာ ကျွန်တော်တို့လည်း အောက်ပါအတိုင်း ဖတ်ရှုကြရလေ၏။

ယနေ့ည ခုနစ်နာရီအချိန်တွင် ဂလုပ်ရုပ်ရှင်ရုံရှေ့မှ စောင့်နေလော့၊ မယုံကြည်ခဲ့လျှင် မိတ်ဆွေနှစ်ယောက်ကို ခေါ်ခဲ့နိုင်သည်။ မအုန်းခင်မှာ နစ်နာခြင်း ခံရသူတယောက် ဖြစ်သောကြောင့် ထိုက်သင့်သည့်အားလျော်စွာ လျော်ကြေးရဖို့ရှိသည်။ ပုလိပ်ကို မခေါ်ခဲ့လေနှင့်။ ခေါ်ခဲ့လျှင် အချည်းနှီးဖြစ်လိမ့်မည်။

မသိသော မိတ်ဆွေတဦး

ရှား။ "ဆန်းပါပေ့ဗျာ၊ တယ်ဆန်း။ ဒါထက် ဆရာမက ဘယ်လိုအကြံအစည် ရှိသလဲ"

ခင်။ "ကျွန်မက ဦးစံရှားဆီ အကြံတောင်းဖို့ လာခဲ့ခြင်း ဖြစ်ပါတယ်"

ရှား။ "ဒါဖြင့် သူချိန်းဆိုထားတဲ့အတိုင်းသွားဖို့ ကျုပ်ကအကြံပေးတယ်။ မိတ်ဆွေနှစ်ယောက် ဆိုတော့ ကျုပ်နဲ့ ကိုသိန်းမောင်နဲ့ လိုက်ကြဖို့ ရှိတာပဲ"

ခင်။ "ကျေးဇူးကြီးလှပါတယ်ရှင်။ ဒါဖြင့် ကျွန်မ ဒီကနေ့ညနေ ခြောက်နာရီလောက် ရောက်အောင် ဒီကို လာခဲ့မယ်"

ရှား။ "ကောင်းပြီ။ ဒါထက် ကျုပ် တခုမေးချင်သေးတယ်။ ဒီစာကလက်ရေးရော၊ ပုလဲများ ပို့စဉ်က လိပ်စာပေးတဲ့ လက်ရေးရော ဆရာမရဲ့ ဖေဖေ့ လက်ရေးများ ဟုတ်နိုင်သလား"

ခင်။ "မဟုတ်နိုင်ပါဘူးရှင်။ ဖေဖေ့ လက်ရေးကို ကျွန်မ ကောင်းကောင်း မှတ်မိပါတယ်။ နည်းနည်းလေးမှ မတူပါဘူးရှင်"

ရှား။ "ကျုပ်လဲ ဒီလိုပဲထင်တာပါပဲ။ ကိုင်း ကိုင်း၊ ခြောက်နာရီတိတိ ရောက်အောင် လာခဲ့ပေတော့။ ဒီစာကို ဒီမှာထားခဲ့ပါဦး။ ကျုပ် ကြည့်ချင်သေးတယ်"

မအုန်းခင်သည် ကျေးဇူးတင်သောအမူအရာဖြင့် ကျွန်တော်တို့ကို နှုတ်ဆက်ပြီးနောက် တိုက်ပေါ်မှ ဆင်းသွားလေ၏။

ဦးစံရှားသည် ပက်လက်ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ ဆေးတံကိုဖွာယင်း ဆရာမထားခဲ့သော စာကိုကြည့်လျက်-

"ဗျို့ ကိုသိန်းမောင်၊ လက်ရေးကိုကြည့်ပြီး ရေးသူရဲ့ စိတ်သဘောထားကို အကဲခတ်နိုင်တယ်ဆိုတာ ခင်ဗျား ယုံကြည်ရဲ့လား"

"ဟုတ်ချင် ဟုတ်မှာပေါ့ဗျာ။ ကျွန်တော်တော့ မစွမ်းပါဘူး"

"ဒီစာကို ကြည့်စမ်း။ ခင်ဗျား ဘာများ အကဲခတ်နိုင်သလဲ"

ဘုန်းယအကြိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဖြင့် ဘာမှ မခတ်နိုင်ဘူးဗျ"

"အသတ်တွေ ကြည့်ခြင်းအားဖြင့် သူ့ကိုယ်သူ အင်မတန်မြတ်နိုးတဲ့ လူတယောက် ဖြစ်ကြောင်း၊ အ,တို၊ဘ,တို၊ မ,တို့ကို ကြည့်ခြင်းအားဖြင့် ပျင်းရိတဲ့ လူတယောက်ဖြစ်ကြောင်း၊ ၊, ။, တို့ကို ကြည့်ခြင်းအားဖြင့် မခိုင်မြဲသော သဘောရှိကြောင်း သိနိုင်တယ်ဗျ"

"အင်း၊ ဟုတ်တုတ်တုတ်ပဲဗျို၊ သို့သော် ဟုတ်, မဟုတ်ကိုတော့ နောက်ကျမှ သိရမှာပေါ့ဗျာ"

"ဒါတော့ မှန်ပါတယ်။ ကိုင်း ကျုပ်မှာ ကိစ္စလေး တခုနှစ်ခု ရှိသေးတယ်။ အပြင်သွားလိုက်ဦးမယ်။ ဆရာမကိစ္စကို မေ့ပြီး ထွက်လည်မနေနဲ့နော်"

"ခင်ဗျားက လည်ပါဆိုတာတောင် မလည်ပါဘူးခင်ဗျာ။ ကျွန်တော်ကိုယ်နှိုက်က သိချင်လွန်းလို့ ရှူးရှူးတက်နေတာပါ"

၂

ငါးနာရီခွဲ အချိန်ခန့်တွင် ဦးစံရှား ပြန်လာသောအခါ သူ၏ မျက်နှာမှာ ရွှင်ပျစွာ ရှိနေလေ၏။ ဦးစံရှားသည် ကျွန်တော်ဖျော်၍ပေးသော လက်ဖက်ရည်ကို သောက်ယင်း—

"ဆရာမ ကိစ္စမှာ တွေးစရာ နည်းလမ်းတချက်ပဲ ရှိတယ်"

"အလိုလေးဗျာ၊ ခင်ဗျား ရှင်းလင်းခဲ့ပြီးပြီလား"

"ဒီလောက်လဲ မဟုတ်သေးပါဘူးဗျာ၊ သို့သော် စဉ်းစားဖို့ အချက်တခု ပေါ်ထွက်လာခဲ့တယ်၊ ဦးကျော်ရှိန်ဆိုတဲ့လူဟာ ၁၉၂၃ ခုနှစ် ဧပြီလထဲမှာ သေဆုံးတယ်တဲ့ဗျ၊ ကျုပ်စုံစမ်းလို့ သိခဲ့ရတယ်"

"ဒါ ဘာဖြစ်သလဲဗျ"

"ဆရာမ မအုန်းခင်ဟာ ပထမပုလဲကို ၁၉၂၁ ခုနှစ် မေလ တရက်နေ့မှာ ရရှိတယ်တဲ့ဗျ၊ ဒီတော့ ဒီနှစ်ချက်ကို ဆက်သွယ်ကြည့်ပါလား"

"ကျွန်တော်ဖြင့် ဘာမှမဆက်သွယ်နိုင်ပေါင်ဗျာ"

"ဒီလို ကြည့်စမ်းပါလားဗျ၊ ပျောက်ဆုံးသူ ဦးဘမြင့်ဟာ ရန်ကုန်မြို့ပေါ်မှာ ဦးကျော်ရှိန်တယောက်တည်းသာမိတ်ဆွေရှိတယ်၊ သူသွားခဲ့ယင် ဦးကျော်ရှိန်ဆီကိုသာ သွားဖို့ရှိတယ်၊ သို့သော် ဦးကျော်ရှိန်က ဦးဘမြင့်ပြန်လာတာကိုမသိရပါဘူးလို့ ပြောမြန်တယ်၊ ဒါပေမယ့် မအုန်းခင် ရတဲ့စာထဲမှာပါတာက မအုန်းခင်ဟာ နစ်နာခြင်း ခံရသူတယောက် ဖြစ်တယ်လို့ပါတယ်၊ နစ်နာခြင်းဆိုတာ ဘယ်လိုနစ်နာခြင်းလဲဗျ၊သူ့ဖခင်ဆုံးရှုံးတဲ့အတွက် နစ်နာခြင်း မဟုတ်ပေဘူးလား၊ပုလဲများရခြင်းဟာလဲ ဦးကျော်ရှိန်သေဆုံးပြီးတာနဲ့ တပြိုင်နက် ပထမ ပုလဲကိုစပြီးရခဲ့တယ်မဟုတ်သား၊ဒီတော့ကျုပ်ကဘယ်လိုတွေးဆင်ချက်ရသလဲဆိုတော့ ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com



ရှိန်ရဲ့ အမွေခံအမွေစားတွေအဖြစ်နဲ့ အဖြစ်အပျက် အလုံးစုံကို သိရတာကြောင့်လျော်ကြေးသဘောနဲ့မအုန်းခင်ဆီပုလဲတွေ ပို့ပေးခြင်း ဖြစ်ရမယ်လို့ ကျုပ်တွေးမိတယ်၊ဘယ့်နှယ်လဲ၊ ခင်ဗျား ဘယ်လိုသဘောရသလဲ''

''လျော်ကြေးပေးပုံက ထူးဆန်းလှချေကလားဗျာ၊ တကယ်ဆိုယင် ဒီစာကို လွန်ခဲ့တဲ့ ၆ နှစ်တုန်းက ရေးရောပေါ့၊ ဘယ့်နှယ်ကြောင့် အခုမှ ရှုတ်တရက်ကောက်တဲ့ပြီး ရေးရသလဲဗျ''

''မှန်ပါတယ်လေ၊ မရှင်းလင်းသေးတဲ့ အချက်တွေလဲ အများကြီး ရှိပါသေးတယ်၊ သို့သော် ဒီကနေ့ည အားလုံး ရှင်းလင်းကြရောပေါ့ဗျာ၊ ဟော တိုက်ရှေ့မှာ မြင်းရထားရပ်သံ ကြားတယ်ဗျို၊ ကျုပ်တို့ဆရာမနဲ့တူတယ်၊ ကိုင်းလာ၊ ကျုပ်တို့ ဆင်းကြစို့ အချိန်နီးပြီ''

ကျွန်တော်တို့သည် တိုက်ပေါ်မှ ဆင်းလာကြသောအခါ မအုန်းခင်နှင့် လှေကားရင်းတွင် ဆုံမိကြ၍ မြင်းရထားပေါ်သို့ အတူတက်ကြလေ၏။

မြင်းရထားပေါ်၌ ဦးစံရှားက ဦးကျော်ရှိန်နှင့် ဦးတာမြင့်တို့ ဆက်သွယ်ပုံအကြောင်းကို မေးမြန်းရာတွင် မအုန်းခင်က ယင်းတို့နှစ်ဦးမှာ တကျွန်းတွင် အတူတကွအလုပ်လုပ်ဖူးကြ၍ဦးတာမြင့်ရေးသားသော စာများတွင် ဦးကျော်ရှိန်၏ အကြောင်းများသည်း မကြာမကြာ ပါတတ်ကြောင်းနှင့် ပြောပြလေ၏။

ထို့ပြင် မအုန်းခင်သည် ပျောက်ဆုံးသူ ဦးတာမြင့်၏ သေတ္တာထဲ၌တွေ့သော ထူးဆန်းလှသည့် စာတရွက်ကို ဦးစံရှားအား ပြသလေရာ ဦးစံရှားသည် စာရွက်ကို ဒူးပေါ်တွင် ဖြန့်လျက် သေချာစွာကြည့်ရှုလေ၏။

ယင်းစာရွက်၌ အဆောက်အအုံကြီး တခု၏ ပုံစံကို မြေပုံသဖွယ် ရေးဆွဲ၍ထားသည် ဖြစ်ရာ တခုသော နေရာ၌ မင်နီဖြင့် ကြက်ခြေခတ်ပြထား၍ လက်ယာဘက်ထောင့်၌ကား မင်နက်ဖြင့် နာမည်များ ရေးထိုးထားလေ၏။

ယင်းနာမည်များမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်ဖြစ်ရာ ယင်းတို့မှာကား နက်ကျော်၊ ဟူစိန်၊ အပ်ဗဒူလာ ဟူ၍ လေးပွင့်ဆိုင် ရေးထား၏။

ဦးစံရှားသည် ထိုစာရွက်ကို ကြည့်ပြီးနောက် ယင်းစာရွက်မှာ ရှိသေစွာ သိမ်းဆည်းထားပုံကို ထောက်သဖြင့် ဧကန်စင်စစ် အရေးကြီးကြောင်း ထင်ရှားသော်လည်း ဤအမှုနှင့် မည်ကဲ့သို့ သက်ဆိုင်ကြောင်းကို ယခုအခါ၌ မတွေ့နိုင်သေးကြောင်း။ ဤအမှုမှာ ပထမ၌ မိမိ တွေးထင်မိသည်ထက် ပိုမို၍ ရှုပ်ထွေးနက်နဲ့ဟန် လက္ခဏာရှိကြောင်းနှင့် ပြောပြီးလျှင် စာရွက်ကို သိမ်းထားလေ၏။

ကျွန်တော်တို့သည် ဂလုပ်ရုပ်ရှင်ရုံရှေ့၌ မြင်းရထားကို ရပ်စေပြီးနောက် ဆင်းသက်ပြီးလျှင် ထိုမှ ဤမှ စကြံလျှောက်ခါ ရှိနေကြလေရာ ၇ နာရီ ထိုးသည်နှင့်တပြိုင်နက် မော်တော်ကားတစီးသည် ရုံရှေ့၌ ဆိုက်ရပ်၍ ကားမောင်းသောသူသည် ကားပေါ်မှဆင်းလာပြီးနောက်ကျွန်တော်တို့အနီးသို့ ချဉ်းကပ်လျက်

''ဆရာမ မအုန်းခင်ဆိုတာ ခင်ဗျားမဟုတ်သားဟု'' ဆရာမအား မေးလေ၏။

''ဟုတ်ပါတယ်၊ ဒီဟာက ကျွန်မမိတ်ဆွေ နှစ်ယောက်ပါပဲ''

ထိုသူသည် ထက်မြက်စူးရှသော မျက်လုံးတို့ဖြင့် ကျွန်တော်တို့နှစ်ယောက်ကိုကြည့်လျက်



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ ပုလိပ်မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး"

"ကိုင်း ဒါဖြင့် ကားပေါ်တက်ကြပါ"

ကျွန်တော်တို့သည် ကားပေါ် တက်မိကြသောအခါ ထိုသူသည် ကားကို လျင်မြန်စွာ မောင်းနှင်သွားလေ၏။

ကျွန်တော်တို့မှာ မည်သူနှင့် သွားရမှန်လည်း မသိ။ မည်သူ့ထံ သွားရမည်လည်း မသိ။ မည်သည့်ကိစ္စဟူ၍လည်းမသိ။ မည်သည့်အရပ်သို့ သွားရမည်ဟူ၍လည်း မသိပဲ ကားပေါ်၌ထိုင်ကာ လိုက်ပါသွားကြရလေ၏။

မော်တော်ကားသည် ဆူလေဘုရားလမ်း၊ ဟံတားကြီးကို ဖြတ်ကျော်ပြီးနောက် အရှေ့ဘက်သို့ ချိုး၍ ကန်တော်ကလေးရပ်ကွက်ကို ဖြတ်ပြီးလျှင် ကျောက်မြောင်းဘက်သို့ မောင်းနှင်သွားလေ၏။

နောက်ဆုံး၌ အလွန်တရာ ခေါင်လှသော ရပ်ကွက်ရှိနေအိမ်တအိမ်ရှေ့၌ ဆိုက်ပြီးလျှင် ကားမောင်းသမားသည် အိမ်တံခါးကို ခေါက်သောအခါ လူတယောက်သည် လက်နှိပ်ဓာတ်မီးတခုနှင့်ထွက်လာလေ၏။

ထိုသူသည် ကျွန်တော်တို့ သုံးယောက်ကို ဓာတ်မီးနှင့်ထိုး၍ ကြည့်ပြီးနောက် အိမ်တွင်းသို့ဝင်ကြရန် ခေါ်ငင်လေ၏။

ကျွန်တော်တို့ သုံးယောက်သည် ဆရာမကို အလယ်မှထားလျက် အိမ်တွင်းသို့ဝင်သွားကြ၍ အစေခံ၏နောက်သို့ လိုက်သွားကြလေရာ အစေခံသည် အိမ်ပေါ်ထပ်ရှိ အခန်းတခန်းသို့ ခေါ်သွားလေ၏။

၃

ကျွန်တော်တို့ အခန်းတွင်းသို့ ဝင်သွားကြသောအခါ လူတယောက်သည် ဆေးတံကိုသောက်လျက် ကုလားထိုင်ပေါ်တွင် ထိုင်နေရာမှ ကျွန်တော်တို့အား နေရာထိုင်ခင်း ပေးလေ၏။

ထိုသူသည် အသက် ၃၀ ခန့်မျှရှိသေးသော်လည်း ဦးခေါင်း၌ ဆံပင်တပင်မျှ မပေါက်ပဲ ထိပ်ပြောင်လျက်ရှိသည်ဖြစ်သောကြောင့် ရုတ်တရက်ကြည့်လိုက်သောအခါတွင် အဘိုးကြီးတယောက် ဟူ၍ပင် မှတ်ထင်လောက်ပေ၏။

ယင်းနေအိမ်မှာ အိုမင်းဟောင်းနွမ်းစွာ ရှိသော်လည်း အခန်းတွင်း၌ ခင်းကျင်း ပြင်ဆင်ထားသော အိမ်ထောင်မှုများမှာမူ ဥရောပတိုက် အရာရှိကြီးများ၏ အနေအထိုင်ကဲ့သို့ နေချင်ဖွယ်ရှိအောင် ခမ်းနားသပ်ရပ်ခြင်း ရှိပေ၏။ ထိုသူသည် ပျူငှာသော အမူအရာဖြင့် ကျွန်တော်တို့အား ဧည့်ခံပြီးနောက်....

"ကျွန်တော့်နာမည်က မောင်ညွန့်သိန်းပါတဲ့။ ဒီဟာက ဆရာမ မအုန်းခင်မှတ်တယ်"

"မှန်ပါတယ်ရှင်။ ဟောဒီက ဦးစံရှားနဲ့ ဦးသိန်းမောင်ပါတဲ့။ ကျွန်မမိတ်ဆွေများပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သိန်း။ ။“ကောင်းပါတယ်ဗျာ။ မိတ်ဆွေများ ခေါ်ခဲ့တာလဲ ကောင်းပါတယ်။ ဒါမှ ကျွန်တော် ပြောစရာရှိတဲ့ စကားကို သက်သေအဖြစ်နဲ့ကြားနိုင်ခွင့်ရှိပါတယ်။ ဒီပြင်အကြောင်းကလဲ ကျွန်တော့်အစ်ကိုက ခေါင်းမာတဲ့ လူတယောက်ဖြစ်လေတော့ လူများနဲ့ဝိုင်းပြီး ပြောရယင် ကျွန်တော်တို့စကား အောင်မြင်နိုင်ဖို့ ရှိပါတယ်”

ရှား။ ။“ကျွန်တော်တို့အတွက်တော့ စိတ်ချပါ။ ခင်ဗျားပြောသမျှ စကားကို ဒီလူစုအပြင်က လွဲပြီး မကြားပေါက်စေရပါဘူး”

သိန်း။ ။“ဟိုစာကို ကျွန်တော်ရေးလိုက်စဉ်အခါက ကျွန်တော့်အမည်နဲ့ နေရပ်ကိုထည့်ပေးလိုက်မယ်ကြံပေမဲ့ မတော်တဆ ဆူဆူပူပူလူမျိုးတွေ ခေါ်လာချေမလားလို့ စိုးရိမ်တဲ့အတွက် လျှို့ဝှက်တဲ့ သဘောနဲ့ရေးလိုက်ရတာပါ။ ကျွန်တော်က လူဘမျိုးခင်ဗျ။ ဆူဆူညံညံဆိုယင် လုံးလုံးကြိုက်တဲ့လူမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်နေတာတောင်မှ ချောင်ကျပေ့ဆိုတဲ့အရပ်မှာရှာပြီး အိမ်ငှားနေတဲ့လူပါ။ ကိုင်း အလုပ်ကိစ္စနဲ့ဆိုင်တဲ့ စကားကို ပြောကြဦးစို့”

ခင်။ ။“မိုးလဲချုပ်ပါပြီရှင်။ တိုတိုတုတ်တုတ်နဲ့ အကျဉ်းရုံးပြီး ပြောကြပါစို့”

သိန်း။ ။“အယင်လိုလိုတော့ မဖြစ်ဘူးထင်တယ် ဆရာမ။ ကျွန်တော်တို့ ချာချီလမ်းကိုတောင် သွားကြရလိမ့်ဦးမယ်”

ရှား။ ။“ဘယ့်အတွက်ကြောင့်လဲဗျာ”

သိန်း။ ။“ချာချီလမ်းမှာ ကျွန်တော့်အစ်ကို ကိုညွန့်သန်းရှိပါတယ်။ ကျွန်တော်တို့အလုပ်ကသူ့ကို အားလုံးဝိုင်းပြီး ဖျောင်းဖျတိုက်တွန်းကြဖို့ ရှိပါတယ်။ သူက အခုကျွန်တော်စီမံတဲ့အချက်ကို လုံးလုံးသဘောမဘူလေတော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် မနေ့ညက တော်တော်စကားများကြပါသေးတယ်ခင်ဗျ”

ကျွန်။ ။“ချာချီလမ်းကို သွားရဦးမှာဖြင့် ချက်ချင်းသွားကြရယင် ကောင်းမယ်ထင်ပါတယ်”

သိန်း။ ။“သွားတာပေါ့ခင်ဗျာ။ ဒါပေမယ့် မသွားခင် ကျွန်တော်တို့အချင်းချင်း စည်းဝါးကိုက် သွားကြမှ တော်ပါလိမ့်မယ်။ ဒီလိုပါခင်ဗျာ။ ကျွန်တော်တို့ အဖေက တကျွန်းမှာ ဒီကဆရာမရဲ့အဖေနဲ့အတူတူ အကျဉ်းသမားများကို ကြီးကြပ်ရတဲ့ အရာရှိတယောက်ဖြစ်ပါတယ်။ သူ့မှာ သားနှစ်ယောက် မောင်ညွန့်သန်းနဲ့ မောင်ညွန့်သိန်းတို့ ရှိပါတယ်။

“ကျွန်တော်တို့နှစ်ယောက်က အမြွှာမွေးခင်ဗျ။ လူပုံပန်းချင်း အင်မတန်တူပါတယ်။ ဒါပေမယ့် လူပုံချင်းတူသလောက် စိတ်သဘောချင်း ကွဲလွဲတဲ့ ညီအစ်ကိုနှစ်ယောက်ပဲ ခင်ဗျ။ သူကတော့ အဖေတူပြီး ပစ္စည်းအရာမှာ အင်မတန် စေးနှဲပါတယ်။ ကျွန်တော်ကတော့ အမေတူပြီး ကိုယ်လဲ သုံးစွဲချင်တယ်။ ပေးသင့်ပေးခွင့်ရှိတဲ့ သူကိုလဲ ပေးချင် ကမ်းချင်ပါတယ်။

“ဒါနဲ့ ကျွန်တော်တို့ အဖေ့အကြောင်း ပြောရဦးမယ်။ ကျွန်တော်တို့အဖေက သူ့ဘကြီးတယောက်ဆုံးလို့ အမွေရလေတော့ အလုပ်ကထွက်ပြီး ချာချီလမ်းမှာ နေနေတဲ့အချိန်သစပြီး ဘယ်လိုစိတ်သဘောမျိုး ဖြစ်လာတယ် မဆိုနိုင်ဘူး။ အင်မတန် ကြောက်တတ်လာတယ် ခင်ဗျ”



www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်မှာ လရင် လက်ဝှေ့သမားတယောက်၊ မြန်မာလက်ဝှေ့သမားတယောက်ကို ကျွေးမွေးထားပြီး သက်စောင့်အဖြစ်နဲ့ အမြဲနေစေတယ်။ တကျွန်းကပြန်လာမှ ဘာ့ကြောင့် ဒီလောက် ကြောက်တတ်လာတယ်ဆိုတာ ကျွန်တော်တို့လဲ မတွေးတတ်ဘူး။ သူကလဲ မပြောမပြဘူး။ သွားယင်လာယင်လဲ ခြောက်လုံးပြူးသေနတ်ကို ခါးက ဘယ်တော့မှ မချဘူး။

"တခါတုန်းက သစ်သားခြေထောက်နဲ့လူတယောက်ကို ခြောက်လုံးပြူးနဲ့ သွားပစ်မိလို့ ပေါင်ကို မှန်သွားရာမှာ ငွေတထောင်လောက် လျော်လိုက်ရပါသေးတော ခင်ဗျာ။ ဒါနဲ့ ၁၉၂၁ ခုနှစ်က ကျွန်တော်တို့အဖေမှာ တကျွန်းက စာတစောင်ရတယ်။

"ဒီစာ ရတဲ့နေ့ကစပြီး ကျွန်တော်တို့အဖေမှာ နေ့လဲ ဇထိတ်ထိတ်တလန့်လန့်၊ ညလဲ မအိပ်ဝံ့မနေဝံ့နဲ့ ဖြစ်ပြီး အင်မတန် တုန်လှုပ်နေဟန်ရှိပါတယ်။ ဘယ်လိုအကြောင်း ဆိုတာကို ကျွန်တော်တို့ကိုလဲ မပြောဘူး ခင်ဗျာ။ နဂိုက သူ့မှာ သရက်ရက်ကြီးတဲ့ ရောဂါခံရှိတဲ့အထဲမှာ ဒီလို အိပ်ပျက်စားပျက်နဲ့ တဖျပ်ဖျပ် လန့်နေရလေတော့ ပုန်းပုန်းကြီးလဲပြီး ဆရာဝန်တွေ လက်လျှော့ကုန်ပါရော ခင်ဗျာ။

"တညမှာတော့ ကျွန်တော်တို့အဖေ သေတော့မယ်လို့ အသက်ငင်နေလေတော့ အရေးကြီးတဲ့စကားမှာထားစရာရှိတယ်လို့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို သူ့အခန်းထဲ ခေါ်ပါရောခင်ဗျာ။ ကျွန်တော်တို့နှစ်ယောက်က ခုတင်တဘက်တချက်မှာ ဒူးထောက်ပြီး နားထောင်နေကြရာမှာ အဖေက ဘယ်နှယ်ပြောသလဲဆိုတော့ သူနဲ့အတူ တကျွန်းမှာ အမှုထမ်းခဲ့တဲ့ ဦးဘမြင့်ဆိုတဲ့လူနဲ့ သူနဲ့ဟာ တကျွန်းမှာရှိစဉ်အခါက ပစ္စည်းဘဏ္ဍာ အမြောက်အမြားကို တွေ့ကြတယ်တဲ့။ သူက မြန်မာပြည် ပြန်လာပြီးတဲ့နောက် ဦးဘမြင့်လဲ မြန်မာပြည်ရောက်လာပြီး ပစ္စည်းများကို ခွဲဝေဖို့ စီမံကြတယ်တဲ့။ ဦးဘမြင့်ဟာ ရန်ကုန်ရောက်တဲ့နေ့မှာပဲ သူ့ဆီကိုလာတယ်တဲ့။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်မှာတော့ ဒီတုန်းက ကျိုက်ထီးရိုးဘုရားကို သွားနေကြလေတော့ အိမ်မှာမရှိကြဘူးတဲ့။

"ဦးဘမြင့်နဲ့သူနဲ့ဟာ ပစ္စည်းတွေခွဲဝေကြဖို့ စကားပြောရာကနေပြီး အဝေမသင့်တဲ့အတွက် အချင်းများကြတယ်တဲ့။ ဦးဘမြင့်က သူ့ကို ပစ္စည်းတွေလျှို့ဝှက်တယ်လို့စွပ်စွဲပြီး မျက်နှာကိုလက်သီးနဲ့ထိုးတယ်တဲ့။ ဒီတော့ သူကအနီးမှာရှိတဲ့ သံတူကြီးနဲ့ကောက်ထုလိုက်တာနဖူးထုမိလို့ တခါတည်းပွဲချင်းပြီးသေရှာတယ်တဲ့။

"ဒီအဖြစ်အပျက်ကို အစေခံကုလား အာချီယား တယောက်တည်း မြင်တယ်တဲ့။ ဒီတော့ အဖေက ဥယျာဉ်ထောင့်မှာ ညတွင်းချင်းတင်းတူးပြီး ဦးဘမြင့်အလောင်းကို မြှုပ်လိုက်တယ်တဲ့။ အာချီယားကိုတော ငွေနှစ်ထောင်ပေးပြီး ဘင်္ဂလားပြန်ပို့လိုက်တယ်တဲ့။ ဒါပေမယ့် တကျွန်းကရခဲ့တဲ့ ဘဏ္ဍာတွေဟာ တကယ်တော့ ဦးဘမြင့်လဲ တဝက်ပိုင်ဆိုင်ခွင့် ရှိတာယ်တဲ့။

"ဦးဘမြင့်မရှိတဲ့နောက် သူ့သမီးတယောက် မအုန်းခင်ဆိုတာ ကျန်ရစ်တယ်လို့ ကြားလေတော့ သူ ရသင့်ရခွင့်ရှိတဲ့ဝေစုကို ပေးမယ်လို့ကြံစည်ခဲ့ပေမယ့် နှမြောတဲ့အတွက်ကြောင့် မပေးရက်ပဲ ကနေ့ထက်ထိ သူ့လက်ထဲမှာ ရှိနေတယ်တဲ့။ ဘဏ္ဍာတွေကို လျှို့ဝှက်ထားပြီး အဲဒီအထဲက ပုလဲဆယ့်နှစ်လုံးကိုသာ သူထုတ်ပြီး ယူသေးတယ်လို့ပြောပြီး ကွမ်းနိုင်ပုလင်းကလေးနဲ့ ထည့်ပြီးထားတဲ့ ပုလဲဆယ့်နှစ်လုံးကို ကျွန်တော့်လက်ကိုအပ်တယ် ခင်ဗျ။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"အပ်ပြီးတဲ့နောက် ဘဏ္ဍာတွေ လျှို့ဝှက်ထားတဲ့နေရာကို ကျွန်တော်တို့ကို ပြောမယ်လို့ သူ့နားချွန်း ကပ်ကြဖို့ပြောတုန်းမှာပဲ ကျွန်တော်တို့ အဖေက ပြတင်းပေါက်ဘက် ကြည့်လိုက်ရာမှာ မျက်လုံးတွေပြူးပြီး သွားတယ်။ ဒီတော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်က ပြတင်းပေါက်ဘက်ကြည့်လိုက်တော့ လူတယောက် က အပြင်ကနေပြီး အခန်းထဲ ချောင်းကြည့်နေတာ မြင်လိုက်ရတယ်။

"ပြတင်းပေါက်က မှန်ကံခါးဖြစ်လေတော့ သူ့နှာခေါင်းနဲ့ မှန်နဲ့ထိနေလို့ နှာခေါင်းကြီးပြားနေ တာကို ကျွန်တော် အခုတောင် မြင်မိလေးတယ်။ ဒီတော့ ကျွန်တော်တို့ ညီအစ်ကိုက ထပြေးပြီး ပြတင်း ပေါက် ဖွင့်ကြည့်တော့ ဟိုလူမရှိတော့ဘူး ခင်ဗျ။

"ဒါနဲ့ အဖေ့ဆီ ပြန်လာလေတော့ ကျွန်တော်တို့အဖေ အသက်မရှိတော့ဘူးခင်ဗျာ။ သေခါနီး ဆဲဆဲမှာ သူ့ဘဏ္ဍာတွေ လျှို့ဝှက်ထားတဲ့ နေရာအရပ်ကို ပြောမယ်လို့လုပ်တုန်း ဟိုလူချောင်းယှက်တာနဲ့ မပြောလိုက်ရတော့ပဲ အသက်ပျောက်သွားပါရော ခင်ဗျာ။

"ဒါနဲ့ ကျွန်တော်တို့လဲ ဘဏ္ဍာတွေထားတဲ့ နေရာကို မသိလိုက်ရဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော်တို့ နှစ်ယောက် ဟိုညက မီးအိမ်တခုနဲ့ ပြတင်းပေါက်နားသွားကြည့်ကြတော့ ဟိုလူရပ်ပြီး ချောင်းကြည့်တဲ့ နေရာမှာ ထူးထူးဆန်းဆန်း ခြေရာတခု တွေ့ရတယ်ခင်ဗျ။ ခြေတဘက်ကတော့ ဘွတ်ဖိနပ်ခြေရာ၊ တဘက် ကတော့ ဝိုင်းဝိုင်းကြီး ခင်ဗျ"

ရှား။ ။"သစ်သားခြေထောက်ပေါ့"

သိန်း။ ။"ဒါနဲ့ တုပါရဲဗျာ၊ ကျွန်တော်တို့ အဖေရဲ့ ဈာပနကိစ္စပြီးတဲ့နောက် ဥယျာဉ်တခုလုံး အနှံ့ အပြား တူးဆွပြီး ရှာလိုက်ကြတာ၊ ဘဏ္ဍာဆိုလို့ တပြားတချပ်မှ မတွေ့ဘူးခင်ဗျ။ အဲဒီလို အကုန်အစင် မတွေ့ပေမယ့် ပုလဲ ဆယ့်နှစ်လုံးကတော့ ထုတ်ပြီးဖြစ်တဲ့အတွက် ဦးဘမြင့်ရဲ့သမီး မအုန်းခင် မဆင်းရဲရလေ အောင် တနှစ်ကို တလုံးကျပေးပို့ဖို့ ကျွန်တော်က အကြောက်အကန် ပြောတဲ့အတွက် အစ်ကိုကြီးကသဘော တူပြီး နှစ်စဉ် ပုလဲဘလုံးကျ မအုန်းခင်ဆီ ကျွန်တော် ပို့ခဲ့တာပါပဲဗျာ"

ခင်။ ။"ကျေးဇူးတင်ပါတယ်ရှင်"

သိန်း။ ။"ကျေးဇူးတင်ဖို့ မဟုတ်ပါဘူး။ ခင်ဗျားပစ္စည်းကို ခင်ဗျားဆီ ပေးပို့တာပါ"

ခင်။ ။"ဒါပေမယ့် ရှင်တို့ မပေးဘူးဆိုယင် ကျွန်မ သိတောင် သိရမယ် မဟုတ်ပါဘူးရှင်"

သိန်း။ ။"မှန်တာပြောရမယ်ဆိုယင် ကျွန်တော်တို့မှာလဲ အမွေရတဲ့ ပစ္စည်းတွေ အပုံကြီးပါပဲ ခင်ဗျာ။ သုံးလောက် စွဲလောက် ရှိပါတယ်။ သူများပစ္စည်းကို မတရားသဖြင့် မလိုချင်ပါဘူး။ ခက်တာက ကျွန်တော့်နောင်တော်ကြီးကတော့ ဒီလိုမဟုတ်ဘူးခင်ဗျ။ ဒါနဲ့ ပြောရဦးမယ်။ ကျွန်တော်ကတော့ ရတဲ့ အမွေကလေးနဲ့ပဲ ကျေနပ်ပြီး အစ်ကိုနဲ့ အိမ်ခွဲနေခဲ့တယ်။ သူကတော့ ဘဏ္ဍာတွေကို မတွေ့မနေဘူး ဆိုတဲ့ သဘောနဲ့ ခြောက်နှစ်လုံးလုံး ဆက်ပြီး ရှာခဲ့တယ်ခင်ဗျ။ စော်တော်အပင်ပန်းခံတဲ့လူ။ သူ့အပင်ပန်းခံလို့လဲ ကျေးဇူးခံစားရပေတာပဲ"

ရှား။ ။"ဪ် နောက်ဆုံးကျတော့ တွေ့တယ် ဟုတ်စ"

တတိယအကြိမ်

www.burmeseclassic.com


သိန်း။ ။"မနေ့ကပဲ တွေ့တယ်ခင်ဗျ။ ဒီလိုပါခင်ဗျာ၊ ဥယျာဉ်ထဲမှာတော့ ရှာလိုက်တာ နှံ့နေပြီ။ အိမ်ထဲတခုပဲ ကျန်တော့တယ်။ မနေ့ကတော့ အစ်ကိုကြီးက မျက်နှာကြက်ပေါ်တက်ရှာဖို့ အကြံရလေတော့ ကျွန်တော်နဲ့ နှစ်ယောက် မျက်နှာကြက်ကို ဖောက်ပြီး ရှာလိုက်တာ သံသေတ္တာနဲ့အတူ ဘဏ္ဍာတွေကို တွေ့ပါရောခင်ဗျာ။

"တွေ့တွေ့ချင်း မအုန်းဆီကို ကျွန်တော် စာရေးလိုက်တာပါပဲ။ ဒီစာရေးတုန်းက သူ့ကိုတောင် ကျွန်တော် မတိုင်ပင်ဘူး။ သူသိယင် ကန့်ကွက်ဦးမှာ မုချခင်ဗျ။ အဲဒီတော့ ကျွန်တော်တို့ ဒီကလူစုအလုံး အရင်းနဲ့ ဒီကနေ့ည ချီတက်ပြီး အစ်ကို ကိုညွန့်သန်းကို စကားစစ်ထိုးကြဖို့ပဲခင်ဗျ။ ကျွန်တော်တို့က လေးယောက်၊ သူက တယောက်ဆိုတော့ ကေန်မုချ ကျွန်တော်တို့ နိုင်ပြီးသားပါပဲ။ ဒီဘဏ္ဍာများဟာက ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်က တဝက်၊ ဆရာမ မအုန်း ခင်က တဝက်ဆိုင်ပါတယ် ခင်ဗျ"

ကျွန်တော်တို့မှာ ယခုလို ထူးဆန်းသော အဖြစ်အပျက်များကို ကြားရသဖြင့် စိုက်ငေးကာ ရှိနေကြရာ ဦးစံရှားသည် ထိုင်ရာမှ ထ၍

"တော်ပါပြေတယ်ဗျာ။ ခင်ဗျားပြုမူပုံဟာ အစမှအဆုံး ချီးမွမ်းထိုက်ပါပေတယ်။ ကိုင်း တော်တော်လဲ မိုးချုပ်သွားပြီ။ ချာချီလမ်း သွားရဖြင့် သွားကြဦးစို့ဗျာ"

၅

ကျွန်တော်တို့သည် အိမ်ပေါ်မှ ဆင်းလာကြ၍ အိမ်ရှေ့၌ စောင့်လျက်ရှိသော မော်တော်ကားပေါ်သို့ တက်ကြပြီးလျှင် ချာချီလမ်းသို့ မောင်းနှင်လာကြလေ၏။

ကိုညွန့်သန်း၏ နေအိမ်မှာ ဦးကျော်ရှိန်လက်ထက်မှ ဆောက်လုပ်ထားခဲ့သော အုတ်နံရံဖြင့် ကာရံလျက် ခိုင်ခံ့သော သံတံခါးကြီး တပ်ထားသည် ဖြစ်သောကြောင့် လုံခြုံစေခြင်းအတွက် အရေးတကြီး ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း ထင်ရှားပေ၏။

ကားဆိုက်ပြီးနောက် ဟွန်းသံပေးလိုက်သောအခါတွင် လူတယောက်သည် မှန်အိမ်တလုံးနှင့် ဝင်းတံခါးသို့လာ၍ စုံစမ်းမေးမြန်းလေရာ ကိုညွန့်သိန်းကို မြင်သောအခါ၌ ဝင်းတံခါးကို ဖွင့်ပေးလေ၏။

သိန်း။ ။"မင်းတို့ဆရာ ဘာလုပ်နေသလဲ"

အစေခံ။ ။"တနေ့လုံး အိမ်ပေါ်က မဆင်းဘူးခင်ဗျ။ ထမင်းချက်တဲ့ ဒေါ်စံက ပြောတော့ ထမင်းတောင် မစားဘူး ပြောတယ်။ နေမျှားမကောင်းလို့ ထင်ပါရဲ့"

ထို့နောက် အစေခံသည် အစေခံတဲ့သို့ ဝင်သွားလေရာ ကျွန်တော်တို့ လူစုသည် အိမ်ရှေ့မှ အိမ်တွင်းသို့ ဝင်ကြလေ၏။

ကိုညွန့်သန်း၏ နေအိမ်မှာ အတော်အတန်ကြီးမား၍ ဥရောပတိုက်သား အရာရှိကြီးများ၏နေအိမ်များနှင့် မခြားမနား ခမ်းနားခြင်းရှိသော်လည်း ကြီးမားသော နေအိမ်တို့မည်သည်မှာ မီးလင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမှသာလျှင် နေချင်ဖွယ်ရာ တင့်တယ်စွာ ရှိဟတ်သည်ဖြစ်ရာ ယင်းအိမ်ကြီးမှာမူ ခလုတ်မတိုက်မိရုံ လောက်သာလျှင် မီးထွန်း၍ထားသဖြင့် ခြောက်ခြောက်သွေ့သွေ့နှင့် ထိတ်ဆိတ်သော ရပ်ကွက်တွင် တိတ်ဆိတ်လွန်းလှသည်ဖြစ်ရကား ကျွန်တော်မှာ ဝင်းအတွင်းသို့ ဝင်ခါစအခါကပင် စိတ်၏ညှိုးငယ်ခြင်း ဖြစ်မိချေ၏။

ဆရာမ မခင်အုန်းမှာလည်း ထိုနည်းတူရှိသည့် လက္ခဏာနှင့် ကြက်သီးမွေးညင်း ထသည်ကိုပင် ကျွန်တော် တွေ့မြင်မိလေ၏။

တံခါးမှူးမှတပါး ထမင်းချက်သော မိန်းမကြီးတယောက်နှင့် အခြားအစေခံတယောက် ရှိသေးသည်ဖြစ်ရာ မိန်းမကြီးသည် ကျွန်တော်တို့ ဝင်သောအခါ၌ မီးဖိုချောင်မှ ထွက်လာ၍ ကိုညွန့်သိန်းအား နှုတ်ဆက်ပြီးလျှင် အစ်ကို ကိုညွန့်သန်းမှာ ယနေ့တနေ့လုံး အိမ်ခန်းတွင်းမှ မထွက်ကြောင်း၊မိမိ၏အထင်မှာ နေမကောင်းရှိနေသည်ဟု ထင်ကြောင်း၊သို့သော် ကိုညွန့်သန်းဆိုသူမှာ အစေခံများက မေးလားမြန်းလား ပြုလုပ်ခြင်းကို အရေးဝင်သည်ဟု ထင်မှတ်၍ မကြိုက်တတ်သောကြောင့် မမေးမြန်းဝံ့ပဲ ရှိနေခဲ့ကြောင်းနှင့် ပြောပြလေ၏။

ထိုအခါ ကိုညွန့်သိန်းက ထိုမိန်းမကြီးအား မိမိတို့ လာရောက်ကြောင်းကို သွား၍ပြောရန် စေခိုင်းရာတွင် မိန်းမကြီးသည် အိမ်ပေါ်သို့ တက်သွားလေ၏။

တခဏမျှ ကြာသောအခါ မိန်းမကြီးသည် အိမ်ပေါ်မှ ဆင်းလာ၍ ကိုညွန့်သိန်းကို ခေါ်၍မရကြောင်းနှင့် ပြောရာတွင် ကိုညွန့်သိန်းလည်း ထိတ်လန့်ဟန်လက္ခဏာဖြင့် ကျွန်တော်နှင့် ဦးစံရှားကိုခေါ်လျက် အိမ်ပေါ်သို့ တက်ကြလေ၏။မအုန်းခင်မှာမူ မိန်းမကြီးနှင့်အတူ အိမ်အောက်၌ ကျန်နေရစ်လေ၏။

ကျွန်တော်တို့သည် အိပ်ခန်းသို့သွားကြ၍ ကိုညွန့်သိန်းက "အစ်ကိုကြီး၊အစ်ကိုကြီး"ဟု တခွန်းထက်တခွန်း အသံကျယ်စွာနှင့် ဟစ်အော်ကာ ခေါ်သော်လည်း တိတ်ဆိတ်စွာ ရှိနေလေ၏။

ထိုအခါ ဦးစံရှားသည် ကြမ်းပေါ်၌ ဒူးထောက်၍ အခန်းတံခါးသော့ပေါက်မှ ချောင်းကြည့်ရာ "ဟိုက်" ဟု ဆိုပြီးနောက် "ကိုသန်းမောင် ကြည့်စမ်းဗျို့"ဟု ကျွန်တော့်အား ပြောလေ၏။

ကျွန်တော်သည် ဦးစံရှား နည်းတူ ဒူးထောက်ကာ သော့ပေါက်မှ ချောင်းကြည့်သောအခါတွင် ရုတ်တရက် ဦးခေါင်းကြီး၍ ကျောမှုင်၌ ဖြန်းကနဲ ဖြစ်သွားလေ၏။

အခန်းပြတင်းပေါက်သည် ပိတ်လျက်ပင် ရှိသော်လည်း မှန်တံခါးတပ်ထားသည် ဖြစ်သောကြောင့် ထွက်ပေါ်စဖြစ်သော လ၏အရောင်သည် မှန်တံခါးကို ဖောက်ဝင်၍ ကုလားထိုင်ပေါ်၌ ငုတ်တုတ်ထိုင်လျက်ရှိသော ကိုညွန့်သန်း၏ မျက်နှာပေါ်သို့ တည့်တည့်ကျရောက်လျက် ရှိလေ၏။

ထိုသူသည် ကုလားထိုင်ပေါ်၌ ထိုင်လျက်ပင်ရှိသော်လည်း ဦးခေါင်းမှာ တဘက်သို့ငိုက်စိုက်ကျလျက်ရှိရာ သူ၏မျက်နှာမှာ ရယ်မောလျက် ရှိနေဘိသကဲ့သို့ သွားများကိုဖြီးလျက် ရှိနေလေ၏။ထိုသူသည် ကိုညွန့်သိန်းကဲ့သို့ပင် ထိပ်ပြောင်လျက်ရှိ၍ မျက်နှာချင်းလည်း တူလှသည် ဖြစ်သောကြောင့် ကျွန်မတော်သည် အနီး၌ ရပ်နေသော ကိုညွန့်သိန်းကိုပင် လှည့်ကြည့်လိုက်မိသေး၏။

ကျွန်။ ။"ဘာဖြစ်တာလဲ ဦးစံရှား"

www.burmeseclassic.com


ရှား။ ။"သေနေတာဗျ"

ကိုညွန့်သိန်းမှာမူ ကြောက်တတ်သူတယောက် ဖြစ်သောကြောင့် ချောင်းကြည့်ရန် ငြင်းဆန်လျက် ရှိ၏။ ဦးစံရှားသည် တံခါးကို တွန်း၍ကြည့်သောအခါ အတွင်းမှ မင်းတုပ်ချထားကြောင်း တွေ့ရ၏။

ထိုအခါ ကျွန်တော်တို့သည် အခန်းတံခါးကို တပြိုင်တည်း အားကုန်တွန်း၍ ဖွင့်ကြလေရာ တံခါးလည်း ပွင့်သွားလေ၏။

ထိုအခါ ကျွန်တော်တို့သည် အခန်းတွင်းသို့ဝင်သွားကြ၍ ဦးစံရှားသည် ခလုတ်မီးခလုတ်ကို နှိပ်လိုက်ရာအခါ တခန်းလုံး ထိန်လင်း၍သွားရာ ကျွန်တော်မှာ ရှိကြောက်ခြင်းမှ အတန်ငယ် သက်သာရာ ရခဲ့လေ၏။

ကိုညွန့်သန်းဆိုသူမှာ ဓာတုဗေဒဘက်၌ ဝါသနာပါဟန်ရှိသဖြင့် သူ၏အိပ်ခန်းတွင်း၌ပင် ဓာတ်ဆေးရည် ပုလင်းများဖြင့် ပြည့်နက်လျက်ရှိရာ ဆေးပုလင်းတလုံးသည် ကြမ်းပေါ်၌ လဲနေသဖြင့် ထိုပုလင်းမှ ဆေးရည်တို့သည် ကြမ်းပေါ်တွင် ဖိတ်လျက် ရှိနေလေ၏။

ဦးစံရှားသည် ပုလင်းကို ကောက်ယူနမ်းရှုပ်၍ ကျွန်တော့်အား နမ်းစေရာ စူးရှပြင်းထန်သော အနံ့ကို တွေ့ရသဖြင့် အိုင်ဒိုဖောင်း ဆေးရည်ပုလင်းဖြစ်ကြောင်း သိရလေ၏။

အိပ်ခန်းထက်၌ရှိသော မျက်နှာကြက်၌မူ လူတယောက် ဝင်သာရုံမျှရှိသော အပေါက်ငယ်တခု ရှိလေရာ နံရံ၌ကား လှေကားတစင်းနှင့် ကြိုးတခွေကို တွေ့ရလေ၏။

ကိုညွန့်သန်း၏ အလောင်းမှာ စားပွဲဘေးအနီးရှိ ကုလားထိုင်ပေါ်၌ ဇက်ကျိုးလျက် ဦးခေါင်း ငိုက်စိုက်ကျနေ၏။ စားပွဲပေါ်၌မူ ကျောက်လက်ကိုင်တပ်ထားသော ကြိမ်တုတ်တချောင်း ရှိလေ၏။

အလောင်း၏ ရင်ဘတ်၌ကား စက္ကူတရွက်ကို ထိုးထည့်ထားရာ ဦးစံရှားသည် ထိုစက္ကူကို ကောက်ယူကြည့်ရှုသည်တွင် 'လေးပွင့်ဆိုင်' ဟူသော စာလုံးများ ရေးထားသည်ကို တွေ့ရသဖြင့် ကျွန်တော်၏ မျက်နှာကို လှမ်း၍ကြည့်လေ၏။

"ကျွန်။ ။"ဘယ့်နှယ်လဲဗျာ"

ရှား။ ။"သတ်လို့သေတဲ့ အလောင်းပေါ့ဗျ။ ဗြော်၊ ကျုပ် ထင်သားပဲ"

သို့ပြောလျက် အလောင်း၏နားရွက်နောက်၌ စူးဝင်နေသော ဆူးကြီးတချောင်းကို နှုတ်၍ပြလေ၏။

ကျွန်။ ။"တယ်ထူးဆန်းတဲ့ အမှုပါကလားဗျာ။ ကျွန်တော်ဖြင့် လုံးလုံး နားမလည်နိုင်အောင် ဖြစ်နေပြီ။ ကြာလေ ရှုပ်လေ ဖြစ်နေပြီကောဗျ"

ရှား။ ။"ကြာလေ ရှင်းလေပါ ဆရာကြီးရဲ့။ လုံးလုံးကြီးရှင်းဖို့ နည်းနည်းလောက် လိုပါတော့တယ်"

ကိုညွန့်သိန်းမှာမူ အံ့အားသင့်စွာနှင့် မှိုင်ငေးလျက် ရှိနေရာမှ ရုတ်တရက် သတိရလာ၍

"ပါသွားပြီဗျို့။ ကျုပ်တို့ ဘဏ္ဍာတွေတော့ ပါသွားပြီ။ ဟောဒီအပေါက်ကနေပြီး ကျုပ်တို့ ချယူကြတာပဲ။ မရှိဘူး။ ပါသွားပြီ"


www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"မှန်ပါတယ်။ ခင်ဗျားတို့ ဘလ္လာတော့ဖြင့် ပါသွားရှာနိုင်ပြီ။ မနေ့က ဘယ်အချိန်လောက် ခင်ဗျားတို့ ချယူကြသလဲ"

သိန်း။ ။"ည ၁၀ နာရီလောက် ရှိပြီ။ ကျွန်တော်လဲ ပြန်ရော သူလဲ အခန်းတံခါးပိတ်ပြီး နေရစ်တာပဲ"

ရှား။ ။"ဒါဖြင့် ကိုညွန့်သန်းကို နောက်ဆုံး အရှင်လတ်လတ် မြင်ရသူဟာ ခင်ဗျားပေါ့"

သိန်း။ ။"ဟုတ်ပါတယ်။ အောင်မယ် ပုလိပ်က ကျွန်တော့်ကိုများ အမှုရှာဦးမှာလားဗျာ"

ရှား။ ။"ကိစ္စမရှိပါဘူးဗျာ။ ဖမ်းချင်လဲ ခဏပေါ့။ ဘာပဲဖြစ်ဖြစ် ပုလိပ်ကို တိုင်ချက်ပေးဖို့တော့ ဝတ္တရားရှိသေးတယ်။ ကိုညွန့်သန်း၊ ခင်ဗျားပဲသွားပေတော့။ ကျုပ်တို့ ဒီကပဲ စောင့်နေမယ်"

ကိုညွန့်သိန်းသည် မူးတီးမူးဝေရှိသော အမူအရာနှင့် ဦးစံရှားစေခိုင်းသော ကိစ္စကို ဆောင်ရွက်ရန် အိမ်ပေါ်မှ ဆင်းသွားလေ၏။

## ၅

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ ပုလိပ်တွေ မရောက်မီ ၁၅ မိနစ် ကျုပ်တို့ အလုပ် လုပ်ဖို့ အချိန်ရတယ်ဗျို။ အမှုကတော့ ခပ်ရိုးရိုးပါပဲ။ ဒါပေမယ့် ကျုပ် ထင်တာထက်များ ပိုပြီး နက်လေမလားတော့ မသိဘူး"

ကျွန်။ ။ဒီအမှုလားဗျာ ရိုးတာ"

ရှား။ ။"မှန်ပါဘယ်။ ကိုင်း ကိုင်း၊ဟိုလျှောက် ဒီလျှောက်နဲ့ ခြေရာတွေ ရှုပ်ကုန်ပါ့မယ်။ ငြိမ်ငြိမ်ကလေး ဟောဟိုမှာ ထိုင်စမ်းပါဦး၊ ကျုပ် ရှင်းပြပါ့မယ်။ ကိုင်း ပထမအချက်က ဒီလူဟာ ဒီအခန်းထဲကို ဘယ်နည်းနဲ့ဝင်ပြီး ဘယ်နည်းနဲ့ထွက်သွားသလဲတဲ့။ စဉ်းစားဖို့ရှိတယ်။ ဒီ တံခါးဟာ မနေ့ညကတည်းက ပိတ်ထားတယ်တဲ့။ကျုပ်တို့ သိရတယ်။ ဒါဖြင့် ပြတင်းပေါက်ကောတဲ့။ ပြတင်းပေါက်ကလဲ အတွင်းက ကလန့်ချထားတယ်။ ဒါပေမယ့် သေသေချာချာ ကြည့်ကြဦးစို့"ဟု ပြောလျက် ဦးစံရှားသည် ပြတင်းပေါက်ကို ဖွင့်လျက် သေချာစွာ ကြည့်ရှုလေ၏။ ထိုနောက်

ရှား။ ။"ဟော ပြတင်းပေါက်မှာ ခြေရာတွေတွေ့တယ်ဗျို။ မနေ့ညက မိုးကလေး တဖွဲဖွဲကျတာ ဟန်ကျတယ်။ ခြေရာက အဆန်းပဲဗျို။ တဘက်က လူခြေရာ။ တဘက်က ဝိုင်းဝိုင်းကြီး။ ဟော ကြည့်စမ်း။ ကြမ်းပေါ်မှာလဲတွေ့တယ်။ ဟောဒီမှာ စားပွဲနားမှာလဲ တွေ့တယ်'

ကျွန်။ ။"ဘယ့်နှယ် ခြေရာလဲဗျာ။ ဝိုင်းဝိုင်းကြီး"

ရှား။ ။"သစ်သားခြေထောက်ပေါ့ဗျကိုသိန်းမောင်ရဲ့။ဒါပေမယ့်သူတယောက်တည်းမဟုတ်ဘူး။ အဖော်တယောက် ပါသေးတယ်။ သူ့အဖော်က အင်မတန် ကျင်လည်ဖျတ်လတ်တဲ့လူဗျို့။ ဒါထက် ကိုသိန်းမောင် ဒီပြတင်းပေါက်ရောက်အောင် အောက်ကနေပြီး ခင်ဗျားတက်နိုင်ပါ့မလား"



www.burmeseclassic.com

 www.burmeseclassic.com 

ကျွန်။ ။''မတက်နိုင်ပေါင်ဗျာ''

ရှား။ ။''အပေါ်ကနေပြီး ကြိုးပစ်ချယင်ကောဗျာ''

ကျွန်။ ။''ဒီလိုဖြင့် တက်နိုင်လောက်ပါရဲ့။ ဒါပေမယ့် သူတက်တာတော့ ဟုတ်ပါပြီ။ သူ့အဖော်ကကောဗျာ။ ဒီအခန်းထဲကို ဦးဆုံးရောက်အောင် ဘယ်နည်းနဲ့ ဝင်လာသတဲ့လဲ''

ရှား။ ။''မှန်တယ်။ သစ်သားခြေထောက်သမားထက်သူ့အဖော်လုပ်တဲ့ လူက သာပြီး ထူးဆန်းတယ်''

ကျွန်။ ။''ပြောစမ်းပါဦးဗျာ။ တံခါးလဲ ပိတ်ထားတယ်။ ပြတင်းပေါက်လဲ ပိတ်ထားတယ်။ သူ ဘယ်ကနေပြီး ဝင်လာသလဲဗျာ''

ရှား။ ။''ကျုပ်အယင်က ပြောဖူးတဲ့ နည်းအတိုင်း စဉ်းစားကြည့်မှပေါ့ဗျ။ တစုံတခုသော ကိစ္စကို စဉ်းစားဆင်ခြင်တဲ့အခါမှာ လုံးလုံး မဖြစ်နိုင်တဲ့ အချက်တွေကို ဖယ်ရှားပြီးတဲ့နောက် ကျန်တဲ့အချက်ဟာ ဘယ်လောက်ပဲ ဖြစ်ဖို့သမ်း မရှိပေမယ့် အမှန်ဖြစ်ရမယ်လို့ ကျုပ်ပြောဖူးတယ်မဟုတ်လား။ ဒီလူဟာ တံခါးပေါက်က မဝင်ကြောင်း ကျုပ်တို့သိတယ်။ ပြတင်းပေါက်က 'မဝင်ကြောင်းလဲ ကျုပ်တို့ သိရတယ်။ ဒီအခန်းထဲမှာ စောစောကဝင်ပြီး ပုန်းနေတယ်လို့ တွေးရအောင်ဟာကလဲ ဘယ်မှာမှ ပုန်းနေလောက်စရာ မရှိဘူး။ ဒီတော့ကာ သူ ဘယ်ကလမ်းက ဝင်သလဲတဲ့''

ကျွန်။ ။''အိမ်ခေါင်မိုးက ဖောက်ဝင်မှာပေါ့ဗျာ''

ရှား။ ။''အစစ်ပဲ။ ဒီတနည်းပဲ သူ ဝင်ဖို့ရှိတယ်။ ကိုင်း ဒီအခန်းတော့ တော်လောက်ပြီ။ မျက်နှာကြက်ပေါက်ကတက်ပြီး ဘဏ္ဍာလျှို့ဝှက်ထားတဲ့ နေရာကို ရှာကြည့်ကြဦးစို့ဗျာ''

ဦးစံရှားသည် အသင့်ယူလာခဲ့သော လက်နှိပ်ဓာတ်မီးလို ကိုင်လျက် 'လှေကားမှတက်ပြီးလျှင်မျက်နှာကြက်ပေါက်သို့ ဝင်သွားလေရာ ကျွန်တော်လည်း နောက်မှ လိုက်ပါသွားလေ၏။

မျက်နှာကြက်ပေါ်သို့ ရောက်ကြသောအခါ ဦးစံရှားသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လေရာ သစ်သားခင်ထားသော ကြမ်းပြင်၌ နှစ်ပရိစ္ဆေဒရှည်လျားစွာ တင်နေခဲ့သော မြူမှုန်များသည် ထူထပ်စွာ ရှိနေသည်ကို တွေ့ရှိရလေ၏။

တခုသော ထောင့်၌ကား လေးထောင့်ပုံသဏ္ဌာန်ရှိသော အကွက်ငယ် တခုမှာ မြူမှုန်မရှိပဲ ပြောင်လျက်ရှိနေသဖြင့် သေတ္တာထားသော နေရာဖြစ်ကြောင်း ထင်ရှားပေ၏။

အိမ်မိုးမှာမူ သစ်သားအုပ်ကြွပ်ဖြင့် မိုးထား၍ အပေါ်သို့ တက်နိုင်သည့် တံခါးကလေး တခုလည်း ရှိ၏။ ယင်းတံခါးမှာ ဆင်ခြေလျှော ရှိနေသည့်ပြင် အံဖုံးသဖွယ် ပြုလုပ်ထားသည် ဖြစ်သောကြောင့် မိုးရေစီးဝင်ရန် မတတ်နိုင်ချေ။

ရှား။ ။(တံခါးငယ်ကို တွန်းကြည့်လျက်) ''ဒီကိစ္စမှာ လူနှစ်ယောက် ကြံစည်တာနဲ့ တူတယ်။ ပထမလူက ဒီအပေါက်ကဝင်တယ်။ ဒုတိယလူက ပြတင်းပေါက်က ကြိုးနဲ့ဆွဲပြီး တက်ဟန်တူတယ်။ ကိုင်း ဒီအပေါ်မှာ ခြေရာခံ ကြည့်ကြဦးစို့''

တတိယအကြိမ်

www.burmeseclassic.com

ဦးစံရှားသည် မြူမှုန်များ ထူထပ်စွာ ဖုံးလျက်ရှိသော ကြမ်းပြင်ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုး၍ သေချာစွာ ကြည့်ရှုရာတွင် အံ့ဩလှသော မျက်နှာထား ဖြစ်ပေါ်လာလေ၏။

အကြောင်းမူကား ယင်းမျက်နှာကြက် ကြမ်းပြင်၌ ခြေရာများ အနှံ့အပြား ရှိနေပြီး ယင်းခြေရာများသည် အလွန်သေးငယ်လှသဖြင့် ကလေးသူငယ်တယောက်၏ ခြေရာနှင့် တူလှပေသောကြောင့်တည်း။

ကျွန်။ ။"ဘယ့်နှယ်လဲဗျာ ဦးစံရှား။ ကလေးလေး ခြေရာတွေပါကလား။ ဒီအလုပ်ဟာ ကလေးလုပ်နိုင်တဲ့ အလုပ်လားဗျာ"

ရှား။ ။"ကျုပ်လဲ မြန်းကနဲဆိုတော့ ဒီလိုပဲ တွေးမိလို့ အင်မတန် အံ့ဩပြီးသွားတယ်။ ဒါပေမယ့် အခုတော့ ကျုပ်စဉ်းစားရပါပြီ။ ကိုင်း ကိုင်း ဒီအပေါ်မှာ ဒီလောက်ကြည့်ယင် တော်လောက်ပါပြီ။ ဆင်းကြပါစို့"

အောက်ခန်းသို့ ရောက်ကြသောအခါ–

ကျွန်။ ။"ဘယ့်နှယ်လဲဗျ။ ခင်ဗျားတွေ့ချက်ကို ပြောပြစမ်းပါဦး။ ကြားပါရစေဗျာ"

ရှား။ ။"ခင်ဗျားလဲ ကျုပ်နည်းတွေ အသိသားပဲဗျာ။ တခါတလေလဲ ကိုယ့်ဟာကိုယ် တွေးဦးတော့ဦးမှပေါ့"

ကျွန်။ ။"ကျွန်တော်ဖြင့် ဘယ်နည်းနဲ့မှ မတွေးတတ်ပေဘူးဗျာ"

ရှား။ ။"အခု မတွေးတတ်သေးယင် တော်တော်ကြာတော့ ရှင်းလင်းလိမ့်မယ်ပေါ့ဗျာ။ ကိုင်း ဒီအခန်းကို ကျုပ်သေသေချာချာ ကြည့်စမ်းပါဦးမယ်"

ထိုနောက် ဦးစံရှားသည် မှန်ဘီလူးနှင့် ပေကြိုးတချောင်းကို အိတ်တွင်းမှထုတ်၍ ကြမ်းပေါ်၌ လေးဘက်ထောက်ပြီးလျှင် နဖူးနှင့်ကြမ်း ထိလုမတတ် ရှိသည့်တိုင်အောင် စေ့စပ်သေချာစွာ ကြည့်ရှု၏။ အချို့သော နေရာများ၌ ပေကြိုးဖြင့် တိုင်းထွာလေ၏။

ထိုကဲ့သို့ တခန်းလုံး အနှံ့အပြား တွားသွားပြီးမှ နောက်ဆုံး၌ ဦးစံရှားသည် စိတ်ထင်တိုင်း ပေါက်သည့် လက္ခဏာဖြင့် ရွှင်လန်းစွာ မတ်တတ်ရပ်ပြီးနောက်–

ရှား။ ။"ကျုပ်တို့ကံကောင်းတယ်ဗျို့။ တယ်ပြီးအပင်ပန်းခံဖို့လိုဟန်လက္ခဏာ မရှိဘူး။ ဒီအခန်းကို ပထမဝင်တဲ့လူဟာ အိုင်ဒိုဖောင်းပုလင်း မှောက်ကျထားတဲ့ အပေါ်မှာ သူ့ခြေထောက်နဲ့ နင်းမိသွားတယ်။ မြင်လား ဟောဒီမှာ သူ့ခြေရာ။ အိုင်ဒိုဖောင်းတွေ နင်းမိထားတယ်"

"ကျွန်။ ။"ဒီတော့ ဘာဖြစ်သလဲဗျာ"

ရှား။ ။"ဒီတော့ ကျုပ်တို့ သူ့ကို မိတာပေါ့ဗျ။ ဒီလို အနံ့မျိုးခံပြီး လိုက်ရမယ်ဆိုယင် ကမ္ဘာ အစွန်းရောက်အောင် လိုက်နိုင်တဲ့ ခွေးတကောင်ကို ကျုပ်တွေ့ဖူးထားတယ်။ ဟောဒါထက် ကိုညွန့်သိန်း ခေါ်ခဲ့တဲ့ ပုလိပ်တွေ ရောက်လာကြဟန်တူတယ်။ ဝင်းပေါက်ဆီက ကားသံကြားတယ်ဗျို့။ ဒီတော့ သူတို့ မရောက်ခင် အလောင်းကို ခင်ဗျားစမ်းကြည့်စမ်း"


www.burmeseclassic.com

 www.burmeseclassic.com 

ကျွန်တော်သည် ဦးစံရှား စေခိုင်းသည့်အတိုင်း အလောင်း၏ လက်မောင်းနှင့် ခြေထောက်တို့ကိုစမ်းသပ်ကြည့်ရှုရာ လူသေ၏ အလောင်းမည်သည်မှာ တောင့်တင်းမာနေရိုး ထုံးစံရှိသည် မှန်သော်လည်း ထိုအလောင်းမှာ တောင့်တင်းရုံမက တုတ်ချောင်းများသဖွယ် မာကျောစွာ ရှိနေသည်ကို တွေ့ရှိရလေ၏။

ကျွန်။ ။"သိပ်ပြီး မာတာပဲဗျို။ ဒီအလောင်းမျိုး ကျုပ် တခါမှ မကိုင်ဖူးဘူး"

ရှား။ ။"အဆိပ်ဗျ အဆိပ်။ သွားဖြီးပြီးရယ်နေသလို မျက်နှာထားနဲ့ သေနေတာကို ကျုပ်မြင်ရကတည်းက ဒီအဆိပ်ကို ကျုပ်သွားပြီး သတိရတယ်။ ဒါကြောင့် ဘယ်နေရာမှာ အဆိပ်ထိသွားပါလိမ့်မလဲလို့ ကျုပ်ရှာကြည့်တော့ ခုနင်က ဆူးကိုတွေ့ရတယ် မဟုတ်ဘူးလား။ ဒီအဆိပ်ဟာ သစ်ပင်ကရပဲ အဆိပ်ဗျ။ အင်မတန် ပြင်းထန်တယ်။ သွေးကလေးစို့ယင် သေတာပဲ။ သေတဲ့အခါမှာလဲ တကိုယ်လုံး တင်းမာပြီး ရယ်နေသလို မျက်နှာထားနဲ့ သေတတ်တယ်"

ကျွန်ုပ်။ ။"မြွေဆိပ်ထက် ပြင်းတာပေါ့"

ရှား။ ။"ပြင်းပြီလားဗျ။ လက်ဖျစ်တတွက်အတွင်း သေတဲ့အဆိပ်မျိုးပဲ။ တဆွေ့ခုန်တို့၊ နှစ်ဆွေ့ခုန်တို့ဆိုတာ ဒီအဆိပ်မျိုးပေါ့ဗျ"

ယင်းကဲ့သို့ ပြောဆိုလျက်ရှိကြစဉ် ကိုညွန့်သိန်းနှင့် ပုလိပ်အရာရှိများသည် အိမ်ပေါ်သို့ တက်လာကြလေ၏။

ထို့နောက် ဗဟန်းဌာနမှ ဌာနအုပ်နှင့် ကိုညွန့်သိန်းတို့သည် အခန်းတွင်းသို့ ဝင်လာကြလေရာ ဌာနာအုပ်သည် ရှိသေသော အမူအရာဖြင့် ဦးစံရှားအား နှုတ်ဆက်ပြီး-

အုပ်။ ။"ခြော် ဆရာလဲ ဒီရောက်နေသကိုး။ ဦးစံရှားလို့တော့ ကိုညွန့်သိန်းက ပြောပါရဲ့။ သို့သော် သူက ဆရာ့အကြောင်းကို သိဟန်မတူဘူး"

ရှား။ ။"ကျုပ်တို့လာတဲ့ကိစ္စက တခြားပါဗျာ။ ကျုပ်တို့က ကိုညွန့်သန်းနဲ့ တွေ့ရအောင် လာကြတာ။ ဒီရောက်တော့မှ ဒီလိုတွေ့ရတာပါပဲ"

အုပ်။ ။"သို့သော် ဆရာတော့ တော်တော်စုံစမ်းပြီးနှင့်ရောပေါ့။ ဘယ်နည်း ဘယ်ပုံသေတာလဲ ဆရာ"

ရှား။ ။"ကျုပ်တော့ဖြင့် အဆိပ်မြားမှန်တယ်လို့ထင်တာပဲ။ မြားဆိုပေမယ့် ဆူးကလေးလောက်ရှိပါတယ်ဗျာ။ ဟောဒီမှာ နားရွက်နောက်က ကျုပ်နှုတ်ယူထားတဲ့ ဆူးပဲ"

အုပ်။ ။"ကျောက်သံ ပတ္တမြားတွေ တသိန်းကျော်ဖိုးလောက် ပါသွားတယ်ဆို"

ရှား။ ။ကိုညွန့်သိန်း ပြောတာပဲ"

အုပ်။ ။"ပြတင်းပေါက်က ဘယ့်နှယ်လဲဆရာ"

ရှား။ ။"ပြတင်းပေါက်တော့ ပိတ်ထားတာတွေ့ရတယ်။ ဒါပေမယ့် ပြတင်းပေါက်မှာ ခြေရာတွေတော့ တွေ့တယ်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အုပ်။ ။"မြတင်းပေါက် ပိတ်ထားတယ်ဆိုယင် ခြေရာက အရေးမကြီးဘူး ဆိုရမှာပေါ့ ဆရာ။ မဟုတ်ဘူးလား။ ကိုင်း ကိုညွန့်သိန်း၊ အောက်မှာသွားပြီး ကျုပ်လူနဲ့ နေစမ်းချေဗျာ။ ဒီက ဆရာနဲ့ကျုပ်နဲ့ တိုင်ပင်စရာကလေး ရှိသေးတယ်"

ကိုညွန့်သိန်း ဆင်းသွားသောအခါ-

အုပ်။ ။"ကာလက တယ်ခက်တယ် ဆရာ။ ပစ္စည်းရေးဆိုတော့ ညီအစ်ကိုပေမယ့် ယုံရတာမဟုတ်ဘူး။ ကိုညွန့်သိန်းကပြောတော့ သူ့အစ်ကိုကို မနေ့ညက သူပဲ နောက်ဆုံးတွေ့ခဲ့ရတယ်တဲ့။ ကျွန်တော်တော့ ကိုညွန့်သိန်းကို မသင်္ကာဘူး ဆရာ"

ရှား။ ။"ကိုညွန့်သိန်း သတ်တယ်လား"

အုပ်။ ။"ဒီလိုပဲ ကျွန်တော်ထင်တယ်"

ရှား။ ။"ကိုညွန့်သိန်းက သတ်ပြီး ပြန်သွားတော့ သေတဲ့လူက တံခါးကို ထပြီး ပိတ်ထားတယ်လား"

အုပ်။ ။"ဩော်၊ ဒီလိုလား။ ဒါတော့လဲ မဟုတ်နိုင်ပေဘူးပေါ့ ဆရာ"

ရှား။ ။"ကိုဘထွန်း၊ ခင်ဗျားတော တယ်ပြီးဇွဲလောကြီးတဲ့ လူတယောက်ပဲ။ အမှုသွားကို ကျုပ်ပြောပြီးပြီဦးမယ်။ အခန်းတံခါးရော၊ ပြတင်းပေါက်ရော ပိတ်ထားတာကို ကျုပ်တို့ တွေ့ရတယ်။ နားရွက်နောက်က ဟောဒီဆူးကိုလဲတွေ့ရတယ်။ စားပွဲပေါ်မှာ ဟောဒီကြွေမ်တုတ်ကြီးကိုလဲတွေ့ရတယ်။ အလောင်းရဲ့ ရင်ဘတ်မှာလဲ ဟောဒီစာရွက် ညှပ်ထားတာကို ကျုပ်တို့တွေ့ရတယ်။ ဒီအချက်တွေ အားလုံးနဲ့ ဆီလျော်ညီညွတ်အောင် တွေးချက် ထုတ်မှပေါ့ဗျ"

ထွန်း။ ။"မှန်တယ် ဆရာ။ ဒါပေမယ့် ဒီဆူးဟာက ကိုညွန့်သိန်း လက်ချက် မဟုတ်လို့ ဘယ်သူ့လက်ချက် ဖြစ်နိုင်သေးသလဲဆရာ။ ဩော်၊ မျက်နှာကြက်မှာအပေါက်ကြီးနဲ့ပါကလား။တန်တော့ဆရာရေ့၊ ဝင်တော့ တံခါးကဝင်၊ အစ်ကိုကို သတ်ပြီးတဲ့နောက် မျက်နှာကြက်ပေါက်က ထွက်သွားတာ မုချပဲ ဆရာရေ့"

ကိုဘထွန်းသည် ပြောပြောဆိုဆိုနှင့် လှေကားမှတက်၍ မျက်နှာကြက်ပေါက်သို့ ဝင်သွားပြီးလျှင် အပေါ်သို့ ရောက်သောအခါ၌ အိမ်မိုးတွင် ကောင်းကင်ပေါက်တခု ရှိကြောင်းကို ဝမ်းမြောက်စွာနှင့် ဟစ်အော် ပြောပြလေ၏။ ထို့နောက် အောက်သို့တဖန် ဆင်းလာ၍-

ထွန်း။ ။"ဆရာတော့ နာမည်ကြီးပါရဲ့။ ဒါပေမယ့် ကျွန်တော်တော့ ဒီတခါဆရာနဲ့ ထင်မြင်ချက်ချင်း ကွဲလွဲနေပြီဆိုတူနေပြီဆရာ။ ကျွန်တော့ကတော့ ကေန်မုချ ကိုညွန့်သိန်းကို စွပ်စွဲတော့မှာပဲ ဆရာ"

သို့ ပြောပြီးနောက် ကိုဘထွန်းသည် အခန်းပြင်သို့ ထွက်သွား၍ လှေကားရင်းသို့ သွားပြီးလျှင်-

"ဟေ့ ညီပု၊ ညီပုရေ"ဟု ဟစ်အော်ခေါ်လေ၏။ ပုလိပ်သားတယောက် တက်လာသောအခါတွင် ကိုဘထွန်းက-



www.burmeseclassic.com

 www.burmeseclassic.com 

"ကိုညွန့်သိန်းကို ခေါ်ခဲ့စမ်းဟေ့"ဟု အမိန့်ပေးလေ၏။

ကိုဘထွန်းသည် အခန်းတွင်းသို့ ပြန်ဝင်လာ၏။ မကြာမီအတွင်းတွင် ပုလိပ်သားနှင့် ကိုညွန့်သိန်းတို့လည်း အခန်းတွင်းသို့ ဝင်လာကြလေ၏။

ထွန်း။ ။ကိုင်း ကိုညွန့်သိန်း၊ မျက်နှာသိချင်းဖြစ်လို့ အားတော့ဖြင့် နာပါရဲ့ဗျာ။ ဒါပေမယ့် ဝတ္တရားအတိုင်း ဆောင်ရွက်ဖို့ တာဝန်က ရှိနေတယ်ခင်ဗျ။ အစ်ကို ကိုညွန့်သန်းကို သတ်မှုနဲ့ ခင်ဗျားကို ကျုပ်တို့ ဖမ်းဆီးရလိမ့်မယ်"

သိန်း။ ။"ဒါကြောင့် ကျွန်တော်မပြောဘူးလား ဦးစံရှားခင်ဗျာ"ဟု ပြောလျက် ကိုညွန့်သိန်းသည် သနားဖွယ်ရာ မျက်နှာငယ်ကလေးဖြင့် ကျွန်တော်တို့အား ကြည့်လေ၏။

ရှား။ ။"ဖမ်းယင်လဲ ခဏပါဗျာ။ ခင်ဗျား လွတ်ဖို့ဟာ ကျုပ်တာဝန် ထားလိုက်ပါ"

ရှား။ ။"ကတိထားတာ အယင်မလိုနဲ့ ဆရာ။ ဆရာက ကျွန်တော့်ကို ရှေ့လောကြီးတယ်လို့ စွပ်စွဲပြီး ဆရာက ရှေ့လောကြီးနေတာကိုး"

ရှား။ ။"ကျုပ်နားလည်ပါတယ် ကိုဘထွန်း။ကိုညွန့်သိန်းလွတ်ဖို့ကို တာဝန်ခံရုံမျှ မကသေးဘူး။ ကိုညွန့်သန်းကိုသတ်တဲ့ သူနှစ်ယောက်အနက် တယောက်အကြောင်းကိုတောင် ကျုပ် ပြောပြလိုက်ဦးမယ်။ ခင်ဗျား နာယူချင် နာယူတော့။ သူ့နာမည်က မောင်နက်ကျော်တဲ့ဗျ။ အင်္ဂလိပ်လိုလဲ တတ်တယ်။ လူ ခပ်သေးသေး၊ ဖျတ်ဖျတ်လတ်လတ်။ လက်ယာဘက်ခြေမှာ သစ်သားခြေထောက် တပ်ထားလေရဲ့။ အသက်တော့ တယ် မကြီးသေးဘူး။ လူလတ်ထဲကပဲ။ ရာဇဝတ်မှု ကျူးလွန်လို့ တကျွန်း အပို့ခံရသေးတယ်။ သူ့အဖော်ကတော့ဖြင့်"

ထွန်း။ ။"လွန်လွန်းလှချေကလားဆရာ။ ဖြန်းတာ ဖြစ်ယင်လဲ"

ရှား။ ။"သူ့အဖော်ကတော့ဖြင့် တော်တော် ထူးဆန်းတဲ့ လူတယောက်ပဲ။ ခင်ဗျားမယုံချင်နေလေ ကိုဘထွန်း။ သို့သော် ခင်ဗျားက ကျုပ်စကားကို နာယူပြီး ဒီလူစုကို တွေ့အောင် ရှာချင်ရှာ၊ မရှာချင်လဲ မကြာမီအတွင်း ကျုပ်ကိုယ်တိုင် မိအောင် ဖမ်းပေးတာ ခင်ဗျားတွေ့ရပါလိမ့်မယ်။ ကိုသိန်းမောင် လာစမ်းဗျာ။ ကျုပ် ပြောစရာကလေး ရှိတယ်"

ဦးစံရှားသည် ကျွန်တော့်အား လှေကားဆီသို့ ခေါ်သွား၍

"ကိုင်း ကိုသိန်းမောင်၊ ကျုပ်တို့တော့ဖြင့် ဒီကိစ္စကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်ရတော့မယ်။ ဒီတော့ ခင်ဗျားက ဆရာမ မအုန်းခင်ကို သူ့အိမ်ကျအောင် လိုက်ပို့လိုက်ပါဗျာ။ ကိုညွန့်သိန်းရဲ့ ကားကိုယူသွားတာပေါ့။ မအုန်းခင်ကို ပို့ပြီးတဲ့နောက် ကြည့်မြင်တိုင် စမ်းချောင်းရပ်၊ မြင့်မိုရ်လမ်း၊ အိမ်နံပါတ် ၄၀ ကိုသွား။ ကိုတွန်းတင်ဆိုတဲ့ လူတယောက် ရှိလေရဲ့။ သူ့မှာ ကြန်စုံဆိုတဲ့ ခွေးတကောင် ရှိတယ်။ ကျုပ်ကလွှတ်လိုက်ပြောပြီး သူ့ခွေးကို ငှားခဲ့ဗျာ။ ကားနဲ့ တင်ယူခဲ့။ မှတ်မိပြီလား"

ကျွန်။ ။"မှတ်မိပါတယ်ဗျာ"

ရှား။ ။"ကိုင်း သွားပေတော့



www.burmeseclassic.com

www.burmeseclassic.com



၆

ကျွန်တော်သည် ဆရာမ မအုန်းခင်နှင့်အတူ မော်တော်ကားနှင့် ထွက်လာကြသောအခါတွင် ၁၂ နာရီ ထိုးခဲ့လေပြီ။

မအုန်းခင်မှာမူ ပစ္စည်းနှင့် ပတ်သက်၍ မျှော်လင့်ခြင်းနှင့် လာရာမှ ထိုအဖြစ်အပျက်များနှင့် ကြုံတွေ့ရာတွင် များစွာ စိတ်နှလုံး မချမ်းမသာ ဖြစ်ခဲ့ရရှာလေ၏။

သို့ရာတွင် မအုန်းခင်သည် စိတ်သဘော မြင့်မြတ်ဟန်ရှိသော မိန်းမတယောက်ဖြစ်သဖြင့် မိမိ၏ မျှော်လင့်သော ဘဏ္ဍာများ ပျောက်ဆုံးခြင်းထက် ကိုညွန့်သန်း သေဆုံးခြင်းအတွက် သာလွန် ဝမ်းနည်းဟန် လက္ခဏာ ရှိလေ၏။

ကျွန်တော်သည် မအုန်းခင်ကို စိန်မေရီကျောင်း၌ ချထားခဲ့ပြီးနောက် မော်တော်ကားကိုစမ်းချောင်းဘက်သို့ မောင်းနှင်စေပြီးလျှင် ဦးစံရှား ညွှန်ကြားလိုက်သော အိမ်၌ အိမ်ရှင်ကို နှိုး၍ ကြွန်စုံကို ငှားပြီးမှ ထားနှင့် တင်ဆောင်၍ ပြန်ခဲ့လေ၏။

ကျွန်တော်သည် ချာချီလမ်းသို့ ပြန်ရောက်သောအခါ ဦးစံရှားသည် အင်္ကျီအိတ်တွင် လက်နှိုက်လျက် ဆေးတံကို သောက်ကာ အိမ်ပေါက်မှ စောင့်မျှော်လျက် ရှိနေလေ၏။

ရှား။ ။"ခွေးပါခဲ့လား။ နေရာကျတယ်ဗျို့။ ကိုဘထွန်းက တအိမ်သားလုံး သိမ်းရုံးပြီး ဖမ်းသွားပါလေကောလား။ ပုလိပ်သားတယောက်နဲ့ ခင်ဗျားနဲ့ ကျုပ်ပဲ ရှိတော့တယ်။ ခင်ဗျားခွေးကို ဒီအောက်မှာ ချည်ထားခဲ့ပြီး အိမ်ပေါ်တက်ခဲ့စမ်းပါဦးဗျာ"

ကျွန်တော်တို့သည် အိမ်ပေါ်သို့ တက်သွားကြသောအခါ အလောင်းမှာ ခုတင်ပေါ်၌ ပြင်ဆင်ထားနှင့် ကြလေပြီ။

အခန်းတွင်းသို့ ရောက်ကြသောအခါ ဦးစံရှားသည် ဘွတ်ဖိနပ်နှင့် ခြေအိတ်များကို ချွတ်၍ ကျွန်တော်၏လက်သို့ ပေးအပ်ပြီးလျှင် လက်ကိုင်ပဝါကို အိုင်ဒိုဖောင်းနှင့် တို့ပြီးမှ မျက်နှာကြက်ပေါ်သို့ ကျွန်တော်နှင့်အတူ တက်ကြပြန်လေ၏။

အပေါ်သို့ ရောက်ကြသောအခါ ဦးစံရှားသည် ယခင်က တွေ့မြင်ခဲ့ကြသော ခြေရာများကို လက်နှိပ်ဓာတ်မီးနှင့် ထိုးပြ၍

"ဒီခြေရာမှာ ဘာထူးခြားသလဲ ကိုသိန်းမောင်"

"ကျွန်တော် ထင်တာတော့ လူကြီးခြေရာမဟုတ်၊ ကလေးခြေရာ၊ ဒါမှမဟုတ် မိန်းမခြေရာဖြစ်မယ်လို့ ထင်တယ်"

"အရွယ်အစားက လွဲလို့ ဒီပြင် ဘာတွေ ထူးခြားသလဲဗျာ"

"ဒီပြင် ထူးခြားချက် မတွေ့ပေါင်ဗျာ"



www.burmeseclassic.com

 www.burmeseclassic.com



"ကိုင်း ကျုပ်ခြေရာနဲ့ ယှဉ်ကြည့်ရအောင်။ ဟော ကြည့်စမ်း"

ဦးစံရှားသည် ခြေရာတခု၏ အနီး၌ မိမိ၏ ခြေရာကို ချလေ၏။

"ဘယ်လို ထူးခြားသလဲ ကြည့်စမ်းဗျာ"

"ခင်ဗျားခြေရာကတော့ ခြေချောင်းကလေးတွေ ပူးပြီး နေတယ်။ သူ့ခြေရာကတော့ တခုစီ ကွဲကွဲပြားပြား နေတယ်"

"ဒါ မှန်တယ်။ အဲဒါ ကျုပ် ပြချင်တာပဲ။ ဒီအချက် မှတ်ထားနော်"

"ကိုင်း တခု လုပ်စမ်းဗျာ။ ဟောဒီ ကောင်းကောင်ပေါက်က အစွန်းမှာ ခင်ဗျား နမ်းကြည့်စမ်းဗျာ။ ဘာနံ့ရသလဲ"

"အိုင်ဒိုဖောင်းနံ့ ရသဗျို့"

"ဟုတ်ပြီ။ ခင်ဗျားတောင် အနံ့ရသေးတာပဲ။ ကြန့်စုံဆိုတော့ ဘာပြောစရာရှိတော့သလဲဗျာ။ ကိုင်း ခင်ဗျားက ကျုပ်ဖိနပ်ယူပြီး အိမ်အောက် ဆင်းနှင့်ပေတော့။ ခွေးကိုလဲ ကြိုးဖြေထား။ ကျုပ်က တခြားလမ်းက ဆင်းခဲ့မယ်"

ကျွန်တော်သည် အိမ်အောက်သို့ ဆင်း၍ ခွေးကို ကြိုးဖြေပြီးနောက် ဝင်းတွင်းမှ စောင့်နေသော အခါတွင် ဦးစံရှားမှာ အိမ်မိုးခေါင်သို့ ရောက်နှင့် လေပြီ။

ဦးစံရှားသည် လက်နှိပ်ဓာတ်မီး တသက်လက်နှင့် အိမ်မိုးခေါင်မှ တဖြည်းဖြည်း ဆင်းလာ၍ တံစက်မြိတ်စွန်းဆီသို့ တွားဆင်းလာခဲ့လေ၏။

"ကိုသိန်းမောင်လားဗျို့"

"ဟုတ်တယ်"

"အောက်က မည်းမည်းကြီးဟာ ဘာလဲဗျို့"

"စည်ကြီးတလုံးပဲ"

"ခိုင်ရဲ့နော"

"ခိုင်ပါရဲ့"

"လှေကား မရှိဘူးလား"

"မရှိဘူး"

"တကယ်တော်တဲ့ လူပဲဗျို့။ ဒါပေမယ့် သူတောင်မှ တက်နိုင်သေးတာပဲ။ ငါက မဆင်းနိုင်ဘူးလား။ ကိုင်း လာလေဗျာ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ဦးစံရှားသည် တံစက်မြိတ် အတွင်းမှ စည်ပေါ်သို့ခုန်ဆင်း၍ ထိုမှတဖန် မြေပေါ်သို့ ပေါ့ပါးစွာ ခုန်ဆင်းလိုက်လေ၏။

ဦးစံရှားသည် ခြေအိတ်နှင့်ဖိနပ်ကို ဘာဖန်စီး၍-

"သူသွားတဲ့ လမ်းအတိုင်းလိုက်ခဲ့တာ အုတ်ကြွပ်တွေ ပြုတ်ကျနေတာ တွေ့ခဲ့တယ်ဗျို။ ကိုယ့်လူက ကတိုက်ကရိုက်နဲ့ ဆင်းခဲ့ရလို့ ထင်ပါရဲ့။ အိမ်မိုးပေါ်မှာ ဟောဒီဟာ ချပစ်ထားခဲ့တယ်"ဟု ပြော၍ ကြမ်းတမ်းစွာ ချုပ်ထားသော သားရေအိတ်ငယ်တလုံးကို ကျွန်တော့်အားပြလေရာ အတွင်း၌ကား အလောင်း၌ စူးဝင်နေသည့် ဆူးမျိုး ၆ ချောင်းကို တွေ့ရလေ၏။

"သတိထားကိုင်ဗျို့နော် ကိုသိန်းမောင်။ ဒီဆူးစူးယင်တော့ ကိုညွန့်သန်း သွားတဲ့လမ်းကို လိုက်ရလိမ့်မယ်။ သူ့လက်နက်ခဲတွေ ကျုပ်တို့တွေ့ရတာ ကံကောင်းတယ်ဗျာ။ သူ့မှာ ဒီဟာ အကုန်ပဲနဲ့တူတယ်။ ဒီသက်နက်တွေ သူ့လက်ထဲရှိနေယင် သူ့ကိုဖမ်းတဲ့အခါကျတော့ အတော်ပဲ ကျပ်သေးတယ်။ အခုတော့ဖြင့် စိုးရိမ်ဖို့ မရှိပဘူးဗျာ။ ကိုင်း ကိုသိန်းမောင်၊ ဒီကနေ့ည ကျုပ်တို့ တော်တော်ဝေးဝေး လမ်းလျှောက်ရပုံပေါ်တယ်။ လျှောက်နိုင်ပါ့မလား"

"လျှောက်နိုင်ပါတယ်ဗျာ"

"ကိုင်း ဒါဖြင့် ဖြင်ဆင်ကြစို့။ ဟော့ ကြွန်စုံ။ ရော့ ဟောတာနမ်းစမ်း"

ဦးစံရှားသည် အိုင်ဒိုဖောင်း တို့ထားသော လက်ကိုင်ပဝါကို ခွေး၏ နှာခေါင်းဝသို့ အခါကာမျှ တေ့၍ထားပြီးနောက် လက်ကိုင်ပဝါကို အဝေးသို့ ပစ်လိုက်လေ၏။ ထို့နောက် ဦးစံရှားသည် ခွေးကို စည်ပေါ်သို့ တင်၍ပေးလေ၏။

ကြွန်စုံသည် အနံ့ခံ၍ လိုက်ခြင်းအလုပ်၌ လေ့ကျင့်သင်ကြားပြီးဖြစ်သောကြောင့် မိမိအား လုပ်စေလိုသည့် အလုပ်သဘောကို နားလည်သည့် လက္ခဏာဖြင့် စည်ကိုနမ်း၍ကြည့်ပြီးနောက် ဦးခေါင်းမော့ကာ အမြီးနှံ့လေ၏။

ထို့နောက်ဦးစံရှားသည် ခွေးကိုစည်ပေါ်ကချပေး၍ သံကြိုးကို ကိုင်ထားလေရာ ခွေးသည်မြေကြီး၌ နှာခေါင်းကို တေ့ထားလျက် ဝင်းပေါက်ဆီသို့ စိုက်စိုက်ထွက်သွားလေ၏။

ဝင်းတံခါးသို့ ရောက်ကြသောအခါ ကျွန်တော်သည် တံခါးဖွင့်ပေး၍ ဦးစံရှားနှင့်ခွေးကို ထွက်စေပြီးမှ နောက်က လိုက်လာခဲ့လေ၏။

ခွေးသည် အနံ့ကောင်းစွာရသည့် လက္ခဏာဖြင့် နှာခေါင်းကို မြေကြီး၌တေ့လျက် လျင်မြန်စွာ လိုက်သွားလေရာ ဦးစံရှားသည်လည်း သံကြိုးကိုကိုင်လျက် နောက်မှလိုက်လေ၏။

ခွေးသည် ဗဟန်းဘက်ဆီသို့သွား၍ ထိုမှတဖန် ကန်တော်ကြီးစောင်းမှပတ်လျက် မြစ်ဘက်သို့စိုက်စိုက် သွားလေရာ ကျွန်တော်တို့လည်း စကားတပြောပြောနှင့် နောက်မှလိုက်ကြလေသည်။

ကန်တော်ကြီးကို ကျော်လွန်ကြသောအခါ၌ အရုဏ်တက်ခဲ့ပြီဖြစ်၍ အရှေ့ကောင်းကင်မှာ ရဲရဲနီလျက် ရှိလေ၏။

ဘာဆိုယအမြှိုနိ

www.burmeseclassic.com

www.burmeseclassic.com


ချွေးသည် ရှံဖန်ရံခါ ရပ်နား၍ လည်ပတ်ကာ အနံ့ခံပြီးနောက် ဆက်လက်၍ လိုက်ပြန်လေရာ ထိုကဲ့သို့ ရပ်တန့်သော နေရာများမှာ ထိုသူတို့ ရပ်နားရာနေရာများ ဖြစ်ဟန် လက္ခဏာရှိကြောင်းဖြင့် ဦးစံရှားက ပြောပြလေ၏။

မိုးလင်းပြီးနောက် နေထွက်သောအခါတွင် ကျွန်တော်တို့သည် မြစ်ဆိပ်နားသို့ ရောက်ကြလေရာ ကြန်စုံသည် အိမ်တအိမ်၏ရှေ့၌ လှည့်ပတ်ကာ အနံ့ခံပြီးနောက် ရေဆိပ်သို့ဆင်း၍ ရေစပ်သို့ ရောက်သည်နှင့် တပြိုင်နက် ကျွန်တော်တို့၏ မျက်နှာကိုမော့ကြည့်ကာ အမြီးကိုနှံ့လေ၏။

"သူတို့တော့ဖြင့် ဒီနေရာကနေပြီး လှေပေါ်ကိုတက်တာပဲဗျို။ သင်္ဘောနဲ့ သွားလို့ရှိယင် တံတားကနေပြီး တက်ရမယ်။ အခုတော့ ရေစပ်ရောက်အောင် ကြန်စုံလိုက်ပုံထောက်တော့ သမ္ဗန်နဲ့သော်လည်းကောင်း၊ လှေကလေးနဲ့သော်လည်းကောင်း၊ မော်တော်ဘုတ်နဲ့ သော်လည်းကောင်း သွားကြပြီနဲ့ တူတယ်။ ဒါပေမယ့် နေဦးဗျာ။ လှေနဲ့သွားယင်တော့ မတတ်နိုင်ဘူး။ ခုနင်က ကြန်စုံရပ်တဲ့ အိမ်ဟာ မော်တော်ဘုတ်ငှားတဲ့ ကုလားကြီးနေအိမ်ပဲ။ ကျုပ် စုံစမ်းဦးမယ်"ဟု ပြော၍ ယခင်က ကြန်စုံ ရပ်တန့်သော အိမ်ဆီသို့ သွားကြရပြန်လေ၏။

ကျွန်တော်တို့ ရောက်သွားကြသောအခါ ကုလားကလေးတယောက်သည် အိမ်တွင်းမှ ပြေးထွက်လာ၍ ကုလားမကြီးတယောက်သည် ကလေးကိုလိုက်၍ဖမ်းလေ၏။ မိန်းမကြီးက ဟိန္ဒူစတန်နီဘာသာဖြင့်-

-"လူကလေး၊ လာကွယ်၊ ရေချိုးမယ်လေ။ ရေချိုးယင် ပါပါက မုန့်ဝယ်ခဲ့မယ်တဲ့။ ရေမချိုးယင် ရိုက်မယ်လို့မှာသွားတာ သိတယ်မဟုတ်လား။ လာကွယ် လူကလေး"

ရှား။ ။"လူကလေး ကောင်းကောင်းရှိတယ်။ မုန့်စပယ်စားရအောင် ပိုက်ဆံယူမလား"

ကလေး။ ။"ယူမယ်"

ရှား။ ။"ဘယ်နှစ်ပြား ယူမလဲ"

ကလေး။ ။"များများကြီး ယူမယ်"

ရှား။ ။"ရော့! မင်းကြိုက်တာ ရွေးယူ"

ဦးစံရှားသည် ငွေများနှင့် ပိုက်ဆံ မူးစေ့ မတ်စေ့များကို လက်ခုပ်တွင်ထည့်၍ ပြလေရာ ကလေးသည် ဒင်္ဂါးတကျပ်ကို ရွေးချယ်၍ ယူသဖြင့် မိခင်သည် ရယ်မောလေရာ ဦးစံရှားလည်း ရယ်မောလေ၏။

ရှား။ ။"ကလေးပါပါ ဘယ်သွားသလဲ"

မ။ ။"မနေ့မနက်က ထွက်သွားတယ်"

ရှား။ ။"သူ့ မော်တော်ဘုတ်နဲ့လား"

မ။ ။"ဟုတ်တယ်"

ရှား။ ။"ခွကျတာပဲ။ ကျုပ်တို့ မော်တော်ဘုတ်လိုချင်တယ်"

www.burmeseclassic.com


မ။ ။"ဒီကနေ့ ပြန်လာမယ်လို့ ပြောသွားပါတယ်"

ရှား။ ။"လူနှစ်ယောက် လာပြီး ငှားသွားတယ် ဟုတ်လား"

မ။ ။"ဟုတ်ပါတယ်။ အားကြီးဆူတဲ့လူပဲ။ အခုလိုချင်တယ်၊ အခု ချက်ချင်း လိုချင်တယ်လို့ ပြောပြီး ချက်ချင်းယူသွားကြတယ်"

ရှား။ ။"တယောက်က လက်ကတီး ခြေထောက် ရှိတယ်မဟုတ်လား"

မ။ ။"ဟုတ်ပါတယ်။ တယောက်က ပုပုပဲ"

ရှား။ ။"အားကြီးပုတယ် ဟုတ်လား"

မ။ ။"အားကြီး ပုပါတယ်"

ရှား။ ။"မော်တော်ဘုတ်နာမည် ဘယ်နှယ်ခေါ်သလဲ"

မ။ ။"ဟိန္ဒူစတန် ခေါ်ပါတယ်"

ရှား။ ။"ကျုပ် ငှားဖူးတယ်။ အားကြီးမြန်တဲ့ မော်တော်ဘုတ်ပဲ"

မ။ ။"ဒီမြစ်ထဲမှာ သူ့ထက်မြန်တာ တစီးတည်းရှိတယ်"

ရှား။ ။"အစိုးရ မော်တော်ဘုတ် ဟုတ်လား"

မ။ ။"ရေကြောင်းဘက်က ပုလိပ်မော်တော်ဘုတ် တစင်းသာ သူ့ကိုနိုင်တယ်။ ဒီပြင် သူက အားလုံးနိုင်တယ်"

ရှား။ ။"ခင်ဗျားတို့ မော်တော်ဘုတ်မရတာ အားကြီးဝမ်းနည်းတယ်။ ဒါပေမယ့် နောက်တခါ လာမယ်။ ကိစ္စမရှိပါဘူး"

ကျွန်တော်တို့သည် မြစ်ဆိပ်မှ တက်လာကြသောအခါ

ရှား။ ။"ကလေးအမေနဲ့ စကားပြောချင်ယင် ကလေးကို လာဘ်ထိုးတာ အကောင်းဆုံးပဲဗျ။ ငွေတကျပ်သာ လာဘ်ထိုးလိုက်ရတယ်။ ကျုပ် သိချင်သမျှအားလုံး သိရပေတယ်ဗျာ။ ကိုင်း အိမ်ပြန်ပြီး တမျိုးတမည် အကြံထုတ်ကြဦးမှပဲဗျို့"

၇

ကျွန်တော်မှာ လွန်ခဲ့သောညဥ့်က တညဥ့်ပတ်လုံး အိပ်ပျက်ခဲ့သည် ဖြစ်သောကြောင့် နေအိမ်သို့ ဆိုက်ရောက်သည်နှင့်တပြိုင်နက် ကော်ဖီတခွက်ကို သောက်ပြီးနောက် အိပ်ရာသို့ ဝင်လေရာ ဦးစံရှားမှာမူ အလုပ်တစုံတခု လက်ဝယ်တွင် ရှိသည့်အခါ၌ ဆုံးခန်းတိုင် မရောက်မချင်း မအိပ်မနေ ဆောင်ရွက်တတ်သောသူ၏ ထုံးစံအတိုင်း ကော်ဖီသောက်ပြီးသည်နှင့်တပြိုင်နက် ကြန်စုံကိုခေါ်၍ အပြင်သို့ ထွက်သွားပြန်လေ၏။

www.burmeseclassic.com



ညနေခင်းတိုင် ရောက်သောအခါတွင် ကျွန်တော်သည် အိပ်ရာမှနိုး၍ လက်ဖက်ရည်သောက်လျက်ရှိစဉ် ဦးစံရှားသည် အပြင်မှပြန်လာ၍ ကျွန်တော်နှင့်အတူ လက်ဖက်ရည်သောက်ယင်း—

"ဘာများ သတင်းထူးသေးသလဲဗျို့"

"မထူးသေးပါဘူးဗျာ။ ဒါပေမယ့် ကျုပ်တပည့် အာချီးယားတို့ လူစု လာကြလိမ့်မယ်"

"ဂေါရင်ဂျီကုလားကလေးတွေလား"

"အစစ်ပေါ့ဗျာ။ အာချီယားတို့နဲ့ အလုပ်လုပ်ရတာ စားရိတ်အကုန်အကျလဲ နည်းတယ်။ ကြိုကြိုကြားကြားလဲ နှံ့စပ်။ ရန်ကုန်မြို့ပေါ်မှာ အပ်ကျခဲ့ပါစေ။ သူတို့ကို အရှာခိုင်း။ တွေ့အောင် ရှာနိုင်တယ်။ ဒီလောက် စေ့စပ်တဲ့ကောင်ကလေးတွေဗျ။ ပြီးတော့လဲ သူတို့က ကလေးတွေဆိုတော့ လူကြီးတွေ မဝင်ဝံ့တဲ့ နေရာ။ မဝင်နိုင်တဲ့ နေရာကို သူတို့ရောက်အောင် ဝင်နိုင်တယ်။ တိုတလောက ဂျင်မခါနာကလပ်မှာစုံစမ်းဖို့ ကိစ္စတခုရှိတာမှာ ဒီပြင်လူဆိုယင် ဝင်ဖို့တောင် အစရှာဖို့ အကျပ်ကြီးပဲ။ ဟော သူတို့ကတော့ တင်းနစ်ရိုက်ရာမှာ ဘောလုံးကောက်သမားလုပ်ပြီး ဝင်လိုက်တာ ကျုပ်သိလိုသမျှ အကုန်သိရပေတယ်ဗျ"

တိုခဏ၌ လှေကားမှ တဝုန်းဝုန်းမြည်အောင် တက်လာကြသော ခြေသံများကို ကြားရပြီးနောက် ဂေါရင်ဂျီကုလားကလေး ခြောက်ယောက်တို့သည် အခန်းတွင်းသို့ ဝင်လာကြ၍ ယင်းတို့အနက် အကြီးဆုံးသော ကုလားကလေးသည် ဦးစံရှားအား ဆလံပေးပြီးနောက် လက်ပိုက်ကာ ရှေ့ဆုံးမှ ရပ်နေလေ၏။

"အာချီယား"

"ဆပ်"

"နောက်ကို ငါမှာတဲ့ အခါမှာ မင်းတယောက်တည်းလာယင် တော်ပြီ။ ာ တို့ကို လမ်းက စောင့်နေရစ်ပါစေ။ ကြားလား"

"ကောင်းပါပြီဆပ်"

"ရန်ကုန်မြစ်ထဲမှာ ဟိန္ဒူစဘာန်ဆိုတဲ့ မော်တော်ဘုတ် တစင်းရှိတယ်။ ဒီမော်တော်ဘုတ်ကို မင်းတို့တွေ့အောင်ရှာပြီး ငါ့ဆီကို ချက်ချင်းလာပြော။ ကြားလား"

"ကောင်းပါပြီဆပ်"

"တွေ့တဲ့လူကို ဆုငွေ ငါးကျပ် ပေးဦးမယ် ကြားလား"

"ကောင်းပါပြီ ဆပ်"

"ကိုင်း ရော့။ ဒီကနေ့အတွက် မင်းတို့ တယောက် ၈ ပဲစီ ဝေယူကြ"ဟု ပြော၍ ဦးစံရှားသည် ငွေ သုံးကျပ်ကို အာချီယားလက်သို့ ထည့်လိုက်လေ၏။

"နေ့ရော ညရော မနားမနေ ရှာကြနော်၊ တွေ့တဲ့လူကို ဆုငွေ ငါးကျပ်ပေးမယ်။ ကိုင်း သွားကြပေတော့"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အာချီယားသည် ဦးစံရှားအား ဆလံပေးပြီးနောက် ကုလားကလေး တစုတို့သည် ရွှင်မြူးလှသော အမူအရာဖြင့် လှေကားမှ ခုန်ပေါက်ကာ ဆင်းပြေးကြလေ၏။

ယင်းတို့ ထွက်သွားကြသောအခါ

"ဒီမော်တော်ဘုတ်ဟာ ရေပေါ်မှာ ပေါ်လျက်နေသေးယင်တော့ ကေနမုချ သူတို့တွေပြီးသားပဲ။ ဒါလောက်တောင် စိတ်ချရတဲ့ ကောင်ကလေးတွေဗျ"

"ဒီအတောအတွင်းတော့ဖြင့် ကျွန်တော်တို့ ဘာမှ အလုပ်မရှိဘူး။ အိမ်ကနေစောင့်နေရုံပဲမှတ်တယ်"

"မှန်တယ်"

"ဒါဖြင့် ခင်ဗျား တရေးမှ မအိပ်ရသေးဘူး။ အိပ်ဦးဗျာ"

"ကိစ္စမရှိဘူး။ ကျုပ်က အလုပ်တန်းလန်းနဲ့ အိပ်တတ်တဲ့လူ မဟုတ်ဘူး။ ကျုပ်တို့ အလုပ်က တယ်ပြီး ခက်ဟန် မတူပါဘူး။ သစ်သားခြေထောက်နဲ့ လူဟာ မြန်မာပြည်မှာ တယ်ပြီး ပေါလှမယ် မထင်ပါဘူး။ ပြီးတော့ သူ့အဖော်လုပ်တဲ့လူဟာလဲ အင်မတန် ထူးခြားတဲ့ လူတယောက်ပဲ"

"နေပါဦးဗျာ။ သူ့အဖော်က ဘယ်လိုလူစားမျိုးလဲဗျာ"

"ကိုင်း၊ လျှို့ဝှက်ပြီး မထားတော့ပါဘူးဗျာ။ ရှင်းလင်းပြီးပြပါတော့မယ်။ ခင်ဗျား စဉ်းစားကြည့်လေဗျာ။ ခြေထောက်သေးသေး၊ နောက်ပိတ်ဖိနပ် ဘွတ်ဖိနပ်ကို ဘယ်တော့မှ မစီးဖူးတဲ့ ခြေထောက်မျိုး။ ကျောက်လက်ကိုင် တပ်ထားတဲ့ ကြိမ်တုတ်ကိုကိုင်တယ်။ အင်မတန်ဖျတ်လတ်ပေါ့ပါးတယ်။ အဆိပ်လူးတဲ့ ဆူးကို လက်နက်ပြုလုပ်တယ်။ ဒီဟာ ဘယ်လိုလူမျိုးလဲ။ ခင်ဗျား မတွေးမိဘူးလား"

"လူရိုင်းထဲကနဲ့ တူတယ်ဗျို့၊ ဟုတ်ကဲ့လား"

"အစစ်ပဲ။ လူရိုင်းတော့ လူရိုင်းပဲ။ သို့သော် ဘယ်အရပ်ဆီက လူရိုင်းမျိုးလဲတဲ့။ အဆိပ်လူးတဲ့ဆူးဟာက တခြားနည်းနဲ့ ပစ်လို့ရတဲ့ဟာမျိုး မဟုတ်ဘူးဗျ။ ပြောင်းနဲ့ထည့်ပြီးမှုတ်မှ ဖြစ်နိုင်တာမျိုး ဖြစ်တယ်။ မြန်မာပြည်မှာ ဒီလက်နက်မျိုးသုံးတဲ့ လူရိုင်းမျိုး ကြားဖူးသလား"

"ကျွန်တော်ဖြင့် မကြားဖူးပါဘူးဗျာ"

"ဘာကြားဖူးမှာလဲဗျ၊ ရှိမှ မရှိပဲကိုး။ ကိုင်း စုံစုံလင်လင် ခင်ဗျား သိရအောင် ကျုပ်ရှာပြီး ဖတ်ပြမယ်။ နားထောင်"

သို့ ပြောပြီးနောက် ဦးစံရှားသည် ဂရုတီးယားခေါ် ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်များ ပါရှိသော မှတ်တမ်းစာအုပ်ကြီးကို စာအုပ်စင်ပေါ်မှ လှမ်း၍ အလိုရှိသော စာမျက်နှာကို လှန်လှော ရှာဖွေပြီးလျှင် ကျွန်ုပ်တော်အား ဖတ်ပြလေရာ မြန်မာလိုအဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


အန်ဒမန်ကျွန်းစု (တကျွန်း) သည် ဘင်္ဂလားပင်လယ်ကွေ့အတွင်း၌ တည်ရှိ၏။ ရာသီဥတုမှာစွတ်စိုထိုင်းမှိုင်း၍ ယင်းကျွန်းစုမှာ အိန္ဒိယပြည်နှင့် မြန်မာပြည်မှ အကျဉ်းသမားများ ချုပ်နှောင်ရာ ဌာနအဖြစ်ဖြင့် အိန္ဒိယအစိုးရတို့က အသုံးပြုလျက်ရှိ၏။ ယင်းကျွန်းစု၌ မူလနေထိုင်လျက်ရှိသော တိုင်းရင်းသားများမှာ ကမ္ဘာပေါ်၌အသေးငယ်ဆုံး၊ အပုဆုံးသော လူမျိုးဖြစ်သည်ဟု ယူဆကြ၏။ ယင်းကျွန်းသားတို့၏ အမြင့်မှာ ပျမ်းမျှခြင်းအားဖြင့် လေးပေခန့်မျှသာ ရှိသည်ဖြစ်ရာ ထိုမျှထက် ပုသော လူများသည် ယင်းကျွန်းစု၌ အမြောက်အမြားပင် ရှိကြ၏။ ယင်း တိုင်းရင်းသားများသည် အလွန်တရာ ကြမ်းကြုတ် ခက်ထန်သော စိတ်သဘောရှိကြ၏။ အိန္ဒိယအစိုးရတို့သည် ယင်းတို့အား ယဉ်ကျေးအောင် ပဲ့ပြင်သင်ကြား၍ ပေးငြားသော်လည်း အထမမြောက်ပဲ ရှိခဲ့၏။ သို့ရာတွင် ယင်းတို့သည် မိမိတို့အား ကျေးဇူးပြုဖူးသော လူများအား ကျေးဇူးသိတတ်၍ ကျေးဇူးရှင်များအတွက် အသက်ကိုပင် စွန့်လွှတ်ဖူးသည်များကို မကြာခဏ တွေ့ကြရဖူးလေသည်။ ယင်း ကျွန်းသားများသည် သေးငယ်သော ကိုယ်ကာယရှိသော်ငြားသော်လည်း ဦးခေါင်းမှာမူ ကိုယ်နှင့်မလိုက်အောင် ကြီးမားလှ၍ ရက်စက် ကြမ်းကြုတ်သော မျက်လုံးများလည်း ရှိကြ၏။ ထူးခြားသော အခြင်းအရာ တခုမှာ ထိုကျွန်းသားတို့၏ ကိုယ်ကာယသည် သေးငယ် ကြုံလှီ၍ ပုက္ကကွရှိကြသည် မှန်သော်လည်း သူတို့၏ ခြေလက်တို့သည် ကိုယ်ကာယထက်ပင် သေးကွေးလှသည်ဖြစ်၍ ကလေးသူငယ်တို့၏ ခြေလက်ကလေးများနှင့် တူလှချေသည်။ ထိုသူတို့သည် ကျောက်လက်ကိုင် တပ်ထားသော ကြိမ်တုတ်ကြီးများကို အမြဲကိုင်ဆောင်တတ်၍ အဆိပ်လူးသော ဆူးများကို ပြွေင်းတံတွင် ထည့်၍ မှုတ်ခြင်းအားဖြင့် လက်နက်သဖွယ် အသုံးပြုတတ်ကြလေသည်။

“ဘယ့်နှယ်လဲ ကိုသိန်းမောင်”

“ကိုက်နေတာပဲဗျာ။ အန်ဒမန် ကျွန်းသား အစစ်ပါပဲ။ သို့သော် ဒီလူရိုင်းက ရန်ကုန်ကို ဘယ်နည်းနဲ့ ရောက်နိုင်သလဲဗျာ”

“သူ့အဖော်က တကျွန်းပြန် နက်ကျော်ကိုးဗျ။ တကျွန်းမှာ သူတို့နှစ်ယောက် မိတ်ဆွေဖြစ်ပြီး တိုင်းရင်းသားက နက်ခကျော်နဲ့ ရန်ကုန်မြို့ကို လိုက်လာဟန် တူတယ်။ သို့သော် မကြာပါဘူးဗျာ၊ မြန်မာပြည်အတွင်းမှာ ခင်ဗျားလူ ရှိသေးယင်တော့ ကျုပ်တို့ လက်တွင်း မုချရောက်မည့် လူတွေပါ”

၈

ထိုည၌ ကျွန်တော်သည် လွန်ခဲ့သော ညက အိပ်ပျက်သည့်အတွက်ကြောင့် အိပ်ရာသို့ စောစောဝင်သော်လည်းဦးစံရှားမှာမူ ပက်လက်ကုလားထိုင်ပေါ်၌မှီကာ မဆေးတံသောက်လျက် ကျန်နေရစ်လေ၏။

ထိုညအတွင်း ကျွန်တော်သည် တကြိမ်နှစ်ကြိမ်နိုးသဖြင့် မျက်စိကိုဖွင့်ကြည့်သောအခါတွင် အိမ်ရှေ့ ဧည့်ခန်း၌မီးရောင်လင်းလျက်ပင် ရှိသေးသည့်ပြင် တဒေါက်ဒေါက်နှင့် လမ်းလျှောက်နေသော ဦးစံရှား၏ ခြေသံကိုလည်း ကြားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ခုနစ်နာရီခန့်တွင် ကျွန်တော်သည် အိပ်ရာမှထ၍ ဧည့်ခန်းသို့ ထွက်လာသောအခါ ဦးစံရှားမှာ ပက်လက်ကုလားထိုင်၌ ဆေးတံခဲသောက်လျက်ပင်။ အာချီယား လာရောက်သည့်အကြောင်း၊ ဟိန္ဒူစတန်ခေါ် မော်တော်ဘုတ်ကို မတွေ့ရသေးကြောင်းနှင့် ပြောသွားသည့် အကြောင်းများကို ကျွန်တော့်အား ပြောပြလေ၏။

"ဒီတခါ တော်တော်ကျပ်နေပြီဗျာ။ လူတွေကိုလဲ သိရပြီ။ သူတို့စီးသွားတဲ့ မော်တော်ဘုတ်ကိုလဲ သိရပြီ။ ဒါနဲ့အောင် လူကိုမိအောင်မဖမ်းနိုင်သေးတာက ခက်နေတယ်ဗျာ။ ဒါပေမယ့် ဒီကနေ့ တွေ့ယင်တွေ့ မတွေ့ယင်တော့ နက်ဖြန်ကျယင် ကိုယ်တိုင်ထွက်ပြီး ကြံရလိမ့်မယ် ထင်တယ်။ ကျုပ် လိုက်ရယင်တော့ မော်တော်ဘုတ်နောက်ကို မလိုက်ပဲ လူနောက် တိုက်ရိုက်လိုက်ဖို့ ရှိတော့တာပဲ။ ဒါပေမယ့် ဒီအတော အတွင်းမှာလဲ သတင်းကြားကောင်းပါသေးရဲ့ဗျာ"

သို့ရာတွင် ကျွန်တော်တို့သည် ထိုနေ့တနေ့လုံး တစုံတရာမျှ ထမ်းမံ၍ သတင်းမကြားရပဲ ရှိကြလေ၏။

မြန်မာသတင်းစာနှင့် အင်္ဂလိပ်သတင်းစာဆရာများသည် ချာချီလမ်း လူသတ်မှု အကြောင်းကို အကျယ်တဝင့် ရေးသားဖော်ပြကြလေရာ သတင်းစာဆရာတို့မှာ ပုလိပ်အရာရှိတို့ထံမှ သတင်း ယူတတ်မြဲဖြစ်သောကြောင့် ထိုလူသတ်မှု၌ ဌာနာအုပ် ကိုဘသွန်း၏ နည်းတူ သေဆုံးသူ၏ ညီဖြစ်သော ကိုညွန့်သိန်းကိုပင် သင်္ကာမကင်းဖွယ်ရာ ရှိသည့်အနေဖြင့် ရေးသားကြလေ၏။

ထိုနေ့၌ ဦးစံရှားသည် ကျွန်တော်နှင့် စကားများစွာမပြောပဲ ကျွန်တော်မေးသော မေးခွန်းများကိုပင် စိတ်ဘိုသော အမူအရာနှင့် တိုတောင်းတောင်း ပြန်ပြောသည်ဖြစ်သောကြောင့် ကျွန်တော့်မှာ ထပ်လောင်း၍ မမေးဝံ့တော့ပဲ ကိုယ့်စိတ်ကူးနှင့် ကိုယ်ပင် ချောင်ခို၍ နေရလေ၏။

ထိုည တညလုံးလည်း ဦးစံရှားသည် အိပ်စက်ခြင်း မရှိချေ။ ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ကာ ဆေးတံသောက်ချည်တခါ လမ်းလျှောက်ချည် တလှည့်ဖြင့် မိုးလင်းသည့်တိုင်အောင် စိတ်ကူးနေဟန် လက္ခဏာရှိပေ၏။

ကျွန်တော်သည် အိပ်ရာမှ လန့်နိုး၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာတွင် ဦးစံရှားသည် အပြင်သို့ ထွက်ရန် အဝတ်လဲပြီး ဖြစ်၍ ခုတင်အနီး၌ ရပ်လျက် ရှိလေ၏။

"ကိုင်း ကိုသိန်းမောင်၊ မနေ့က ပြောတဲ့အတိုင်း ကျုပ်ကိုယ်တိုင် လိုက်ရလိမ့်မယ်ဗျို့"

"ကျွန်တော်လဲ လိုက်မှာပေါ့ဗျာ"

"ခင်ဗျားလိုက်လို့ မဖြစ်ဖူး။ မတော်တဆ ကျုပ်တို့ မရှိတုန်း သတင်းတခုခုရောက်နေယင် ခက်ကုန်လိမ့်မယ်။ ဒီတော့ ခင်ဗျားက အိမ်မှာ နေရစ်ပြီး အာချီယားဆီက သတင်းတခုခုကြားယင် တော်သလို ကြည့်ပြီး စီမံရစ်ပေတော့ဗျာ"

"စိတ်ချပါဗျာ"

အာချီယားအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ"

"ကိုင်း ကျုပ်သွားဦးမယ်။ စာတို့ ကြေးနန်းတို့ ရယင်လဲ ဖွင့်ဖတ်ပြီး ခင်ဗျားသဘောအတိုင်း စီမံပေတော့ဗျာ"

"ကောင်းပြီဗျာ"

ထိုနေ့၌ ကျွန်တော်သည် အပြင်သို့ အလျှင်းမထွက်ပဲ ဦးစံရှားထံမှ သတင်းကိုသော်လည်းကောင်း၊ အာချီယာဒ်ထံမှ သတင်းကိုသော်လည်းကောင်း တနေ့ပတ်လုံး စောင့်ဆိုင်းမျှော်လင့်ကာ အိမ်တွင်း၌ ရှိနေလေ၏။

ထိုနေ့သည်ကား ကျွန်ုပ်အဖို့ အလွန်တာရာ နေ့တာရှည်လှသောနေ့ ဖြစ်ချေ၏။

အိမ်ရှေ့၌ မော်တော်ကားဖြစ်စေ၊ မြင်းရထားဖြစ်စေ ရပ်သံကြားရသည့် အခါတိုင်း ကျွန်တော်မှာ ထိုင်ရာမှထ၍ ပြတင်းပေါက်မှ ငုံ့ကြည့်မိလေ၏။

ထိုနေ့ သုံးနာရီ အချိန်ခန့်တွင် ကျွန်တော်သည် လှေကားမှတက်လာသော ခြေသံများကို ကြားရသဖြင့် လှေကားထိပ်မှထွက်၍ ကြည့်သောအခါတွင် ဗဟန်းဌာနာအုပ် ကိုဘထွန်းသည် တိုက်ပေါ်သို့ တက်လာသည်ကို တွေ့မြင်ရလေ၏။

ကိုဘထွန်းမှာ ဦးစံရှား၏ နာမည်ကြီးခြင်းအတွက်ကြောင့် ရှိတွန့်တွန့်ရှိသည်မှန်သော်လည်း သူ၏ စိတ်ထဲ၌ကား ဤလူသည် နာမည်ကြီးသလောက် အစွမ်းကောင်းလှသည် မဟုတ်ဟု ယူဆသည့် အနေမျိုးဖြင့် ဦးစံရှား၏ စကားကို မထီမဲ့မြင် ပြုခဲ့ကြောင်း တွေ့ခဲ့ကြရလေပြီ။

သို့ရာတွင် ယခုအကြိမ်အိမ်ပေါ်သို့ တက်လာသောအခါ၌ကား ကိုဘထွန်းသည် အတော်အတန် အစွယ်ကျိုး၍ လာခဲ့သည့် လက္ခဏာ ရှိချေ၏။

ထိုအခါ၌မူ ပထမညက တွေ့ခဲ့စဉ်ကကဲ့သို့ ဟန်ကြီးပန်ကြီး အမူအရာမရှိတော့ပဲ ခပ်ပျော့ပျော့ ရှိနေခဲ့ချေပြီ။

"ဆရာမရောက်သေးဘူးလား ကိုသိန်းမောင်"

"မရောက်သေးဘူးဗျ"

"သူ့အိမ်က စောင့်နေဖို့ တယ်လီဖုန်းဆက်လိုက်လို့ ကျွန်တော်လာခဲ့ရတာပါ၊ သူ ပြောပုံကတော့ နောက်ကျော်တဲ့လူစုကို ခြေရာခံမိပြီတဲ့၊ ဒီကနေ့ည မိအောင်ဖမ်းပေးမယ် ဆိုပါကလား"

"ဒီလိုဖြင့် ဟန်ပြီဗျို့၊ ခြေရာကောက်မိပြီ မှတ်တယ်"

ယင်းကဲ့သို့ ပြောဆိုလျက်ရှိကြစဉ် လှေကားမှ ခြေသံများကြားသဖြင့် ကျွန်တော်တို့သည် ဦးစံရှား ဖြစ်ချေမည်လောဟု မျှော်လင့်စောင့်ဆိုင်းနေကြရာတွင် နှုတ်ခမ်းမွေးဖြူနှင့် ခါးကုန်းသော အဘိုးအို တယောက်သည် တောင်ဝှေးကိုကိုင်ကာ အခန်းတွင်းသို့ ဝင်လာလေ၏။

အဘိုးကြီးသည် မြင့်လှသောတိုက်လှေကားကို တက်ရသောကြောင့်မောဟိုက်သည်ဖြစ်၍ ရုတ်တရက် စကားမပြောနိုင်ရှာပဲ ပါးစပ်ကို ဟကာ အသက်ပြင်းစွာ ရှူရှိုက်လျက် ရှိနေလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိစ္စကို မေးသောအခါ အဘိုးကြီးက

"ကိုစံရှား မရှိဘူးလား"

"မပြို့သေးဘူး၊ အခုပြန်လာပါလိမ့်မယ်၊ ဘာကိစ္စလဲ ဘကြီး"

"သူနဲ့ နည်းနည်း စကားပြောချင်တယ်"

"ပြောချင် ပြောတာပေါ့၊ ကျွန်တော်က သူ့ကိုယ်စားလှယ်ပါပဲ၊ ကျွန်တော့်ကို ပြောခဲ့ယင် သူ့ကို ကျွန်တော် ပြန်ပြောလိုက်ပါ့မယ်"

"မဖြစ်ဘူးမောင် မဖြစ်ဘူး၊ ကျုပ်ပြောရမယ့် စကားက အရေးကြီးတယ်၊ သူနဲ့ ကိုယ်တိုင်တွေ့မှ ဖြစ်မယ်"

"ဒါဖြင့်လဲ ထိုင်စောင့်ပါဦး ဆရာကြီးခင်ဗျား၊ သူ လာလုပါပြီ"ဟု ပြော၍ ကုလားထိုင်တလုံးကို ထိုးပေးရာတွင် အဘိုးကြီးလည်း ကုလားထိုင်၌ အနိုင်နိုင် ထိုင်လေ၏။

ထို့နောက် ကျွန်တော်နှင့် ကိုဘထွန်းတို့သည် ဆေးလိပ်သောက်ယင်း စကားဆက်လက်၍ ပြောနေကြလေရာ

"ကိုယ့်လူများ ဆေးလိပ်တလိပ်လောက်တည်ကြပါဦးလေးဗျာ"ဟုပြောလိုက်သဖြင့် ကျွန်တော်နှင့် ကိုဘထွန်းတို့မှာ အံ့အားသင့်လျက် ရှိနေကြလေ၏။

အကြောင်းမူကား ယခင်က အဘိုးကြီး ထိုင်နေသောနေရာ၌ ဦးစံရှားထိုင်လျက် ရှိသည်ကိုတွေ့မြင်ကြရသောကြောင့်ပေတည်း။

"ဘယ့်နှယ်လဲဗျာ၊ ခုနင်က အဘိုးကြီးကော ဘယ်ရောက်သွားပြီလဲ"

"အဘိုးကြီးက ဟောဒီမှာဗျ"ဟု ပြောလျက် ဦးစံရှားသည် ကုလားထိုင်ခြေရင်း၌ ချွတ်ထားသော ဆံပင်ဖြူ၊ နှုတ်ခမ်းမွေးဖြူ၊ မျက်ခုံးဖြူများကို ပြလေ၏။

"တော်ပါပေ့ဗျာ၊ ကျွန်တော်ဖြင့် ကိုယ့်ကိုယ်ကို တော်တော် မျက်စိစူးတယ်လို့ အသားယူခဲ့မိတာ ဆရာနဲ့ကျတော့ မရဘူး ဆရာရေ့"

"ကျုပ်လဲ ခင်ဗျားတို့ကိုတော့ လှည့်စားလို့ မရပေဘူး မှတ်တာပါပဲ၊ စမ်းရုံစမ်းကြည့်တာ၊ ခုပုံတော့ တော်တော် နေရာကျသွားကပဲ"

"တူပါပေ့ခင်ဗျာ၊ လေှကားက တက်လာပြီး မောနေလိုက်ပုံကလေးက သိပ်မိ သွားတာပဲ။ နည်းခိုးလောက်ပါပေ့ ခင်ဗျာ"

"ခင်ဗျားအမှု ဘယ့်နှယ်နေသေးသလဲဗျို့၊ ကိုဘထွန်း"

"မဟန်ပါဘူးဆရာ၊ ကိုညွန့်သိန်းတို့ လူစုကိုလွှတ်ပစ်လိုက်ရကုန်ပါပြီ၊ အင်စပက်တော်က ကျွန်တော့်ကို ကြိမ်းလိုက်တာဆိုကာ ဘာပြောကောင်းမလဲ၊ မင်း ရူးသလားလို့တောင် အမေးခံရတယ်ဆရာ"

 www.burmeseclassic.com 

"ဒါကြောင့် ခင်ဗျားကို ကျုပ် အစက ပြောသားကပဲ"

"မှန်ပါတယ် ဆရာ"

"ကိုင်း သို့သော် စိတ်မပူပါနဲ့ဗျာ၊ အတု နှစ်ယောက်ကို ခင်ဗျား လွှတ်ပစ်လိုက်ရလို့ရှိယင် အစစ် နှစ်ယောက်ကို ကျုပ်ဖမ်းပေးပါ့မယ်၊ ဒီလူများကို ဖမ်းတဲ့အတွက် နာမည်တော့ ခင်ဗျား ယူပေတော့၊ သို့သော် ကျုပ်ပြောသလို ခင်ဗျား လုပ်ရလိမ့်မယ်၊ ဘယ့်နှယ်လဲ"

"လုပ်ပါ့မယ်ဆရာ"

"ပထမအချက်က မြစ်ထဲမှာရှိတဲ့ မော်တော်ဘုတ်များအနက် အမြန်ဆုံး မော်တော်ဘုတ်တစင်းကို ကျုပ်လိုချင်တယ်"

"ရေကြောင်းဘက် ပုလိပ်ဆီက ကျွန်တော် ငှားပေးပါ့မယ်ဆရာ၊ ဘယ်အချိန်လောက်လဲ"

"ဒီကနေ့ည ၇ နာရီ"

"ကောင်းပါပြီဆရာ၊ ကျွန်တော် စီစဉ်ပေးပါ့မယ်၊ ဒီပြင်ကော"

"လူတောင့်တောင့်မာမာ နှစ်ယောက် သုံးယောက်လဲ ပါပါစေဗျာ"

"ကောင်းပါပြီ ဆရာ"

"ဒီပြင်တချက်ကတော့ နက်ကျော်တို့ လူစုကို ဖမ်းမိတဲ့အခါမှာ သူ့အဖြစ်အပျက်ကို နက်ကျော် ပါးစပ်ကပြောတာ ကျုပ်ကြားချင်တယ်။ ဒါကြောင့် သူ့ကို မိမိချင်း ဌာနကို မပို့သေးပဲ ဒီအိမ် ခေါ်လာခွင့် ပြုရမယ်"

"ကျွန်တော်နဲ့ အတူတူပေါ့"

"ဒါပေါ့လေ၊ ခင်ဗျားနဲ့ အတူတူပေါ့"

"ဒီဟာလဲ ဖြစ်နိုင်ပါတယ်ဆရာ၊ ဒီပြင်ကော"

"ဒီပြင်တော့ ဒီကနေ့ည ညစာထမင်းကို ဒီမှာ ခင်ဗျားစားစေချင်တယ်။ တရုတ် ဟိုတယ်က ဘဲပေါင်း မှာထားခဲ့တယ်။ ၁၅မိနစ်အတွင်း ရောက်လာပါလိမ့်မယ်"

"ကောင်းလှပါပြီ ဆရာခင်ဗျား"

## ၉

ဌာနအုပ် ကိုဘထွန်းသည် ရေကြောင်းဘက်က ပုလိပ်များထံမှ မော်တော်ဘုတ် ငှားရမ်းဖို့အကြောင်းနှင့် တယ်လီဖုန်းဖြင့် အကြောင်းကြားလိုက်ရာ ရနိုင်ကြောင်းနှင့် အကြောင်းပြန်ကြားလိုက်၏။

သို့ဖြစ်၍ ကျွန်တော်တို့သည် ညစာ ထမင်းစားပြီးသည်နှင့်တပြိုင်နက် တိုက်ပေါ်မှ ဆင်းလာကြ၍ ဗဟန်းဌာနမှ ခွန်အားဗလကောင်းသော ပုလိပ်သားနှစ်ယောက်ကို ခေါ်ခဲ့ပြီးလျှင် မြစ်ဆိပ်သို့ သွားကြလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားနှင့် ကိုဘထွန်းတို့မှ ခြောက်လုံးပြူးကိုယ်စီ ပါလာကြ၍ ကျွန်တော့်မှာမူ ဓါဝီ တပ်ထားသော ကြိမ်တုတ်ကြီးတချောင်းကို ကိုင်လာခဲ့လေ၏။

ကျွန်တော်တို့သည် မြစ်ဆိပ်သို့ သွားကြ၍ အသင့်စောင့်ဆိုင်းလျက်ရှိသော မော်တော်ဘုတ်ပေါ်သို့ တက်မိကြသောအခါ....

ရှား။ ။"ဒီမော်တော်ဘုတ်မှာ ပုလိပ်မော်တော်ဘုတ် ဖြစ်ကြောင်း အထိမ်းအမှတ် ဘယ်လိုများ ပါသလဲ"

ထွန်း။ ။"နံဘေးက မီးစိမ်းဟာ အထိမ်းအမှတ်ပဲ ဆရာ"

ရှား။ ။"ဒါဖြင့် ဖြုတ်ထားလိုက်ဗျာ"

ထွန်း။ ။"ဘယ်ဘက်မောင်းစေရမလဲ ဆရာ"

ရှား။ ။"ခနောင်တိုဘက် မောင်းပစေဗျာ"

ထိုအခါ ဒရိုင်ဘာသည် မော်တော်ဘုတ်ကို စက်နှိုး၍ ခနောင်တိုဘက်သို့ ဦးလှည့်ကာ မောင်းနှင်လေ၏။

လမ်းခရီး၌ ကျွန်တော်တို့၏ မော်တော်ဘုတ်သည် အခြားသော ရေကြောင်းပြ သင်္ဘောကလေးများနှင့် သဒ္ဓေးမော်တော်ဘုတ်များကို အလွယ်တကူနှင့် ကျော်လွန်၍ တက်နိုင်သည်ကို တွေ့ရသောအခါ ဦးစံရှားသည် စိတ်ကျေနပ်သော အမူအရာဖြင့် ပြုံးလျက်....

ရှား။ ။"တော်တော်သွားတဲ့ မော်တော်ဘုတ်ပဲဗျို့။ သူ့ထက်သွားတဲ့ မော်တော်ဘုတ်တော့ ဒီမြစ်ထဲမှာ မရှိဘူး မှတ်တယ်"

ထွန်း။ ။"များများရှိမယ် မထင်ပါဘူး ဆရာ"

ရှား။ ။"ကျုပ်တို့က ဟိန္ဒူစတန်ဆိုတဲ့ မော်တော်ဘုတ်ကို မီအောင်လိုက်ဖမ်းရလိမ့်မယ်။ အဲဒီမော်တော်ဘုတ်လဲ တော်တော်သွားတယ်လို့ ပြောတယ်"

ထွန်း။ ။"ကျွန်တော်တို့ မော်တော်ဘုတ်ထက်တော့ သွားမယ်မထင်ပါဘူး ဆရာ"

ရှား။ ။"ဒီလိုဗျ ကိုဘထွန်းရဲ့။ နက်ကျော်တို့ လူစုက ဟိန္ဒူစတန်ဆိုတဲ့ မော်တော်ဘုတ်ကိုငှားပြီး ထွက်သွားကြတယ်လို့ ကျုပ်ကို သေသေချာချာ သတင်းရလေတော့ တမြစ်လုံး နှံ့အောင်ရှာခိုင်းလိုက်တာ မတွေ့ပဲ ရှိနေခဲ့တယ်။ ကျုပ်လူများက ရှာမတွေ့ဘူးဆိုယင် ဆိပ်ကမ်းမှန်သမျှမှာတော့ မရှိဘူးဆိုတာ ကျုပ် စိတ်ချတယ်။

"ပြီးတော့ ကျုပ် တချက်တွေးတာကလဲ နက်ကျော်ဟာ သူကိုယ်တိုင်ကလဲ သစ်သားခြေထောက်နဲ့၊ သူ့အဖော် လုပ်တဲ့ဟာကလဲ မြန်မာပြည်ပေါက် မဟုတ်ဘူး။ လူထူးလူဆန်းတယောက် ဖြစ်နေလေတော့ တကယ်လို့ သူတို့အပေါ်မှာ သင်္ကာမကင်းဖြစ်ခဲ့ယင် ခြေရာခံဖို့ လွယ်ကူမယ်ဆိုတာ ကောန်မှုချ သူတွေး မိလိမ့်မယ်။



www.burmeseclassic.com

"ဒီတော့ကာ ဒီပြည်မှာ တိမ်းရှောင်လို့ဖြင့် နေရမကျတူး၊ တခြားပြည်ကိုထွက်ပြေးမှ တော်မယ်လို့ သူ စဉ်းစားလိမ့်မယ်။ အခုအချိန်မှာ နိုင်ငံခြားသွားတဲ့ သင်္ဘောတွေ ရန်ကုန်မှာ ဘယ်နှစ်စင်း ဆိုက်နေ သလဲလို့ ကျုပ် ထောက်လှမ်းတဲ့အခါမှာ အိန္ဒိယပြည်သွားမယ့် သင်္ဘောက တစင်း၊ ဂျပန်ပြည် သွားမယ့် သင်္ဘောက တစင်း ဆိုက်နေကြတယ်။

"ဒီနှစ်စင်းလုံးဟာ နက်ဖြန်ညနေ ထွက်မှာချည်းပဲ။ အိန္ဒိယပြည်ထွက်မယ့်သင်္ဘောက မော်တင် လမ်းမှာ ဆိုက်တယ်၊ ဂျပန်ပြည်ထွက်မယ့် သင်္ဘောက သခွတ်ပင်ဝမှာ ဆိုက်တယ်။

"ဒါပေမယ့် နက်ကျော်ဟာ အိန္ဒိယပြည်သွားမယ့် သင်္ဘောကို စီးလို့ရယင် မော်တော်ဘုတ်တွေ ဘာတွေ ငှားနေဖို့ မလိုဘူး။ သခွတ်ပင်ဝမှာဆိုက်တဲ့ ဂျပန်သင်္ဘောကို သွားလို့လို့သာ မော်တော်ဘုတ် ငှားပြီးသွားတာ ဖြစ်တယ်။

"ဂျပန်သင်္ဘောက ဒီကနေ့ညကမှစပြီး ခရီးသည်တွေ လက်ခံလိမ့်မယ်။ ဒီတော့ကာ ဒီကနေ့ညမှာမှ သူတို့လူစု ဂျပန်သင်္ဘောပေါ် တက်ကြမှာကိုးဗျ။

"ဒါပေမယ့် နက်ကျော်က သူသွားချင်တဲ့အခါမှာ မော်တော်ဘုတ်လဲ အဆင်သင့်ရအောင် သူ့ မော်တော်ဘုတ်ကို ခြေရာလဲ မခံမိလေအောင် သူစီမံပုံဟာ တော်တော်နေရာကျတယ်ဗျ။ ဆိပ်ကမ်းတခုခု မှာ ဆိုက်ထားယင် လူမြင်မှာစိုးလေတော့ သူက ဘယ်နှယ်လုပ်သလဲဆိုတော့ မော်တော်ဘုတ်ပြင်တဲ့ ရုံထဲကို သူ သွားပြီးအပ်တယ်။

"ကျုပ်ကဒီအကြောင်းရိပ်မိလို့ မော်တော်ဘုတ်ပြင်တဲ့ ရုံတွေမှာ လိုက်ပြီးစုံစမ်းနေတော့ ခနောင်တို ဘက် ရုံတရုံထဲမှာ သူ့ မော်တော်ဘုတ်အပ်ထားတာ ကျုပ်တွေ့ခဲ့ရတာကိုးဗျ။ ရုံရှင်ကို ကျုပ်မေးကြည့်တော့ ပဲ့တက်လေး နည်းနည်းနာနေလို့ အပ်ထားတာလို့ ပြောတယ်။

"အမှန်ကတော့ ပြင်ဆင်လောက်အောင် တကယ်ပျက်စီးတာ မဟုတ်ပါဘူး။ လျှို့ဝှက်ချင်တဲ့ သဘောနဲ့ သူ အပ်ထားတာ ထင်ရှားပါတယ်။ ရုံရှင်ကို သူတို့က ဒီကနေ့ည ၉နာရီမှာ လာယူမယ်လို့ ပြော သွားသတဲ့။ ဒီတော့ ကျုပ်က ဘယ်နှယ်စီမံခဲ့သလဲဆိုတော့ ကောင်ကလေးတယောက်ကို လက်နှိပ်ဓာတ်မီး တခုနဲ့ ရုံနဲ့ မလှမ်းမကမ်းမှာ အစောင့်ထားခဲ့တယ်။

"နက်ကျော်တို့လူစု မော်တော်ဘုတ်လာယူပြီးထွက်တာနဲ့တပြိုင်နက် ကျုပ်လူက လက်နှိပ်ဓာတ်မီးကို ယမ်းပြပြီး ကျုပ်တို့ကို အချက်ပေးလိမ့်မယ်။ ဒီတော့ကာ ကျုပ်တို့က နောက်ကမီအောင်လိုက်ပြီး ဖမ်းရုံပဲ ရှိတယ်"

ထွန်း။ ။"ဆရာ စီမံပုံက နေရာကျပါပေရဲ့ဆရာ။ ဒါပေမယ့် ကျွန်တော်သာဖြင့် ရုံထဲက စောင့် နေပြီး သူတို့ လာအယူမှာ ဖမ်းချင်တယ်ပဲ"

ရှား။ ။"မဖြစ်ဘူးဆရာရေ့။ ကျုပ်တို့လူက အင်မတန် ပါးတဲ့လူ။ သူက တယောက်ယောက်ကို ရှေ့ကလွှတ်ပြီး စိတ်ထဲမှာ စနောင့်စနင်းရှိတာနဲ့တပြိုင်နက် မထွက်ပဲ အောင်းပြီးနေမယ့်လူဗျ"

ထွန်း။ ။"သူ့မမိယင် မော်တော်ဘုတ် ဝါလီကိုဖမ်းပြီး စစ်ယူတာပေါ့ ဆရာ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ရမယ်ဗျာ။ နက်ကျော်က သူပုန်းတဲ့နေရာကို ဝါလီတောင် အသိခံမယ် မဟုတ်ဘူး"
ယင်းကဲ့သို့ ပြောယင်းဆိုယင်း ခုတ်နှင်၍သွားရာတွင် ကျွန်တော်တို့သည် ခနောင်တိုနှင့်တည့်တည့် ရေလယ်သို့ ရောက်လာကြလေ၏။

ဦးစံရှားသည် ဒရိုင်ဘာအား စက်လျှော့စေ၍ ရှုံကိုမြင်နိုင်လောက်သော နေရာမှ တုန်ကင်းတစင်းကို ကွယ်ကာ စောင့်ဆိုင်း၍ နေစေ၏။

ထိုအခါ၌ကား ကျွန်တော်နှင့်တကွ မော်တော်ဘုတ်ပေါ်၌ ရှိသမျှသော လူများသည် စိတ်ထဲ၌ လှုပ်လှုပ်ရှရှ ရှိနေကြလေ၏။

၁၅ မိနစ်ခန့် စောင့်မိကြသောအခါတွင် ကျွန်တော်တို့သည် ခနောင်တိုဘက်မှ လက်ကနဲ ထိုး၍ ပြလိုက်သော မီးရောင်ကို တွေ့မြင်ကြရပြီးနောက် မော်တော်ဘုတ်တစင်းသည် မြစ်ကြောင်းအတိုင်း လျင်မြန်စွာ စုန်ဆင်း၍ သွားသည်ကို ရိပ်ကနဲ မြင်လိုက်ကြရလေ၏။

နောက်တခဏ၌ ဦးစံရှားသည် ဒရိုင်ဘာအား စက်ကုန်ခုတ်၍ ထိုမော်တော်ဘုတ်နောက်သို့လိုက်ရန် အမိန့်ပေးလေရာ ကျွန်တော်တို့၏ မော်တော်ဘုတ်သည်လည်း မြစ်ကိုစုန်လျက် လိုက်လေ၏။

ရှေ့မှ ထွက်သွားသော မော်တော်ဘုတ်မှာ အလျင်ထွက်ရသောကြောင့် ရှေးဦးစွာ အရှိန်ရနှင့်သဖြင့် တခဏချင်းတွင် ဝေးကွာသည်ထက် ဝေးကွာ၍သွားလေရာ ဦးစံရှားသည် ထိုင်ခုံကိုလက်သီးဖြင့်ထုလျက်–

"အကျိုးနည်းပြီဗျို့၊ မှီတော့မှာ မဟုတ်ပါဘူးဗျာ"ဟု ညည်းတွား ပြောဆိုလေ၏။
ဒရိုင်ဘာသည်လည်း ခါတ်ဆီကို အစွမ်းကုန် ကျစေလျက် စက်ကို အားကုန် မောင်းနှင်လေရာ ကျွန်တော်တို့သည် ထိုင်ခုံ၌ ငိုက်ကနဲ ငိုက်ကနဲဖြစ်အောင် ထိုး၍ ထိုး၍ တက်လေ၏။

ရှေ့မှ ခုတ်နှင်၍သွားသော မော်တော်ဘုတ်သည်လည်း ကျွန်တော်တို့၏ နည်းတူ အစွမ်းကုန် မောင်းနှင်သည့် လက္ခဏာဖြင့် လှိုင်းများသည် တလိပ်လိပ် ထကြွလျက် ရှိလေ၏။

၅ မိနစ်ခန့် မောင်းနှင်မိကြသောအခါတွင် ကျွန်တော်တို့၏ မော်တော်ဘုတ်သည် ရှေ့က မော်တော်ဘုတ်နှင့် အနည်းငယ်ကလေးမျှ ချဉ်းကပ်လာသည်ဟု ခန့်မှန်းမိကြလေ၏။

ထိုအခါ၌ကား မော်တော်ဘုတ်နှစ်စင်းတို့သည် ကိုက်တရာခန့်မျှ ဝေးကွာလျက် ရှိချေ၏။
ကျွန်တော်တို့သည် တုန်ကင်းများ၊ သင်္ဘောများ၊ သမ္ဗန်များကို ရိပ်ကနဲ ရိပ်ကနဲ ကျော်လွန်၍ သွားကြလေရာ မော်တော်ဘုတ်နှစ်စင်းမှ စက်သံတို့သည်လည်း တမြစ်လုံး ဆူညံလျက် ရှိနေလေ၏။

ရှား။ ။"ကြိုးစားဟေ့နော် ငါ့လူ၊ ကြိုးစားဟေ့။ ပြေးနိုင်မှ လွတ်စေမကွယ့်နော်"
အားပေးသောအနေဖြင့် အော်ဟစ်ကာပြော၍ ရှေ့ကမော်တော်ဘုတ်ကို ခရီးနှိုင်းချိန်လျက်ရှိလေ၏။
ထွန်း။ ။"မီးပါပြီဆရာ။ မှီတော့မှာပါ။ နောက် ၅ မိနစ် မလိုက်ရတော့ပါဘူး"

ထိုခဏ၌ သင်္ဘောကလေးတစင်းသည် တုန်ကင်းနှစ်စင်းကို ကြိုးတန်းလန်းနှင့်၍ ကျွန်တော်တို့၏ ရှေ့မှဖြတ်ကူး၍သွားလေရာ ကျင်လည်သော ဒရိုင်ဘာ ဖြစ်သည့်အတိုင်း ပဲ့တက်ကို ရုတ်တရက် နှိပ်လိုက်သောကြောင့်သာလျှင် သီသီကလေးမျှ ကွင်းရှောင်၍ သွားနိုင်ခဲ့လေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ မော်တော်ဘုတ်သည် အရှိန်ကောင်းစွာ ရသည့်အခါမှစ၍ ရှေ့ကမော်တော်ဘုတ်နှင့် တခဏထက် တခဏ ချဉ်းကပ်လျက်ရှိလေရာ ဦး၌ရှိသော မီးဖြင့် ထိုးကြည့်သောအခါတွင် ရှေ့က မော်တော်ဘုတ်၏ပဲ့ပိုင်း၌ လူကယောက်သည် ကျွန်တော်တို့၏ဘက်ကိုလှည့်လျက် လက်သီးတမြှောက်မြှောက်နှင့်ရှိနေလေ၏။

ကျွန်တော်တို့လည်း ထိုသူ၏ခြေထောက်ကို ကြည့်မိသောအခါတွင် လက်ယာဘက် ခြေထောက်၌ ဒူးမှစ၍ သစ်သားခြေထောက် တပ်ထားသည်ကို တွေ့မြင်ရလေ၏။

ထိုသူ၏ ခြေရင်း၌မူ မည်းနက်လှသော ကုလားတယောက်သည် စောင်ကြီးတထည်ကို ခြုံလျက် ဒေါသထွက်သော အမူအရာဖြင့် သွားများကို ဖြီး၍ ပြလေ၏။

ရှား။ ။''ဟိုကုလားပု မြင်ရဲ့လားဗျို့ ကိုဘာတွန်း။ သူ့လက်လှုပ်ယင် ပစ်သာပစ်ဗျို့နော်၊ နောက်မကျနေနဲ့။ ကြားလား''

တွန်း။ ။''ကောင်းပါပြီ ဆရာ''

ဦးစံရှားနှင့် ကိုဘာထွန်းတို့သည် ခြောက်လုံးပြူး ကိုယ်စီကိုင်လျက် ကုလားပုကိုချိန်ရွယ်ကာ ဦးမှ ရပ်လျက် လိုက်ပါလာကြလေ၏။

ရှေ့မှ မော်တော်ဘုတ်ပဲ့နှင့် နောက်က မော်တော်ဘုတ်၏ ဦးသည် ဆယ့်ငါးပေခန့်မျှ ကွာဝေးသော အခါတွင် ကုလားပုသည် စောင်ခြုံအဘွင်း၌ ဝှက်ထားသော ပြောင်းတံဘာခုကို ရုတ်တရက် ထုတ်ပြီးနောက် ပါးစပ်သို့ တပ်လိုက်သည်နှင့် တပြိုင်နက် ဦးစံရှားနှင့် ကိုဘာထွန်းတို့၏ ခြောက်လုံးပြူးနှစ်လက်သည် တပြိုင်တည်းကဲ့သို့ 'ဒိုင်း' ကနဲထွက်သွားရာ ကုလားပုသည် လက်ကိုမြှောက်ပြီးလျှင် ရေထဲသို့ ကျွမ်းပြန်ကာ ကျသွားလေ၏။

နောက်တခဏ၌ ရှေ့ကမော်တော်ဘုတ်သည် ပဲ့ဘက်ကို ရုတ်တရက် ပြင်းထန်စွာ နှိပ်လိုက်သဖြင့် ကမ်းဘက်သို့ ဗြုန်းကနဲ ချိုးဝင်သွားလေရာ ကျွန်တော်တို့၏ မော်တော်ဘုတ်သည် ယင်းပဲ့နှင့် သီသီကလေးမျှ ပွတ်ထွက်ကာ ရှေ့သို့ ကျော်လွန်တက်သွားလေ၏။

ဦးစံရှားသည် ဒရိုင်ဘာအား ကမ်းဘက်သို့ချိုးလိုက်စေရာ ရှေ့က မော်တော်ဘုတ်သည် ရွံ့များသော ကမ်းပါးတွင် ထိုးဝင်စိုက်လျက် ကျွန်တော်တို့၏ မော်တော်ဘုတ်သည်လည်း ယင်း၏ နံဘေး၌ ရွံ့ထဲတွင် ဦးဆိုက်ကာ ရပ်တန့်လေ၏။

သစ်သားခြေထောက်နှင့်လူသည် ကမ်းသို့ဆိုက်သည်နှင့် တပြိုင်နက် ဦးမှ ခုန်ဆင်းပါသော်လည်း သစ်သားခြေထောက်သည် ဒူးဆစ်သို့တိုင်အောင် ရွံ့ထဲသို့ ကျွံဝင်သွားသည် ဖြစ်သောကြောင့် ယက်ကန်ယက်ကန်နှင့် မနှုတ်နိုင်ပဲ ကျနေသောနေရာ၌ပင် ရပ်တန့်ကာ ရှိနေလေ၏။

ကျွန်တော်တို့သည် ထိုသူကို ကြိုးကွင်းဖြင့် စွပ်၍ လှေပေါ်သို့ ဆွဲတင်ရလေ၏။

တို့နောက် ကျွန်တော်တို့သည် ထိုသူကို လက်ထိပ်ခတ်ပြီးနောက် မော်တော်ဘုတ် နှစ်စင်းတွဲလျက် မြစ်ကို ဆန်တက်လာခဲ့ကြလေ၏။

ထိုမော်တော်ဘုတ်၏ ပဲ့ပိုင်း၌ကား ကတောင်ကျော်ခန့်မျှရှိသော သံသေတ္တာတလုံး ပါရှိလေရာ ယင်းမှာ ကိုညွန့်သိန်းနှင့် မအုန်းခင်တို့၏ ဘဏ္ဍာများပါရှိသော သေတ္တာများဖြစ်ဟန် လက္ခဏာ ရှိချေ၏။

ဇာတိယ အကြိမ်

www.burmeseclassic.com



ကျွန်တော်တို့သည် လာသည့်လမ်းအတိုင်း ပြန်လာကြသော အခါတွင် လက်နှိပ်ဓာတ်မီးများနှင့် ထိုး၍ ရှာဖွေပါသော်သည်း ကုလားပု၏ အစအနကိုမျှ မမြင်ရချေ။ ထိုသူမှာမူကား ရေဝတီမြစ် အောက်တွင် လက်စသိမ်းဟန် လက္ခဏာ တူချေ၏။

ဦးစံရှားသည် လက်နှိပ်ဓာတ်မီးဖြင့် ကျွန်တော်တို့၏ မော်တော်ဘုတ် ဦးပိုင်းတွင် ထိုးကြည့်ရှာဖွေရာတွင် ရွက်ဖျင်၌စူး ဝင်လျက်ရှိသော ဆူးတချောင်းကို တွေ့ရှိလေ၏။ ယင်းဆူးမှာကျွန်တော်တို့၏ဦးခေါင်း ထက် တလက်မမျှသာမြင့်သောနေရာ၌ စူးဝင်လျက်ရှိသည် ဖြစ်သောကြောင့် အကယ်၍ တလက်မခန့်မျှ အောက်ကျအောင် ချိန်နိုင်ခဲ့ပါလျှင် ကျွန်တော်တို့အနက်မှ တယောက်ယောက်သည် ကိုညွန့်သန်းသွားသော လမ်းကို လိုက်ရချေတော့မည် မလွဲဖြစ်ကြောင်းကို စဉ်းစားမိသဖြင့် ကြက်သီးများ ထမိချေ၏။

၁၀

အကျဉ်းသမား ကိုနက်ကျော်သည် ဘဏ္ဍာများပါရှိသော သံသေတ္တာကို မျက်နှာမူလျက် တွေဝေစွာ လိုက်ပါလာခဲ့လေ၏။

ထိုသူသည် ပြင်းထန်သော ဥတုရာသီ၌ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရသည့် လက္ခဏာဖြင့် အသားအရည်တို့မှာ ဘွန့်လိမ်ခြောက်သွေ့ခြင်း ရှိသည့်ပြင် နဂိုသဘောအားဖြင့်လည်း ခက်ထန်တင်းမာသော စိတ်ထားမျိုး ရှိခဲ့ဟန် တူချေ၏။

သူ၏ အသက်မှာ ၄၇ ကျော်ကလေးမျှ ရှိသေးသော်လည်း ဆံပင်တို့မှာမူ တဝက်ကျော်ခန့်မျှ ဖြူခဲ့လေပြီ။

ထိုသူသည် သက်စွန့်ကြိုးပမ်း ကြံစည်အားထုတ်ခဲ့ပြီးမှ မိမိ၏ လက်မှ လွတ်သွားရသော ဘဏ္ဍာများကို နှမြောလှသည့်လက္ခဏာဖြင့် သံသေတ္တာကို မကြာမကြာ လှမ်း၍ ကြည့်လေ၏။

ရှား။ ။ "ဘယ့်နှယ် ကိုနက်ကျော်၊ အခုလိုဖြစ်ရခြင်းဟာ ဝမ်းနည်းဖို့ ကောင်းပေတာပဗျာနော်"

ကျော်။ ။ "ဝမ်းနည်းဖို့ပေါ့ ခင်ဗျာ။ ဒါပေမယ့် ကိုညွန့်သန်းကို ကျွန်တော် မသတ်ရတာ အမှန်ပါ ခင်ဗျာ။ ဟိုကုလားပုက အဆိပ်ဆူးနဲ့ သွားပစ်လို့ သေရှာတာပါခင်ဗျာ။ ဒီအတွက် သူ့ကို ကျွန်တော် စိတ်ဆိုးပြီး ကြိုးခေါက်နဲ့ဘောင် ရိုက်ဆုံးမပါသေးတယ်"

ရှား။ ။ "ဒါလဲ ဟုတ်ပါလိမ့်မယ်။ ဒါပေမယ့် ဒါလောက်သေးကွေးတဲ့ လူတယောက်က ကိုညွန့်သန်းကို သူတယောက်တည်းနဲ့ ဘယ့်နှယ်လုပ်ပြီး နိုင်အောင် ကိုင်နိုင်မှာလဲဗျ"

ကျော်။ ။ "ခင်ဗျားက ကိုယ်တိုင် မြင်တာလိုပဲ အတတ်သိနေမင့်မှာကိုးဗျ။ အမှန်ပြောရမှာဖြင့် ကျွန်တော့်ဘွက်ကိန်းက ဒီအချိန် ဒီအခါမှာ အခန်းထဲမှာ ကိုညွန့်သန်းမရှိတော့ပေဘူးလို့ တွက်ကိန်းရတာကိုး ခင်ဗျ။ ကျွန်တော်က ကိုညွန့်သန်းရဲ့ အနေအထိုင်ကို အကုန်စနည်းနာပြီး ဖြစ်လေတော့ ဒီအချိန်ဟာ သူ

 www.burmeseclassic.com 

ထမင်းစားတဲ့ အချိန်ပဲလို့ ကျွန်တော် တွက်မိပေတယ် ခင်ဗျ။ မှန်တဲ့အတိုင်း ဖွင့်ပြောရမှာဖြင့် ကျွန်တော်က သူ့အဖေ ဦးကျော်ရှိန်ကို သတ်ရမယ်ဆိုယင် ပျော်ပျော်ကြီး ကြိုးပေးခံဝံ့ပါတယ်။ ဦးကျော်ရှိန် သတ်ရဖို့ ဆိုယင် ကျွန်တော်က ဖြုတ်တကောင် သတ်ရဖို့လောက်တောင် ဝန်မလေးပါဘူး။ ဒါပေမယ့် ကျွန်တော်နဲ့ လုံးလုံးမသိတဲ့ ကိုညွန့်သန်းကို သတ်ဖို့ရာမှာတော့ အင်မတန် ခဲယဉ်းပါတယ် ခင်ဗျာ''

ရှား။ ။''ခင်ဗျားကို ဖမ်းဖာက ဟောဒီက ဌာနာအုပ် ကိုတထွန်းက ဖမ်းတာပါ။ ဒါပေမယ့် ကျုပ်အိမ်ကို ခင်ဗျားခေါ်သွားပြီး ခင်ဗျားအဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောစေချင်တယ်။ ဆူးမှာ လူးထားတဲ့ အဆိပ်ဟာ အင်မတန် မြန်လေတော့ အခန်းထဲကို ခင်ဗျားမရောက်ခင် ကိုညွန့်သန်းသေသွား တယ် ဆိုတာကို ကျုပ် ကောင်းကောင်း ယုံပါတယ်။ ခင်ဗျား မှန်တဲ့အတိုင်း အကုန်လုံးပြောပြယင် ခင်ဗျား မှာ လူသတ်မှု စွပ်စွဲမခံရအောင် ကျုပ် ကူညီနိုင်လိမ့်မယ် ထင်တယ်''

ကျော်။ ။''ပြောပါ့မယ် ခင်ဗျာ။ ကျွန်တော်လဲ ပြောပြချင်လှန်းလို့ နားထောင်မယ့်လူကို ရှာနေ တာပါပဲ။ အခန်းထဲကို ကျွန်တော် တက်သွားတော့ သေတဲ့လူက သွားကြီးဖြဲပြီး ရယ်သလို လုပ်နေတာ ကျွန်တော်ဖြင့် ပြတင်းပေါက်က ကံကောင်းလို့ ပက်လက်လန်ပြီး ကျ မသွားပါတယ်ခင်ဗျာ။ ဒီတော့ ကျွန်တော်က စိတ်ဆိုးဆိုးနဲ့ ကုလားပုကို ကြိုးခေါက်နဲ့ ရိုက်လိုက်တာ သူလဲ ကျွန်တော့်ကြောက်လို့ ထွက် အပြေးမှာ သူ့လက်နက်တွေ ကျန်နေရစ်လို့ ခင်ဗျားတို့ ခြေရာခံနိုင်ကြတယ် မဟုတ်လား''

ရှား။ ။''မော်တော်ဘုတ်ရှင် ဝါလီကတော့ ခင်ဗျားတို့အမှုမှာ မပါဘူးပေါ့''

ကျော်။ ။''မပါရှာပါဘူး ခင်ဗျာ။ ဒီအကြောင်းကို သူ ဘာမှ မသိပါဘူး။ ကျွန်တော်မော်တော် ဘုတ်ငှားလို့ သူ လိုက်ပို့တာလောက် ရှိတာပါပဲ''

ရှား။ ။ခင်ဗျားတို့ အခု ဂျပန်သင်္ဘောကို သွားမလို့ မဟုတ်လား''

ကျော်။ ။''မှန်ပါတယ်။ ခင်ဗျားက ကျွန်တော့်အကြံအစည်ကို အကုန်သိပြီး ဖြစ်နေတာကိုး။ ဦးစံရှားဆိုတာ ခင်ဗျားမှတ်တယ်''

ရှား။ ။''ဟုတ်တယ်။ ခင်ဗျား ဘယ့်နှယ် သိသလဲ''

ကျော်။ ။တကျွန်းမှာ ခင်ဗျားကြောင့် ရောက်လာတဲ့ လူနှစ်ယောက် သုံးယောက် ရှိပြီကော။ သူတို့က ပြောပြလို့ သိပါသယ်''

ရှား။ ။ကောင်းကောင်း မနေကြပဲဟာကိုးဗျ။ ဒီတော့ ကျုပ်က အများကောင်းဖို့ စိတ် စေတနာနဲ့ လူဆိုးနဲ့ လူကောင်းကို တခြားစီ သန့်ပေးရတာပါဗျာ။ ဒါပေမယ့် ထိုက်တန်သလောက်သာ အပြစ်ရစေဖို့လဲ ကြိုးစားပေးပါတယ်။ ဥပမာဆိုယင် ဒီအမှုမှာ ခင်များကို လူသတ်မှုနဲ့ မစွပ်စွဲရအောင်ဟာ ကျုပ် ဆောင်ရွက် ပေးရဦးမှာ ရှိသေးတယ်''

ကျော်။ ။''လူဆိုးတွေက ခင်ဗျားကြောင့် အဖမ်းခံရပေမယ့် ခင်ဗျာ့အစွမ်းကိုတော့ ချီးမွမ်းကြ ပါတယ်။ ခင်ဗျားက ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန် မနေကောင်းလားလို့ အပြစ်တင်တယ်နော်။ ဒါပေမယ့် ကျွန်တော့်အဖြစ်အပျက်ကို နားထောင်ကြည့်ပါဦးဗျာ။ ဦးကျော်ရှိန်က ကျွန်တော့်ကို နှပ်သလို

www.burmeseclassic.com



ခင်ဗျားတို့ အနှပ်ခံရယင် ခင်ဗျားတို့ကော စိတ်မဆိုးပေဘူးလားလို့။ ကိုယ်နဲ့ဆိုင်တဲ့ပစ္စည်းကို ကိုယ်ပြန်ရအောင် ကျွန်တော် ကြိုးစားသလို မကြိုးစားပေဘူးလားလို့”

ရှား။ ။“ကြားရသေးတာပဗျာ”

ကျွန်တော်တို့သည် ဦးစံရှားက ကြိုတင် တောင်းဆိုထားသော စကားအတိုင်း အကျဉ်းသမားကို ဌာနသို့ ခေါ်ဆောင်၍ မသွားသေးပဲ ကျွန်တော်တို့၏ တိုက်ခန်းသို့ ခေါ်သွားကြလေ၏။

အကျဉ်းသမား၏ရှေ့၌ စားပွဲကလေးတခု ခင်း၍ ရေတခွက်ကို ထည့်ပေးပြီးလျှင် ယင်း၏ အထုပ်ပွဲတို့ကို နားထောင်ရန် ပြင်ဆင်လျက်ရှိကြစဉ်

ကျွန်။ ။“နေပါဦးဗျာ။ သူ့အကြောင်းမကြားခင် သံသေတ္တာထဲက ဘဏ္ဍာတွေ ကြည့်ကြပါဦးစို့ဗျာ”

ရှား။ ။“ကောင်းသားပဲဗျို။ ကျုပ်လဲ ကြည့်ချင်ပါတယ်ဗျာ”

ထွန်း။ ။“ထိုးစံတော့ မဟုတ်ဘူး။ ဒါပေမယ့် ဆရာတို့ကြည့်ချင်ယင် ဖွင့်ကြည့်ကြတာပဆရာ။ သော့ပေးစမ်း ကိုနက်ကျော်”

ကိုနက်ကျော်သည် ပြုံးစိစိ မျက်နှာထားဖြင့် အိတ်ထဲမှ သော့ကို ထုတ်ပေးလေ၏။

ကိုဘထွန်းသည် သော့ကိုယူ၍ သေတ္တာကို ဖွင့်လေရာ ကျွန်တော်နှင့် ဦးစံရှားတို့မှာ မြင်လိုလှသည်ဖြစ်၍ ထိုင်ရာမှ ထလျက် ကိုဘထွန်း၏ ပခုံးပေါ်မှ ကျော်၍ ငုံ့ကြည့်ကြလေ၏။

ကိုဘထွန်း သေတ္တာကို ဖွင့်လိုက်သောအခါတွင်ကား သေတ္တာတွင်း၌ ဘဏ္ဍာပစ္စည်းဟူ၍ တစုံတရာမျှ မရှိပဲ ဟောင်းလောင်းကြီး ဖြစ်နေလေရာ ကျွန်တော်တို့မှာ အံ့ဩလျက်ရှိကြစဉ် ကိုနက်ကျော်မှာ ရယ်မောလျက် ရှိနေလေ၏။

ထွန်း။ ။“ခင်ဗျာ့လက်ချက်ပေါ့လေ ကိုနက်ကျော်”

ကျော်။ “ဒါပေါ့ဗျာ၊ခင်ဗျားတို့ ရှာမတွေ့နိုင်တဲ့ရေမှာ ကျုပ်ဝှက်ထားလိုက်ပြီ။ ဘယ့်နှယ်ဗျာ ကိုယ့်ပစ္စည်းကို မဆိုင်တဲ့လူတွေ သုံးစွဲတာကို ကျွန်တော် ကြည့်နိုင်ရိုးလားဗျာ။ ကျွန်တော်နဲ့ ကျွန်တော့်အဖော်သုံးယောက်ကလွဲလို့ ဒီပစ္စည်းကို ဘယ်သူမှ မဆိုင်ဘူး။ ကျုပ်လဲမသုံးရဘူး၊ ကျုပ်လူသုံးယောက်လဲ မသုံးရဘူးဆိုတာ သိလျက်သားနဲ့ ဒီပစ္စည်းတွေကို ထားပစ်နိုင်ရိုးလားဗျာ။ ခင်ဗျားတို့ မော်တော်ဘုတ်က ကျုပ်တို့နောက်လိုက်လို့ မလွတ်နိုင်ဘူးဆိုတာ သိတာနဲ့တပြိုင်နက် ပစ္စည်းတွေကို သေတ္တာထဲကထုတ်ပြီး မြစ်ထဲ အကုန်လုံး ချပစ်ခဲ့ပြီဗျ”

ထွန်း။ ။“ကျုပ်တို့ကို မညာနဲ့ ကိုနက်ကျော်၊ တကယ်လို့ ခင်ဗျားလွှတ်ပစ်ယင် သေတ္တာပါ လွှင့်ပစ်မှာပေါ့ဗျ”

ကျော်။ ။"ဒီလိုနဲ့ ဘာရမလဲဆရာကြီးရယ်။ သေတ္တာပါလွှင့်ပစ်ယင် ခင်ဗျားတို့က ရေငုပ်သမားတွေ ဘာတွေနဲ့ ရှာကြဦးမှာပေါ့ဗျာ၊ ကျုပ်ကို တွေ့အောင် ခြေရာခံနိုင်တဲ့လူဟာ ဒီသေတ္တာလောက်တွေ့အောင်ရှာဖို့လောက်တော့ ရယ်တာပေါ့၊ အမှန်ပြောရမှာဖြင့် ဒီလောက်အပင်ပန်းဆင်းရဲခံပြီး လက်ထဲရောက်တော့မှ လွှင့်ပစ်လိုက်ရတာ အသည်းနာလိုက်ပါရဲ့။ ဒါပေမယ့် ကိုယ်မသုံးရမယ့်အတူတူ ဘယ်သူမှ မလုံးစေနဲ့ဆိုပြီး ပစ်ချခဲ့တာပဲ"

ရှား။ ။"ဟုတ်ပါတယ် ကိုဘထွန်းရဲ့၊ ပစ်ချခဲ့တယ်ဆိုတာ အမှန်ပဲနဲ့တူပါတယ်၊ ကိုင်း ကိုင်း ကိုနက်ကျော်၊ အာမခြောက်ရအောင် ရေကလေးသောက်ပြီး ခင်ဗျားအတ္ထုပ္ပတ္တိကို ပြောပြစမ်းပါဦး"

အကျဉ်းသမားသည် ရေကိုသောက်ပြီးနောက် ဆေးလိပ်တလိပ်ကို တောင်း၍ မီးညှိပြီးလျှင် မိမိအဖြစ်အပျက်များကို ပြန်ပြောင်းပြောပြလေရာ ကျွန်တော်က သူ၏စကားအတိုင်း မဟုတ်ပဲ ဝတ္ထုသွားအနေဖြင့် အောက်ပါအတိုင်း ပြင်ဆင်ရေးသား ဖော်ပြရခြင်း ဖြစ်ပေသည်။

၁၁

ကိုနက်ကျော်သည် ဇာတိအားဖြင့် စစ်ကိုင်းမြို့သားတယောက် ဖြစ်လေသည်။ အင်္ဂလိပ်ကျောင်း၌ ၇ တန်းမျှ အောင်သည့်တိုင်အောင် ပညာသင်ကြားခဲ့ပြီးနောက် စစ်ကိုင်းမြို့ရှိ အရေးပိုင်ရုံး၌ စာရေးအဖြစ်ဖြင့် လုပ်ကိုင်ခဲ့ဖူးလေသည်။

ထိုသူသည် ငယ်ရွယ်စဉ်အခါမှစ၍ အတော်အတန် ဆိုးတေခဲ့သဖြင့် သောက်စားမူးယစ်ခြင်း၊ ကစားလောင်းစားခြင်းစသော မှားယွင်းမှုတို့ကို ပြုခဲ့ရာတွင် အစိုးရတို့၏ ငွေအနည်းငယ်မျှကိုလည်း အလွဲသုံးစား ပြုမိခဲ့လေသည်။

ထိုအခါ၌ကား အင်္ဂလိပ်နှင့် ဂျာမန်တို့ စစ်ပွဲကြီးအတွင်း ဖြစ်သဖြင့် အင်္ဂလိပ်အစိုးရ မင်းတို့သည် လူများစုဆောင်းလျက်ရှိရာ ကိုနက်ကျော်သည် အရေးပိုင်အား မိမိ၏ အလွဲသုံးစားမှုအကြောင်း ကြိုတင် ပြောပြ၍ထိုအဖြစ်မှ ချမ်းသာပေးခဲ့ပါလျှင် စစ်မှုထမ်းရန်အဆင်သင့်ရှိနေကြောင်းနှင့်တာဝန်ခံလေ၏။

အရေးပိုင်သည် ငွေအနည်းငယ်မျှအတွက်နှင့် အမှုမလုပ်လိုသောကြောင့် ထိုငွေကို စိုက်ထုတ်လျော်ပြီးလျှင် ကိုနက်ကျော်အား စစ်ထဲသို့ ထည့်လိုက်လေသည်။

ကိုနက်ကျော်သည် ထောင်ထဲ၌ နေရချင်းထက် စစ်မြေပြင်၌ အမှုထမ်းရခြင်းက များစွာ ချောင်ချိသည်ဟု သဘောရသဖြင့် စစ်မြေပြင်သို့ ရောက်သည့်နေ့မှစ၍ အင်္ဂလိပ်အစိုးရကို ကျေးဇူးတင်သော စိတ်သဘောနှင့် ကျိုးနွံစွာ အမှုထမ်းရွက်ခဲ့လေရာ နဂိုအားဖြင့်လည်း ခပ်တေတေနှင့် သတ္တိကောင်းသူတယောက်ဖြစ်သောကြောင့် အထက်အရာရှိများသည် သူ၏ အရည်အချင်းကို နှစ်သက်သဖြင့် ရာထူးတိုးတက်ချီးမြှင့်ပြီးလျှင် နောက်ဆုံး၌ ဂျမာဒါ အဆင့်အတန်းသို့တိုင် မြှောက်တင် ခန့်ထားလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၁၅ခုနှစ်က ကုန်ခါနီး၌အင်္ဂလိပ်စစ်တပ်သည် စစ်နယ်အတွင်းရှိစစ်မြို့တမြို့အတွင်း စခန်းချလျက်ရှိကြစဉ် မြို့တံခါး၌ ကင်းစောင့်များ ထားလေ၏။

ဂျမဒါ ကိုနက်ကျော်မှာ အခြားကုလားစစ်သားနှစ်ယောက်နှင့်အတူ တခုသောတံခါးကိုအလှည့်နှင့် စောင့်ရန် တာဝန်ကျလေ၏။

ကိုနက်ကျော်တို့အလှည့်၌ ကိုနက်ကျော်သည် လူကြီးဖြစ်၍ ကုလားစစ်သားနှစ်ယောက်သည် သူ၏ လက်အောက်ငယ်သားများ ဖြစ်ကြလေသည်။

ကုလားစစ်သားနှစ်ယောက်တို့၏အမည်မှာ ယာကုပ်နှင့် ဟူစိန်ဖြစ်လေသည်။

တညသ၌ ကိုနက်ကျော်နှင့် ကုလားစစ်သားနှစ်ယောက်တို့သည် မြို့တံခါး၌ ကင်းစောင့်လျက်ရှိကြစဉ် မိုးကလေးသည် တဖွဲဖွဲရွာလျက်ရှိသဖြင့် ပျင်းရိငိုက်မျဉ်းဖွယ်ရာ ကောင်းလှပေသည်။

ကိုနက်ကျော်သည် ကုလားစစ်သားများနှင့် စကားပြောဖို့ ကြိုးစားသော်လည်း ယင်းတို့သည် ထိုည၌ အထူးသဖြင့် နှုတ်ဆိတ်၍ မေးနိုင်မှ တခွန်းမျှပြောပြီးလျှင် တိတ်ဆိတ်နေကြလေ၏။

နောက်ဆုံး၌ ကိုနက်ကျော်သည် စကားပြောခြင်းအလုပ်ကို လက်လျော့၍ မိမိအာသာ ဆေးလိပ်သောက်ကာ အပျင်းဖြေပါတော့မည်ဟု အကြံနှင့် ထမ်းထားသောသေနတ်ကို နံရံ၌ ခေတ္တထောင်ထားပြီးလျှင် အိတ်ထဲမှ မီးခြစ်နှင့်ဆေးလိပ်ကို ထုတ်လေ၏။

ထိုခဏ၌ ကုလားစစ်သား နှစ်ယောက်တို့သည် ကိုနက်ကျော်ကို ရုတ်တရက် တွန်းလှဲပြီးလျှင် တယောက်က ဓားမြှောင်ဖြင့် ရင်ဘတ်ကို ချိန်ရွယ်လျက်

"ချက်ချင်းသတ်လိုက်မယ်"ဟု ခြိမ်းခြောက်လေ၏။

ကိုနက်ကျော်သည် ထိုသူတို့၏အကြံကို မရိပ်မိသဖြင့် အံ့အားသင့်လျက်ရှိနေစဉ် ဟူစိန်ဆိုသော စစ်သားက

"နားထောင်၊ ကျုပ်ပြောမယ်၊ ကျုပ်အကြံကို ခင်ဗျားလိုက်ယင် ခင်ဗျား သဌေးကြီးဖြစ်မယ်၊ ကျုပ်တို့အကြံကိုမလိုက်ယင် ခုချက်ချင်း ခင်ဗျားသေမယ်၊ ဘယ်သင်းကြိုက်သလဲ၊ ပြောစမ်း"

ကျော်။ ။"ပိုက်ဆံများများကြီး ရမယ်လား"

စိန်။ ။"များများကြီးရမယ်၊ မော်တော်ကား ဝယ်နိုင်တယ်၊ မိန်းမလှလှ များများရနိုင်တယ်၊ ရတဲ့ငွေအားလုံးကို ၄ပုံ ပုံပြီး ခင်ဗျားကို တပုံပေးမယ်၊ ဘယ့်နှယ်လဲ"

ကျော်။ ။"လူကတော့ ကျုပ်တို့ ၃ ယောက်တည်း၊ ဘယ့်နှယ်ကြောင့် ၄ပုံ တပုံလဲ"

စိန်။ ။"ဒီပြင်လူတယောက်ရှိသေးတယ်၊ ယာကုပ်ရဲ့ညီ အပ်ဗဒူတယောက်ရှိသေးတယ်။ သူ့ကို တပုံပေးရလိမ့်မယ်"

ကျော်။ ။"မင်းတို့ငွေက ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



စိန်။ ။"ခင်ဗျာသဘောတူယင် ပြောပြမယ်"

ကျော်။ ။"ငွေမလိုချင်တဲ့လူ ဘယ်မှာရှိမလဲ။ သဘောတူတာပေါ့ကွာ"

စိန်။ ။"ကောင်းပြီ။ ကျုပ်ပြောပြမယ်၊ နားထောင်။ ဒီမြို့ပြင်မှာ တူရကီသဌေးကြီးတယောက်ရှိတယ်။ ဒီသဌေးက အိန္ဒိယပြည်မှာ နေခဲ့ဖူးတဲ့အတွက် တူရကီအစိုးရက သူ့ကို မယုံကြည်ဘူး။ သူလျှိုလုပ်တယ်လို့ ထင်ကြတယ်။ မှန်လဲမှန်တယ်။ ဒီတော့ကာ တူရကီအစိုးရက သူ့ကိုဖမ်းဖို့ကြံနေတယ်။ ဒီဟာကို သူက သိတယ်။ ဒါကြောင့် ရှိပစ္စည်းတွေကို ယူလာပြီး ကျုပ်တို့စစ်တပ်ရှိတဲ့ မြို့လဲမှာ လာနေချင်တယ်"

ကျော်။ ။"လာပစေလေ။ စစ်ဗိုလ်ကြီးကို ကျုပ်ပြောပေးမယ်"

စိန်။ ။"ဒီလိုလဲမဟုတ်ဘူး။နားထောင်။သူ့မှာ စိန်တွေကျောက်တွေ အများကြီးပါမယ်။ဒီကနေ့ည လာလိမ့်မယ်"

ကျော်။ ။"လာပါစေကွယ့်"

စိန်။ ။"သူလာတဲ့အခါမှ ယာကုပ်ရဲ့ညီ အပ်ဗဒူနဲ့ နှစ်ယောက်တည်း လာကြမယ်"

ကျော်။ ။"ဒီတော့ ဘာဖြစ်သလဲ"

ထိုအခါ ဟူစိန်သည် လက်တွင်ကိုင်ထားသော ဓားမြှောင်နှင့် မိမိ၏လည်ပင်းကို လှီးဟန်ပြု၍ပြလေရာ ကိုနက်ကျော်မှာ ကြက်သီးများ ထမိ၏။

စင်စစ်မှာ ကိုနက်ကျော်သည် သတ္တိမနည်းသော်လည်း ကြက်ကိုလည်လှီးသကဲ့သို့ လူတယောက်ကိုလည်လှီးရမည်ဆိုသည်ကိုကား မကြားဝံ့အောင်ပင် ရှိ၏။

ကျော်။ ။"ငါတော့ မလုပ်ဝံ့ဘူး။ တော်ပြီ"

စိန်။ ။"ခင်ဗျား ဘာမှ မလုပ်ရဘူး။ ကျုပ်တို့ အားလုံး လုပ်မယ်။ ခင်ဗျားက တိတ်တိတ်နေရမယ်။ ဒါပဲ"

ကျော်။ ။"တူရတာပေါ့။ သူတို့ ဘယ်အချိန်လာမလဲ"

စိန်။ ။"နှစ်နာရီလာမယ် ပြောတယ်။ အခု တနာရီ ထိုးပြီးပြီ"

ကျော်။ ။"တူရကီသဌေးနဲ့ အတူလာမယ့် အပ်ဗဒူက မင်းတို့အကြံကို သိပြီးသားလား"

စိန်။ ။ဒီဟာ သူစီမံတဲ့အကြံပဲ။ ကိုင်း တော်ပြီ။ ကျုပ်တို့ စောင့်နေကြစို့"

ထိုအခါ၌ မိုးကလေးသည် တစိမ့်စိမ့် ရွာလျက်ပင်ရှိသေးသည်ဖြစ်ရာ ကင်းစောင့်သုံးယောက်တို့သည် သေနတ်ကိုယ်စီထမ်းလျက် စကြံလျှောက်ကာ စောင့်နေကြလေ၏။

ယင်းမြို့မှာ ရှေးဟောင်းမြို့ဖြစ်သဖြင့် ကျုံးဖြင့် စိုင်းရံလျက်ရှိရာ ကျုံးထဲ၌မူ ရေအနည်းငယ်မျှသာရှိသောကြောင့် လူများ ဖြတ်ကျော်နိုင်လောက်ပေ၏။

တတိယအကြိမ်

www.burmeseclassic.com

ကိုနက်ကျော်သည် သေနတ်ကို ထမ်းလျက် စကြံ့လျှောက်နေစဉ် ကျုံး၏ အခြားဘက်မှ လက်ကာနဲ ပေါ်ထွက်လာသော မီးရောင်ကို မြင်လိုက်ရပြီးနောက် မီးရောင်သည် ပျောက်ကွယ်သွားလေ၏။

ထိုနောက် မီးရောင်သည် ပေါ်၍လာပြန်ရာ မြို့ဆီသို့လာနေသော မီးဖြစ်ကြောင်းကို သိရှိသဖြင့် အဖော်များအား ပြလေ၏။

ကုလားစစ်သား နှစ်ယောက်ကမူ မိမိတို့၏လူပင်ဖြစ်ကြောင်းနှင့် ဝမ်းမြောက်စွာ ပြောကြလေ၏။

မီးကိုင်လာနေသော နေရာ၌ ခံတပ်အတွက် တူးမြောင်းများ လုပ်ထားဖူးသဖြင့် မြေပုံများ ရှိနေသည် ဖြစ်သောကြောင့် မီးရောင်မှာ ပေါ်ချည်တခါ ပျောက်ချည်တလှည့်နှင့် လာလျက်ရှိလေ၏။

ဟူစိန်က ကိုနက်ကျော်အား ထိုသူများ ချဉ်းကပ်လာသောအခါတွင် စစ်ထုံးစံအတိုင်း မည်သူများနည်းဟု မေးရန် သွန်သင်ထားလေ၏။

ထိုသူတို့ ရောက်လာသောအခါတွင် ကိုနက်ကျော်က အပြင်မှနေရစ်၍ မိမိတို့အား မြို့တွင်းသို့ ခေါ်သွားစေရန် အမိန့်ပေးဖို့လည်း မှာထားလေ၏။

မီးရောင်သည် တဖြည်းဖြည်းချဉ်းကပ်လာ၍ နောက်ဆုံး၌ လူနှစ်ယောက်၏ ပုံသဏ္ဌာန်သည် ကျုံး၏ အခြားဘက်မှ ပေါ်ထွက်၍ လာလေ၏။

လူနှစ်ယောက်တို့သည် ကျုံးတွင်း၌ရှိသော ရေအနည်းငယ်ကို ဖြတ်ကျော်ကြသဖြင့် တစွက်စွက်မြည်သော အသံကိုလည်း ကိုနက်ကျော် ကြားရလေ၏။

ကျုံးကို ဖြတ်ကူးပြီးနောက် လူနှစ်ယောက်တို့သည် ကမ်းပါးမှ တက်လာကြသောအခါတွင်—

ကျော်။ ။"ဟော့ ဟူးကမ်းစ် သဲယား" (ဘယ်သူလဲ၊ ရပ်ဦး)

အသံ။ ။"ဖရင်းဒ်စ်"(မိတ်ဆွေတွေပါ)

ထိုအခါ ကိုနက်ကျော်သည် လူမမှားစေခြင်းငှာ လက်နိုပ်ဓာတ်မီးနှင့်ထိုး၍ကြည့်ရာတွင် တယောက်သော သူမှာ အလွန်တရာမြင့်မားထွားကျိုင်းလှသဖြင့် အံ့ပွဲသင်းလောက်အောင်ရှိသော အလုံးအရင်းနှင့် ရှည်လျားသော မုတ်ဆိတ်မွေးများ ရှိသည်ကို တွေ့မြင်ရလေ၏။

ဒုတိယလူမှာမူ ပုပုဝဝ ဒိုးကလေးသဖွယ် လုံး၍နေသောကိုယ်လုံးရှိလေရာ ပခုံးပေါ်၌ အထုပ်တခုကို ထမ်းလျက် ရှိလေ၏။

ထိုသူသည် ကြောက်ရွံ့တုန်လှုပ်လှသော အမူအရာရှိလျက် ယင်း၏ မျက်လုံးတို့မှာ တွင်းအပြင်သို့ ထွက်မိသော ကြွက်၏ မျက်လုံးများကဲ့သို့ တောင်ကြည့်မြောက်ကြည့် ရှိနေလေ၏။

ကိုနက်ကျော်သည် ထိုသူ၏ ကြောက်အားကြီးလှသော အမူအရာကို မြင်သောအခါ၌ စိတ်ထဲတွင် သနားကရုဏာ ဖြစ်မိသော်သည်း ရလတ္တံ့သောပစ္စည်းကို တွေးတောခြင်းအားဖြင့် စိတ်ကိုတင်းလိုက်လေ၏။

ထိုသူသည် ကုလားသုံးယောက်အား မယုံကြည် မသင်္ကာသောဟန်ဖြင့် ကိုနက်ကျော်၏ အနီးသို့ ချဉ်းကပ်၍ မိမိသည် အင်္ဂလိပ်အစိုးရ၏လူ ဖြစ်ကြောင်း၊ မိမိအား စစ်ဗိုလ်ကြီးထံသို့ ပို့ပေးလျှင် ဆုငွေ အမြောက်အမြား ပေးမည်ဖြစ်ကြောင်းနှင့် ပြောပြလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။''ခင်ဗျားအလုပ်က ဘာလုပ်လဲ''

ထိုသူ။ ။''အဖိုးမတန်ပါဘူးခင်ဗျာ။ စာချုပ်စက္ကူတွေကို သေတ္တာနဲ့ထည့်ပြီး ယူလာခဲ့ပါတယ်။ ကျွန်တော့်အတွက် အဖိုးတန်ပေမယ့် သူတပါးဆိုယင် တပြားမှ အဖိုးမတန်ပါဘူး။ဒါပေမယ့် ကျွန်တော့်ကို စောင့်ရှောက်ယင် ငွေများများ ကျွန်တော်ပေးနိုင်ပါတယ်''

ကျော်။ ။''ကောင်းပြီ။ ကာနယ် ဂရေဟန်ဆီကို ခေါ်သွားလိုက်''

ထိုအခါ ကုလားစစ်သားနှစ်ယောက်တို့သည် ထိုသူ၏ တဘက်တချက်မှလိုက်ပါ၍ ထွားကျိုင်းသော လူသည် နောက်ဆုံးမှပိတ်၍လိုက်လျက် မြို့တွင်းသို့ ခေါ်သွားလေ၏။ကိုနက်ကျော်သည် မမြင်လိုသည်ဖြစ်၍ မြို့ရိုးအပြင်ဘက်မှ စောင့်နေရစ်လေ၏။

ကိုနက်ကျော်သည် ထိုသူတို့၏ ခြေသံများကို နားစိုက်၍ ထောင်လျက်ရှိရာ ခြေသံများသည် ရုတ်တရက် ရပ်စဲ၍ ထိုးကြိတ် ဖယ်ရှန်းသံများကို ကြားရလေ၏။

နောက်တခဏ၌ ကိုနက်ကျော်သည် မိမိထံသို့ပြေးလာသော ခြေသံများကို ကြားရ၍ ဓာတ်မီးဖြင့် ထိုးကြည့်ရာဘွင် ပုပုဝဝရှိသောလူသည် ရှေ့မှပြေး၍ ထွားကျိုင်းသောလူသည် ဓားမြှောင်တစင်းကို ကိုင်ကာ နောက်မှ ပြေး၍ လိုက်လာလေ၏။

ကိုနက်ကျော်သည် မိမိ၏ တသက်၌ ဤမျှလောက်လျင်မြန်စွာ ပြေးသောလူကိုတခါမျှမမြင်ဘူးချေ။

ထိုသူသည် အရပ်ပင် ပုသော်လည်း အသက်ဘေးဖြစ်သောကြောင့် ကြောက်အား လန့်အားဖြင့် ပြေးခြင်းဖြစ်သေရကား နောက်မှလိုက်သောသူကို ဖြတ်ထားခဲ့၍ လွတ်တော့မည်ကဲ့သို့ ရှိနေလေ၏။

ပြေးလာသူ လူပု၏ မျက်နှာ၌လည်း သွေးများယိုစီး၍ ထွက်နေသည်ကို ကိုနက်ကျော် မြင်ရသဖြင့် သနားမိသည်မှာ မှန်သော်သည်း ထိုအချိန် နောက်သို့ ဆုတ်ခဲ့လျှင် ရာဇဝတ်မှု မကင်းမည်ကို စိုးရိမ်ရသည်ဖြင့် ရသတ္တ္တ သောပစ္စည်းကို တွေးတောမိသဖြင့်လည်း ရက်စက်သောစိတ်ဝင်လာသည်နှင့် ကိုနက်ကျော် သည် မိမိကို ကျော်လွန်၍ ပြေးနေသောလူပုကလေး၏ ခြေကြား၌ သေနတ်ကို ထိုးသွင်းလိုက်ရာ ထိုသူသည် မြေပေါ်၌ ကျွမ်းပြန်ကာ ထိုးလဲသွားလေ၏။

နောက်တခဏ၌ ထွားကျိုင်းသောလူသည် မှီလာ၍ လူပု၏ ရင်ဘတ်ကို ဓားမြှောင်နှင့် နှစ်ချက် သုံးချက် ထပ်ဆင့်၍ ထိုးသတ်လေ၏။

လူပုကလေးသည် တခွန်းမျှ ညည်းညူခြင်းမရှိပဲ လဲနေသောနေရာ၌ မလှုပ်မရှား ငြိမ်ဝပ်စွာရှိနေ ရကား ဓားဖြင့်မထိုးမီ ကျွမ်းပြန်၍လဲသောအခါကပင် လည်ပင်းကျိုး၍ သေဆုံးခဲ့ဟန်လက္ခဏာရှိလေသည်။

ထို့နောက် ထိုသူလေးယောက်တို့သည် အထုပ်ကိုယူ၍ အုတ်နံရံတွင် ကပ်ထားပြီးနောက် တူရကီ သခင်၏ အလောင်းကို မြို့ပြင်ဘက်၌ တွင်းတူး၍ မြှုပ်ကြလေ၏။

ထိုနောက် ထိုသူတို့သည် အထုပ်ကိုဖြည်၍ သံသေတ္တာကို ထုတ်ပြီးလျှင် ဖွင့်ကြည့်ကြသောအခါတွင် အောက်ပါပစ္စည်းများကို တွေ့ရှိကြလေ၏။

**ဒုတိယအကြိမ်**

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| စိန်ကြီး | ၅ လုံး |
| စိန်ကလေး | ၁၃ လုံး |
| ကျောက်နီ | ၇ လုံး |
| ပုလဲ | ၁၂ လုံး |
| မြ | ၃ လုံး |
| နီလာ | ၉ လုံး |

ထို့ပြင် ရွှေသည်း အမြောက်အမြား ပါရှိလေသေး၏။

ထိုသူလေးယောက်တို့သည် ထိုရတနာများ၏ တန်ဖိုးကို ကောင်စွာ နားမလည်ကြသဖြင့် ငွေတသိန်းခန့် ထိုက်တန်သည်ဟု ခန့်မှန်းကြသော်လည်း ဦးစံရှားကမူ သုံးသိန်းဖိုးထက် နည်းမည် မဟုတ်ကြောင်းနှင့် အဖိုးဖြတ်လေ၏။

ထိုသူ လေးယောက်တို့သည် တယောက်ကိုတယောက် စည်းမဖောက်ကြဖို့ အကြောင်းနှင့် ကျမ်းသစ္စာ ကျိန်ဆို၍ သစ္စာရေ သောက်ကြပြီးလျှင် ရတနာများကို သံသေတ္တာနှင့်အတူ မြို့တွင်း၌ ရှိသော ပလီပျက်ကြီးတခုအတွင်း၌ မြှုပ်နှံထားကြလေ၏။

ထို့နောက် ထိုသူတို့သည် ပလီပျက်၏ ပုံသဏ္ဌာန်ကို ပုံစံထုတ်ရေး၍ ပစ္စည်းမြှုပ်ထားသောနေရာကိုလည်း ကြက်ခြေခတ်ပြုပြီးလျှင် ပုံစံတခုစီ ယူထားကြလေ၏။

ထို့နောက် မျှားမကြာမီအတွင်း ထိုသူလေးယောက်တို့အား တူရကီသဒ္ဓေး မော်စကော်ဖားကို သတ်မှုဖြင့် ဖမ်းဆီးလေ၏။

ဖြစ်ပွားပုံမှာ တူရကီ အစိုးရတို့သည် မော်စကော်ဖားအား အင်္ဂလိပ်အစိုးရ သူလျှိုဖြစ်သည်ဟု သင်္ကာမကင်း ရှိသည်နှင့် စုံထောက်တယောက်သည် မော်စကော်ဖား၏ အသွားအလာကို စောင့်ကြပ်ကြည့်ရှုလျက်ရှိ၏။

ထိုည၌ မော်စကော်ဖားသည် အပ်ဗဒူနှင့် ထွက်သွားကြသောအခါ စုံထောက်သည်လည်း ယင်းတို့၏ နောက်မှ ထက်ကြပ်လိုက်ပါလာသည်ဖြစ်ရာ စုံထောက်သည် အဖြစ်အပျက် အလုံးစုံကို တွေ့မြင်သွားလေ၏။

စုံထောက်သည် ထိုအကြောင်းကိုအထက်အရာရှိကြီးများအား တိုင်တန်း၍ ယင်းတို့မှတဖန် အင်္ဂလိပ် အစိုးရထံ အကြောင်းကြားပြန်၏။

အင်္ဂလိပ် အစိုးရသည် မိမိတို့၏ သူလျှိုဖြစ်သော မော်စကော်ဖား ဖြစ်ခြင်းကြောင့် ကြပ်တည်းစွာ အရေးယူစစ်ဆေးရာတွင် အလောင်းနှင့်တကွ တွေ့ရှိရလေ၏။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ နေ့ရက်နှင့် အချိန်နာရီတို့ကို စစ်ဆေးသောအခါတွင် ထိုနေ့ည ထိုအချိန်တွင် ထိုတံခါး၌ စောင့်သောသူများမှာ နက်ကျော်၊ ဟူစိန်၊ ယာကုပ်တို့ဖြစ်ကြောင်း စာရင်းရှိသည်ဖြစ်၍ ထိုသူသုံးယောက်နှင့် ယင်းတို့၏ အဖော် အပ်ဗဒူကို ဖမ်းဆီးခြင်းဖြစ်လေသည်။

ထိုသူလေးယောက်တို့အား ရုံးတွင်တင်၍ စစ်ဆေးသော အခါတွင် အပြစ် ကျူးလွန်ကြောင်း ထင်ရှားသည့်ဖြစ်၍ တရားသူကြီးသည် လူသတ်မှုပင် ဖြစ်သော်လည်း လေးယောက်စလုံးကို ကြိုးမပေးလိုသော်လည်း တသက်တကျွန်းပို့ရန် စီရင်ချက် ချလေ၏။

သို့ရာတွင် ဤအမှုကို စစ်ဆေးသောအခါ၌ပစ္စည်းများအကြောင်းကို အလျှင်း ဖော်ပြခြင်းမရှိခဲ့ချေ။

သို့ဖြစ်၍ ထိုသူလေးယောက်တို့သည် တသက်ပတ်လုံး ချမ်းသာလောက်သော ပစ္စည်းများ ရှိပါလျက်နှင့် သုံးစွဲခွင့် မရပဲ တကျွန်းသို့ လွတ်ရက်မရှိ ပို့ထားခြင်း ခံခဲ့ရလေ၏။

သူတို့သည် ထိုပစ္စည်းများကိုမြှုပ်ထားသော နေရာ၌ပင် ထားခဲ့၍တကျွန်းသို့ ရောက်သွားကြလေ၏။

တကျွန်း၌ ထောင်ချခံရခြင်းမှာ မြန်မာပြည်၌ရှိသော ထောင်များတွင် အချုပ်ခံရခြင်းနှင့်ခြားနားလှပေသည်။

တကျွန်း၌မူ အကျဉ်းသမားတို့မှာ ကျပ်တည်းသော စည်းကမ်းဥပဒေများကို လိုက်နာရသည် ဆိုစေကာမူ ထောင်များနှင့် နှိုင်းစာသည်ရှိသော် များစွာ ချောင်ချိလှပေသေးသည်။

ကိုနက်ကျော်သည် စည်းကမ်းဥပဒေများကို ကောင်းမွန်စွာ လိုက်နာရသူတယောက် ဖြစ်သောကြောင့် များစွာ လွတ်လပ်ခွင့် ရခဲ့၍ ထဲကလေးတတဲ၌ တယောက်တည်း နေထိုင်ခွင့် ရခဲ့သည်။

ကိုနက်ကျော်သည် ဆေးများ၏ အမည်ကို မှတ်သား၍ ဆေးဆရာဝန်၏ လက်ထောက်အနေဖြင့် ဆေးများ ဖော်စပ်ခြင်းအလုပ်၌ လုပ်ကိုင်ရသည်ဖြစ်ရာ သူ၏ ဆေးစပ်အခန်းသည် ဆရာဝန်၏ ဧည့်ခန်းနှင့် ကပ်လျက်ရှိလေ၏။

ထိုအခန်းနှစ်ခန်း၏ အလယ်၌ရှိသော နံရံတွင် ပြဘင်းပေါက်ငယ်တခုရှိ၍ တခန်းမှ တခန်းသို့ မျှော်ကြည့်ခဲ့လျှင် မြင်နိုင်ပေ၏။

ဆရာဝန်၏ ဧည့်ခန်း၌ အရာရှိများသည် ညစဉ်နှင့်အမျှ ပိုကာ ကစားတတ်ကြသည်ဖြစ်ရာ ကိုနက်ကျော်သည် အရာရှိများ ပိုကာ ကစားခြင်းကို မိမိ၏ အခန်းမှမျှော်ကြည့်ခြင်းအားဖြင့် အပျင်းဖြေလေ့ရှိ၏။

ညစဉ် ကစားကြသော အရာရှိများအနက် မြန်မာလူမျိုး ထောင်အရာရှိများဖြစ်သော ဦးကျော်ရှိန်နှင့် ဦးဘမြင့်တို့သည်း ပါကြသည်ဖြစ်ရာ ထိုသူ နှစ်ဦးတို့သည် ကစားခြင်း၌ မကျင်လည် ကြသောကြောင့်လည်းကောင်း၊ ကံမကောင်းသောကြောင့် လည်းကောင်း ညတိုင်းလိုပင် ရှုံးလေ့ရှိကြ၏။

ကစားသော ကြေးမှာ ဖဲတချပ်လျှင် လေးပဲမျှ ဖြစ်ရကား တညအတွင်း ငွေငါးဆယ်မှ တရာအထိ ရှုံးနိုင်၊ နိုင် နိုင်သောကြေး ဖြစ်လေသည်။

တတိယအကြိမ်

www.burmeseclassic.com



ပသမဦ မြန်မာအရာရှိ နှစ်ယောက်တို့သည် ရှုံးသော ကြေးများကို ငွေလက်ငင်းပေးနိုင်ကြ၍ ကာလ ရှည်လျားသောအခါ၌ကား လက်ငင်းမပေးနိုင်တော့ပဲ လက်မှတ်ထိုးခြင်းဖြင့် လည်းကောင်း၊ လခများကို ပေါင်နှံခြင်းဖြင့် လည်းကောင်း ပေးဆပ်ကြရ၏။ ရက်လများစွာ ကြာသောအခါတွင် ဦးကျော်ရှိန်နှင့် ဦးဘမြင့်တို့မှာ ရှုံးဖန်များလှပြီဖြစ်၍ မျက်နှာမသာမယာ ရှိနေကြသည်ကို ကိုနက်ကျော် တွေ့မြင်ရလေ၏။

ယင်းသို့ တွေ့မြင်ရသော အခါ၌ကား ကိုနက်ကျော်သည် မိမိအကြံအစည်အတွက် အချက်ကောင်း ပေါ်ချေပြီဟု အောက်မေ့လျက် အကြံထုတ်ကာ ရှိနေလေ၏။

တနေ့သ၌ ဦးကျော်ရှိန်သည် အကြွေးပူလှပြီ ဖြစ်သောကြောင့် မသာမယာ မျက်နှာထားနှင့် တော လမ်းတွင် တယောက်တည်း လမ်းလျှောက်လျက်ရှိစဉ် ကိုနက်ကျော်သည် အနီးသို့ ချဉ်းကပ်လေ၏။

ကျော်။ ။"ကျွန်တော် တခုလောက် မေးပါရစေ ထောင်မှူးကြီး ခင်ဗျာ"

ရှိန်။ ။(ကိုက်ထားသော ဆေးလိပ်ကို ပါးစပ်ထဲမှ ထုတ်၍) "ဘာများလဲ မောင်နက်ကျော်"

ကျော်။ ။"မြှုပ်ထားတဲ့ ဘဏ္ဍာများ တွေ့ခဲ့လို့ရှိယင် ဘယ်သူ့ကို တိုင်တန်းရသလဲ ခင်ဗျာ။ ငွေတာသိန်းကျော်လောက်တန်တဲ့ ပစ္စည်းများ မြှုပ်ထားတဲ့နေရာ ကျွန်တော် သိတယ်။ ဒီပစ္စည်းများကို မသုံးစွဲနိုင်တဲ့အတူတူ အစိုးရကိုပေးအပ်လိုက်ယင် ကျွန်တော့်အတွက် နှစ်များ မလျော့ပေဘူးလား ခင်ဗျာ"

ရှိန်။ ။"ဘာပြောတယ်ကွယ့်။ ငွေတာသိန်းကျော်၊ ဟုတ်စ။ များလှချေကလားကွယ်"

ကျော်။ ။"ဒါတောင် ကျွန်တော်က အနည်းဆုံး လျှော့ပြီး မှန်းတာပါခင်ဗျား။ ဒါထက် ကျော်ယင်သာ ကျော်မယ်။ အောက်တော့ မအောက်ဘူးခင်ဗျ"

ရှိန်။ ။"ငွေသားလားကွယ့်"

ကျော်။ ။ငွေသားတော့ မဟုတ်ဘူးခင်ဗျ။ စိန်တွေ၊ ကျောက်တွေ၊ ပုလဲတွေပဲ"

ရှိန်။ ။"မြှုပ်ထားတဲ့ ပစ္စည်းတွေတော့ အစိုးရဘဏ္ဍာတော် ဖြစ်တာပေါ့ကွယ်။ ဒါပေမယ့် နေဦးဟေ့။ အယင်စလို သွားမပြောနဲ့လိုက်နဲ့ဦးကွယ်။ မင်းအဖြစ်အပျက်ကို ပြောပြစမ်းပါဦးကွယ်"

ထိုအခါ ကိုနက်ကျော်သည် ပစ္စည်းများ မြှုပ်ထားသော နေရာကို ချန်လှပ်၍ မိမိနှင့် ကုလား အကျဉ်းသမား သုံးယောက်တို့၏ အဖြစ်အပျက်ကို ဦးကျော်ရှိန်အား ပြောပြလေ၏။ ထို့နောက်

ရှိန်။ ။"မင်းကိစ္စက တော်တော်အရေးကြီးတဲ့ ကိစ္စကွယ့်။ လူတွေတိုင်းကိုလဲ ပြောမပြလေနဲ့နော်။ နေဦး၊ ငါစဉ်းစားဦးမယ်။ ဘယ်လိုလုပ်သင့်တယ်ဆိုတာ ဟာရက် နှစ်ရက်အတွင်း ငါ စကားပြန်မယ်။ ကြားလား"

ကျော်။ ။"ကောင်းပါပြီ ခင်ဗျာ"

နှစ်ရက်ခန့်ကြာသော အခါတွင် ဦးကျော်ရှိန်သည် မိတ်ဆွေဖြစ်သူ ဦးဘမြင့်ကိုခေါ်၍ ကိုနက် ကျော်၏ တဲသို့ လာရောက်ကြလေ၏။



www.burmeseclassic.com

ရှိန်။ ။"တနေ့က မင်းပြောတဲ့ အဖြစ်အပျက်ကို ဦးဘမြင့်ကို ပြောပြစမ်းပါဦးကွယ်"

ထိုအခါ ကိုနက်ကျော်သည် ထိုနေ့က ပြောပြသည့်နည်းတူ မြှုပ်ထားသော နေရာမှ တပါး အဖြစ်အပျက်များကို ထပ်မံပြောပြလေ၏။

ရှိန်။ ။"ဘယ့်နှယ်လဲ ကိုဘမြင့်၊ ဟုတ်ပုံပေါ်ရဲ့ မဟုတ်လား"

ဦးဘမြင့်လည်း ဦးခေါင်းကို ညိတ်လေ၏။

ရှိန်။ ။"ငါပြောမယ်ကွယ့် မောင်နက်ကျော်။ မင်းကိစ္စကို ဒီက ကိုဘမြင့်နဲ့ ငါနဲ့ ဆွေးနွေးကြည့်တော့ မင်းပစ္စည်းဟာက အစိုးရကို အပ်ဖို့မလိုပါဘူး။ မင်းသဘောအတိုင်း စီမံချင်သလို စီမံနိုင်တဲ့ ကိစ္စပဲကွယ့်။ ဒီတော့ကာ မင်းပစ္စည်းကို ရအောင် ငါတို့ စီမံပေးယင် ငါတို့ကို မင်းတို့က ဘယ်လောက်ပေးမလဲ"

ကျော်။ ။"ဘယ်လောက် ပေးမလဲဆိုတာ ဒီလို ရှိတာကိုး ထောင်မှူးကြီးရဲ့။ ကျွန်တော်တို့မှာက အခု အခြေအနေအတိုင်း ဆိုယင်၊ ပစ္စည်းရှိနေလို့ အလကားပဲခင်ဗျ။ ဒီပစ္စည်းကို ခံစားဖို့ဆိုတော့ လွတ်လပ်မှုရမှ ခံစားနိုင်မှာကိုး။ ဒီတော့ကာ ကျွန်တော်တို့အတွက် ပထမဦးဆုံး လွတ်လပ်မှုရဖို့ ကိစ္စက အရေးကြီးပါတယ် ခင်ဗျာ။ ဒီတော့ကာ ထောင်မှူးကြီးတို့က ကျွန်တော်တို့ လေးယောက်ကို ဇာကျွန်းက လွတ်အောင် ကူညီခဲ့လို့ရှိယင် ဒီပစ္စည်းကို ခြောက်ပုံ ပုံပြီး အညီအမျှ ခွဲယူပါ့မယ် ခင်ဗျာ"

ရှိန်။ ။"အဟမ်း၊ ခြောက်ပုံ တပုံဆိုတော့ တယ် မလွမ်းလောက်ပါဘူး"

ကျော်။ ။"ခြောက်ပုံ တပုံဆိုအောင် လူတကိုယ် ငွေနှစ်သောင်းလောက်ရမယ်ခင်ဗျ။ကကောင်းမှကမယ်။ အနည်းဆုံး ကျွန်တော်ပြောတာပါ"

ရှိန်။ ။"မင်းတို့ လွတ်အောင် ငါတို့က ဘယ့်နှယ်တတ်နိုင်မလဲကွယ်။ ငါတို့က ဘုရင်ခံချုပ်ကြီးလဲ မဟုတ်"

ကျော်။ ။"လွယ်ပါတယ် ခင်ဗျာ။ရိက္ခာအပြည့်အစုံနဲ့ လှေတစင်းကိုသာ ရှာပေးပါ။ ကျွန်တော်တို့ဘာသာ လွတ်အောင် ကြံပါ့မယ်"

ရှိန်။ ။"မင်းဟာက လူတယောက်တည်းလဲ မဟုတ်၊ လေးယောက်တောင်ကွယ်"

ကျော်။ ။"လွတ်ရယင်လဲ အားလုံး၊ မလွတ်ယင်လဲ အားလုံးပဲခင်ဗျ။ ကျွန်တော် တယောက်တည်း တကိုယ်ကောင်းတော့ မကြံချင်ဘူး"

ရှိန်။ ။"ကျုပ်တို့လူက တော်တော်သစ္စာရှိပုံရတယ်။ သူ့အဖော်တွေကို မခွဲချင်ဘူးတဲ့။ယုံကြည်လောက်တဲ့ လူနဲ့တူပါတယ် ကိုဘမြင့်ရယ်"

မြင့်။ ။"အလုပ်ကတော့ တော်တော်ကျမ်တဲ့ အလုပ်ပဲဗျ။ မိသွားယင် ဒုက္ခပဲ။ သို့သော် ရမယ့်ငွေကတော့လဲ မက်လောက်စရာပေပဲဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှိန်။ ။"ကောင်းပြီ မောင်နက်ကျော်၊ မင်းအကြံအစည်ကို ငါတို့ သဘောတူတယ်။ ဒါပေမယ့် မင်းပစ္စည်းဟာ ကေန်အမှန် ရှိမရှိကို ငါတို့ ပထမဦးဆုံး စုံစမ်းကြည့်ရလိမ့်မယ်။ မင်းပစ္စည်းမြှုပ်ထားတဲ့ နေရာကို ငါ့ ပြောလိုက်။ ငါက ခွင့်ယူပြီး သွားကြည့်မယ်"

ကျော်။ ။"နေဦးခင်ဗျာ။ ဒါဖြင့် ကျွန်တော့်လူများနဲ့ တိုင်ပင်ကြည့်ပါရစေဦး"

ရှိန်။ ။"ကုလားတွေကာပဲ အရေးလုပ်လို့ကွယ်"

ကျော်။ ။"ကုလားသော တရုတ်သော မဆိုင်ပါဘူးခင်ဗျာ။ ကျွန်တော်တို့ လေးဦးဟာ ဆိုးတူကောင်းဘက်ဆိုပြီး သစ္စာရေ သောက်ထားကြပါတယ်။ ဒီတော့ကာ သူတို့နဲ့ တိုင်ပင်ပြီးမှ တော်သလို ကြည့် စီမံပါရစေ"

ထို့နောက် ရက်အနည်းငယ် အတွင်းတွင် အကျဉ်းသမား လေးယောက်နှင့် ထောင်မှူးနှစ်ယောက်တို့သည် ချိန်းချက် တွေ့ကြပြန်လေ၏။

ထိုအစည်းအဝေး၌ သဘောတူ စီမံဆုံးဖြတ်ကြသောအချက်မှာမူကား ကိုနက်ကျော်တို့ကထောင်မှူးနှစ်ယောက်တို့အား ပစ္စည်းမြှုပ်ထားသော နေရာအရပ်ကို ညွှန်ကြား၍ ပုံစံနှင့်တကွ ပေးအပ်ရန်။

ထိုအခါ ဦးကျော်ရှိန်က အလုပ်မှခွင့်ယူ၍အိန္ဒိယပြည်သို့ သွားရောက်ပြီးလျှင် ပစ္စည်းများ ရှိ,မရှိကို ကြည့်ရှုရန်။

အကယ်၍ ပစ္စည်းများကို တွေ့ခဲ့ပါလျှင် မယူပဲ ထိုနေရာ၌ပင် ထားခဲ့၍ ရိက္ခာ အပြည့်အစုံနှင့်တကွ ပင်လယ်ကူး လှေတစင်းကို ဝယ်ယူပြီးလျှင် ချောင်ကျသော ဆိပ်ကမ်းတခု၌ လျှို့ဝှက်၍ထားရန်။

ထို့နောက် အလုပ်ကို တဖန်ဝင်ပြန်၍ ဦးဘမြင့်ကတလှည့် အခွင့်ယူပြီးလျှင် ကိုနက်ကျော်တို့ လွတ်မြောက်သောအခါ၌ ပစ္စည်းများကိုခွဲဝေ၍ နှစ်ယောက်အတွက် ဝေစုကို ဦးဘမြင့်လက်သို့ ပေးအပ်လိုက်ရန်တို့ကို သဘောတူ စီမံဆုံးဖြတ်ကြလေသည်။

ထိုစီမံချက်ကို အားလုံး သဘောတူကြပြီးနောက် သစ္စာမဖောက်ပြားကြဖို့နှင့် အားလုံး သစ္စာရေ သောက်လေ၏။

ဦးကျော်ရှိန်သည် ထိုစီမံချက်အတိုင်း အားလပ်ခွင့်ခံယူ၍ ပလီပျက်ကြီး၏ ပုံစံနှင့်တကွ ပစ္စည်းလျှို့ဝှက်ထားသော အညွှန်းပါရှိသည့် စာရွက်ကိုယူ၍ အိန္ဒိယပြည်သို့ သင်္ဘောနှင့် လိုက်သွားလေ၏။

သို့သော် ဦးကျော်ရှိန်သည် ထိုနေ့မှစ၍ တကျွန်းသို့ တဖန်ပြန်လာခြင်း မရှိတော့ချေ။ ဦးဘမြင့်နှင့်အတူ သဖြင့် အကျဉ်းသမားလေးယောက်တို့သည် မိမိတို့အပေါ်၌ သစ္စာဖောက်သွားသော ဦးကျော်ရှိန်အား များစွာ အမျက်ထွက်ကြ၏။

သို့ရာတွင် မည်သို့မျှ လက်စားချေရန် အခွင့်မရပဲ အောင့်အည်းကာ ခံနေကြရ၏။

ဦးကျော်ရှိန်မှာ မိမိ၏ဘကြီးတယောက် သေဆုံး၍ အမွေအနှစ် မြောက်မြားစွာရရှိသဖြင့် အလုပ်မှ နုတ်ထွက်သည့်အကြောင်းကို ဦးဘမြင့်သည် သတင်းစာတွင် တွေ့ရှိရကား အကျဉ်းသမား လေးယောက်တို့အား ဖတ်ပြလေ၏။

---

ဒုတိယအကြိမ်

www.burmeseclassic.com

 www.burmeseclassic.com 

ကိုနက်ကျော်မှာ ခက်ထန်သော စိတ်နှလုံးရှိသူတယောက် ဖြစ်သောကြောင့် ဆိုးရွားသော ပစ္စည်းကို ပြန်ရမှုထက် ဦးကျော်ရှိန်အပေါ်၌ လက်စားချေခွင့် ရနိုင်ဖို့အရေးကို နေ့ညဥ့်မပြတ် ကြံစည်စိတ်ကူးလျက် ရှိနေခဲ့လေ၏။

တနေ့သ၌ ကိုနက်ကျော်သည် မကျန်းမာသဖြင့် သေလုဆဲဆဲရှိနေသော တိုင်းရင်းသား ကုလားပု တယောက်ကို တောလမ်းနံဘေး၌တွေ့၍ သနားကရုဏာဖြစ်သဖြင့် မိမိ၏တဲထဲသို့ တွဲခေါ်ခဲ့ပြီးလျှင်ဆေးဝါး ကုသလေရာ ကုလားပုသည် ရောဂါသက်သာ၍ ကောင်းစွာ ကျန်းမာလာခဲ့လေ၏။

ယင်း တိုင်းရင်းသားများသည် နဂိုသဘောအားဖြင့် ခက်ထန် ကြမ်းကြုတ်၍ ရက်စက်လှသည် မှန်သော်လည်း မိမိတို့အား ကျေးဇူးပြုဖူးသူများကို ကျေးဇူးတင်တတ်သည် ဖြစ်ရကား ထိုကုလားပုသည် ကျန်းမာလာသော အခါတွင် မိမိ၏ရပ်ရွာသို့ မပြန်တော့ပဲ ကိုနက်ကျော်နှင့်အတူ နေထိုင်၍ ဝတ်ကြီး ဝယ်ငယ်တို့ကို ပြုလျက် ကိုနက်ကျော်၏နောက်မှ တကောက်ကောက် လိုက်ပါလျက် ရှိလေ၏။

ကိုနက်ကျော်သည် မိမိအား ကုလားပု ချစ်ခင် တွယ်တာလျက် ရှိသည့်အဖြစ်ကို တွေ့ရသောအခါ အကြံတခု ဖြစ်ပေါ်လာလေ၏။

ယင်းတို့နှစ်ဦးမှာ နှစ်, လ, အတန်ကြာ အတူတကွ နေထိုင်ခဲ့သည် ဖြစ်သောကြောင့် ကိုနက်ကျော် သည် တိုင်းရင်းသား လူမျိုး၏ စကားကို အတော်အတန် တတ်ကျွမ်း နားလည်ခဲ့ပြီဖြစ်၍ မိမိ၏ အကြံ အစည်ကို ကုလားပုနှင့် တိုင်ပင်လေ၏။

အချုပ်၌ ကုလားပုသည် အုန်းသီး၊ ကန်စွန်းဥ အစရှိသော ရိက္ခာများနှင့် ရေဗူးများကို လှေ တစင်း၌တင်၍ ထိုလှေကို ချောင်ကောင်းသော နေရာတခု၌ ဝှက်ထားလေ၏။

အခွင့်သာသော တနေ့၌ ကိုနက်ကျော်နှင့် ကုလားပုသည် ထိုလှေဖြင့် တကျွန်းမှ ထွက်ပြေးလာခဲ့ကြရာ လမ်းခရီး၌ ယင်းတို့ တွေ့ကြုံ ခံစားရသော ဒုက္ခများမှာ စာတအုပ်ပြည့်အောင် ရေးသားနိုင်ဖွယ်ရာ ရှိပေသည်။

နောက်ဆုံး၌ ကိုနက်ကျော်နှင့် ကုလားပုသည် ရန်ကုန်မြို့သို့ သင်္ဘောနှင့် ရောက်လာကြ၍ ကိုနက် ကျော်သည် ဦးကျော်ရှိန် နေထိုင်သော အရပ်ကို မေးမြန်း စုံစမ်းသိရှိရလေ၏။

သို့ပါသော်လည်း ဦးကျော်ရှိန်သည် ကိုနက်ကျော် လွတ်ပြေးသည့် အကြောင်းကို တနည်းနည်း အားဖြင့် သတင်းရရှိပြီး ဖြစ်သောကြောင့် နေ့ရောညဥ့်ပါ သတိဝီရိယဖြင့် နေထိုင်သည့်ပြင် လက်ဝှေ့သမား နှစ်ယောက်ကိုလည်း သက်စောင့်အဖြစ် မိမိအိမ်၌ အမြဲနေထိုင်စေသည် ဖြစ်သောကြောင့် ကိုနက်ကျော် မှာ ရုတ်တရက် လက်စားချေရန် အခွင့်မရပဲ ရှိနေခဲ့လေ၏။

ကိုနက်ကျော်သည် ဦးကျော်ရှိန်၏ အစေခံတယောက်နှင့် ပူးပေါင်း၍ ဦးကျော်ရှိန်၏အကြောင်းကို သတင်းနားခံလျက်ရှိရာ တနေ့သ၌ ဦးကျော်ရှိန် အသည်းအသန်ဖြစ်သည်ဟု သတင်းရသဖြင့် ယင်း၏နေအိမ်သို့ သွားလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ကိုနက်ကျော်သည် ဦးကျော်ရှိန်၏အခန်းကို ပြတင်းပေါက်မှ ချောင်းကြည့်နေဆဲတွင် ဦးကျော်ရှိန်သည် ကိုနက်ကျော်ကိုမြင်လိုက်ရသဖြင့် သားနှစ်ယောက်တို့အား ပစ္စည်းဝှက်ထားသောနေရာကို ပြောတော့မည် ပြုပြီးမှ မပြောနိုင်ပဲ ခန္ဓာစဲ၍ သွားသည့် အကြောင်းကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ဦးကျော်ရှိန်၏ သားများသည် ထိုပစ္စည်းများကို ရှာ၍ မတွေ့ကြောင်းကိုလည်း ကိုနက်ကျော်သည် အစေခံမှတဆင့် သတင်းရပြီးဖြစ်၏။

ပစ္စည်းများကို တွေ့သောနေ့၌လည်း ကိုနက်ကျော်သည် ရှေးနည်းတူသတင်းရ၍ ထိုအချိန်သည် ကိုညွန့်သန်း ထမင်းစားသောအချိန် ဖြစ်သည်ဟူ၍လည်း သတင်းရပြီး ဖြစ်လည့်အတိုင်း ကိုနက်ကျော်သည် ကုလားပုကို ကောင်းကင်ပေါက်မှတက်၍ မျက်နှာကြက်သို့ဝင်ရန် စေလွှတ်လိုက်၏။

သူ၏အကြံမှာ ကုလားပုသည် ကောင်းကင်ပေါက်မှ အခန်းတွင်းသို့ ရောက်အောင်ဝင်၍ ပြတင်းပေါက်မှ ကြိုးကို ပစ်ချပေးပြီးလျှင် ကိုနက်ကျော်က ကြိုးမှတွယ်၍ အခန်းသို့ရောက်အောင် တက်ရန် ဖြစ်လေသည်။

ထိုအကြံအတိုင်း ကုလားပုသည် ကောင်းကင်ပေါက်မှတက်၍ မျက်နှာကြက်သို့ ဆင်းပြီးလျှင် မျက်နှာကြက်ပေါက်မှ ကြည့်သောအခါတွင် အခန်းတွင်းရှိ ကုလားထိုင်ပေါ်၌ထိုင်နေသော ကိုညွန့်သန်းကို မြင်လဖြင့် မိမိ၏ဆရာကို တိုင်ပင်ရန် အချိန်မရပဲ အဆိပ်လူးသောဆူးနှင့် မျက်နှာကြက်ပေါက်မှ မှုတ်သတ်လိုက်ဟန် လက္ခဏာ ရှိချေသည်။

ထို့နောက် ကုလားပုသည် မိမိယူဆောင်ခဲ့သော ကြိုးကို ပြတင်းပေါက်မှ ပစ်ချပေး၍ ကိုနက်ကျော် တက်သွားသောအခါတွင် ကိုညွန့်သန်းကို သတ်နှင့်ပြီးဖြစ်ကြောင်း တွေ့မြင်ရလေ၏။

ထိုအခါ ကိုနက်ကျော်သည် အမှုမကြီးတန်ပဲလျက် ကြီးကျယ်အောင် ပြုရချေမည်လောဟု ကုလားပုအား စိတ်ဆိုးသည်နှင့် ကြိုးခေါက်ဖြင့်ရိုက်မည်ပြုရာ ကုလားပုဘည် ကြောက်အားလန့်အားနှင့်ထွက်ပြေးသဖြင့် သူ၏တုတ်နှင့်တကွ အဆိပ်လူးသော ဆူးအိတ်သည်ပင် လွတ်ကျ ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။

ကိုနက်ကျော်သည် အထက်ပါ အဖြစ်အပျက်များကို ပြောပြီးသည့်အဆုံး၌

ကျော် ။ "ဘာများမေးစရာရှိပါသေးသလဲ ခင်ဗျာ"

ရှား။ ။ "မော်တော်ဘုတ်ရှင် ဝါလီနဲ့ ကြိုတင်ပြီး စီမံထားတယ် ဟုတ်လား"

ကျော်။ ။ "မှန်ပါတယ်၊ ကျွန်တော်က ပစ္စည်းယူပြီးယင် ဂျပန်ပြည်လိုက်ဖို့ အကြံရှိလေတော့ သခွတ်ပင်ဝကို သွားရအောင် မော်တော်ဘုတ်ကိုကြိုတင်ပြီး ငှားထားပါတယ်။ အခု ကျွန်တော်ပြောသမျှဟာ အမှန်ချည်းပါခင်ဗျာ၊ ကိုညွန့်သန်းဆိုတဲ့လူ သေတဲ့ကိစ္စမှာ ကျွန်တော် လုံးလုံး မပါရပါဘူး"

ရှား။ ။ "ယုံကြည်ပါတယ်၊ အစကတည်းကဒီလိုဖြစ်လိမ့်မယ်လို့ ကျုပ် တွေးပြီးသားပါ၊ ဒါထက် နေပါဦးဗျာ၊ ခင်ဗျား ကုလားပုရဲ့ ဆူးအိတ်ကို ကျုပ်တွေ့တော့ သူ့မှာ နောက်ထပ်ပြီး လက်နက်မရှိတော့ဘူးလို့ ကျုပ် တွက်မိပေတယ်။ ကျုပ် အတွက်မှားသွားတာဟာ ကံကောင်းလို့ တယောက်ယောက် ဒုက္ခရောက်မသွားပေတယ်ဗျာ။ နောက်ထပ်ပြီး ဆူးကို သူ ဘယ်ကရသလဲဗျ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။"သူ့ဝါသနာက ပြောင်းထဲကဆူးကို သုံးပြီးပြီးချင်း တခုထပ်ပြီး တည့်ထားတယ် ခင်ဗျ။ ဒါမှ သုံးချင်တဲ့အခါမှာ အဆင်သင့်ရှိတာကိုး"

ရှား။ ။"ဩော် ဟုတ်ပေသားဗျာ၊ ကျုပ် ထည့်မစဉ်းစားမိပေဘူး"

ကျော်။ ။"ဒီပြင်ကော"

ရှား။ ။"မေးစရာ မရှိပါဘူးဗျာ။ တော်ပါပြီ"

ထို့နောက် ကိုဘထွန်းသည် ဦးစံရှားအား အကျဉ်းသမားကို မိအောင် ဖမ်းပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြား၍ အကျဉ်းသမားအား ပုလိပ်များဝိုင်းရံစေလျက် တိုက်ပေါ်မှ ဆင်းသွားကြလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ၄၅။ ရှိန်းမကားရွာလူသတ်မှု*

၁

ကျွန်တော်သည် အာဇာနည်အသင်းအမှု၌ ဦးစံရှားစုံထောက်ပုံများကို ရေးသားဖော်ပြခဲ့စဉ် အခါက လူဆိုးကြီး ဦးမင်းဟန်သည် မကောင်းမှုပြုကျင့်သည့်နေရာ၌ အဘယ်မျှလောက် ဉာဏ်ပညာ ထက်မြက်၍ ယင်းအား လက်ရ ဖမ်းမိနိုင်စေရန်ဦးစံရှားက မည်မျှလောက် ကြိုးပမ်းအားထုတ်ခဲ့ရသည်များကို အခါ အခွင့် သင့်လျော်သည့်အခါ ရေးသားဖော်ပြရန် ဆန္ဒရှိခဲ့ဖူးသည်ဖြစ်ရာ အောက်ပါဝတ္ထုမှာ လူဆိုးတို့၏ ထိပ်သီးဖြစ်သော ဦးမင်းဟန်နှင့် စုံထောက်တို့၏ဘုရင်ဖြစ်သော ဦးစံရှားတို့၏ ဉာဏ်စွမ်းချင်း ယှဉ်ပြိုင် ကြသော အဖြစ်အပျက်များ ဖြစ်လေသည်။

ဦးမင်းဟန်ဆိုသူမှာ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရေတွင်းရေကန် အမြောက်အမြား တူးခြင်းမှစ၍ လူအများတို့ ချီးမွမ်းထောမနာ ပြုလောက်အောင် အလှူဒါန အမျိုးမျိုးတို့ကို ပေးကမ်း ခဲ့ဖူးသဖြင့် 'ဘုရားဒါယကာ ဦးမင်းဟန်'ဟူသော အမည်နာမဖြင့် လူအများတို့ ရှိသေကိုင်းရှိုင်းခြင်းပြုကြ ရသော ပုဂ္ဂိုလ်ဘဦးပင် ဖြစ်လေသည်။

ဦးမင်းဟန်သည် အင်္ဂလိပ်စာကို ကောင်းစွာ တတ်မြောက်သူတယောက် ဖြစ်၍ အင်္ဂလိပ်အစိုးရ လက်အောက်တွင် အမှုထမ်းရွက်သဖြင့် တစုံတခုသော ပြစ်မှုကြောင့် ရာထူးမှ လျှော့ချခြင်း ခံရပြီးနောက် ဝင်းကိုင်း ဆရာကြီးတယောက်အဖြစ်ဖြင့် ဆေးဝါးမန္တရား၊ အင်း၊ အိုင်၊ ဂါထာအတတ်တို့၌ အထူးသဖြင့် တတ်ကျွမ်းသည်ဟု နာမည်သဘင်းလည်း ကြီးခဲ့လှသည်ဖြစ်ရာ ယင်း ဦးမင်းဟန်သည် အပြင်အပ၌ လူ ချီးမွမ်းခံလောက်အောင် အမူအရာ အနေအထိုင်တို့ဖြင့် ဂုဏ်ဒြပ်ကြီးမားအောင် ပြုလုပ်ခဲ့ငြားသော်လည်း စင်စစ်အားဖြင့်မူကား ရန်ကုန်မြို့ပေါ်၌ ရှိရှိသမျှသော သူခိုး၊ ဒမြ၊ ကတ်ကြေးကိုက် အပေါင်းတို့၏ ဦးစီး နာယကကြီးတယောက် ဖြစ်ပေ၏။

---

* သူရိယ မဂ္ဂဇင်း၊ ဖေဖြိုဝါရီလထုတ်၊ အတွဲ ၁ အမှတ် ၂ တွင် 'ကြိုးကြာကန်ရွာ လူသတ်မှု၌ ဦးစံရှား စုံထောက်ပုံ'အမည်ဖြင့် ဦးစွာရေးပြီး ၁၉၅၅၊ ဖေဖော်ဝါရီလထုတ် ရှုမဝမဂ္ဂဇင်း၊ အမှတ် ၉၃ တွင် 'ရှိမ်းမကားရွာ လူသတ်မှု'အမည်ဖြင့် ဤမှုကို မူကွဲ ထပ်မံရေးခဲ့သည်။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၄ နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၂ တို့တွင် ဤမှုကို တွေ့ရသည်။ မူရင်းမှာ The Final problem ဖြစ်သည်။(ဦးစွာရေးမူ ဖြစ်သော 'ကြိုးကြာကန်ရွာ လူသတ်မှု၌ မောင်စံရှား စုံထောက်ပုံ' မူကို ချန်ခဲ့ ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဟန်သည် အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အလူဒါန အမျိုးမျိုးတို့ကို ပြုခဲ့သည့်ပြင် အစဉ်မပြတ် ဝတ်ဖြူစင်ကြယ်ကိုသာ ဝတ်ဆင်ခြင်း၊ စိပ်ပုတီးကြီးတကုံးကို လည်ပင်း၌ ဆွဲထားခြင်း၊ ဝါတွင်း ဝါပမရွေး ရှစ်ရက် လပြည့် လကွယ်တို့၌ ဥပုသ်သီတင်း ဆောက်တည်ခြင်း အစရှိသော အမှုတို့ကို လူအများ မြင်လောက်အောင် ပြုလုပ်သဖြင့် သိက္ခာ သမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီးတဦး ဖြစ်သည်ဟု အိမ်နီးပါးချင်းတို့က မှတ်ထင်ကြရသည် မှန်သော်လည်း စင်စစ်၌မူကာ အကြီးအကျယ် သူခိုး ခိုးခြင်း၊ ဒမြတိုက်ခြင်း၊ လုယက်ခြင်း အစရှိသော အမှုမျိုးဖြစ်ပေါ်သည့် အခါတိုင်း ဦးမင်းဟန် အကြံပေး ဉာဏ်ပေး အဖြစ်ဖြင့် ဝေစုအကြီးစားယူလေ့ရှိသော လူကြီးတယောက် ဖြစ်ပေ၏။

သို့ရာတွင် ဦးမင်းဟန်သည် ယင်းအမှုမျိုးကို ကိုယ်တိုင်ပြုလုပ်မည်ဝေးစွ။ လူဆိုးသူဆိုးတို့ သူ၏ အိမ်သို့ ဝင်ထွက်ကြသည်ကိုပင် မည်သူ တဦးတယောက်မျှ မြင်ဖူးသည် မရှိသည့်ပြင် ညစဉ်မပြတ်ကြေးစည် တဝေဝေဖြင့် အရုဏ်တက်သည့်တိုင်အောင် အမျှပေးဝေခြင်း၊ မေတ္တာပို့ခြင်း အစရှိသည်တို့ကို သာလျှင် အသံကျယ်စွာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိပေ၏။ သို့ရာတွင် ခက်ခဲနက်နဲသော တိုက်ခိုက်မှု၊ ခိုးဝှက်မှု၊ လုယက်မှုတို့၌မူကား ဦးမင်းဟန်သည် မိမိ၏ အကြားအမြင် ဗဟုသုတနှင့် ထိုးထွင်းဉာဏ်ကို အသုံးပြုလျက် အကြံပေး ဉာဏ်ပေး ပြုရုံမျှနှင့် ကိစ္စပြီးစေလျက် အတွက်ကျ ငွေတို့ကိုသာလျှင် ဝေစုအဖြစ်ဖြင့် တောင်းယူလေ့ရှိလေသည်။

လူဆိုးတို့ အခနန္တင့်လည်း မိမိတို့ရရှိကြသောကြေးငွေများကို လျှို့ဝှက်၍လည်း မပြောဝံ့၊ ပုန်းရှောင်လည်း မနေဝံ့ကြချေ။ အကြောင်းကိုဆိုသော် ထိုကဲ့သို့ မိမိအား သစ္စာဖောက်သူတို့၏အပေါ်၌ဦးမင်းဟန်သည် အခြားသော လူဆိုးတို့၏ အကူအညီဖြင့် အသက်ဆုံးရှုံးအောင် စီရင်တတ်သောကြောင့် ဖြစ်ပေသည်။ အများသော လူတို့နှင့်တကွ အစိုးရပုလိပ်အရာရှိတို့သည် ယင်းဦးမင်းဟန်အား ဂုဏ်သရေရှိ လူကြီးလူကောင်း တယောက် ဖြစ်သည်ဟူ၍ မှတ်ထင်ကြသော်သည်း ဦးစံရှားမှာ ထိုသူ၏အကြောင်းကို ရိပ်မိသိရှိပြီး ဖြစ်သော ကြောင့် တခုသောချောင်၌ ပိတ်မိစေရန်သာလျှင် ချောင်းမြောင်းလျက် ရှိခဲ့လေသည်။ ရုံဖန်ရံခါ ခိုးဝှက်မှု တခုကို လည်းကောင်း၊ တိုက်ခိုက်မှုတခုကိုလည်းကောင်း လက်သည်များကို ဖမ်းမိသည့်အခါ ဤဉာဏ်သည် ဦးမင်းဟန်၏ ဉာဏ်ဖြစ်ကြောင်းကို ဦးစံရှားသည် အတပ်သိခဲ့သည် မှန်သော်လည်း လူဆိုးတို့သည် သူ၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသဖြင့် ဦးစံရှားမှာ သိလျက်နှင့်ပင် ထင်ရှားအောင် မပြနိုင်သဖြင့် ချက်ကောင်းကိုသာ စောင့်ဆိုင်းလျက် ရှိနေခဲ့ရလေ၏။

ယင်းကဲ့သို့ မိမိအား ဦးစံရှားက ရိပ်မိသည့်အကြောင်းကို ဦးမင်းဟန်သည် ဉာဏ်ပညာထက်မြက်သူ တယောက်ဖြစ်သည့်အတိုင်း သိရှိလေရကား ဦးစံရှားနှင့် ရံဖန်ရံခါ တွေ့ကြုံမိသည့်အခါတိုင်း ဦးမင်းဟန်က ပြုံးရယ်လျက်-

"တတ်နိုင် ကိုင်ကြတာပေါ့ ကိုစံရှားရယ်။ ခင်ဗျားကလဲစုံထောက်ဘုရင်ပ။ ကျုပ်ကလဲသူခိုးဘုရင်ပ။ ဘုရင့်အပေါ်မှာ ဘုရင်ဆင့်ရမှ အခွင့်လှကြမှာကိုး ကိုစံရှားရဲ့" စသည်ဖြင့် လှောင်ပြောင်ကာ ပြောဆိုခဲ့ဖူးလေ၏။

ဦးစံရှားသည် အမှုအခင်းများ ပေါ်ပေါက်သည့်အခါတို့၌ မိမိနှင့် တိုက်ဆိုင်သမျှတို့ကို လိုက်လံ စုံထောက်သည့်အခါ တလုံးသော မျက်စိဖြင့်သာလျှင် လိုက်လံစုံထောက်ခဲ့၍ တလုံးသော မျက်စိသည် ဦးမင်းဟန်အား အစဉ်မပြတ် စောင့်ကြပ်ကြည့်ရှုလျက် ရှိသည်ဟု ဆိုထိုက်ပေသည်ဖြစ်ရာ ဦးမင်းဟန်သည် နှစ်လကျော် သုံးလခန့်မျှ ရန်ကုန်မြို့ပေါ်တွင် ပျောက်ကွယ်၍သွားသည် ဖြစ်သောကြောင့် ဦးစံရှားသည် ထိုသူ၏ အကြောင်းကို ထောက်လှမ်းစုံစမ်းလျက် ရှိနေခဲ့လေ၏။

---

**ဒုတိယအကြိမ်**

www.burmeseclassic.com

www.burmeseclassic.com



တနေ့သ၌ ဦးမင်းဟန်သည် ကဝက်ကင်းရွာနေ ဘုရားဒါယကာ ဦးတုတ်ပေါ်ဆိုသူကို သတ်ပြီးလျှင် ဦးတုတ်ပေါ် အယောင်ဆောင်လျက် ဦးတုတ်ပေါ်၏ အမွေအနှစ်များကို ဆက်ခံသိမ်းပိုက်လျက်ရှိကြောင်း နှင့် သတင်းရရှိလေ၏။

ယင်း ဦးတုတ်ပေါ်ဆိုသူသည် အထက်မြန်မာပြည် ရောဝတီမြစ်၏ လက်ယာဘက်ကမ်း၌ တည်ရှိသော ရှိမ်းမကားရွာသား ဇာတိဖြစ်ရာ ငယ်စဉ်အခါက အတော်အတန် ဆိုးမိုက်ခဲ့သော လူတယောက် ဖြစ်၍ ဥစ္စာဓနပြည့်စုံသော အမိအဖတို့၏ နေအိမ်မှ ထွက်ခွာခဲ့ပြီးလျှင် အောက်ပြည် အောက်ရွာသို့ လာရောက် နေထိုင်ခဲ့သော သူတယောက် ဖြစ်လေသည်။

ယင်းကဲ့သို့ မိဘရပ်ရွာမှ တိမ်းရှောင်နေထိုင်ရခြင်း၏ အကြောင်းမှာ မိမိ၏ ရပ်ရွာတွင် ကာလသား လူပျိုတယောက်အား ရည်းစားလုမှုနှင့်ပတ်သက်၍ ဒေါသအလျောက် လက်ရောက်မှု ကျူးလွန်မိသည်တွင် ထိုသူမှာ သေမည်မသိ ရှင်မည်မသိခင် မောင်တုတ်ပေါ်မှာ ရပ်ရွာမှ ထွက်ခွာ၍ လာခဲ့ခြင်း ဖြစ်လေသည်။

ရိုက်နှက်ခြင်းခံရသောသူသည် ဒဏ်ရာ ပျောက်ကင်းသဖြင့် အသက်မဆုံးရှုံးသည့် အကြောင်းကို သတင်းကြားသိရသော်လည်း မောင်တုတ်ပေါ်သည် မိမိအား မချစ်ကြိုက်သည့် မိန်းမထံ မျက်နှာ မပြလိုသည်လည်းတကြောင်း၊ မိမိနဂိုသဘောမှာလည်း မိမိချက်မြှုပ်ရာ ဌာနဟူ၍ စွဲလန်းခြင်းမရှိပဲ ရောက်ရာအရပ်၌ ပျော်ပိုက်တတ်သည်လည်း တကြောင်းကြောင့် အထက်ရပ်ရွာသို့ ပြန်လည်သွားရောက်ခြင်း မရှိပဲ ယင်း ကဝက်ကင်းရွာ၌ပင် ဆက်လက် နေထိုင်ခဲ့လေ၏။

နောက်ဆုံး၌ မောင်တုတ်ပေါ်သည် ကဝက်ကင်းရွာ၌ပင် အိမ်ထောင်ကျလျက် စီးပွားဥစ္စာအတော်အတန် ဖြစ်ထွန်း၍ 'ဘုရားဒါယကာ ဦးတုတ်ပေါ်' ဟူသော လူကြီးလူကောင်းတယောက် အဖြစ်သို့တိုင် ရောက်ခဲ့လေရာ ရှိမ်းမကားရွာ၌ရှိသော ဆွေမျိုးဉာတိ အမိအဖတို့ထံသို့ ရံဖန်ရံခါ စာလောက်သာ ပေးပြီးလျှင် လူကိုယ်တိုင်မူကား တခါတခါက်မျှပင် သွားရောက်ဖူးသည် မရှိချေ။

တနေ့သ၌ ဦးတုတ်ပေါ်သည် ရှိမ်းမကားရွာ၌ အမိအဖများ သေဆုံးသဖြင့် ကျန်ရှိရစ်သောလယ်ယာ ချောင်းမြေ အမွေအနှစ် ပစ္စည်းအရပ်ရပ်တို့ကို ဆက်ခံသိမ်းပိုက်ရန် လာရောက်ပါမည့် အကြောင်းနှင့် ဆွေမျိုးများထံမှ စာရရှိသဖြင့် ဦးတုတ်ပေါ်သည် နှစ်ပေါင်း ၂၀ ကျော် ၃၀ ခန့်မျှ မသွားရောက်ခဲ့ဘူးသော မိမိ၏ ရပ်ရွာသို့ သွားရောက်ရန် ပြင်ဆင်လေ၏။ ထိုအခါ ယင်းအကြောင်းများကို ဦးမင်းဟန်သည် တစုံတခုသောနည်းဖြင့် သိရှိလေရကား အလွန်တရာ ရဲဝံ့စွန့်စားသော အကြံတခုကို ပြုလေ၏။

ဦးမင်းဟန်သည် အထက်မြန်မာပြည်သို့ ဦးတုတ်ပေါ် လိုက်သွားသော ရထားတစင်းနှင့် စီးနင်းလိုက်ပါလာခဲ့လေရာ ဤတွင် ဦးတုတ်ပေါ်သည် မိမိရွာသို့ မရောက်မီ ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြီး မကြာမီ ဦးမင်းဟန်သည် ဦးတုတ်ပေါ် အဖြစ်ဖြင့် အမွေအနှစ်များကို ဆက်ခံသိမ်းပိုက်ခဲ့လေ၏။

ဦးတုတ်ပေါ်မှာ သူ၏ ရပ်ရွာသို့ ပြန်လည် သွားရောက်ခြင်း မရှိသည်မှာ နှစ်ပေါင်းများစွာ ကြာရှိခဲ့ပြီဖြစ်၍ ယင်းအား မြင်ဖူးသူတို့မှာ ကြီးရင့်သော အရွယ်သို့တိုင် ရောက်ပြီ ဖြစ်သည့်ပြင် ဂလိပ်ရောဂါကလည်း အထူးသဖြင့် နှိပ်စက်သော ကျေးရွာတခု ဖြစ်လေရကား အနည်းငယ်မျှသော ဆွေမျိုးဉာတိတို့သာလျှင် ကျန်ရှိခဲ့လေ၏။

ဦးမင်းဟန်သည် ယင်းအကြောင်းများကို တင်ကူး သိရှိပြီး ဖြစ်သည့်ပြင် အရွယ်မှာလည်း မတိမ်းမယိမ်းပဲ အလုံးအရပ် အသားအရည်မှာလည်း များစွာ မကွာခြားသည် ဖြစ်သောကြောင့် ဦးတုတ်ပေါ် အဖြစ်ဖြင့် ဟန်ဆောင်ရန် ရဲဝံ့စွာ ကြံစည်ခဲ့ခြင်း ဖြစ်လေသည်။ အလွန်တရာ ပါးနပ်ဖျတ်လတ်သော သူ ခါယောက် ဖြစ်သဖြင့် သူ့အပါးက တခွန်းဟလိုက်လျှင် မြွောမည့်စကားကို ၁၀ ခွန်းမျှ ကြိုတင်၍ သိမြင်နိုင်

www.burmeseclassic.com

www.burmeseclassic.com

သော သူတယောက် ဖြစ်လေရကား ဦးမင်းဟန်သည် မိမိအား စစ်ဆေးမေးမြန်းသူ အပေါင်းတို့အား အရိပ်အကဲနှင့် စကားအသွားအလာကိုကြည့်၍ သွက်လက်စွာ ဖြေဆိုနိုင်သောကြောင့် လူအားလုံးတို့က မကြာမီအတွင်းတွင် မိမိအပေါ်၌ သက်ာမကင်းသောစိတ် အလျှင်းမဖြစ်ပေါ်စေပဲ ကျေနပ်လောက် အောင် ဖြေဆိုနိုင်ခဲ့လေ၏။

ဦးမင်းဟန်သည် ဦးတုတ်ပေါအဖြစ်ဖြင့် လက်ခံရရှိသော အမွေအနှစ်တို့အနက် ငွေသားတည်း ဟူ သော ပစ္စည်းအနည်းငယ်မျှသာလျှင် ပါရှိ၍ များစွာသော ပစ္စည်းတို့မှာ လယ်ယာ ချောင်းမြေ အိမ်မြေ ယာမြေ အစရှိသည့် ဇင်္ဂမပစ္စည်းများ ဖြစ်လေရာ ဦးမင်းဟန်၏အကြံမှာ ယင်းပစ္စည်းများကို ထုခွဲ ရောင်း ချပြီးလျှင် ရှိမ်းမကားရွာမှ ထွက်ခွာခဲ့ရန် ဖြစ်လေသည်။

သို့ရာတွင် လယ်ယာချောင်းမြေအစရှိသည့် ပစ္စည်းမျိုးတို့မှာ အလျင်စလို ရောင်းလိုသည့်အခါ၌ ပေါက်ရာ ပေါက်ကဲနှုန်းဖြင့် ရောင်းချရန် ခဲယဉ်းလှသည်ဖြစ်ရာ အကယ်၍ အဆမတန်နည်းသော အဖိုး နှုန်းဖြင့် ရောင်းချခဲ့ပါလျှင်လည်း မိမိအပေါ်၌ သက်ာမကင်း ဖြစ်စေဖို့အကြောင်းကို စိုးရိမ်ရသေးသည် ဖြစ်သောကြောင့် ဦးမင်းဟန်သည် ၂လကျော် ၃လနီးပါး စောင့်ဆိုင်း၍ ပစ္စည်းများကို ထုခွဲရောင်းချ လျက် ရှိလေ၏။

ယင်းကဲ့သို့ရှိနေစဉ် ကဝက်ကင်းရွာ၌ ဦးတုတ်ပေါနှင့်သိကျွမ်းခဲ့ဖူးသော ဦးတာရဲအမည်ရှိ မိတ်ဆွေ တယောက်သည် ရှိမ်းမကားရွာသို့ ဦးတုတ်ပေါ ဆိုက်ရောက်သည်ဟု သတင်းကြားသဖြင့် ဦးတုတ်ပေါနှင့် တွေ့ဆုံရန် နေအိမ်သို့ လာရောက်လည်ပတ်လေရာ ဦးတာရဲသည် အိမ်တွင်းသို့ရောက်၍ ဦးမင်းဟန်နှင့် မျက်နှာချင်းဆိုင်မိသည်နှင့်တပြိုင်နက် ဦးမင်းဟန်သည် မိမိ၏အလိမ် ပေါ်ချေပြီတကားဟု သိရှိလျှင် သိရှိချင်း တသက်ပတ်လုံး မကောင်းသောနည်းလမ်း၌ အသုံးချလာခဲ့သော မိမိ၏ လျင်မြန်တက်ကြွသည့် ဉာဏ်ဖြင့် ဆင်ခြင်လိုက်ရာ 'ငါ၏ အသက်သော်လည်းကောင်း၊ ထိုသူ၏ အသက်သော် လည်းကောင်း တယောက်ယောက် ဖြုတ်ရမည်ဖြစ်သော ကိစ္စပေတည်း' ဟု သိရှိလေ၏။

ဤကဲ့သို့ကိစ္စမျိုး ပေါ်ပေါက်သည့်အခါတို့၌ ဦးမင်းဟန်သည် မည်ကဲ့သို့ပြုလုပ်ရမည်ကိုဆုံးဖြတ်ရန် နှောင့်နှေးကြန့်ကြာခြင်းမရှိသော သူတယောက် ဖြစ်လေရာ ဦးတာရဲကို မြင်လျှင်မြင်ချင်း ညာလှိုင်း၍ ရမည့် လူတယောက်မဟုတ်ကြောင်းကို သိပြီးဖြစ်သည့်အတိုင်း မိမိကိုယ်ကို ဦးတုတ်ပေါဖြစ်သည် ဟူ၍ အလျှင်းမပြောပဲ 'မိမိမှာ ဦးတုတ်ပေါ၏ မိတ်ဆွေ ညီသည်မျှဖြစ်ကြောင်း၊ ဦးတုတ်ပေါမှာလည်း အပြင်သို့ ထွက်သွားသဖြင့် မကြာမီ ပြန်လာမည်ဖြစ်ကြောင်း' နှင့် ပြောဆို၍ နေရာထိုင်ခင်းများပေးလေ၏။

ဦးတာရဲသည် ဦးမင်းဟန်ကို မြင်စအခါ၌ ထိတ်လန့်၍သွားသော်လည်း ဦးမင်းဟန်က ညီသည် ဖြစ်သည့်အကြောင်းကို ပြောပြသောအခါ အံ့သြခြင်းပျောက်ကင်း၍ သင်ဖြူးပေါ်၌ထိုင်ကာ စောင့် ဆိုင်းလျက်ရှိလေ၏။ ထိုအခါ ဦးမင်းဟန်သည် ဥပါယ်တမျဉ်နှင့် အခန်းတွင်းသို့ဝင်သွား၍ လေးလံခိုင်မာ လှသော ဓာဝိတုတ်ကြီးနှင့် နောက်မှ ရုတ်တရက် ဦးခေါင်းကိုရိုက်ကိုက်ရာ ဦးတာရဲမှာ တချက်မျှ အော် ဟစ်ခြင်း၊ ညည်းညူခြင်းမပြုနိုင်ပဲ ပွဲချင်းပြီး သေဆုံးသွားလေ၏။ အလောင်းကို ဖုံးဖိ၍ သွေးစက်များကို သုတ်သင်ခြင်း၊ လူခြေတိတ်သည့်အခါ၌ အလောင်းကို မြစ်ဆိပ်သို့ ဆောင်ကြဉ်းပြီးလျှင် အုတ်ခဲဆွဲ၍ မြစ်ထဲသို့ ပစ်ချခြင်း အစရှိသည့် အလုပ်မျိုးတို့မှာ ဦးမင်းဟန်၌ ပြုရဖန်များလှပြီဖြစ်သောကြောင့် များစွာ ခဲယဉ်းလှသည် မဟုတ်ပေ။

ယင်းကဲ့သို့ဦးတာရဲကို အလောင်းနှင့်တကွဖျောက်ဖျက်ပြီးနောက် အချို့သော ရွာသူရွာသားတို့က ဦးတာရဲသည် ဦးတုတ်ပေါအိမ်သို့ အလည်သွားရောက်သည် ညဉ့်မှစ၍ ပျောက်ခြင်းမလှ ပျောက်၍ သွား


www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ပြောဆိုငြားသော်လည်း ဦးမင်းဟန်သည် အကယ်၍ထွက်ပြေးတိမ်းရှောင်နေခဲ့ပါက မိမိသတ်သည် ဟူ၍ အတပ်ပြင် စွပ်စွဲရန်ရှိသည့်ပြင် လယ်ယာချောင်းမြေတို့ကို ရောင်းချသည့်ကိစ္စမှာလည်း မပြီးမြောက် သေးသည် ဖြစ်သောကြောင့် ထွက်ပြေးတိမ်းရှောင်ခြင်းမပြုပဲ မိမိအိမ်သို့ ဦးတာရဲသည် မည်သည့်အခါကမျှ မလာရောက်ဘူးကြောင်းနှင့် တင်းမာစွာ ငြင်းဆိုလျက်ရှိလေ၏။

ကျွန်တော်သည် မိတ်ဆွေ ဦးစံရှားနှင့် ရန်ကုန်မြို့၌ အတူတကွ နေထိုင်ခဲ့ကြရာမှ အလုပ်မှ အားလစ်ခွင့် ယူ၍ ကျွန်တော်၏ မိဘရပ်ထံဖြစ်သော ရွှေဘိုတောင်လက် မန်ကျည်းတုံရွာတွင် ခေတ္တနေထိုင်လျက်ရှိစဉ် ဦးစံရှားသည် ကိစ္စတခုနှင့် မန္တလေးမြို့သို့ ရောက်ခဲ့ရာတွင် ကျွန်တော်နေထိုင်ရာ မန်ကျည်းတုံရွာသို့လည်း တညအိပ်မျှ လာရောက်လည်ပတ်ခဲ့လေ၏။ ကျွန်တော်နေထိုင်လျက်ရှိသောအိမ်သည် ရွာ၏အပြင်၌ တည်ရှိ၍ ညချမ်းအခါ၌ လှည်းဖြင့်သွားလာသော ခရီးသည်တို့သည် အိမ်ရှေ့၌ရှိသော သစ်ပင်ကြီးများအောက်၌ လှည်းစခန်းချပြီးလျှင် တောသူတောင်သားတို့ဘာဝ မိမိတို့ရပ်ရွာ၌ ဖြစ်ပျက်သော သတင်းအထူးအဆန်း တို့ကို တယောက်တလှည့် မီးဖိုအနီး၌ ဝိုင်းဖွဲ့ကာ ပြောဆိုလေ့ ရှိကြကုန်၏။

ထိုညဥ့်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် အိပ်မပျော်နိုင်ကြသည်ဖြစ်၍ ဝင်းပြင်သို့ ထွက်လာကြပြီး လျှင် မီးဖို၌ လူဝိုင်းကိုမြင်သည်နှင့် ဦးစံရှားသည် မိမိမရောက်ဘူးသော အရပ်၌ ဗဟုသုတကို ရှာမှီး စုဆောင်းရန် ဝါသနာရှိသည့်အတိုင်း လက်ဖက်ရည်ဝိုင်းသို့ ဝင်ပြီးလျှင် ခရီးသည်တို့ ပြောစကားများကို ဝင်ရောက် နားထောင်ကြလေ၏။

ထိုအခါ၌ တယောက်သော ခရီးသည်သည် ရှိမ်းမကားရွာ၌ ဦးတုတ်ပေါ ဆိုသူ၏ အကြောင်းကို ပြောဆိုလျက်ရှိရာ ယင်း ဦးတုတ်ပေါသည် ငယ်စဉ်တောင်ကျေးက အောက်ပြည်အောက်ရွာသို့ ထွက်ခွာ သွားရောက်ကြောင်း၊ နှစ်ပေါင်းသုံးဆယ်ခန့်အတွင်း တခါတခေါက်မျှ လာရောက်ခြင်းမရှိပဲ အိုမင်းမစွမ်း ရှိသူ မိဘများ သေဆုံးသည့်အခါမှ လာရောက်၍ အမွေအနှစ်များကို ဆက်ခံသိမ်းပိုက်ကြောင်း၊ အထက် သားပင် ဖြစ်သော်လည်း အောက်မြို့ကျေးရွာ၌ကြီးပြင်းခဲ့ရ၍ အိမ်ထောင်ကျခဲ့သည်ဖြစ်သောကြောင့် သား မယားထံပြန်ရန် အမွေအနှစ်ရသည့် လယ်မြေတို့ကို ထုခွဲရောင်းချလျက်ရှိကြောင်း၊ ထို့ပြင် ထူးဆန်းသော အခြင်းအရာဘခုမှာ ဦးတာရဲအမည်ရှိ မိမိတို့ရွာသားတယောက်မှာ ဦးတုတ်ပေါ၏အိမ်သို့ တညသောအခါ၌ သွားရောက်လည်ပတ်ရာတွင် ပျောက်ခြင်းမလှ ပျောက်ဆုံး၍သွားကြောင်းများဖြင့်ပြောဆိုလျက်ရှိလေ၏။

ဦးစံရှားမှာ ပထမ၌ ထိုသူပြောစကားများကို အာရုံမစိုက်တချက် စိုက်တချက်နှင့် ခရီးသည် အသီးသီးတို့၏ ရုပ်လက္ခဏာများကို တယောက်စီ အကဲခတ်လျက်ရှိရာ လူတယောက်ပျောက်ဆုံးသည်ဟု ကြားလိုက်ရသည်၌မူ အမဲလိုက်ခွေးသည် ယုန်အနံ့ရသောအခါ၌ ရှေ့သို့တိုးကာနောက်ဆုတ်ကာဖြင့် လူးလာ ခတ်လျက်ရှိနေဘိသကဲ့သို့သည်းကောင်း၊ ဒုန်းမြင်းသည် တာပတ်ကွင်းကို မြင်သောအခါ၌ နားရွက်စွင့်ကာ လည်ဆောင်ကာဖြင့် ဂဏှာမငြိမ် ရှိနေဘိသကဲ့သို့လည်းကောင်း ဦးစံရှားမှာလည်း ထိုင်းမှိုင်းပျင်းရိသော အမူအရာတို့သည် တခဏချင်းတွင် ပျောက်ကင်းသွား၍ ယင်း၏ထက်မြက်စူးရှသော မျက်လုံးတို့သည် အာရုံစူးစိုက်သည့်အခါ၌ ဖြစ်ပေါ်မြဲအတိုင်း မီးဖို၏အလင်း၌ အရောင်တပြက်ပြက် ထွက်လာခဲ့လေ၏။

ထိုအခါ ဦးစံရှားသည် ဆေးအိတ်မှ ဆေးအနည်းငယ်ကိုယူ၍ ဆေးတံ၌ ကညွှပ်ယင်း—

ရှား။ ။"နေပါဦးဗျ။ ဦးတုတ်ပေါဆိုတဲ့လူကြီး ရောက်လာတာ ဘယ်လောက်ကြာပြီလဲ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


သည်။ ။"နှစ်လခွဲ သုံးလလောက်ရှိ မှတ်ပါတ်ဗျာ"

ရွာ။ ။"ဦးတုတ်ပေါ် လူပုံလူပန်း ပြောစမ်းဗျာ"

သည်။ ။"အသားညိုညို၊ မပိန်မဝ၊ အရပ်ခပ်မြင့်မြင့်၊ မျက်လုံးနည်းနည်းပြူးတယ်"

ရွာ။ ။"အသက်ကောဗျာ"

သည်။ ။"လေးဆယ်ကျော် ငါးဆယ်တွင်းလောက်ရှိ မှတ်တယ်"

ရွာ။ ။"နို့ နေပါဦးဗျ။ ဦးတုတ်ပေါ်က သူ့ရွာသူမရောက်တာ အနှစ် ၂၀-၃၀ နီးပါးရှိပြီဆို"

သည်။ ။"ဟုတ်ကဲ့"

ရွာ။ ။"ဒါဖြင့် သူ့ကို ဘယ်သူမှတ်မိကြသလဲ"

သည်။ ။"ငယ်ငယ်က မြင်ဖူးတဲ့လူများ တချို့တလေ ရှိကြသေးတာပေါ့ဗျ"

ရွာ။ ။"နို့ သူတို့က ဟုတ်တယ်တဲ့လား"

သည်။ ။"တယောက်နှစ်ယောက်ကတော့ စမ်းသပ်ပြီး မေးမြန်းကြည့်ကြသေးတယ်။ မေးမြန်းကြည့်တော့လဲ ရွာက အကြောင်းတွေကို သူ သွက်သွက်လက်လက် ပြန်ပြောနိုင် ဆိုပါလားဗျ"

ရွာ။ ။"ဒါထက် ကျုပ်တခု မေးစမ်းပါရစေဗျာ။ ခင်ဗျား ဦးတုတ်ပေါ်ကို သေသေချာချာ ကြည့်မိရဲ့လား"

သည်။ ။"ကြည့်မိပါသော်ဗျာ။ မလားတူးတဲ့ လူတယောက် ပေါ်လာတယ်ဆိုတော့ တရွာလုံး ဝိုင်းပြီး ကြည့်ကြတာပေါ့ဗျာ"

ရွာ။ ။"နေပါဦး။ ဒါဖြင့် စကားပြောတဲ့ အခါမှာ နှုတ်ခမ်းကို မကြာမကြာ လျှာနဲ့လျက်တတ်တယ် မဟုတ်လား"

သည်။ ။"ခြော် ဟုတ်တယ်ဗျို၊ မြင်မိတယ်"

ရွာ။ ။(ရုတ်တရက် အလွန် စိတ်အားထက်သန်လှသော အမူအရာဖြင့်) "ရယ်လိုက်တဲ့အခါမှာ ညာဘက်က အထက်သွားမှာ သွားတက်ကလေး ပါတယ် မဟုတ်လား"

သည်။ ။"မြင်မိ မှတ်သဗျို့"

ရွာ။ ။"နေဦးဗျ၊ ပျောက်သွားတဲ့လူဟာ ဘယ်သူ"

သည်။ ။"ဦးတာရဲတဲ့ဗျ"

ရွာ။ ။"အဲဒီ ဦးတာရဲဟာ ဦးတုတ်ပေါ် ရောက်စက သူ့အိမ် သွားလည်သလား"

သည်။ ။"မဟုတ်ဘူးဗျ။ ဦးတုတ်ပေါ် ရောက်တာက သုံးလလောက်ရှိပြီ။ သူ အလည်သွားတာက တနေ့ကမှ"

ရွာ။ ။"ဒီလူက လာလည်နေကျလား"

သည်။ ။"မဟုတ်ဘူးဗျ၊ မိုးကုတ်ကို ကျောက်ဝယ်တက်နေလို့ အဲဒီနေ့ကမှ ရွာပြန်ရောက်တယ်"

ရွာ။ ။"ခြော်၊ မိုးကုတ်က ကျောက်တွေကို ဝယ်ပြီး အောက်ပြည် အောက်ရွာ လည်ရောင်းတယ် မှတ်တယ်"

သည်။ ။"ဟုတ်ကဲ့၊ ကျောက်ကုန်ရော၊ ကျဲရော၊ နွားရော အောက်ပြည် အောက်ရွာ ချပြီး ရွာစဉ်လျှောက်ရောင်းတဲ့ လူတယောက်ပေါ့ဗျာ"

ရွာ။ ။"အောက်ပြည် ဆင်းတဲ့အခါမှာ ကဝက်ကင်းရွာရောက်လို့ ဦးတုတ်ပေါ်နဲ့လဲ တွေ့ခဲ့ဖူးတယ် ဟုတ်စ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ။ "တွေ့ခဲ့ဖူးဆို ထင်ပါဗျာ"

ရှား။ ။(ထိုင်ရာမှ ရုတ်တရက် ထ၍) "ကိုင်း ကိုသိန်းမောင်၊ ဒီရွာထဲမှာ လှည်းကောင်း နွားကောင်းများ မရှိဘူးလားဗျာ"

ကျွန်။ ။"ဘာလုပ်မလို့လဲဗျ"

ရှား။ ။"ကျုပ် ရှိမ်းမကားကို သွားချင်တယ်"

ကျွန်။ ။"ရှိမ်းမကား သွားချင်လို့ဆိုယင် မနက်စောစော ရထားနဲ့ ပေါက္ကံဘူတာကို လိုက်ပြီး ပေါက္ကံကမှ လှည်းနဲ့သွားတာပေါ့"

ရှား။ ။"ခင်ဗျား ပြောသလိုသွားယင် ဘယ်အချိန် ရောက်မလဲ"

ကျွန်။ ။"မွန်းမတည့်ခင် ရှိမ်းမကားကို ရောက်ပါတယ်"

ရှား။ ။"အခု ဒီက တခါတည်း လှည်းနဲ့သွားယင်ကော"

ကျွန်။ ။"မိုးလင်းလောက် ရောက်မှာပေါ့"

ရှား။ ။"ကိုင်း၊ စကားမများနဲ့။ လှည်းသာ ရှာပေတော့ ကိုသိန်းမောင်"

ထိုအခါ ကျွန်တော်သည် ဦးစံရှား၏သဘောကို သိသည်ဖြစ်၍ ညတွင်းချင်းလှည်းရှာ၍ငှားပြီးလျှင် ရှိမ်းမကားရွာသို့ ထွက်လာခဲ့ကြရာ ယခင်က ခရီးသည်လည်း ကျွန်တော်တို့နှင့်အတူ လိုက်ပါလာခဲ့လေ၏။

အရုဏ်တက် အချိန်ခန့်၌ ကျွန်တော်တို့သည် ရှိမ်းမကားရွာနှင့် အတော်အတန် နီးကပ်၍ လာခဲ့ရာ အရုဏ်တက်ခါနီး ပေါက်လာတတ်သော လေကလေးသည် တဖြူးဖြူး တိုက်ခတ်လျက်ရှိရာမှ တဖြည်းဖြည်း ပြင်း၍ ပြင်း၍လာခဲ့ရာ မိုးလင်းသဖြင့် ရွာသို့ ချဉ်းကပ်မိသည့်အခါ မိုးတိမ်တို့သည် အထက်ကောင်းကင်၌ စနေထောင့်အရပ်မှ အင်္ဂါထောင့်အရပ်သို့ လျင်မြန်စွာ ဖြတ်သန်းပြေးလွှားလျက် လေညင်းကလေးသည်လည်း မုန်တိုင်းအဖြစ်သို့တိုင် ရောက်ခဲ့လေ၏။

ရွာတွင်းသို့ ဆိုက်ရောက်ကြသောအခါ ရွာသူရွာသားတို့သည် နံနက်စောစောအချိန်၌ လေမုန်တိုင်း ဆင်လျက် ရှိနေသဖြင့် အိပ်ရာမှ မထကြသေးပဲ ရှိနေကြသဖြင့် အိမ်တို့မှာ တံခါးပိတ်လျက် လမ်းများ ပေါ်၌လည်း လျင်မြန်စွာရွေ့လျော လှုပ်ရှားလျက်ရှိသော မြူဖုန်ကလေးများမှအပါ အခြားလူသွားလူလာ တို့ မရှိခဲ့ချေ။

ရွာတွင်းသို့ရောက်လျှင် ကျွန်တော်တို့သည် ဦးတုတ်ပေါ၏အိမ်သို့ လှည်းကို မောင်းစေရာ အခြားသော အိမ်များမှာ အိမ်တံခါးပိတ်လျက် ဦးတုတ်ပေါ၏ အိမ်ဘာခုတည်းသာလျှင် တံခါးပွင့်၍ နေသည်ကို တွေ့ရှိရလေ၏။ ဦးတုတ်ပေါ၏အိမ်မှာ မြစ်ဆိပ်နှင့် များစွာမဝေးကွာသည်ဖြစ်၍ ကျွန်တော်တို့နှင့်အတူ ပါလာသော ခရီးသည်သည် အိမ်တွင်းသို့ဝင်၍ "ဦးတုတ်ပေါ ရှိပါသလော" ဟု မေးမြန်းလျက် ကျွန်တော်နှင့် ဦးစံရှားတို့သည်မူ အိမ်ရှေ့မှရပ်လျက်ရှိစဉ် ဦးစံရှားသည် မြစ်ဆိပ်ဘက်သို့ မျှော်ကြည့်နေရာမှ ရုတ်တရက် ကျွန်တော်၏လက်ကို ကိုင်ဆွဲခေါ်ငင်လျက် ကမ်းနားဘက်သို့ လျင်မြန်စွာ လျှောက်သွားလေ၏။

လှေဆိပ်၌ကား လူတယောက်သည် မျှာယီးပျာယာ ရှိသော အမူအရာနှင့် သမ္ဗန်တစင်းကို ရွက်တိုင် ထူလျက်ရှိရာ ကျွန်တော်တို့လာသည်တို့ မြင်သောအခါ ရွေးကထက်ပင်တိုး၍ အလျင်လိုသော အမူအရာနှင့် ရွက်ထူလျက် ရှိလေ၏။

လေသည် အဟုန်ပြင်းထန်စွာတိုက်ခတ်လျက်ရှိသည် ဖြစ်သောကြောင့် မြစ်တပြင်လုံး လှိုင်းလုံးကြီး များသည် ဖွေးဖွေးဖြူလျက် ကမ်းပါးစပ်သို့လည်း ဆူညံစွာရိုက်ခတ်လျက်ရှိရာ ထိုသူသည် ရွက်တိုင်ကိုစိုက်ထူ

 www.burmeseclassic.com 

မိသည်နှင့်တပြိုင်နက် ရွက်သည် စုတ်ပြတ်၍ ပါသွားတော့မည်ကဲ့သို့ ပြင်းထန်စွာ လှုပ်ရှားလျက် သမ္ဗန်သည်လည်း ပဲ့၌ချည်ထားသောကြိုးကို ပြတ်စေတော့မည့်အလား အဟုန်ပြင်းစွာ ရုန်းလျက် ရှိလေ၏။

ဦးစံရွှားသည် ထိုအခြင်းအရာကို မြင်သောအခါ ရေဆိပ်သို့ လျင်မြန်စွာ ပြေးဆင်းခဲ့လေရာ သမ္ဗန်အနီးသို့ ရောက်သည်နှင့် တပြိုင်နက် ထိုသူသည် သမ္ဗန်၌ချည်ထားသောကြိုးကိုး ဓားနှင့်ခုတ်၍ ဖြတ်လိုက်ရာ သမ္ဗန်သည် လွန်မင်းစွာ ပြင်းထန်သောလေ၏ အဟုန်ကြောင့် ရွက်ကြိုးကိုမျှ ဖောင့်၍မရပဲ ဂိတ်ဖွင့်၍ လွှတ်လိုက်သော ဒုန်းမြင်းကဲ့သို့ တဟုန်တည်း ထိုး၍တက်သွားလေ၏။

ကျွန်တော်နှင့် ဦးစံရွှားတို့မှာ ထိုသူ၏အမူအရာကို ကမ်းမှ ငေးမောကာ ကြည့်နေရစ်ကြရသည်ဖြစ်ရာ ထိုသူသည် ဦးစံရွှားရှိရာသို့ လှည့်၍ ပြောင်လှောင်ရယ်မောပြီးလျှင် ပဲ့မှတိုင်၍ သမ္ဗန်ကို မြစ်၏အခြားတက်ကမ်းသို့ ပဲ့ပေးသဖြင့် သမ္ဗန်ကလေးသည် မိမိထက် အဆများစွာ မြင့်မားထွားကျိုင်းသော လှိုင်းလုံးကြီးများကို ဖြတ်ကျော်လျက် စာပို့မီးရထား၏ အဟုန်ဖြင့် မြစ်ကို ဖြတ်သန်းလျက် ရှိလေ၏။

လေသည် ပြင်းသည်ထက် ပြင်း၍ပင် လာပြန်လေရကား သမ္ဗန်ကလေးသည် ဤလှိုင်းမှ ထိုလှိုင်း၊ ထိုလှိုင်းမှ ဟိုလှိုင်း စသည်ဖြင့် ဖြတ်သန်းကူးကျော်လျက်ရှိနေရာ ဤလှိုင်းဘေးမှလွတ်လျှင် ထိုလှိုင်း၌ နစ်လိမ့်အံ့၊ ထိုလှိုင်းမှလွတ်ပြန်လျှင် ဟိုလှိုင်း၌ မြုပ်လိမ်အံ့၊ စသည်ဖြင့်ထင်မြင်ရသည်ဖြစ်သောကြောင့်ဦးစံရွှားသည်ပင်လျှင် အမှုကိစ္စကို သတိမရပဲ ထိုသူအတွက် စိုးရိမ်ကြောင်းသည့် အမူအရာနှင့် ရှိနေခဲ့လေ၏။

ထိုအချိန်၌ကား မြစ်ဆိပ်သို့ လူအနည်းငယ် ရောက်လာကြသည်ဖြစ်၍ မြစ်ကမ်း၌ စုရုံးဝိုင်းဖွဲ့ကာ သမ္ဗန်ငယ်ကို ကြည့်ကြလျက် "ဟယ် သွားပြီတဲ့၊ ဟယ် နစ်ပြီဟ၊ ဟယ် ကံကောင်းလို့။ သေရောတဲ့ ဒီတခါ"အစရှိသည်ဖြင့် ဆူညံစွာ ဟစ်ခအော်ပြောဆိုလျက် ရှိကြလေ၏။ လေသည် တဟုန်ဘည်း ပြင်းထန်စွာ တိုက်ခရာမှ တချက်ချက်၌ ဆောင့်၍ဆောင့်၍ ဆဘက်ထမ်းပိုး တိုးတက်ပြင်းထန်သော အရှိန်ဖြင့် တချက်တချက် တိုက်ခတ်သိုက်ပြန်ရာ တချက်သောသေပြင်းမှာ ထန်လှသည်ဖြစ်သောကြောင့် သမ္ဗန်ကလေးသည် စောင်း၍ မှောက်သွားလေရာ ကုန်းပေါ်မှလူများသည်"ဟယ် သွားပြီဟ ဒီတခါမှ"ဟု တညီတညာတည်း အော်ဟစ်လိုက်ကြလေ၏။

ထိုအခါမှ ယင်းရွာသားတို့သည် သမ္ဗန်ပေါ်၌ မည်သူလိုက်ပါသွား၍ မည်သူ၏သမ္ဗန်ဖြစ်ကြောင်းကို အသီးသီးထင်မြင်ချက် ပေးကြလေရာ တယောက်သောသူကာသမ္ဗန်နှင့်ကူးသွားသောသူမှာ အခြားသူမဟုတ် ဦးတုတ်ပေါ်ဖြစ်ကြောင်း၊ဦးတုတ်ပေါ်မှာ နံနက်တိုင်း စောစောထ၍ လမ်းလျှောက်တတ်ကြောင်း၊ ယနေ့မနက်၌လည်း ကမ်းနားတွင် လမ်းလျှောက်နေရာမှ မည်သည့်စိတ်ကူးနှင့်မသိ။သမ္ဗန်နှင့် ရုတ်တရက်ကူးသွားကြောင်းများနှင့် ပြောဆိုလေ၏။ မြစ်လယ်၌မူကား သမ္ဗန်ကိုလည်းကောင်း၊ သမ္ဗန်နှင့် လိုက်ပါသွားသောလူကိုလည်းကောင်း အစအနမျှ မမြင်ရပဲ လှိုင်းလုံးကြီးတို့၏ ဖွေးဖွေးဖြူသော ထိပ်များလိုသာလျှင် တွေ့မြင်ကြရလေ၏။

လေသည်လည်း အဟုန်ယုတ်လျော့ခြင်းမရှိပဲ ပြင်းထန်စွာ ဆက်လက် တိုက်ခတ်လျက် လာပြန်ရာ တစုံတယောက်သောသူမျှ သွားရောက်ကယ်ဆယ်ခြင်းငှာ မဝံ့ပဲ ကမ်းပေါ်မှာ ၁၅ မိနစ်ခန့်မျှ ရပ်တန့်ကြည့်ရှုကြပြီးနောက် ထိုလူစုသည် နေအိမ်သို့ အသီးသီး ပြန်သွားကြကုန်၏။

ကျွန်တော်တို့၏လှည်းနှင့်အတူ လိုက်ပါလာခဲ့သော ခရီးသည်လည်း ဦးတုတ်ပေါ်နှင့် မတွေ့သဖြင့် ကျွန်တော်တို့အား မိမိနေအိမ်သို့ လိုက်ပါတည်းခိုရန် ဖိတ်ကြားလေရာ ဦးစံရွှားမှာ ဤအမှုနှင့်ပတ်သက်၍ စိတ်မကျေနပ်သေးသည့် လက္ခဏာနှင့် ရှိမ်းမကားရွာမှ ထွက်ခွာရန် ဆန္ဒမရှိပဲ ထိုသူ၏အိမ်သို့ ဝမ်းမြောက်ဝမ်းသာ တည်းခိုနေထိုင်ရန် လိုက်ပါသွားခဲ့လေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားသည် မိမိ၏ ထုံးစံအတိုင်း အမှုအကြောင်းနှင့် စပ်လျဉ်း၍ ကျွန်တော်နှင့် တိုင်ပင်ပြောဆိုခြင်း မပြုသေးပဲ နံနက်စာ စားသောက်၍ ပြီးသဖြင့် လက်ဖက်ရည်ကြမ်းဝိုင်း၌ ထိုင်ကြသည့်အခါမှ

ရှား။ ။"သမ္ဘန်နဲ့ ထွက်သွားတဲ့လူကို နာမည်တော့ ခင်ဗျား ကြားဖူးမှာပေါ့ ကိုသိန်းမောင်"

ကျွန်။ ။"ဦးတုတ်ပေါ်ဆို မဟုတ်လားဗျ"

ရှား။ ။"ဘယ်က ဦးတုတ်ပေါ်ရမလဲဗျာ။ ကျုပ်တို့မိတ်ဆွေကြီး ဦးမင်းဟန်ပေါ့"

ကျွန်။ ။"ဗျာ၊ ရန်ကုန်က ခင်ဗျား ခဏခဏ ပြောနေတဲ့ ဦးမင်းဟန်လားဗျာ"

ရှား။ ။"အစစ်ပေါ့ဗျ။ ဒီလူ ငုပ်ကွယ်နေတာ နှစ်လသုံးလလောက် ရှိသွားလို့ ဘယ်များရောက်နေပါလိမ့်မလဲလို့ ကျုပ်လဲ သတင်းနားစွင့်ပြီးနေတုန်း မထင်တဲ့အရပ်တခုမှာ လာပြီး တွေ့နေရသဗျာ။ ကျုပ်က ဒီလောက်ဝေးဝေး ကျက်စားလိမ့်မယ်လို့ မထင်မိဘူးဗျ။ လူဆိုးထဲမှာ ဒီလောက် နယ်ကျယ်တဲ့လူများ ကြားများကြားဖူးကြလားဗျာ"

ကျွန်။ ။"ဒီတခါ ဘာအမှုလဲဗျို့"

ရှား။ ။"ဒီတခါလား။ လိမ်လည်မှုက တခုဗျ။ လူသတ်မှုက နှစ်ခုဗျ"

ကျွန်။ ။"လိမ်လည်မှုက ဦးတုတ်ပေါ်ယောင်ဆောင်မှု မှတ်တယ်"

ရှား။ ။"အစစ်ပဲဗျ"

ကျွန်။ ။"လူသတ်မှုကကောဗျာ"

ရှား။ ။"ဦးတုတ်ပေါ်နဲ့ ဦးတာရဲကို သတ်မှုပေါ့ဗျ။ သူက ရန်ကုန်မှာ နေပေမယ့် ရွာစဉ်တလျှောက်မှာ တပည့်တွေအများကြီးရှိလေတော့ ဦးတုတ်ပေါ်ဆိုတဲ့ လူအကြောင်းကြားတဲ့အခါမှာဦးတုတ်ပေါ်ယောင်ဆောင်ပြီး သွားဖို့အကြံဖြစ်၊ အကြံဖြစ်တဲ့အတိုင်း ဦးတုတ်ပေါ်ကိုတနည်းနည်းနဲ့သတ်၊ သတ်ပြီး ဦးတုတ်ပေါ်အဖြစ်နဲ့ ရှိမ်းမကားမှာ အမွေကို အချောင်ယူ၊ ပစ္စည်းတွေကိုရောင်းနေတုန်း ဦးတုတ်ပေါ်အစစ်ကိုမြင်ဖူးတဲ့ ဦးတာရဲက လာပြီးလည်၊ လည်တော့ သူ့အလိမ်ပေါ်မှာစိုးလို့ ဦးတာရဲကိုလဲ အဆုံးစီရင်လိုက်တာပေါ့ဗျ"

ကျွန်။ ။"ရက်ရက်စက်စက် ကြံလဲကြံဝံ့တဲ့ လူဘာယောက်ပါပေပဲဗျာ၊ ကြိုးဒဏ်နဲ့မသေပဲ ဒီတခါဖြင့် ရေဘေးနဲ့ ကိစ္စချောရှာပါပြီဗျာ"

ရှား။ ။"ရက်စက်တာမှာတော့ သူ့အပြင် ဘယ်ရှိမလဲဗျာ။ ရေဘေးနဲ့ကိစ္စချောပြီဆိုတဲ့ စကားကတော့လဲ ဟုတ်ချင်မှ ဟုတ်ဦးမယ့် လူတယောက်ဗျ"

ကျွန်။ ။"မဟုတ်သဲ ဘာခံနိုင်ပါ့မလဲဗျာ။ ကျွန်တော်တို့ မျက်စိအောက်တွင် လူရော၊သမ္ဘန်ရော နစ်သွားတာ မြင်လိုက်ရတဲ့ အလုပ်ကပဲ"

ရှား။ ။"မလုပ်နဲ့ကိုသိန်းမောင်ရေ၊ အယင်တခါလဲ မျက်စိအောက်တွင် မီးထဲပါသွားသလိုလိုနဲ့ တော်တော်ကြာတော့ တခါပြန်ပြီးပေါ်လာဖူးပြီ မဟုတ်လား"

ကျွန်။ ။"ဒီတခါတော့ ခင်ဗျားလူ မပေါ်နိုင်တော့ပါဘူး"

ရှား။ ။"မလုပ်နဲ့ကိုသိန်းမောင်ရေ့၊ ဒီလူက အင်မတန် အသက်ပြင်းတဲ့လူ။ ကျုပ်ဖြင့် သူ့အလောင်းကို မျက်စိနဲ့မြင်ရမှ သေပြီလို့ စိတ်ချရတော့မှာပဲဗျို့"

ကျွန်။ ။"ဒါဖြင့် ခင်ဗျားဒီကနေ့ မပြန်သေးဘူးပေါ့လေ"

ရှား။ ။"တရက်လောက်တော့ သည်းခံပါဦး ကိုသိန်းမောင်"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့၌ ကျွန်တော်တို့သည် ရှိမ်းမကားရွာ၌ ဦးစံရှား၏ သဘောအလျောက် တရက်မျှစောင့်ဆိုင်း ယင်း ရွာ၏ အခြေအနေကို လှည့်လည်ကြည့်ရှုကြရာ ရှိမ်းမကားရွာမှာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့် လောက်က မြို့အုပ်ရုံးစိုက်ခဲ့သဖြင့် ရှိမ်းမကားမြို့ဟူ၍ အမည်တွင်လျက် အတော်အတန် စည်ကားခဲ့ဖြူး သော်လည်း ယခုအခါ၌မူ မြို့အုပ်ရုံးသည် ဝက်လက်မြို့သို့ ရွှေ့ပြောင်းခဲ့ပြီ ဖြစ်သောကြောင့် များစွာ စည်ကားခြင်းမရှိပဲ မြေအိုး၊ စဉ့်အိုးများ လုပ်ကိုင်သည့် လုပ်ငန်းမှတပါး အခြားကြီးကျယ်သည့် လုပ်ငန်း ဟူ၍ ပြောပလောက်အောင် မရှိတော့ချေ။

ရှေးအခါက စည်ကားခဲ့ဖူးသော ဈေးများသည်လည်း ကျီးနှင့်ဖုတ်ဖုတ် ရှိနေလျက် ကမ်ရောဂါ သည်လည်း မကြာခဏ ဖိစီးနှိပ်စက်ခြင်းကြောင့် အရောင်းအဝယ် ယုတ်လျော့ခြင်း၊ ရွှေ့ပြောင်းထွက်ခွာ သွားကြသော ရွာသားတို့မှာလည်း အတော်ပင် များပြားသည် ဖြစ်ခြင်းတို့ကြောင့် ခြောက်သွေ့ပျင်းရိ ဖွယ် ကောင်းသော ရွာတရွာဖြစ်၍ နေလေ၏။

ညနေခင်းအချိန်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် အရေးရှိက အကူအညီရစေခြင်းငှာ ရွာသူကြီး အိမ်သို့ သွားရောက်၍ သူကြီးနှင့် တွေ့ဆုံစကားပြောဆိုကြရာ ထိုသူမှာ ဘောရွာသူကြီးပင်ဖြစ်သော်လည်း သတင်းစာ၊ မဂ္ဂဇင်းဖတ်ရှုခြင်း၌ အလေ့ဝါသနာ ပါခဲ့သည်ဖြစ်၍ ဦးစံရှား အမည်ကို ကြားဖူးသည်နှင့် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုပြုပြီး အမှုနှင့်ပတ်သက်၍ဖြစ်စေ၊ မည်သည့်ကိစ္စနှင့်ဖြစ်စေ အကူအညီအလို ရှိပါက ဝမ်းမြောက်စွာ ကူညီပါမည့်အကြောင်းနှင့် ပြောဆိုလေ၏။ ယင်းကဲ့သို့ စကားပြောဆိုလျက် ရှိကြစဉ် ရွာသားတယောက်သည် အိမ်ပေါ်သို့တက်လာ၍ မြစ်ဆိပ်၌ အလောင်းတခုကို တွေ့ရှိကြောင်းနှင့် သူကြီးအား လာရောက်တိုင်တန်းလေ၏။

ထိုအခါ သူကြီးနှင့်တကွ ကျွန်တော်တို့ အားလုံးသည် ဦးတုတ်ပေါ်ဆိုသူ၏ အလောင်းပေလောဟု ကြည့်ရှုရန် ထိုသူနှင့်လိုက်ပါသွားကြလေ၏။ ရှိမ်းမကားရွာအောက် တမိုင်ခန့်လောက်တွင် လူဇာစုတို့သည် တစုံတခုသော အရာဝတ္ထုကို ဝိုင်းရံကြည့်ရှုနေကြရာ ရွာသူကြီးနှင့် ကျွန်တော်တို့ သွားရောက်ကြသော အခါ လူစုသည် ရွှေ့ပေးကြလေ၏။

ကျွန်တော်တို့သည် ထိုလူများ ဖယ်ရှားသဖြင့် ထိုအရာဝတ္ထုကို အနီးသို့ ချဉ်းကပ်ကြည့်ရှုကြရာ အလောင်းတခုသည် သဲသောင်ပြင်ပေါ်၌ ပက်လက်လန်လျက် မျက်နှာ၌မူကား ငါးများ ကိုက်ဟပ်၍ထား သဖြင့် မမှတ်မိနိုင်လောက်အောင် ရှိခနေခဲ့ရာ အဝတ်အစားတို့မှာလည်း အစိတ်စိတ် အမြွာမြွာ ဖြစ်လျက် အရောင်အသွေး မထင်ရှားပဲ ရှိနေလေ၏။ ဦးခေါင်းမှာလည်း ဆံပင်ဖားလျားကျလျက်ရှိရာ အချို့သော ရွာသားတို့က ဦးတုတ်ပေါ်၏ ဆံပင်မှာလည်း ဤမျှလောက်ပင် ရှိသည်ဟု ပြောဆိုကြလေ၏။

ရွာသူကြီးလည်း အလောင်းကို မည်သည့်နည်းနှင့် တွေ့ရှိသနည်းဟု မေးမြန်းသဖြင့် တံငါသည် တယောက်က မိမိပိုက်နှင့် ငြိ၍ပါလာကြောင်း ပြောလျက်ရှိစဉ် ဦးစံရှားသည် အလောင်းကို သေချာစွာ ကြည့်ရှုနေရာမှ အလောင်း၏ နှုတ်ခမ်းကို မ၍ အထက်သွားကို မြင်သည်နှင့် တပြိုင်နက် ယုံမှားသံသယ ကင်းသည့် အမူအရာနှင့် ရှိနေလေ၏။ အကြောင်းမူကား ဦးမင်းဟန်မှာ အထက်သွားတွင် သွားတက်တခု ပါရှိ၍ ဤအလောင်း၌ကား ယင်း သွားတက် ပါသည်ကို မတွေ့မမြင်ရသောကြောင့် ဖြစ်လေသည်။

ထိုအကြောင်းကို ရွာသူကြီးအား ပြောပြပြီးနောက် ကျွန်တော်တို့သည် ရွာသို့ ပြန်လာကြမည် ပြုရာ သူကြီးက ကျွန်တော်တို့အား မိမိနှင့် အတူတကွ ပြန်ကြပါမည့်အကြောင်းနှင့် ပြောဆို၍ ကျွန်တော် တို့အား တခဏမျှ စောင့်ဆိုင်းရန် တားပြီးလျှင် အလောင်းကို သုသာန်ကို ဆောင်ကြဉ်းကြရန် ရွာသား များအား ထမ်းစင်တခုကို ပြုလုပ်စေရာ ရွာသားတို့လည်း အလောင်းတင်၍ဖြစ်ရုံမျှသာ စင်တခုကို လျှင်

www.burmeseclassic.com



မြန်စွာ ပြုလုပ်ပြီးနောက် အလောင်းကို စင်ပေါ်သို့ တင်မည်ပြုဆဲတွင် အလွန်တရာ နက်ကျယ်လှသော အသံကြီးတခုသည် အသည်းနှလုံး တုန်လှုပ်ဖွယ်ရှိလောက်အောင် ဟက်ဟက်ပက်ပက် ရုတ်တရက် ရယ်မောလိုက်သည်ကို ကြားကြရလေ၏။

ထိုအသံကို ကြားရသည်နှင့် တပြိုင်နက် အလောင်းကို ချီမ လျက်ရှိသော ရွာသားတို့လည်း ရုတ်တရက် လွှတ်၍ ချပြီးလျှင် ကြက်သီးထကာ ခေါင်းကြီးကာဖြင့် တယောက်၏မျက်နှာကို တယောက် အံ့အားသင့်ကာ ကြည့်ရှုလျက် ရှိကြလေ၏။ ထိုအသံကြီးမှာ အရှေ့အရပ်မှလည်းကောင်း၊ အနောက်အရပ်မှလည်းကောင်း၊ တောင်အရပ်မှလည်းကောင်း၊ မြောက်အရပ်မှလည်းကောင်း၊ အထက်ကောင်းကင်မှလည်းကောင်း၊ မြေအောက်မှလည်းကောင်း၊ ရေထဲမှလည်းကောင်း၊ အနီးရှိကျောက်ဆောင်များမှလည်းကောင်း မည်သည့်အရပ်မှလာသည်ကို မည်သူမျှ တွေးတောခြင်းငှာ မတတ်နိုင်ပဲ ကြက်သီးမွေးညင်းထလျက် ရှိနေကြရာ ဦးစံရှားပင်လျှင် နှုတ်ခမ်းကို ကိုက်လျက်ရှိလေ၏။

အံ့သြခြင်း ပြေပျောက်သည်နှင့်တပြိုင်နက် မည်သည့်အရပ်မှလာသော အသံဖြစ်သည်ကို တယောက်တမျိုး ပြောဆိုကြပြီးနောက် ထပ်လောင်း၍ ကြားရဦးမည်လောဟု အတန်ကြာအောင် စောင့်ဆိုင်း၍ နေကြပါသော်လည်း ထပ်မံ၍ မကြားရသဖြင့် ကျွန်တော်တို့သည် ပြန်လာခဲ့ကြရလေ၏။ လမ်းခရီး၌ ထိုအသံသည် ငှက်ဘမျိုး၏ မြည်သံဟူ၍လည်းကောင်း၊ ခွေးတမျိုး၏အူသံဟူ၍လည်းကောင်း အမျိုးမျိုးတွေးတော ပြောဆိုကြလေရာ လူအများ စိတ်ကျေနပ်လောက်အောင် မည်သူမျှ တွေးတောနိုင်ခဲ့သည် မရှိပေ။

ရွာသားများသည် သူသာန်သို့ သွားရောက်ကြသဖြင့် ကျွန်တော်တို့သည် သူကြီးနှင့်အတူ ယင်း၏ နေအိမ်သို့ ပြန်လာကြ၍ ညစာထမင်းကို သူကြီးအိမ်၌ပင် စားသောက်ကြလေ၏။ ထို့နောက် သူကြီးသည် ရှိမ်းမကားရွာ၌ တည်းခိုနေထိုင်ရန် တောင်းပန်၍ ကျွန်တော်နှင့်အတူ လိုက်ပါခဲ့သော ရွာသား အိုမ်ရှင်အားလည်း စေလွှတ်အကြောင်းကြားပြီးလျှင် ကျွန်တော်တို့သည် ထိုည၌ သူကြီးအိမ်၌ပင် တည်းခိုနေထိုင်ခဲ့ရလေ၏။

ထိုညက ကျွန်တော်တို့သည် လက်ဖက်ရည်ကြမ်းများကို တကာရေးပြီး တကာရေး သောက်ကြပြီးလျှင် ကျေးရွာ၏အတ္တုပ္ပတ္တိများကို သူကြီးကပြောဆို၍ အမှုအမျိုးမျိုး၏ အကြောင်းများကိုလည်း ကျွန်တော်နှင့် ဦးစံရှားတို့က အပျင်းပြေစေရန် တလှည့်စီ ပြောကြားလျက်ရှိရာ အတော်ပင် ညဉ့်နက်ခဲ့လေ၏။ ယင်းသို့ ရှိစဉ် ကျွန်တော်သည် ကျွန်တော်၏ အနီးသို့ လျှောက်လာသော ကြောင်ကလေးကို ဖမ်းယူ၍ ရင်ခွင်၌ တင်ပြီးလျှင် လည်ကုပ်ကို သပ်၍ပေးရာ ကြောင်ကလေးသည် အိပ်ပျော်ဘိသကဲ့သို့ မှိန်းလျက် ရှိလေ၏။

နာရီ တဝက်ခန့်မျှ ကျွန်တော်၏ အပေါ်၌ ငြိမ်ဝပ်စွာနေပြီးမှ ကြောင်ကလေးသည် ရုတ်တရက် ထပြီးလျှင် ကြမ်းပေါ်သို့ ခုန်ဆင်း၍ ခါးကိုကုန်းလျက် သွားကိုဖြဲကာ တဖြည်းဖြည်း မြည်လျက် တကိုယ်လုံးမှ အမွေးများထောင်ပြီးလျှင် စိတ်ဆိုးသည့် အမူအရာမျိုးကို ပြလေ၏။ ကြောင်ကလေးသည် တံခါးပေါက်ရှိရာသို့ လှည့်လျက် မျက်လုံးများကို ပေါက်၍ထွက်မတတ် ပြူးဖြီးလျှင် တရှုံ့ရှုံ့ တဖြဲဖြဲ မြည်လျက် ရှိနေရာ

ရှား။ ။"အိမ်ပြင်က ခွေးများ လာသလားဗျ"

သူကြီး။ ။"အိမ်နားက ခွေးတွေတော့ သူနဲ့ အကုန်လုံး ကစားဘက်ပဲ။ တခြားက ခွေးများ လာလေရော့သလား"

ရှား။ ။"နေစမ်းပါဦးဗျာ။ ကြည့်ပါဦးမယ်"ဟု ပြော၍ ဦးစံရှားသည် ထိုင်ရာမှ ထပြီးလျှင် တံခါးကိုဖွင့်၍ အပြင်သို့ထွက်သွားလေ၏။ အပြင်သို့ ရောက်သည်နှင့်တပြိုင်နက် အိမ်တွင်း၌ကျန်နေရစ်သော



www.burmeseclassic.com

www.burmeseclassic.com

သူကြီးနှင့် ကျွန်တော်သည် ခွေးသံသည်းမဟုတ်၊ ကြောင်သံလည်း မဟုတ်၊ ထူးဆန်းသော အသံတခုကို အိမ်ပြင်မှ ကြားရသဖြင့် တိုင်ရာမှ ထကြပြီးလျှင် အိမ်ရှေ့သို့ လိုက်သွားကြလေ၏။ ထိုညသည်ကား လဆုတ်ဖြစ်သဖြင့် လရောင်မရှိသည့်ပြင် ကမိုးလုံးလည်း မည်းနက်သော မိုးတိမ်တို့ဖြင့် ဖုံးအုပ်လျက် ရှိလေရကား ကြယ်များ၏ အရောင်ပင် ကင်းမဲ့လျက် ပိန်းပိတ် မည်းမှောင်လျက် ရှိလေ၏။

ကျွန်တော်တို့သည် အပြင်သို့ ရောက်ကြသောအခါ ကြောက်မက်ဖွယ်ကောင်းသော ဟိန်းဟောက်သံများကိုသာလျှင် ကြားရ၍ ဦးစံရွှားအသံကိုသော်လည်းကောင်း၊ ဦးစံရွှားကိုသော်လည်းကောင်း၊ အခြားအရာဝတ္ထုကိုသော်လည်းကောင်း ကြားသိ တွေ့မြင်ရခြင်း မရှိလေရာ ကျွန်တော်သည် အိမ်တွင်း၌ စားပွဲပေါ်တွင် တင်ထားသော လက်နှိပ်ဓာတ်မီးကို သတိရ၍ လျင်မြန်စွာ ဆောင်ကြဉ်းခဲ့ပြီးလျှင် အသံကြားရာသို့ မီးနှင့် ထိုးကြည့်လိုက်လေ၏။

ထိုအခါ ဦးစံရွှားမှာ မြေပေါ်၌ ပက်လက်လန်လျက် သူ၏ အပေါ်၌ကား ဝက်ဝံတကောင်သည် လေးဘက်ခွ၍ စီးပြီးလျှင် ဖွေးဖွေးဖြူသော သွားတို့ဖြင့် ဦးစံရွှား၏ လည်ပင်းကို ကိုက်ဟပ်မည့်ဆဲဆဲ ချိန်ရွယ်လျက် ရှိလေ၏။ ဦးစံရွှားမှာမူ လက်ဝဲဘက်ဖြင့် မိမိ၏လည်မျိုကို ကိုက်ဟပ်ရန် ချိန်ရွယ်နေသော ဝက်ဝံ၏ ဦးခေါင်းကို တွန်းဖယ်လျက် လက်ယာလက်မှာမူ ဓါးပတ်ရှိရာသို့ စမ်းသပ်လျက် ရှိလေ၏။

ကျွန်တော်တို့သည် ဦးစံရွှား၏ ဘေးအန္တရာယ်ကို မြင်သည်နှင့် တွေ့ရာလက်နက်များကို ဆွဲကိုင်လျက် ထိုသတ္တဝါကို ရိုက်နှက်မည် ပြုကြရာ ဦးစံရွှားက "ဖယ်ကြ၊ ဖယ်ကြ၊ အနားမကပ်ကြနဲ့"ဟု ပြောသဖြင့် ကျွန်တော့်မှာ ဦးစံရွှား၏ ခေါင်းရင်းမှ ရပ်လျက် လက်နှိပ်ဓာတ်မီးကို ဝက်ဝံ၏ မျက်လုံးသို့ တည့်တည့်ထိုး၍ ပေးသဖြင့် ဝက်ဝံသည် ဦးစံရွှား၏ လည်ပင်းကို ချိန်ရွယ်ရာ၌ ယောင်ယောင်မှားမှား ရှိနေသည်တွင် ဦးစံရွှားသည် ဓါးပတ်၌ ဆောင်ထားသော ခြောက်လုံးပြူးသေနတ်ကို ဆုပ်ကိုင်မိ၍ ဝက်ဝံ၏ခံတွင်းသို့ ထိုးထည့်ပြီးနောက် ခလုတ်ဖြုတ်လိုက်ရာ ဝက်ဝံသည် လေထဲသို့ တချက်မျှခုန်၍ တက်ပြီးနောက် အသေကောင်အဖြစ်နှင့် ကျလာခဲ့လေ၏။

၂

(အောက်ပါ အဖြစ်အပျက်များမှာ ဦးမင်းဟန်နှင့် ကျွန်တော် တွေ့ရပြီးနောက် သိရှိရသော အဖြစ်အပျက်များ ဖြစ်လေသည်။)

ရှိမ်းမကားရွာ၏ အောက် တမိုင်ကျော်ခန့်မျှ ဝေးသော အရပ်တွင် တောင်ပူစာငယ်တခု ရှိလေရာ ယင်းတောင်ကို ဖောက်ထွင်း၍ ဂူ၏သဖွယ် ပြုလုပ်ပြီးလျှင် ဆင်းတုတော်များ သွတ်သွင်း ကိုးကွယ်ခဲ့ဖူးလေသည်။ ထိုအချိန်အခါ၌မူ ဂူသည် အင်္ဂတေများ ပျက်ပြိုလျက် ဆင်းတုတော်တို့မှာလည်း ကျိုးပဲ့ပျက်စီးလျက်ရှိခဲ့ရာ ရွာသူ ရွာသားတို့ အရောက်အပေါက် မရှိကြသည် ဖြစ်သောကြောင့် ယင်းဂူမှာ ဆင်နေကျွားအောင်းဖြစ်၍ နေခဲ့လေ၏။ ယင်းဂူကြီးအတွင်း အမှောင်ဆုံးသော ထောင့်တခု၌ လူတယောက်သည် ပလ္လင်ပျက်တခုကို မှီလျက် တယောက်တည်း ညည်းညူနေသည်မှာ

"ငါ့ကိုယ်က ကြိုးဘေးနဲ့သေချင်တဲ့အကောင် ထင်ပါရဲ့။ ရန်သူမျိုး ငါးပါးအနက်က မီးဘေးကလဲ လွတ်ခဲ့ပြီ။ အခုတခါ ရေဘေးကလဲ လွတ်ခဲ့ပြန်ပြီ။ မင်းပြစ်မင်းဒဏ်နဲ့ သေမယ့်အကောင်မို့လို့ မီးကလဲ ကွင်းပြီ။ ရေကလဲ လက်မခံပဲ နေခဲ့ထင်ပါရဲ့။ သို့သော် အခုဖြင့် ရေဘေးလဲ မကြောက်၊ မင်းဘေးလဲ


www.burmeseclassic.com

www.burmeseclassic.com


မခြောက် ထမင်းဆာတဲ့ ဘေးက အရေးအကြီးဆုံး ဖြစ်နေပြီကော'' စသည်ဖြင့် ညည်းညူလျက် ရှိနေသူမှာ ဦးမင်းဟန်ပင် ဖြစ်လေသည်။

ဦးမင်းဟန်သည် သမ္ဗန်နှင့် အတူတကွ နစ်၍သွားပြီးနောက် သမ္ဗန်သည် ရေပေါ်သော အသားမဟုတ်သည်ကို သတိရသည်နှင့် တပြိုင်နက် ဖက်ထားသော သမ္ဗန်ကို လွှတ်လိုက်၍ လက်ခြေတို့ဖြင့် ကူးယက်သည်တွင် ရေပေါ်သို့ ပေါ်လာခဲ့လေ၏။

သေကံမရောက် သက်မပျောက် ဟူသော စကားပုံအရ ဦးမင်းဟန်သည် အမျိုးမျိုးသော ဘေးအန္တရာယ်တို့မှ လွတ်မြောက်ခဲ့ဖူးသူတယောက် ဖြစ်ခဲ့ရာ ရေပေါ်သို့ ပေါ်လာသည်နှင့် တပြိုင်နက် သမ္ဗန်၌ ထည့်ထားသော အိုးတလုံးသည် အနီးမှကပ်၍ မျောလာသဖြင့် အိုးကိုဆယ်ယူ၍ မှောက်ပြီး တွယ်၍နေလေ၏။ ထိုအခါ၌ လေပြင်း၏ အဟုန်ကြောင့် လှိုင်းလုံးကြီးတို့သည် မြင့်မောက်စွာ ထကြွလျက် ရှိလေရာ ဦးမင်းဟန်သည် မိမိအား ကမ်းမှလူများ မမြင်နိုင်စေရန် ဦးခေါင်းကို အိုးဖြင့်ကွယ်၍ ထားလေ၏။ ယင်းအိုးကို တဖန် လှိုင်းလုံးကြီးတို့သည် ကွယ်၍ ထားပြန်သည် ဖြစ်သောကြောင့် ကမ်းမှရပ်ကာ ကြည့်ရှုလျက် ရှိနေကြသော သူတို့သည် ဦးမင်းဟန်ကို လည်းကောင်း၊ အိုးကိုလည်းကောင်း မမြင်နိုင်ပဲ ရှိကြလေ၏။

ကမ်းမှ စောင့်ဆိုင်း၍ ကြည့်နေသောသူများ ထွက်သွားကြသည့် အခါမှ ဦးမင်းဟန်သည် ခြေဖြင့် တခါ လက်ဖြင့်တလှည့် ယက်၍ ကမ်းဘက်သို့ ကူးလာခဲ့ရာ မွန်းတည့်ချိန်နီးခါမှ အောက်ဘမိုင်လောက်ရှိ ဆိပ်ကမ်း၌ တင်လေ၏။ ကမ်းသို့ ရောက်လျှင် သဲသောင်ပေါ်မှာ လေးဘက် လေးတန် ဆန့်ကား၍ အညောင်းအညာ ဖြေပြီးနောက် ပုန်းအောင်းရန် နေရာအရပ်ကို ရှာဖွေရာ မနီးမဝေး၌ပင် ယခင်က ဂူငယ်ကို တွေ့ရှိရလေ၏။

ထိုအခါ ဦးမင်းဟန်သည် ညဥ့်သို့တိုင်အောင် ဤဂူ၌ ပုန်းအောင်းအံ့ဟု အကြံဖြစ်၍ မိမိ၏ စွတ်စိုသော အဝတ်များကို ချွတ်ပြီးလျှင် ရေများကို ညှစ်၍ သွေ့ခြောက်စေရန် လှန်းထားလေ၏။ ထို့နောက် အုတ်ခဲတခဲကို ခေါင်းအုံးကာ မြေပေါ်၌ လှဲလိုက်ရာ ဦးမင်းဟန်သည် တမနက်လုံး ရေကူးရ၍ မောဖန်းသည်နှင့် အိပ်ပျော်၍ သွားခဲ့လေ၏။

အိပ်ရာမှ နိုးသောအခါ နေသည် အတော်ပင် စောင်း၍ သွားပြီဖြစ်ရာ ဦးမင်းဟန်သည် ခြောက်သွေ့လျက်ရှိသော မိမိ၏ အဝတ်များကို ကောက်ယူဝတ်ဆင်ပြီးလျှင် ဆာလောင်မွတ်သိပ်သည်နှင့် ပလ္လင်ကို မှီလျက် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ညည်းညူမိခြင်း ဖြစ်လေသည်။ ထိုအချိန်၌ကား နေသည် အတန် ယုတ်လျော့လျက် ရှိသည်ဖြစ်၍ ဦးမင်းဟန်သည် ဂူပေါက်မှပြူပြီးလျှင် မြစ်ပြင်ခရီးသို့ မျှော်ကြည့်မိလေ၏။

ထိုအချိန်၌ တံငါသည် တယောက်သည် တခုသော ချောင်းကွေ့၌ ကွန်ပစ်လျက်ရှိလေရာ မကြာမီ အဘွင်းတွင် အလောင်းတခုသည် ကွန်၌ငြိ၍ပါသွားသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ တံငါသည်လည်း ရွာသားများအား သွားရောက် အကြောင်းကြားလေရာ ရွာသားတို့သည် နှစ်ယောက်တတွဲ၊ သုံးယောက် တတွဲ စသည်ဖြင့် လာရောက်ကြည့်ရှုကြ၍ နောက်ဆုံး၌ ရွာသူကြီးနှင့် စုံထောက်ဦးစံရှားတို့ ရောက်လာကြသည်ကို ဦးမင်းဟန် တွေ့မြင်ရလေ၏။

ဦးစံရှားသည် အလောင်းကို ဦးမင်းဟန်၏ အလောင်းဖြစ်လေသလောဟု စုံစမ်းကြည့်ရှုလျက်ရှိသည် များကို ဦးမင်းဟန် တွေ့မြင်ရသောအခါ ဦးစံရှား၏ အပေါ်၌ နှစ်ပေါင်းများစွာ အခဲမကျေပဲ ဖွဲ့စည်း၍ ထားခဲ့သော ရန်ငြိုးတို့သည် ဆထက်ထမ်းပိုးတိုးကာ ပွားများလာခဲ့ပြီးလျှင် ခေါင်းမြှောင်ကို ဆုပ်လျက် ''မင်းနဲ့


www.burmeseclassic.com

www.burmeseclassic.com



ငါစော့ ကမ္ဘာရန်ပ မောင်စံရှားရယ်။ မင်းမသေ ငါသေ၊ ငါမသေယင် မင်းသေဖို့ပက္က'' စသည်ဖြင့် အံကြိတ်ကာ ကြိမ်းဝါးမိလေ၏။

သူကြီးနှင့် ရွာသားတို့လည်း ထမ်းစင်ပြုလုပ်ပြီးလျှင် အလောင်းကို ထမ်းစင်ပေါ်သို့ တင်နေသည်များကို ဦးမင်းဟန်တွေ့မြင်ရသောအခါ ရွာသားတို့သည် ထိုအလောင်းကို မိမိ၏အလောင်း ထင်မှတ်လေသလောဟု တွေးတောမိသည်နှင့်တပြိုင်နက် ဦးမင်းဟန်သည် အလွန်တရာ အူယား၍ ရယ်ချင်သောစိတ် ဖြစ်ပေါ်ခဲ့လေ၏။

ယင်းသို့ ဖြစ်ပေါ်ခဲ့လျှင် ဦးမင်းဟန်သည် မဘားအန္တရာယ်ကို မထိမ့်မြင်ပြု၍ ပမာမခံ့သော သဘော ရှိသည့်အလျောက် ရယ်ချင်သောစိတ်ကို မချုပ်တည်းနိုင်ပဲ အသံကျယ်လောင်စွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ဦးမင်းဟန်သည် ဂူဝမှရပ်၍ ရယ်ခြင်းဖြစ်သောကြောင့် အသံသည် လိုဏ်သံပါပြီးလျှင် ကြောက်မက်ဖွယ် ပဲ့ထင်ထပ်လျက်ရှိသည် ဖြစ်သောကြောင့် ရေဆိပ်၌ရှိသောသူတို့သည် မည်သည့်အရပ်မှ လာသောအသံဖြစ်သည်ကို မခန့်မှန်းနိုင်အောင် ရှိခဲ့ကြလေ၏။ ထို့နောက် ရွာသားတို့သည် နောက်ထပ်၍ အသံကြားရဦးမည်လောဟု စောင့်ဆိုင်းနားထောင်ကြသော်လည်း ဦးမင်းဟန်သည် ထပ်လောင်း၍ အသံ မပေးပဲ ရှိခဲ့ရာ ရွာသားတို့သည် အလောင်းကို ယူသွားကြသည့်အခါမှ ဂူတွင်းသို့ဝင်၍ အကြံထုတ်ခဲ့ခြင်း ဖြစ်လေ၏။

နေဝင်သည်နှင့်တပြိုင်နက် ဦးမင်းဟန်သည် ထိုင်ရာမှထ၍ ခါးပတ်၌ရှိသော အိတ်အတွင်းသို့ သွတ်သွင်း၍ထားသော ငွေစက္ကူများကို ထုတ်နုတ်ရေတွက်လေရာ ယင်းတို့မှာ တရာတန်ချပ်ရေ ၃၀နှင့်၁၀တန် ချပ်ရေ ၁၀၀နီးပါးမျှ ရှိလေ၏။ ယင်းငွေစက္ကူများစွာမှာ ဦးတုတ်ပေါ၏ လယ်ယာချောင်းမြေများကို ရောင်းချ၍ ရခဲ့သော ငွေများဖြစ်လေသည်။ စက္ကူများကို ရေတွက်ပြီးနောက် 'ဒီထက် ဆယ်ဆလောက်ရဖို့ ဥစ္စာ ဒီငစံရှား လာပြီးတော့ ရှုပ်တယ်။ ကိုင်း၊ သို့သော် လွန်ပြီးသား တွေးပြီး ဆွေးနေလို့မဖြစ်သေးဘူး။ ဝမ်းထဲကလဲ ပူလှပြီ။ဒီကနေ့ ညစာစားရအောင် ကြံစည်ဖို့အရေးက ရှိချေသေးတယ်' စသည်ဖြင့် တယောက် တည်း ပြောဆိုလျက် မည်သို့ပြုလုပ်ရမည်များကို ကြံစည်တွေးတော၍ နေလေ၏။

ကောင်းစွာ မှောင်မိုက်လတ်သော် ဦးမင်းဟန်သည် ဂူတွင်းမှထွက်၍ ရှိမ်းမကားရွာသို့ မသွားပဲ ယင်းရွာ၏အနောက် ပေါက္ကံဘူတာအကြား၌ရှိသော ရွာငယ်သို့ ရှေးရှုထွက်လာခဲ့လေ၏။ ရှိမ်းမကားရွာသို့ မဝင်မိခြင်းမှာ ထိုရွာ၌ ဦးစံရှားရှိသည်လည်း တကြောင်း၊ ရွာသူရွာသားတို့သည် မိမိအကြောင်းကို သိရှိကြမည်ကို စိုးရိမ်ရသည်လည်း တကြောင်းကြောင့် ရှိမ်းမကားရွာသို့မဝင်ပဲ ရွာနီးချုပ်စပ်၌ မိမိ ညစာကို ငွေနှင့်ဝယ်၍ဖြစ်စေ၊ ခိုး၍ဖြစ်စေ တနည်းနည်းနှင့်ရအောင် ကြံစည်မည်ဟု ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ဦးမင်းဟန်သည် ဂူမှထွက်လာခဲ့၍ နှစ်မိုင်ခရီးမျှ လျှောက်မိသောအခါ မီးရောင်တခုကို မြင်သဖြင့် ယင်းရွာသို့ ရှေးရှုသွားလေ၏။ အနီးသို့ရောက်သောအခါ ဇရပ်တခုအနီး၌ ကုလားလူမျိုးနှစ်ယောက်တို့သည် မီ ဖို၌ မီလှုံလျက်ရှိကြသည်ကို တွေ့မြင်ရသဖြင့် ဦးမင်းဟန်သည် မည်သို့လော ကုလားလူမျိုးဖြစ်သည်ကို အကဲခတ်လျက်ရှိရာ ယင်းတို့အနီး၌ မျောက်များ၊ ဆိတ်များနှင့် ဝက်ဝံတကောင်ကို မြင်သဖြင့် ရွာစဉ် တလျှောက် ယင်းတိရစ္ဆာန်များကို ကပွဲပြ၍စားသော ကုလားမျိုးဖြစ်ကြောင်းကို သိရှိရလေ၏။

ထိုအခါ ဦးမင်းဟန်သည် ကုလားစကားတတ်သည်နှင့် ယင်းကုလားများနှင့် အသိအကျွမ်း ဖွဲ့၍ ငွေအနည်းငယ်ကို ထုတ်ပေးပြီးလျှင် ပဲ၊အာလူး၊နံပြား အစရှိသည့် စားဖွယ်တို့ကို လျင်မြန်စွာ ချက်ပြုတ် ဖုတ်ကြော် စေခိုင်းလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ကုလားတို့သည်လည်း အနည်းငယ်သော ဒုက္ခအတွက် ငွေအမြောက်အမြားရရှိသည်ဖြစ်၍ စိတ်ပါလက်ပါ ချက်ပြုတ်ကျွေးမွေးသော မုန့်နှင့်ဟင်းများကို မြိန်ရှက်စွာ စားသောက်ယင်း ဦးမင်းဟန်သည် ဝက်ဝံကို မြင်သည်နှင့် အကြံတခု ဖြစ်ပေါ်၍ လာခဲ့လေ၏။

ဝမ်းပြည့်အောင် စားသောက်ပြီးနောက် ဦးမင်းဟန်သည် ဆရာကြီးဖြစ်သူ ကုလားကြီးအား ဝက်ဝံကို မိမိအား တညဥ့်မျှ ငှားရမ်းရန် ပြောဆိုလေရာ ကုလားကြီးသည် မငှားလိုကြောင်းနှင့် ငြင်းဆန်လေ၏။ ထိုအခါ ဦးမင်းဟန်က ငွေစက္ကူ သုံးလေးရွက်ကို ကုလားကြီး၏လက်သို့ ထည့်ပြီးလျှင် ဤတညဥ့် အတွက်သာလျှင် အသုံးပြု၍ မိုးမလင်းမီ မိမိ၏ပစ္စည်းကို မိမိပြန်၍ရမည်ဖြစ်ကြောင်း၊ အကယ်၍ အကြံအစည်အထမြောက်ခဲ့လျှင် ယခုပေးသော ငွေမျှမက ထပ်မံ၍ ပေးဦးမည်ဖြစ်ကြောင်းများနှင့် ပြောဆိုသောအခါ ဆရာကြီးဖြစ်သူ ကုလားကြီးသည် ဝက်ဝံကိုငှားရန် သဘောတူညီခဲ့လေ၏။

ထို့နောက် ဦးမင်းဟန်သည် ရှိမ်းမကားရွာသို့ တိရစ္ဆာန်ပြပွဲနှင့် ရောက်ဖူးပါလေသလောဟု မေးရာ ကုလားကြီးက ရောက်ဖူးကြောင်းနှင့်ပြန်ပြော၍ သူကြီးအိမ်ကို သိပါသလောဟု ထပ်လောင်းမေးမြန်းသောအခါ သိကြောင်းနှင့် ပြန်ပြောလေ၏။ ထိုအခါ ဦးမင်းဟန်သည် မိမိအင်္ကျီအိတ်အတွင်း၌ အစဉ်မပြတ်ဆောင်လေ့ရှိသော ဖန်ဗူးငယ် ၂ဗူး ခုဗူးအနက် ၁ဗူးကိုဖွင့်၍ ဗူးတွင်း၌ပါသော ဆေးရည်များကို ထိုကုလား၏ ဖိနပ်ခွာ၌ ဆွတ်ဖျန်း၍ပေးရာ ကုလားကြီးလည်း အံ့သြသောအမူအရာနှင့် ကြည့်ရှုလျက်ရှိလေ၏။ ထို့နောက် ဦးမင်းဟန်သည် ကုလား၏ လက်တွင်းသို့ ငွေစက္ကူ ၁၀တန်တချပ်ကိုထည့်၍ ဤဖိနပ်ကိုစီး၍ သူကြီးအိမ်သို့သွားပြီးလျှင် လှေကားရင်းသို့ရောက်သည့်အခါမှ ပြန်လာခဲ့ရန် ပြောလေရာ ကုလားကြီးသည် ငွေ၏မျက်နှာကြောင့် ခိုင်းစေသည့်အတိုင်း ပြုလုပ်ရန် ထွက်သွားလေ၏။

ဦးမင်းဟန်မှာ ဆေးဝါးအဟတ်၊ ဓာတုဗေဒ အစရှိသည်တို့၌လည်း အတော်အတန် ခေါက်မိသောလူတယောက်ဖြစ်လေရာ ထူးဆန်းသော ဆေးရည်မှုန့်အမျိုးမျိုးတို့ကို ဖော်စပ်ပြီးလျှင် ဆိုင်ရာဆိုင်ရာ အသုံးပြုခဲ့လေသည်။

ကုလား၏ ဖိနပ်၌ ဆွတ်ဖျန်း၍ပေးလိုက်သော ဆေးတန်ခိုးမှာ တောတိရစ္ဆာန်မှန်သမျှတို့သည် ယင်းဆေး၏ အနံ့ကို ရရှိသောအခါ မည်မျှပင်သွန်သင်ဆုံးမ၍ထားသဖြင့် ယဉ်ပါးလျက်ရှိစေကာမူ မူလပကတိ တောစိတ်ဝင်ခဲ့ပြီးလျှင် ကိုက်ချင် ခဲချင်သောစိတ် ဖြစ်ပေါ်လာ၍ အနံ့ရှိရာသို့ တဟုန်ထည်း ထိုးလိုက်၍ တွေ့မြင်ရာလူကို မိမိတို့သဘာဝအလျောက် ကိုက်ခဲပုတ်သတ်ခြင်းကို ပြုတတ်လေသည်။

တနာရီကျော်ခန့်မျှကြာသောအခါ ကုလားကြီးသည်ပြန်လာခဲ့၍ စေခိုင်းလိုက်သည့်အတိုင်း ပြုလုပ်ပြီးစီးခဲ့ကြောင်းနှင့်ပြောပြလေရာ ဦးမင်းဟန်သည် ထိုဖိနပ်ကိုချွတ်စေလျက် ဝက်ဝံ၌ချည်ထားသော သံကြိုးကို ဖြုတ်ပေးရန် စေခိုင်းလေ၏။ ကုလားကြီးသည် မိမိအား စေခိုင်းသည့်အတိုင်း ဝက်ဝံချည်ထားသော နေရာသို့သွား၍ သံကြိုးကို ဖြုတ်ပေးရာ ဝက်ဝံကြီးသည် ပထမ၌ မိမိအား သံကြိုးဖြုတ်၍ပေးသည့်ကို နားမလည်သဖြင့် လှုပ်ရှားပြေးလွှားခြင်းမပြုပဲ ငြိမ်ဝပ်စွာရှိနေရာမှ တဖြည်းဖြည်းအနံ့ရသည့် လက္ခဏာနှင့် ဦးခေါင်းကို လျှိုချည်တခါ မော့ချည်တလှည့်နှင့် ပြုလုပ်ပြီးနောက် နှာခေါင်းကို ရှုတ်ယရက် မြေ၌ကပ်ပြီးလျှင် တရှူးရှူးနှင့် အနံ့ခံကာ ရှိမ်းမကားရွာဘက်သို့ လျင်မြန်စွာ လိုက်သွားလေ၏။

## ၉

ဦးစံရှားအည် မိမိအပေါ်၌ ဖိလျက်ရှိနေသော ဝက်ဝံအသေကောင်ကို ခဲယဉ်းစွာဖယ်ရှား၍ လဲရာမှထလေရာ ကျွန်တော်နှင့်သူကြီးတို့မှာမူ အံ့သြခြင်းမပြေပျောက်သေးသည်ဖြစ်၍ မည်သို့မျှအကူအညီမပေးနိုင်ပဲ ဝက်ဝံ


www.burmeseclassic.com

www.burmeseclassic.com



ကိုပင် ငေး၍ကြည့်နေမိကြလေ၏။ ထိုအခါ၌မူကား ရွာသူရွာသားတို့သည် ညဥ့်အခါ၌ သေနတ်သံကြားသည်ဖြစ်သောကြောင့် 'သူခိုးလေလော၊ဓမြလေလော' ဟု အောက်မေ့သဖြင့် ဓား လှံ စသည်လက်နက်တို့ကို အသီးသီး ကိုင်စွဲလျက် မီးခွက်များနှင့် ဆိုက်ရောက်လာကြလေရာ ဝက်ဝံအသေကောင်ကို မြင်ကြသောအခါ အချို့ကလည်း ဝက်ဝံရိုင်းဖြစ်ကည်။ အချို့ကလည်း မကြာမီကမှ ပြသွားသော ကုလားပြပွဲမှ လွတ်၍လာသော ဝက်ဝံဖြစ်သည်။ အစရှိသည်ဖြင့် ဆူညံစွာ ငြင်းခုံပြောဆိုလျက် ရှိကြလေ၏။

ရွာသူရွာသားတို့သည် ဝက်ဝံအသေကောင်ကို လှန်လှော၍ကြည့်ရှုလျက်ရှိကြစဥ် ဦးစံရွှာသည် စုတ်ပြတ်လျက်ရှိသော မိမိ၏အင်္ကျီများကို ချုပ်လိုသည့် လက္ခဏာနှင့် အိမ်ထဲသို့ ဝင်သွားရာ ကျွန်တော်လည်း သူ၏နောက်မှ ဝင်၍ လိုက်သွားလေ၏။

သူကြီးကတော်နှင့်သမီးများသည် ဝက်ဝံကုတ်ဖြဲသဖြင့် စုတ်ပြဲလျက်ရှိသော ဦးစံရွှာ၏အင်္ကျီများကို သီချုပ်လျက်ရှိကြစဥ် ဦးစံရွှာသည် မီးလင်းဖိုအနီး၌ထိုင်ကာ ဆေးတံကိုဖွာလျက် စဥ်းစားစိတ်ကူးသည့် အမူအရာနှင့် ရှိနေလေ၏။

ကျွန်တော်သည် ယင်းအခြင်းအရာကို တွေ့မြင်ရသောအခါ ဦးစံရွှာသည်ကား စိတ်မကျေနပ်ဖွယ်အကြောင်းတစုံတခု တွေ့ရှိသဖြင့် နက်နက်နဲနဲ စဥ်းစားနေသည့်အကြောင်းကို ရိပ်မိသည်နှင့် သူ၏အနီး၌ထိုင်ကာ ဦးစံရွှာပြောမည့်စကားကို မျှော်လင့် စောင့်ဆိုင်းလျက်ရှိရာ

ရှား။ ။"ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ခင်ဗျား ဘယ့်နှယ်ထင်သလဲ"

ကျွန်။ ။"ဘာ ဘယ့်နှယ်ထင်ရမှာလဲဗျာ"

ရှား။ ။"ဝက်ဝံအကြောင်း ပြောပါတယ်ဗျ"

ကျွန်။ ။"ကျွန်တော်ဖြင့် ဒီဝက်ဝံဟာ အရိုင်းမဟုတ်ဘူး၊ အယဥ်လို့ထင်တယ်ဗျာ"

ရှား။ ။"ဒါကတော့ ဟုတ်ပါတယ်ဗျ။ ဒီအရုပ်က ဝက်ဝံရှိတဲ့အရပ်မှမဟုတ်ပဲ၊ ရွာသားတွေ တွေးတဲ့အတိုင်း ပွဲပြသွားတဲ့ ကုလားလက်ထဲက လွတ်ခဲ့တဲ့ ဝက်ဝံပါပဲ။ သို့သော် ကျုပ် စဥ်းစားနေတဲ့အချက်က ဒီဝက်ဝံဟာ မတော်တဆ လွတ်လာတာတော့ မဟုတ်ဘူး၊တမင်ဖြုတ်လွှတ်လိုက်တယ်လို့ထင်တယ်"

ကျွန်။ ။"ဘယ့်နှယ်ကြောင့်လဲဗျ"

ရှား။ ။"ဘယ့်နှယ်ကြောင့်လဲဆိုတော့ ဟိုအယင် ခင်ဗျားမရှိတုန်းက ဆပ်ကပ်ပွဲမှာ ပထမတန်းက ကြည့်နေတုန်း ပွဲထဲကဆင်က ကျုပ်ကိုအနံ့ခံပြီးနှာမောင်းနဲ့မြှောက်ပြီး ပေါက်သတ်မယ်လုပ်ဖူးတဲ့အကြောင်း၊ မြင်းထွက်လာတော့လဲ ထွက်လာသမျှ မြင်းတိုင်းက ကျုပ်ကို ခွာနဲ့ပေါက်ချင်၊ မျောက်တွေကလဲကိုက်ချင်၊ ဒီအကြောင်း ခင်ဗျားကို ကျုပ် ပြောဖူးတယ်မဟုတ်လား"

ကျွန်။ ။"ဦးမင်းဟန်ဆိုတဲ့လူက ခင်ဗျားအဝတ်ကို ခင်ဗျားမသိအောင် တိရစ္ဆာန် စိတ်ဆိုးစေတတ်တဲ့ ဆေးနဲ့ တိုက်တိုက်ပုန်း ဆွတ်သွားတယ်ဆိုတုန်းက မဟုတ်လား"

ရှား။ ။"ဟုတ်တယ်။ ဒီတုန်းက ကျုပ် ကံကောင်းပါလားဗျ။ ကြာတော့ ရှေ့ဆုံးအတန်းက မကြည့်ဝံ့ပဲ ဟိုနောက် သွားကြည့်ရတယ်"

ကျွန်။ ။"အခု ဒီဝက်ဝံကိစ္စလဲ ဟိုတုန်းကဟာအမျိုးပဲ ဖြစ်မယ်လို့ ခင်ဗျားထင်သလား"

ရှား။ ။"ကျုပ် ဒါကြောင့် စဥ်းစားနေတာဗျ"

ကျွန်။ ။"ဟုတ်နိုင်မယ်မထင်ပါဘူးဗျာ။ ဟိုတုန်းကတော့ ဦးမင်းဟန်က လုပ်တာကိုးဗျ။ အခုတော့ ဦးမင်းဟန် သေပြီဟာကပဲ"

ရှား။ ။"ဦးမင်းဟန် သေပြီလို့ ခင်ဗျားကို ဘယ်သူပြောသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။"မျက်စိအောက်တွင် သမ္မန်နစ်သွားတာ မြင်လိုက်သားကပဲဗျာ"

ရှား။ ။"တယ်မထင်နဲ့နော် ကိုသိန်းမောင်၊ ဒီလူက ကျုပ်ပြောတဲ့အတိုင်း အင်မတန် အသက်ပြင်းတဲ့လူဗျ။ မဟုတ်ယင်လဲ့ရော့။ ကျုပ်ဖြင့် ဦးမင်းဟန် သေ့ကိုမသေဘူးထင်တယ်။ ဒီဝက်စံဟာလဲ သူတိုက်တဲ့ ဝက်ဝံပဲထင်တယ်။ ကုလား ဝက်ဝံကို တိတ်တိတ်ပဲ ဖြုတ်လွှတ်လိုက်သလား၊ ဒါမှမဟုတ် ဝက်ဝံပြကုလားနဲ့ ပူးပေါင်းပြီးတော့ပဲ လုပ်ကြံလေသလား တခုခုပဲ၊ သို့သော် ဝက်စံပြကုလားရှိတဲ့ အရပ်နဲ့ ဦးမင်းဟန်ရှိတဲ့ အရပ်ဟာကတော့ တယ်မဝေးကြဘူးဗျ။ ကျုပ်ဖြင့် အတပ်ဆိုချင်တာပဲ ကိုသိန်းမောင်"

ထိုခဏ၌ အိမ်ရှေ့မှ ရှာသားတို့သည် ဆူဆူညံညံဖြစ်၍သွားလေရာ ကျွန်တော်တို့သည် တစုံတရာ အကြောင်းထူးလေသလောဟု အိမ်ရှေ့သို့ သွားရောက်ကြည့်ရှုကြသည်တွင် ကုလားနှစ်ယောက်တို့သည် ကြေးကွင်းစွပ်သော တုတ်ကြီးများကိုကိုင်လျက် မှန်အိမ်များကို လက်ဆွဲကာ အိမ်ရှေ့သို့ ရောက်လာကြသည်ကို တွေ့မြင်ကြရလေ၏။

ယင်းကုလားနှစ်ယောက်တို့သည် ဝက်ဝံအသေကောင်ကို မြင်သည်နှင့် တပြိုင်နက် ဝမ်းနည်းပက်လက်ရှိသည့်အမူအရာနှင့် ရှိနေကြရာ ကျွန်တော်တို့က အကျိုးအကြောင်း မေးမြန်းသည့်အခါတွင် ယင်းဝက်ဝံသည် မိမိတို့ တပါးသွားနေအခိုက် သံကြိုးမှလွတ်၍ ထွက်သွားကြောင်း၊ ထို့ပြင် အလွန် ယဉ်ပါးလိမ္မာသည်ဖြစ်သောကြောင့် ကလေးကိုပင် နာကျင်အောင် ပြုလုပ်မည့် ဝက်ဝံမဟုတ်ကြောင်း။ ဤမျှလောက် ယဉ်ပါးသော တိရစ္ဆာန်ကို သေနတ်နှင့် ပစ်ခတ်သတ်ဖြတ်လိုက်သည်မှာ အလွန်တရာ ရက်စက်ကြောင်း၊ မိမိတို့မှာ ဤတိရစ္ဆာန်နှင့် အသက်မွေးရသည် ဖြစ်သောကြောင့် ထမင်းငတ်ရန်သာလျှင် ရှိတော့ကြောင်း' များနှင့် ကုလားဘာသာဖြင့် ပြန်ပြောလေ၏။ ထိုအကြောင်းများကို ကျွန်တော်က မြန်မာဘာသာဖြင့် သူကြီးအား ပြန်ကြားပြောဆိုသည့်အခါ သူကြီးက ဤဝက်ဝံသည် ယဉ်ပါးသည်ဟူ၍ဆိုသော်လည်း မိတ်ဆွေဘဲယောက်မှာ သေနတ်ပါ၍သာ အသက်ချမ်းသာရကြောင်း၊ ဤကဲ့သို့ သူတပါးအား အသက်အန္တရာယ်ဖြစ်စေတတ်သော တိရစ္ဆာန်တကောင်ကို ကောင်းမွန်စွာ မထိန်းသည့်အတွက် မိမိက ကုလားများကို ချုပ်နှောင်၍ထားနိုင်ကြောင်းများဖြင့် ခြိမ်းခြောက်ပြောဆိုလေ၏။ ထိုအတောအတွင်း၌ ဦးစံရှားသည် မည်သို့မျှ ဝင်မပြောပဲ ကုလားများ၏အကဲကို ခတ်လျက်ရှိရာမှ

ရှား။ ။"မင်းတို့ဆီလာတဲ့ မြန်မာတယောက် ဘယ်မှာနေရစ်သလဲ"

ကုလား။ ။"ဘယ်ကမြန်မာလဲ ဆရာကြီး"

ရှား။ ။"ညနေ့က မြန်မာတယောက် လာတယ်လေ။ ဟိုလန်ဘားဝါလားလေး"

ကုသား။ ။(ရုတ်တရက်မျက်နှာပျက်ဟန်ရှိသော်လည်းဟန်လုပ်၍)"မြန်မာလဲ မလာဘူးကုလားလဲမလာဘူးဆရာကြီး"

ရှား။ ။"မင်းတို့ ငွေဘယ်လောက်ရသလဲ"

ကုလား။ ။"ဘာငွေလဲဆရာကြီး"

ရှား။ ။"သံကြိုးကိုမင်းဖြုတ်သလား၊ မြန်မာဖြုတ်တာလား"

ကုလား။ ။"ဘာသံကြိုးလဲဆရာကြီး"

ဦးစံရှားမှာ ကုလားများပြန်ပြောသော စကားကိုပမာဏမထားပဲ ယင်းတို့၏ မျက်နှာကဲကိုသာ ကြည့်လျက် အဖြေရခက်သော မေးခွန်းကိုသာလျှင် တခုပြီးတခု ဆင့်လောင်း၍ မေးပြီးလျှင် နောက်ဆုံး၌ မိမိထင်သည့်အတိုင်း ဟုတ်ပြီဟူသော မျက်နှာထားမျိုးနှင့် အိမ်တွင်းသို့ ဝင်သွားလေ၏။ ကုလားတို့သည် ဝက်ဝံ၏ အရေမျှသာလျှင် မိမိတို့အားပေး၍ အသားကိုမူ အလိုရှိရာ ပြုလုပ်ကြရန် ရွာသားတို့အား

www.burmeseclassic.com

www.burmeseclassic.com



အခွင့်ပေးသည်တွင် ရွာသားတို့သည် အရေကို ကုလားများအား ဆုတ်ပေး၍ အသားကိုမူ ခုတ်ထစ်ဝေငှ ယူငင်ကြလေသည်။

နံနက်လင်းသည်နှင့်တပြိုင်နက် ဦးစံရှားသည် ကျွန်တော့်အားနှိုးသဖြင့် အိပ်ရာမှ ထကြပြီးလျှင် သူကြီးအား အညောင်းပြေ လမ်းလျှောက်သွားဦးမည်ဟု ပြောခဲ့၍ ရွာမှထွက်လာကြလေရာ လမ်းခရီး၌-

ရှား။ ။''ကျုပ်တော့ ကုလားတွေကို မသင်္ကာဘူး ကိုသိန်းမောင်''

ကျွန်။ ။''ဟုတ်တယ်ဗျို၊ ခင်ဗျားမေးတော့ မျက်နှာပျက်တယ်လို့ ထင်တယ်။ အခု ကုလားတွေဆီ သွားမလို့လား''

ရှား။ ။''ဟုတ်လိုဟုတ်ငြားပါဗျာ။ ဟိုရှေ့က စရပ်တွင်ပါပဲ။ မဝေးပါဘူး''

ထို့နောက် ကျွန်တော်တို့သည် စကားမပြောကြပဲ ဆက်လက်၍လျှောက်သွားကြရာ စရပ်နှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ မြန်မာနှင့်တူသော လူတယောက်သည် စရပ်ပေါ်သို့ ပျာယီးပျာယာ တက်သွားသည်ကို ရိပ်ကနဲမြင်လိုက်သည်ဟု ထင်မှတ်သဖြင့် ဦးစံရှားအား လက်တို့၍ ပြမိလေ၏။ ဦးစံရှားမှာ သူလည်း မြင်လိုက်သည့်လက္ခဏာနှင့် ခေါင်းညိတ်၍ပြပြီးလျှင် ခြောက်လုံးပြူးကို နေရာတကျ ရှိ,မရှိ ထုတ်၍ ကြည့်ပြီးနောက် ခါး၌ ပြန်၍ ထိုးထားလိုက်လေ၏။

ထို့နောက် ကျွန်တော်တို့သည် ခပ်သုတ်သုတ် လျှောက်၍လာကြရာ စရပ်အနီးသို့ရောက်သောအခါ ကုလားနှစ်ယောက်တို့သည် စရပ်ပေါ်၌ မြောက်များကို သင်ကြားဆုံးမလျက် ရှိနေသည်ကို တွေ့မြင်ကြရလေ၏။ ကျွန်တော်တို့ကို မြင်သည်နှင့်တပြိုင်နက် ကုလားများသည် စရပ်ပေါ်မှ ဆင်းလာ၍ မှတ်မိသည့် လက္ခဏာဖြင့် ခရီးဦးကြို ပြုကြလေရာ ဦးစံရှားနှင့် ကျွန်တော်တို့သည် စရပ်ပေါ်သို့တက်၍ သေချာစွာ ကြည့်ရှုကြလေ၏။

ယင်းစရပ်မှာ နှစ်ဘက်သော မျက်နှာ၌သာလျှင် အကာအရံရှိ၍ ကျန်နှစ်ဘက်၌ကား အကာအရံမရှိပဲ ဟာလာဟင်းလင်း ရှိလေ၏။ စရပ်ပေါ်၌ကား စားအင်သောက်ခွက်များနှင့် အိပ်ရာနေရာများအပြင် တခုသော ထောင့်၌ကား သံကြိုးချည်ထားသော ဝက်ဝံဘကောင်သည် အိပ်ပျော်လျက်ရှိသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်တော်နှင့် ဦးစံရှားတို့မှာ မြန်မာတယောက် တက်သွားသည်ကို မြင်လိုက်ရပါလျက်နှင့် စရပ်ပေါ်မှ ဆင်း၍သွားသည်ကိုလည်း မမြင်လိုက်ရ။ ပုန်းအောင်းကွယ်ရာ အရပ်ကိုသည်း ရှာမတွေ့သည်နှင့် တယောက်၏မျက်နှာကို တယောက်ကြည့်ကာ အံ့သြလျက်သာလျှင် ရှိနေကြရလေ၏။

ထို့နောက် ဦးစံရှားသည် ကုလားနှစ်ယောက်၏ မျက်နှာကို တယောက်ပြီးလျှင်တယောက် သေချာစွာ ကြည့်ရှုပြန်လေရာ မည်သည့်ကုလားမျှ ဦးမင်းဟန်နှင့် မတူသဖြင့် အမိုးသို့သည်းကောင်း၊ စောင်များကို တုတ်နှင့် ထိုး၍လည်းကောင်း ကြည့်ရှုပါသော်လည်း မတွေ့ပဲ ရှိနေလေ၏။

ထို့နောက် ဦးစံရှားသည် ကုလားနှစ်ယောက်အား တယောက်ပြီးလျှင်တယောက် ယမန်နေ့ညက ထက်ပင် စေ့ငုသေချာစွာ မေးခွန်းများထုတ်ပြန်လေရာ ကုလားနှစ်ယောက်တို့သည် ထိတ်လန့်တုန်လှုပ်သည့် အမူအရာ ရှိသည်ဟူ၍ ကျွန်တော်တို့စိတ်တွင် ထင်မှတ်ရငြားသော်လည်း ဦးမင်းဟန်၏ အကြောင်းကိုမူ မေးမြန်း၍ မရခဲ့ချေ။ သို့ဖြစ်သောကြောင့် ကျွန်တော်တို့သည် စိတ်မကျေနပ်ပဲလျက် စရပ်ပေါ်မှ ဆင်းလာခဲ့ကြလေရာ လမ်းခရီး၌-

ကျွန်။ ။''ဘယ့်နှယ်လဲဗျ ဦးစံရှား၊ ကျွန်တော်တို့ပဲ မျက်စိမှားလေရော့သလား''



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"စရပ်ပေါ်မှာဖြင့် ပုန်းနိုင်စရာ နေရာမရှိဘူးဗျ။ အရှင်းကြီးကပဲ။ ကျုပ်တို့လာတာ မြင်လို့ တိမ်းရှောင်သွားတယ် ဆိုရအောင်ကလဲ ချုံပုတ်လဲ ကွယ်စရာမရှိ၊ သစ်ပင်လဲ ကွယ်စရာမရှိ။ လယ်ပြင် ထီးထီး ဟာလာဟင်းလင်းကြီး ဖြစ်လေတော့ သူ ဆင်းသွားတယ်ဆိုယင် ကျုပ်တို့ မြင်ရမယ်"

ကျွန်။ ။"ဒါဖြင့် ကျွန်တော်တို့ မျက်စိမှားတယ်လို့ ခင်ဗျား ထင်တယ်ပေါ့လေ"

ရှား။ ။"အခုဖြင့် ဒီလိုဆိုရတော့မှာပေါ့ဗျာ။ ကျုပ်တို့ မြင်လိုက်ရတာ တော်တော် အလှမ်း သားကိုဗျ။ ဒီကုလားမျိုးကလဲ ဆံပင်အရှည်နဲ့ဆိုတော့ ခပ်လှမ်းလှမ်းကကြည့်လိုက်ယင် မြန်မာလိုလိုဘာလိုလို ထင်ယောင်ထင်မှား ဖြစ်ရတာထင်ပါရဲ့ဗျာ" အစရှိသဖြင့် ပြောဆိုယင်း ကျွန်တော်တို့သည် ရှိမ်းမကားရွာ သူကြီးအိမ်သို့ ဆိုက်ရောက်လာခဲ့ကြလေ၏။

(ဦးမင်းဟန်ထံမှ နောင်အခါ၌ကျွန်တော်သိရှိရသည်မှာ ကျွန်တော်တို့ထွက်သွားသည်နှင့်တပြိုင်နက် ကုလားနှစ်ယောက်တို့သည် ဝက်ဝံကြီးကို လှုပ်နှိုးလေရာ ဝက်ဝံကြီးသည် လှုပ်၍လာပြီးနောက် ဝမ်းဗိုက် အကြကွဲ၍ ဦးမင်းဟန်သည် အပြင်သို့ထွက်လာလေ၏။ ဦးစံရှားနှင့် ကျွန်တော်တို့ လာသည်နှင့် တပြိုင်နက် ဦးမင်းဟန်သည် စရပ်ပေါ်သို့ဘက်ပြေး၍ ပုန်းအောင်းရာအရပ်ကို ကြည့်ရှုရာ စရပ်ပေါ်၌ ဟာလာဟင်း လင်း ဖြစ်နေသဖြင့် လုံခြုံမည့်နေရာကိုလည်း မမြင်၊ ဆင်း၍ပြေးပြန်လျှင်လည်း မလွတ်ရှိသောကြောင့် လျင် မြန်စွာ ဉာဏ်ရှိသူဘယောက် ဖြစ်သည့်အလျောက် ထိုညက ကုလားများဆုတ်၍ ယူလာခဲ့သော ဝက်ဝံရေကို မြင်သည်နှင့်တပြိုင်နက် အကြံ ဖြစ်ပေါ်၍ လာခဲ့လေ၏။

ဦးမင်းဟန်သည် ဝက်ဝံရေအတွင်းသို့ဝင်ပြီးလျှင် ခေါင်မျှား၊အဝတ်များ၊ခေါင်းအုံးများကိုဖြည့် ဖောင်းအောင် သွတ်သွင်း၍ ထရံဘက်ကို ဝမ်းဗိုက်လှည့်ပြီးလျှင် အိပ်ပျော်နေသည့်ဟန်နှင့်တူအောင်ပြုလုပ် ၍ထားရာ ကျွန်တော်တို့တက်၍လာသောအခါ ဝက်ဝံတကောင် အိပ်နေသည်ဟု ထင်မှတ်ခဲ့လေ၏။

ထိုအကြောင်းများကို နောင်အခါ၌ ဦးစံရှား သိရှိသောအခါ ဟားဟားပက်ပက် ရယ်မောပြီးနောက်–

"လူပါး ပုလင်းထိဆိုတာ ဒီဟာမျိုးပ ကိုသိန်းမောင်။ နောက်များ ကျုပ် စိတ်ကြီးဝင်သလိုလို ရှိတဲ့ အခါများကြယင် ဒီဝက်ဝံအကြောင်းသာ သတိပေးလိုက်ပါဗျာ"ဟု ပြောဆိုလေ၏။)

## ၄

ထိုနေ့ ညနေ၌ပင် ကျွန်တော်တို့သည် ရှိမ်းမကားရွာမှ ပေါက်ကုံဘူတာသို့ လှည်းနှင့် ပြန်လာကြလေရာ စစ် ကိုင်းမှ လာသော ညနေရထားနှင့် ဝက်လက်ဘူတာသို့ လိုက်ပါလာခဲ့ကြလေ၏။ ကျွန်တော်တို့သည်ဒုတိယ တန်းဖြင့် လိုက်ပါလာခဲ့စဉ် ဦးစံရှားသည် တွဲအပြင်သို့ မကြာမကြာ ဦးခေါင်းပြူ၍ ကြည့်လေ၏။ အတန် ကြာပြန်လျှင် ဦးစံရှားသည် တွဲ၏ဘခုသောထောင့်၌ကပ်လျက် တတိယတန်းဘက်သို့ စောင်းငဲ့ကြည့်ရှုလျက် ရှိပြန်ရာ ကျွန်တော်သည် ဦးစံရှားကြည့်သည့်အရာကို သိလိုသည်ဖြစ်၍ သူ၏နောက်မှ သွားရောက် ကြည့် ရှုရာ–

ရှား။ ။"မြင်ရလား ကိုသိန်းမောင်"

ကျွန်။ ။"ဘာမြင်ရမှာလဲဗျ။ ပန်ချာပီကုလားတယောက် ဒီဘက်ခေါင်းပြူကြည့်နေတာ မြင်ရ တာပေါ့"

ရှား။ ။"သေသေချာချာ ကြည့်ပါဦးဗျ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ကား မီးရထားသည် ပေါက္ကံဘူတာနှင့်ဝက်လက်ဘူတာတို့၏အလယ်သို့ ရောက်ရှိပြီဖြစ်ရာ ထိုလမ်းတလျှောက်၌ ယင်းဘူတာနှစ်ခုသည် အလွန်ဝေးကွာသည်ဖြစ်၍ မီးရထားသည် အလွန်လျင်မြန်စွာ ခုတ်နှင်လျက်ရှိလေ၏။ ကျွန်တော်နှင့် ဦးစံရှားတို့ ကြည့်ရှုနေကြသည့်တခဏ၌ ယင်း ပန်ချာပီသည် ရှေ့သို့ တခဏမျှမျှော်ကြည့်ပြီးနောက် တွဲပြင်သို့ ပျာယီးပျာယာထွက်လာခဲ့ရာ မီးရထားသည်လည်းမူးမြောင်းတခုကို ဖြတ်ကျော်မည့်ဆဲဆဲရှိနေလေ၏။ ထိုအခါ ပန်ချာပီသည် တွဲပြင်ရှိ လက်ရမ်းကိုကိုင်ပြီးလျှင် ကိုယ်ကိုနွဲ့လျက်ရှိရာ ဦးစံရှားသည် သူ၏အကြံကို ရိပ်မိသည်နှင့် လျင်မြန်စွာ တွဲကူး၍သွားသော်လည်း ပန်ချာပီ၏အနီးသို့ မရောက်မီပင် ပန်ချာပီသည်လက်ရမ်းကိုလွှတ်၍ မူးမြောင်းထဲသို့ခုန်ချလိုက်လေ၏။ရထားသည်ဒရှိန်ပြင်းစွာ ခုတ်လျက်ရှိသည့်အပြင် မူးမြောင်းမှာလည်း ၁၀ ပေခန့်မျှသာ ကျယ်ဝန်းသည် ဖြစ်သောကြောင့် ရထားပေါ်မှ ရေထဲသို့ ရောက်အောင် ခုန်၍ချရခြင်းသည် လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။ သို့ရာတွင် ထိုသူသည် အလွန်ကျင်လည်ဟန် လက္ခဏာရှိသောကြောင့် မူးမြောင်း၏အလယ်တည့်တည့်သို့ကျပြီးလျှင် ဦးစံရှားရှိရာသို့ မျှော်ကြည့်၍ လှောင်ပြောင်ကာ ဆလုံပေးလျက်နေရစ်၏။ ဦးစံရှားသည်လည်း ကျွန်တော်ရှိရာသို့ ပြန်လာပြီးလျှင်....

ရှား။ ။"ကိုသိန်းမောင် ငါးများဖူးရဲ့လား"

ကျွန်။ ။"ငယ်ငယ်တုန်းကတော့ စမ်းဖူးပါရဲ့ဗျာ"

ရှား။ ။"သုံးပိဿာလောက်ရှိတဲ့ ငါးကြင်းကြီး ငါးများမှာ ဟပ်ပြီးတဲ့နောက်မှ ကြိုးပြတ်ပြီး လွတ်သွားတဲ့အခါ စိတ်ထဲမှာ ဘယ့်နှယ်နေသလဲ"

ကျွန်။ ။"ရင်ထဲမှာ ဟာကနဲဖြစ်သွားတာပေါ့ဗျ"

ရှား။ ။"ကျုပ်လဲ ဒီအတိုင်းဖြစ်နေပြီကောဗျ"

ကျွန်။ ။"ခုနင်က ပန်ချာပီဟာ ဦးမင်းဟန်လားဗျာ"

ရှား။ ။"အစစ်ပေါ့ ကိုသိန်းမောင်"

ယင်းကဲ့သို့ ကျွန်တော့်အားစကားပြောလျက်ရှိသော်လည်း ဦးစံရှားသည် မီးရထားရှေ့သို့ မျှော်ကြည့်ကာ စိတ်အာရုံစိုက်လျက်ရှိရာ မူးမြောင်းတခုအနီးသို့ ချဉ်းကပ်လာသည်နှင့်တပြိုင်နက်—

ရှား။ ။"ကိုင်း ကိုသိန်းမောင်။ ဝက်လက်ဌာနာကပုလိပ်နှစ်ယောက်ခေါ်ပြီး မြန်မြန်သာ လိုက်ခဲ့ကြပေတော့ဗျာ"

ကျွန်။ ။"တောင်းပန်ပါရစေဗျာ ဦးစံရှား"

ရှား။ ။"တယောက်ဖြစ်နိုင်ယင် တယောက်လဲဖြစ်နိုင်ရောပေါ့ဗျာ။ ကိုင်း၊သွားပေရော့ ကိုသိန်းမောင်"ဟု ပြော၍ မူးမြောင်းထဲသို့ ခုန်ချလေ၏။ ပန်ချာပီခုန်ချသောအခါ၌ကား ကျွန်တော်မှာ အံ့သြတုန်လှုပ်သည်မှန်သော်လည်း သဲတုန်အူတုန်ဖြစ်လောက်အောင် မရှိခဲ့ပေ။ ကျွန်တော်နှင့် နှစ်ပေါင်းများစွာ အတူတကွနေထိုင်ခဲ့၍ ညီကိုရင်းတမျှချစ်ခင်ခဲ့သော ဦးစံရှားသည် ယင်းကဲ့သို့ရထားပေါ်မှ ခုန်၍ချသည်ကို တွေ့မြင်ရသောအခါ၌ ဇလီဖားတို့၏ အစွန်းနှင့် ရိုက်မိခြင်း အစရှိသော ဘေးအမျိုးမျိုးတို့ကို တွေးတောစိုးရိမ်လျက် အသက်မျှမရှူဝံ့ပဲ မျက်လုံးပြူးကာ မူးမြောင်းရှိရာသို့ ငုံ့၍ကြည့်မိလေ၏။

သို့ရာတွင် ဦးစံရှားမှာ ဦးမင်းဟန်ကဲ့သို့ပင် မြောင်း၏အလယ်သို့ကျ၍ ဒဏ်ရာ အနာတရ မရှိသည့် လက္ခဏာနှင့် ကျွန်တော့်အား လက်ပြတာနှုတ်ဆက်လျက် ကျန်ရစ်လေ၏။

ဝက်လက်ဘူတာသို့ မီးရထားဆိုက်ရောက်သည်နှင့်တပြိုင်နက် ကျွန်တော်သည် ဝက်လက်ဌာနာသို့ သွားရောက်၍ ဌာနာအုပ်အား အကျိုးအကြောင်းပြောပြရာ ဌာနာအုပ်သည် ဦးစံရှား၏အမည်ကို ကြားရ



www.burmeseclassic.com

www.burmeseclassic.com


သည်နှင့်သပြိုင်နက် ပုလိပ်သားနှစ်ယောက်ကိုခေါ်၍ ကျွန်တော်နှင့်အတူလိုက်ရန်ပြင်ဆင်လေ၏။ ထိုအချိန်၌ကား ရှစ်နာရီထို ပြီးပြီဖြစ်ရာ လဆုတ်ဖြစ်သောကြောင့် လမင်းလည်း ထွက်ပေါ်ခြင်းမရှိပဲ မှောင်နှင့်မည်းမည် ရှိနေသည်ဘွင် ကျွန်တော်နှင့်ဌာနာအုပ်တို့သည် နောက်ပါပုလိပ်နှစ်ယောက်တို့နှင့် မြင်းတစီးစီဖြင့် မီးရထားလမ်းတလျှောက် ထွက်လာခဲ့ကြလေ၏။

ဦးစံရှားခုန်ချသောနေရာမှာ ဝက်လက်ဘူတာနှင့် သုံးမိုင်ကျော် လေးမိုင်ခရီးမျှ ဝေးကွာသည်ဟု ခန့်မှန်းမိသည်ဖြစ်ရာ ကျွန်တော်တို့သည် မူးမြောင်းများကို တွေ့တိုင်းတွေ့တိုင်း ခြေရာများပင် တွေ့ရှိမည်လောဟု ဆင်းသက်ကြည့်ရှုကြလေ၏။ နောက်ဆုံး၌ ကျွန်တော်တို့သည် ဦးစံရှား ခုန်၍ဆင်းသော မြောင်းကို တွေ့၍ လူစလူန မမြင်သဖြင့် ဆက်လက်သွားရောက်ကြပြန်ရာ ဦးမင်းဟန်ခုန်ချသောမြောင်းသို့ ရောက်သော်လည်း အရိပ်အခြည်မမြင်ရသဖြင့် ရထားလမ်းအတိုင်း ဆက်၍သွားကြပြန်လေ၏။

ထိုည၌ ကျွန်တော်သည် အရာရှိများနှင့် အတူဘကွ ဦးစံရှားနှင့်ဦးမင်းဟန်တို့ကို လိုက်လံရှာဖွေပါသော်လည်း မတွေ့နိုင်ပဲရှိခဲ့ရာ မိုးလင်းသည့်အခါ၌ မီးရထားလမ်းတလျှောက်၌ ရှိသော ကျေးရွာများကို တခုမကျန် ဝင်ရောက်စုံစမ်းမေးမြန်းကြလေ၏၊ တခုသောရွာ၌ကား ယခင်က မျှောက်ပွဲပြသော ကုလားနှစ်ယောက်နှင့်တွေ့ရှိ၍ ဦးစံရှားသည် ထိုသူနှစ်ယောက်တို့အား မသင်္ကာဘူးသည် ဖြစ်၍ ကျွန်တော်သည် ဌာနာအုပ်အား ထိုအကြောင်းများကို ပြောပြသည်တွင် ဌာနာအုပ်သည် ယင်းတို့အားစစ်ဆေး၏။

သို့ပါသော်လည်း ကုလားနှစ်ယောက်တို့သည် ဦးစံရှားအားလည်းကောင်း၊ ဦးမင်းဟန် ဆိုသူအားလည်းကောင်း၊ အခြားတစုံတယောက်အားလည်းကောင်း မတွေ့မမြင်ကြကြောင်းဖြင့် တင်းမာစွာ ငြင်းဆိုကြလေ၏။ ထိုအခါ ကျွန်တော်သည် ဦးမင်းဟန်၏ရက်စက်ကြမ်းကြုတ်သော သဘောကို ကြားဖူးသည်ဖြစ်သောကြောင့် ဦးစံရှားအတွက် စိုးရိမ်မကင်းဖြစ်ခဲ့ပြီးလျှင် မတွေ့လျှင်မဇနေဘူးဟူသော သဘောထား၍ ပုလိပ်အရာရှိများအားလည်း လက်မလျှော့ရန် တိုက်တွန်းနှိုးဆော်ရလေ၏။

ကျွန်တော်တို့သည် ကျေးရွာများ၌ နံ့စပ်အောင်မေးမြန်းပြီးနောက် တောနင်း၍ရှာကြပြန်ရာ မွန်းတည့်ချိန်နီးလောက်တွင် ပုလိပ်အရာရှိတို့သည် ရေဆာမွတ်သည် ဖြစ်သောကြောင့် ထန်းရည်များ ဝယ်ယူသောက်သုံးရန် ရထားလမ်းအနောက်ဘက် တလျှောက်၌ရှိသော ထန်းတောကို ဝင်ကြလေ၏။ ထိုအရပ်၌ကား ထန်းပင်များသည် ထောင်သောင်းမက ပေါများလှသည်ဖြစ်ရာ ဂျမား သဌေးသည် ယင်းတို့ကိုသိမ်းကျုံးဝယ်ယူ၍ ထန်းလျက်များ အကြီးအကျယ်ချက်လုပ်ရန် ကြံစည်ခဲ့ဖူးလေသည်။

ကျွန်တော်တို့သည် ထန်းတက်သမားကိုရှာဖွေယင်း ထန်းတောတခုမှ တခုသို့ မြင်းများဖြင့် စီးနင်းသွားရောက်ကြစဉ် တခုသောသန်းတော၌ လူတယောက်သည် ထန်းပင်ပေါ်မှ တွဲရရွဲချလျက် လေတိုက်ခတ်သဖြင့် ချာလပတ် လည်နေသည်ကို မနီးမဝေးမှ တွေ့မြင်ကြရလေရာ ကြိုးဆွဲချ၍ သေလျက်ရှိသော လူတယောက်၏အလောင်းဖြစ်မည်ဟု တွေးထင်ကြပြီးလျှင် မြင်းကို လျှင်မြန်စွာနှင်၍ စိုင်းသွားကြလေ၏။ အနီးသို့ရောက်သည်နှင့်တပြိုင်နက် ထိုသူ၏အဝတ်အစားကိုမြင်သည်နှင့် ထိုသူမှာ အခြားမဟုတ်၊ ဦးစံရှားပင် ဖြစ်ကြောင်းကို သိရှိရကား ကျွန်တော်မှာ များစွာ တုန်လှုပ်ခဲ့ပြီးလျှင် မြင်းပေါ်မှဆင်း၍ လျှင်မြန်စွာ ပြေးဝင်ကြည့်ရှုလေ၏။

## ၅

ကျွန်တော်သည် မြင်းပေါ်မှလျှင်မြန်စွာ ခုန်ဆင်းပြီးလျှင် ကြိုးဖြင့်တွဲရရွဲ ဆွဲလျက်ရှိသော ဦးစံရှားကို ပွေ့ချီ၍ သေချာစွာကြည့်ရှုရာ ဦးစံရှားမှာ လည်ပင်ဖြင့်မဟုတ်ပဲ ချိုင်းအောက်တွင် ကြိုးဖြင့် ချည်နှောင်


www.burmeseclassic.com

www.burmeseclassic.com

လျက် မြေကြီးကို ခြေမထောက်နိုင်ရုံမျှ လွတ်အောင် တွဲလဲဆွဲပြီးလျှင် ပါးစပ်တွင် မအော်ဟစ်နိုင်အောင် အဝတ်များပိတ်ဆို့၍ထားသည်ကို တွေ့ရှိရလေ၏။ ထိုအခါ ကျွန်တော်နှင့်ပုလိပ်အရာရှိတို့သည် ကြိုးကို ဖြေပြီးနောက် ခံတွင်းမှအဝတ်များကို ထုတ်နုတ်ယူငင်ပြီးလျှင် ဦးစံရွှားကို ပွေ့ထူ၍ထားကြလေရာ တခဏာ္ခကြာလျှင် ဦးစံရွှားသည် စကားပြောနိုင်သည့်အဖြစ်သို့ ရောက်ရှိ၍-

ရွှား။ ။"ဘယ်နှစ်နာရီ ထိုးပြီလဲ ကိုသိန်းမောင်"

ကျွန်။ ။"၁၂နာရီ ထိုးပြီဗျ"

ရွှား။ ။"ကံကောင်းလို့ဗျ။ မနေ့ည ဘန်းခေါင်လောက်ကတည်းက တွဲလဲနေလိုက်ရတာ နေဝင်လို့မှ ခင်ဗျားတို့ ပေါက်မလာယင်ဖြင့် ညောင်းတာနဲ့ သေရတော့မှပဲ။ ရေငတ်လိုက်တာ ကိုသိန်းမောင်ရယ်၊ တဆိတ်ရေရှာစမ်းပါဗျ"

ထိုအခါ ပုလိပ်သားတယောက်သည် မနီးမဝေးရှိ မူးမြောင်းတခုမှရေကို ဦးထုပ်နှင့် ခပ်ယူခဲ့ပြီးလျှင် ဦးစံရွှားအားပေးရာ ဦးစံရွှားသည် ဦးထုပ်မှရေကို ကုန်စင်အောင် သောက်ပြီးနောက်-

ရွှား။ ။"တခါတည်းသေအောင် မသတ်ပဲနဲ့ တဖြည်းဖြည်းညှဉ်းဆဲပြီး သတ်ချင်တဲ့အတွက် ကြောင့်သာ ကျုပ် အသက်ချမ်းသာရာ ရပေတော့တယ်ဗျာ။ ကံကောင်းလို့"

ကျွန်။ ။"ဖြစ်ပုံ တဆိတ်လောက် ပြောပြစမ်းပါဦးဗျ"

ရွှား။"ဒီလိုဗျ၊ မီးရထားပေါ်က ခုန်ဆင်းဆုံပြီးတဲ့နောက် ဦးမင်းဟန်ရှိရာ မူးမြောင်းသွားပြီးကြည့်တော့ ဦးမင်းဟန်လဲ မရှိဘူး။ ဒီတော့ ကျုပ်က သူ့ခြေရာခံပြီး လိုက်ကရောဗျ။ တမိုင်ခရီးလောက်သွားမိတော့ မီးခွက်ကလေးတခွက် ခပ်လှမ်းလှမ်းက မှိတ်တုတ်မှိတ်တုတ်နဲ့ မြင်ရတာကိုးဗျ။ ဒီတော့ ကျုပ်က ရွာလဲမရှိ၊ တဲလဲမရှိ၊ ဘယ်လိုမီးများပါလိမ့်မလဲလို့ မသင်္ကာတာနဲ့ ခပ်ဆိုင်းဆိုင်းလုပ်ပြီး တစောင်းကချောင်းကြည့်မယ်လုပ်တုန်း ပြုန်းဆို နောက်ကနေပြီး လူ ၃ ယောက်က ကျုပ်ကိုဝိုင်းဖက်ကြတာကိုးဗျ။ ကျုပ်လဲ တတ်နိုင်သမျှတော့ ရုန်းတာပဲ။ သို့ပေမယ့် သူတို့က ဦးနေလေတော့ မရုန်းနိုင်ဘူးဗျ။ သူတို့ခေါ်ရာ လိုက်ရတော့တာပဲ"

ကျွန်။ ။"ဘယ်သူများလဲဗျ"

ရွှား။ ။"ဘယ်သူများရမှာလဲ ကိုသိန်းမောင်ရဲ့၊ ဦးမင်းဟန်နဲ့ ဝက်ဝံပြလဲ ကုလားနှစ်ယောက်ပေါ့ဗျာ။ ဒီလိုတဲ့ဗျ။ ဦးမင်းဟန်က ကျုပ်ခုန်ဆင်းလိမ့်မယ်ဆိုတာသိသတဲ့။ သိလေတော့ တယောက်ချင်းမို့လို့ မဖက်ပြိုင်ဝံ့ပဲ ကျုပ်လက်ကလွတ်အောင် ရှောင်ထွက်မယ်အလုပ်မှာ ဝက်ဝံပြတဲ့ ကုလားနှစ်ယောက်နဲ့ အခန့်သင့် တွေ့သတဲ့။ တွေ့တော့ ကျုပ်မြင်လောက်အောင် မီးခွက်ကလေးတခွက် အသာထွန်းထားပြီး ချုံကွယ်က အသာတွက်ပြီး ဖမ်းကြတာပေါ့ဗျ"

ကျွန်။ ။"ကျွန်တော်မပါတာ နာတာပဲဗျာ"

ရွှား။ ။"မတူးလှပါဘူး ကိုသိန်းမောင်၊ ကျုပ်တယောက်တည်းပေမယ့် အာလစ်မိသွားလို့ ခံလိုက်ရတာပါဗျာ"

ကျွန်။ ။"ဒါနဲ့ ပြောပါဦးဗျာ"

ရွှား။ ။"ပြောစရာတော့ များများမရှိပါဘူးဗျာ။ ကျုပ်ကို မိပြီးတဲ့နောက် ကြိုးနဲ့တုပ်ပြီး ဦးမင်းဟန်က ဘယ်နည်းနဲ့ စီရင်ရမလဲလို့ အကြံထုတ်တာကိုးဗျ။ နောက်ပြီးတော့မှ အကြံရတဲ့ လက္ခဏာနဲ့ 'ဦးစံရွှား၊ ခင်ဗျားကို ကျုပ်အခုသတ်ရမှာ နှမြောပါတယ်။ သို့သော် ကံကောင်းယင်လဲ ခင်ဗျားကို ကယ်မယ့်လူ ပေါ်လိမ့်မယ်။ ကယ်မယ့်လူ မပေါ်လို့ရှိယင်လဲ ခင်ဗျားအကြောင်းလိုသာ အောက်မေ့ပေတော့'တဲ့


www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ထန်းတက်သမားက တွဲလဲထားခဲ့တဲ့ကြိုးမှာ ခင်ဗျားတို့မြင်တဲ့အတိုင်း စီရင်ထားခဲ့တာပါပဲဗျာ။ ကျုပ်ကိုလဲ ဒီလိုလုပ်ထားခဲ့ရော သူကိုလဲ ထွက်သွားကြပါရောဗျ။ ညောင်းလိုက်တာဆိုတာ ဘာပြောစရာ ရှိမလဲဗျာ။ ချိုင်းအောက်မှာဆိုတော့ ကြိုးပွန်းထားလိုက်တာ အထိတောင် မခံနိုင်ဘူး''

ထို့နောက် ကျွန်တော်တို့သည် အနီးဆုံးရွာတရွာမှ လှည်းတစီးကို ငှားရမ်းပြီးနောက် ထိုင်၍နေခြင်းငှာ မတတ်နိုင်အောင် ခွေယိုင်နုံးနွဲ့လျက်ရှိသော ဦးစံရှားကို လှည်းပေါ်သို့တင်ပြီး ဝက်လက်ဌာနသို့ ပြန်လာခဲ့ကြလေ၏။ ဌာနအုပ်လည်း မိမိလက်ထောက်ပုလိပ်များနှင့် ဝက်ဝံပြသောကုလားနှစ်ယောက်နှင့် ဦးမင်းဟန်တို့၏ သတင်းကို ထောက်လှမ်းစုံစမ်းပါသော်လည်း ခြေရာမခံမိအောင် ရှိနေလေ၏။ ကျွန်တော်တို့မှာမူ ယင်းအမှု၌ ဆက်လက်စုံထောက်ခြင်းငှာ မတတ်နိုင်အောင် ရှိနေသည်ဖြစ်၍ မန်ကျည်းတုံရွာသို့ ပြန်သွားပြီးလျှင် ဦးစံရှား၏ ဒဏ်ရာများကို ဆေးဝါးကုသလျက် ရှိနေခဲ့ရလေ၏။

၆

ဦးစံရှားသည် ကျွန်တော် ခွင့်ရက်စေ့ကုန်သည့်တိုင်အောင် ကျွန်တော်နှင့်အတူ မန်ကျည်းတုံရွာတွင် တည်းခိုနေထိုင်ပြီးနောက် ကျွန်တော်မှာ အလုပ်သို့ တဖန်ပြန်၍ဝင်ရန် နေ့ရက်နီးသည့်အခါတွင်မှ မန်ကျည်းတုံရွာမှ ထွက်ခွာလာခဲ့ကြလေရာ မန္တလေးမြို့သို့ ဆိုက်ရောက်ကြလျှင် ဦးစံရှားက မီးရထားလမ်းဖြင့် မပြန်ပဲ သင်္ဘောလမ်းဖြင့် ရန်ကုန်သို့စုန်ဆင်းရန် သွေးဆောင်လေသော် ကျွန်တော်မှာလည်း ရေကြောင်းခရီးဖြင့် တကြိမ်တခါမျှ မသွားမလာဘူးသေးသည်ဖြစ်သောကြောင့် သူ၏အကြံပေးချက်အတိုင်း စာပို့သင်္ဘောနှင့် ရေကြောင်းခရီးမှ လိုက်ပါလာခဲ့ကြလေ၏။

ကျွန်တော်တို့သည် ဒုတိယတန်းအခန်းဖြင့် စီးနင်းလိုက်ပါလာခဲ့ကြ၍ မီးသင်္ဘောသည် နံနက်လင်းသည်နှင့် တပြိုင်နက် မန္တလေးမြို့ဆိပ်ကမ်းမှ ထွက်ခွာခဲ့သည်တွင် ကျွန်တော်တို့သည် အိပ်ခန်းအပြင်သို့ ထွက်ပြီးနောက် လက်ဖက်ရည်သောက်ရန် စားပွဲ၌ထိုင်ကာ အခြားခရီးသည်များကို စောင့်ဆိုင်းလျက်ရှိကြလေ၏။ အတန်ငယ်ကြာလတ်သော် ခရီးသည်အသီးသီးတို့သည် မိမိတို့အခန်းမှထွက်လာကြသဖြင့် စားပွဲ၌ထိုင်မိကြလေရာ အခန်း ၈ ခန်းအနက်မှာ ကျွန်တော်တို့ပါ လူ ၁၅ ယောက်ခန့်တို့သည် လက်ဖက်ရည်များကို အသီးသီးဖျော်ကာ သောက်သုံးလျက် ရှိကြလေ၏။

ကျွန်တော်တို့ လက်ဖက်ရည်သောက်ပြီး၍ တခဏခန့်ကျသောအခါ မျက်မှန်အနက် တပ်ဆင်လျက်ရှိသော ပေါက်ဖော်ကြီးတယောက်သည် တခုသောအခန်းမှ ထွက်လာပြီးလျှင် မိမိအတွက်ချန်၍ထားသော လက်ဖက်ရည်ပွဲကို ဖျော်၍သောက်လေ၏။ ကျွန်တော်မှာ ရေကြောင်းခရီးဖြင့် မသွားမလာဘူးသည်ဖြစ်၍ တောင်ခြေကမ်းခြေတို့၏ ရှုခင်းသာယာတင့်တယ်စွာရှိသည့် အခြင်းအရာများကို ကြည့်ရှု၍ အားရပါးရ ချီးမွမ်းပြောဆိုလျက်ရှိရာ ဦးစံရှားမှာ ကျွန်တော်ပြောဆိုသည့်စကားကို ကောင်းစွာနားစိုက်သည့်လက္ခဏာ မရှိပဲ စဉ်းစားတွေဝေသည့် အမူအရာနှင့်ရှိနေသဖြင့် ကျွန်တော်၏အနီး၌ရှိသော ပါရစီလူမျိုးတယောက်ကို သာလျှင် မိတ်ကျွမ်းဖွဲ့၍ စကားပြောဆိုရလေ၏။

လက်ဖက်ရည်သောက်၍ပြီးကြလျှင် ယင်းပါရစီလူမျိုးမှာ စိန်ကုန်သည်ကြီးတယောက် ဖြစ်သဖြင့် မိမိ၏အခန်းမှ လက်ဆွဲသားရေအိတ်ငယ်တခုကို ထုတ်ခဲ့ပြီးလျှင် စိန်လက်စွပ်၊ စိန်လက်ကောက်၊ စိန်နားကပ်မှ စ၍ စိန်ဖြင့် ပြုလုပ်ထားသော လက်ဝတ်လက်စား အမျိုးမျိုးတို့ကို ခရီးသည်များအား ပြသ၍ ဝယ်ယူရန် တိုက်တွန်းနှိုးဆော်လျက် ရှိလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


အခန်းတွင်းမှ နောက်ဆုံးထွက်လာသော ပေါက်ဖော်ကြီးလည်း ပါရစီ စိန်ကုန်သည်ကြီး၏ အနီး၌ ရှိသော ကုလားထိုင်သို့ ကူးပြောင်း၍ ထိုင်ပြီးနောက် စိန်ထည် အမျိုးမျိုးတို့ကို ကိုင်တွယ် ကြည့်ရှုလျက် အဖိုးနှုန်းများကို မပီကကာ ပီကလာနှင့် မေးမြန်းလျက်ရှိရာ ဦးစံရွှားမှာမူ စကားတခွန်းမျှ မပြောပဲ ဆေးတံကိုသာလျှင် ဖွာလျက် ဆိတ်ငြိမ်စွာ လိုက်ပါလာခဲ့လေ၏။

ကျွန်။ ။"ဘယ့်နှယ်လဲ ဦးစံရွှား၊ တိတ်ဆိတ်လှချေကလားဗျာ။ စိန်နားကပ် တရံလောက် လက်ဆောင်ပေးဖို့ ဝယ်ပါဦးလားဗျာ"

ရွှား။ ။(ဣန္ဒြေကြီးနှင့်) "မရှုပ်စမ်းနဲ့ဗျာ။ အသာနေစမ်းပါ"

ပေါက်ဖော်ကြီး။ ။"တီလက်စွပ်က ဘယ်လောက်လဲ ဆရာကီး"

စိန်ကုန်သည်။ ။"၇၅၀"

ပေါက်ဖော်ကြီး။ ။"အားကီးများတယ်၊ မဝယ်နိုင်ဘူး။ ၃၀၀ ပေးမယ်"

စိန်ကုန်သည်။ ။"ဘယ်ရမလဲ ပေါက်ဖော်"

ထို့နောက် စိန်ကုန်သည် ပါရစီလူမျိုးသည် မိမိ၏ ကုန်စည်များကို ဈေးတည့်အောင် ဝယ်ယူမည့်သူ မရှိသည်နှင့် လက်ဆွဲသားရေသေတ္တာအတွင်းသို့ပြန်၍ ထည့်ပြီးနောက် သားရေသေတ္တာကို အခန်းတွင်း၌ သိမ်းဆည်းမည်ဟု ထလိုက်သည်တွင် ပေါက်ဖော်ကြီးသည် လက်ဘဘက်ဖြင့် သားရေသေတ္တာကို လျင်မြန်စွာ ဆွဲငင်လုယူ၍ အခြားလက်ဘဘက်မှ ခြောက်လုံးပြူးသေနတ်နှင့် ခရီးသည်အားလုံးကို ချိန်ရွယ်လျက်

ဖော်။ ။"မဆိုင်သူ မရှုပ်နဲ့နော်။ လှုပ်တဲ့လူ ပစ်လိုက်မယ်"ဟု ခြိမ်းခြောက် ဝေါက်ငမ်းလိုက်သည်တွင် အားလုံးသော ခရီးသည်များနှင့်တကွ ကျွန်တော်တို့မှာ အံ့အားသင့်ကာ ကြက်သေသေလျက် ရှိကြရာ ဦးစံရွှားမှာမူ မိမိထင်သည့်အတိုင်းသာပင် ဖြစ်ချေပြီဟူသော အမူအရာမျိုးဖြင့် ခပ်ပြုံးပြုံးသာလျှင် ရှိနေလေ၏။ ထိုအခါ ဦးစံရွှားသည် မိမိ၏သက်ကို အင်္ကျီအိတ်သို့ နှိုက်မည်ပြုလိုက်ရာ ပေါက်ဖော်ကြီးက "ဆေးတံနဲ့လူ၊ ဘာလုပ်သလဲ၊ ပစ်လိုက်မယ်၊ သေချင်ပြီလား"ဟု ခြိမ်းခြောက်သည်နှင့် ဦးစံရွှားမှာ ခေါင်းညိတ်ခါ ရယ်မောလျက် ရှိလေ၏။

နောက် တခဏ၌ ပေါက်ဖော်ကြီးသည် ကျွန်တော်တို့အားလုံးကို သေနတ်နှင့် ချိန်ရွယ်လျက် နောက်ဆုတ် နောက်ဆုတ်နှင့် သွားပြီးလျှင် သင်္ဘောပဲ့ပိုင်း၌ရှိသော လက်ရမ်းသို့ ရောက်သည်နှင့် တပြိုင်နက် ကျော်ဆင်းမည်ပြုလေရာ ဦးစံရွှားသည် ထိုသူ၏ အကြံကို ရိပ်မိသဖြင့် ထိုင်ရာမှ လျင်မြန်စွာ ထ၍လက်ရမ်းသို့ ပြေးသွားလေ၏။ သို့ရာတွင် ပေါက်ဖော်ကြီးသည်ကား သားရေသေတ္တာ ဆုပ်ကိုင်ထားသော လက်နှင့် လက်ရမ်း မှေးပြီးနောက် ကိုယ်ကိုနှဲ၍ ပစ်ချလိုက်ရာ ဦးစံရွှား လက်ရမ်းသို့ ရောက်သောအခါ၌ ပေါက်ဖော်ကြီးသည် သင်္ဘော၏နောက်တွင် ပေ ၁၀၀ ခန့် ကွာဝေးသောအရပ်၌ မြုပ်ချည်ပေါ်ချည်နှင့် ရှိနေလေ၏။

ထိုအခါ ခရီးသည် အားလုံးတို့သည် ထိုင်ရာမှ ပြေးလာကြပြီးလျှင် သင်္ဘော နောက်သို့ မျှော်ကြည့်ကြလေရာ ပေါက်ဖော်ကြီးသည် သားရေတ္တောကို ပါးစပ်နှင့်ကိုက်လျက် ကမ်းတဘက်သို့ ကူးနေသည်ကို တွေ့မြင်ကြရလေ၏။ ထိုခဏ၌ သင်္ဘောအရာရှိတို့သည် သင်္ဘောပေါ်မှလူတယောက် ကူးသွားသည့် အကြောင်းကို သိရှိကြသဖြင့် ခေါင်းလောင်းများကိုထိုးလုက် သင်္ဘောကို ရပ်တန့်စေလေ၏။ သို့ရာတွင် ပေါက်ဖော်ကြီးမှာ ထိုအချိန်အခါ၌ သင်္ဘောနှင့်ကိုက်ပေါင်း ၇၀၀ ခန့်မျှ ဝေးကွာလျက် ကမ်းနှင့် ပေ ၁၈၀ ခန့်မျှသာလျှင် ဝေးကွာလေတော့၏။ စိန်ကုန်သည် ကုလားကြီးလည်း အံ့သြခြင်း ပြေပျောက်ပြီးနောက် မိမိ၏ ပစ္စည်းများ ပါသွားသည်ကို အလွန်တရာ နှမြောလှသည်ဖြစ်၍ ဆံပင်ကိုဆွဲကာ ရင်ဘတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုကာဖြင့် ထိုမှဤမှ အော်ဟစ်ပြေးလွှားနေပြီးလျှင် နောက်ဆုံး၌ ကပ္ပိတန်အား အကျိုးအကြောင်းကို တိုင်ကြားလေ၏။

ကပ္ပိတန်သည် ကမ်းသို့ရောက်လုဆဲဆဲရှိနေသော ပေါက်ဖော်ကြီးကို မှန်ပြောင်းနှင့် ကြည့်ပြီးနောက် ပွဲ၌ချိတ်ထားသော သမ္မန်ကို ဖြုတ်စေ၍ သင်္ဘောအရာရှိတယောက်နှင့် သင်္ဘောသား အချို့ကို စေလွှတ်လိုက်လေ၏။ ထိုခဏအတွင်း၌ သင်္ဘောသည် ရပ်တန့်လျက်ရှိရာ မိနစ် ၂၀ ခန့် ကြာသောအခါ သင်္ဘောသားများနှင့် အရာရှိတို့သည် ပြန်လာ၍ ထိုသူကို မတွေ့မမြင်ခဲ့ကြကြောင်းနှင့် ကပ္ပိတန်အား အစီရင်ခံကြလေ၏။ ယင်းသို့ မတွေ့ခဲ့ရခြင်း၏ အကြောင်းမှာ ထိုအရပ်၌ ကျူပင် ကိုင်းပင်တို့သည် မြစ်ကမ်းပါး တလျှောက်၌ ထူထပ်စွာ အနှံ့အပြား ပေါက်ရောက်လျက်ရှိရာ လူတယောက်မျှမက ၁၀ ယောက်မျှသော လူတို့သည် ယင်းအတွင်း၌ ဝပ်လျှိုး၍ နေခဲ့ပါမူ လူ ၁၀၀ မျှပင် ဝိုင်းဝန်း ရှာဖွေပါသော်လည်း တွေ့နိုင်ရန် ခက်ခဲလှသောကြောင့် ဖြစ်ပေသည်။

ထိုအခါ ကပ္ပိတန်သည် မည်သို့မျှ မတတ်နိုင်လဖြင့် ဝမ်းနည်းကြောင်းဖြင့် စိန်ကုန်သည် ကုလားကြီးအား ပြောဆိုပြီးနောက် သင်္ဘောကို အစုန်ခုတ်မြဲအတိုင်း ခုတ်စေလေ၏။ စိန်ကုန်သည် ကုလားကြီးမှာမူ ပစ္စည်းများ ဆုံးပါးသည့်အတွက် ရင်ဘတ်စည်တီး၍ တလမ်းလုံးညည်းညူမြည်တမ်းလျက် ရှိနေရာ

ရှား။ ။ပစ္စည်းတန်ဖိုး ဘယ်လောက်ပါသွားသလဲ''

ကုလား။ ။''၂၀၀၀ဝိ ကျော်ကျော်လောက် ပါသွားပါတယ် ခင်ဗျား''

ရှား။ ။''မြင်းမူကျယင်ဆင်းပြီး ဌာနာမှာ တိုင်ပါတော့လားဗျ။ သူတို့ရှာယင် တွေ့မှာပေါ့။ တယ်ဝေးတာမှ မဟုတ်ပဲ''

လား။ ။''ပုလိပ်ကိုတိုင်ယင်တိုင်ချက်ရေးတာနဲ့ ဟိုက ရောင်းစားလို့တောင်ကုန်တော့မယ်ခင်ဗျား။ ပြန်ရမှာ မဟုတ်ပါဘူး။ နေပါဦး။ ခင်ဗျားက ဘာအရာရှိလဲခင်ဗျာ''ဟု မေးလျက် စိန်ကုန်သည်ကြီးသည် ဦးစံရှား၏ ခန့်ညားသော ကိုယ်ဟန်အမူအရာကို အကဲခတ်လျက် ရှိနေရာ

ရှား။ ။''ကျွန်တော်က စုံထောက်ဘက်ကပါပဲ''

လား။ ။''ဘယ်မှာ နေသလဲခင်ဗျ''

ရှား။ ။''ရန်ကုန်မှာနေတယ်''

လား။ ။''ဦးစံရှားဆိုတာ ခင်ဗျားလားဗျ''

ရှား။ ။''ကြားဖူးသလား။ မှန်ပါတယ်''

လား။ ။''(စိတ်အားကြီးသော အမူအရာဖြင့်) ''တဆိတ်လုပ်ပေးပါဗျာ။ ကျွန်တော့်ပစ္စည်း ပြန်ရသို့ရှိယင် ငွေ ၅၀၀ဝိ ကျွန်တော်ပေးပါ့မယ်''

ရှား။ ။(ကျွန်ဘော့်အားကြည့်လျက်) ''ဘယ့်နှယ်လဲ ကိုသိန်းမောင်''

လား။ ။တဆိတ်လုပ်ပေးပါမိတ်ဆွေ၊ မရယင် ကျွန်တော် စရိတ်ခံပါ့မယ် ခင်ဗျာ''

ကျွန်။ ။''ခင်ဗျားသဘောပေါ့ဗျာ''

ရှား။ ။''ငွေ ၅၀၀ဝိ ကို ကျုပ်ဒီလောက်မမက်ပါဘူး။ဟိုဖာက ကျုပ်တို့ မိတ်ဆွေဟောင်းကြီးပဲဗျာ''

ကျွန်။ ။''ဘယ်ဟာလဲဗျာ''

ရှား။ ။''ပေါက်ဖော်ကြီးဟာလေ''

ကျွန်။ ။''ဘာဖြစ်သလဲဗျ''



www.burmeseclassic.com

www.burmeseclassic.com


ရှား။ "ကျုပ်တို့လူ ဦးမင်းဟန်ပေါ့ဗျ"

ကျွန်။ ။"ဟုတ်နိုင်ပါ့မလားဗျာ"

ရှား။ ။"မလွဲပါဘူး ကိုသိန်းမောင်၊ ကျုပ်က ဒါကြောင့် စကားမပြောပဲ သူ့အကဲကို ကြည့်နေတယ် မဟုတ်လား"

ကျွန်။ ။"ကိုင်း ဒါဖြင့်လိုက်ကြစို့ဗျာ။ ခွင့်ရက်နောက်ကျလို့ရှိယင်လဲ ကြံဖန်ပြီး ပြောရတာပေါ့"

စာပို့မီးသင်္ဘောသည် မြင်းမူဆိပ်ကမ်းသို့ ဆိုက်သောအခါ ကျွန်တော်နှင့် ဦးစံရှားအပြင် စိန်ကုန်သည် ပါရစီ ကုလားကြီးတို့သည် သင်္ဘောပေါ်မှ ဆင်းသက်ကြပြီးလျှင် စိန်ကုန်သည်အား ပုလိပ်ဌာနသို့ သွားရောက်၍ ထုံးစံအတိုင်း ဌာနာအုပ်အား တိုင်ချက်ပေးစေလေ၏။ ကျွန်တော်နှင့် ဦးစံရှားတို့မှာမူ သမ္ဗန်တခင်းကို ငှားရမ်း၍ ပေါက်ဖော်ကြီး ခုန်၍ဆင်းရာ အရပ်သို့ ရွက်တိုက်၍ ဆန်တက်ခဲ့ကြလေ၏။

## ၂

ဦးမင်းဟန်သည် သင်္ဘောပေါ်မှ ခုန်၍ ဆင်းသည့်အခါ၌ မီးရထားပေါ်မှ ခုန်၍ ချစဉ်ကကဲ့သို့ မိမိ၏ အသက်ကို စွန့်စားရသည် မဟုတ်ပေ။ အကြောင်းကိုဆိုသော် ဦးမင်းဟန်သည် ယင်း စာပို့မီးသင်္ဘောပေါ်၌ စိန်ကုန်သည် ပါရစီကုလားကြီး လိုက်ပါမည့်အကြောင်းကို သတင်းရရှိပြီး ဖြစ်သောကြောင့် စက်ဘီးမှ ရော်ဘာ ကျွတ်တစုံကို ဝယ်ယူပြီးလျှင် လေမှုတ်၍ ခါးတွင် ရစ်ပတ်ကာ ထားခဲ့လေ၏။

သင်္ဘောထွက်သည့် နံနက်၌ ဦးမင်းဟန်သည် စိန်များထည့်ထားသော သားရေသေတ္တာကို ချက်ချင်း လုယူရန် မူသော မကြံရွယ်ခဲ့သေးချေ။ သို့ရာတွင် မိမိ၏ အခန်း တံခါးကို ဖွင့်လှစ်၍ အပြင်သို့ ချောင်းကြည့်လိုက်သည်တွင် ဦးစံရှားကို မြင်သည်နှင့် အကယ်၍ နေ့ရက် ရွေ့ဆိုင်းနေခဲ့ပါမူ ဦးစံရှားသည် မိမိရုပ်ဖျက်၍ ထားသည်ကို ရိပ်မိခဲ့ချေက မိမိ၏ အကြံအစည် အသမမြောက်ပဲ ပုလိပ်၏ လက်သို့ ရောက်ရမည့် အဖြစ်ကို စိုးရိမ်သည့်ဖြစ်၍ ထိုနေ့ည၌ပင် မိမိအကြံကို ထမြောက်အောင် ဆောင်ရွက်အံ့ဟု ယခင်က ရော်ဘာကျွတ်ကို အဘတ်အောက်တွင် ခါးစည်းလျက် အပြင်သို့ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

သင်္ဘောပေါ်မှ ခုန်၍ ချလိုက်သောအခါ ဦးမင်းဟန်မှာ ရေကူးကျင်လည်သော သူတယောက် ဖြစ်သည့်ပြင် လေမှုတ်၍ထားသော ကျွတ်ကိုလည်း ခါးတွင်ဆောင်လျက် ရှိသည်ဖြစ်သောကြောင့် များစွာ ခဲယဉ်းခြင်း မရှိပဲ ကမ်းသို့ရောက်အောင် လက်ပစ်ကူး၍ သွားခဲ့နိုင်ခြင်း ဖြစ်လေသည်။

ကမ်းသို့ ရောက်သောအခါ ဦးမင်းဟန်သည် လက်ပန်းကျခြင်းမှ ပြေပျောက်စေခြင်းငှာ ကျူပင် ကိုင်းပင်တို့၏ အကြားတွင် အမောအပန်းဖြေလျက်ရှိရာ သင်္ဘောသားတို့သည် သမ္ဗန်နှင့် လိုက်လာကြသည်ကို မြင်သောအခါ ကိုင်းပင်များ ထူထပ်ရာသို့ ပြောင်းရွှေ့ပုန်းလျှိုး၍ ဆိတ်ငြိမ်စွာ နေခဲ့လေ၏။ သင်္ဘောသားတို့မှာလည်း ကိုင်းပင်များ ရှုပ်ထွေးလှသည်ဖြစ်၍ ဝတ်ကျေဝတ်ကုန် အနည်းငယ်မျှ ရှာဖွေပြီးလျှင် ပြန်၍ သွားကြသောကြောင့် ဦးမင်းဟန်မှာ ထိုသူတို့၏ ဘေးရန်မှ အလွယ်တကူ လွတ်ကင်းခဲ့ရလေသည်။

သင်္ဘောသားတို့သည် သမ္ဗန်နှင့် ပြန်သွားကြပြီးနောက် ဦးမင်းဟန်သည် သင်္ဘောထွက်ခွာသွားသည့်တိုင် ပုန်းအောင်း၍ နေပြီးလျှင် သင်္ဘောထွက်သည်နှင့် တပြိုင်နက် ကျူပင်များ ကင်းရှင်းရာ အရပ်သို့ ထွက်လာခဲ့လေ၏။ ကုန်းမြင့်တခုသို့ ရောက်သောအခါ ဦးမင်းဟန်သည် ကုန်းမြင့်ပေါ်သို့ တက်ပြီးနောက် အရပ်လေးမျက်နှာကို မျှော်ကြည့်ရာ လူနေအိမ်ခြေတို့ကို မတွေ့မမြင်သည်နှင့် ရောက်လိုရာ

ဒုတိယအကြိမ်

www.burmeseclassic.com


ရောက်စေတော့ဟု အောက်မေ့လျက် အရှေ့စူးစူးသို့ ထွက်လာခဲ့လေ၏။ ထိုနေ့တနေ့လုံး ခရီးသွားပါသော်လည်း ဦးမင်းဟန်သည် လူသူတဦးတယောက်ကိုမျှ မတွေ့မရပဲ နေဝင်ပြီးနောက် အတန်ငယ်ကြာသည့်အခါ ကျားလျှာချုံကြီးများ ဝိုင်းရံလျက်ရှိသော အဆောက်အအုံတခုကို တွေ့ရှိရလေ၏။

ထိုအခါ ဦးမင်းဟန်သည် ကျားလျှာချုံကြီးများမှာ သူ့တာသာအလျောက် ပေါက်ရောက်၍ နေရခြင်း မဟုတ်။ တခုသော အိမ်ကြီးကို ဝိုင်းဝန်းပတ်ရံကာ၍ စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရှိရသည့်မြင် တခုသောဒနေရာ၌ ဆူးများကိုတံခါးသဖွယ် ပြုလုပ်၍ထားသော ဝင်းပေါက်တခုကိုလည်း တွေ့ရှိရလေ၏။ အိမ်ကြီးအတွင်း၌ကား မီးရောင်လည်း မမြင်၊ လူသံလည်း မကြား၊ တိတ်ဆိတ်စွာ ရှိနေသည်ဖြစ်ရာ ဦးမင်းဟန်သည် တနေ့ပတ်လုံး အစာမစားရသဖြင့် ဆာလောင်မွတ်သိပ်လှသည်ဖြစ်၍ အိမ်တွင်း၌ လူများရှိလေသလားဟု အော်ဟစ် ခေါ်ငင်လိုပါသော်လည်း မကောင်းတတ်သော သဘောရှိသည်ဖြစ်သောကြောင့် အတန်ကြာအောင် ရပ်လျက် နားစွင့်ကာ ဆိုင်းငံ့နေလေ၏။

သို့ပါသော်လည်း မည်သည့်အသံကိုမျှ မကြားရပဲ တိတ်ဆိတ်စွာသာလျှင် ရှိနေခဲ့ပြန်ရာ ဦးမင်းဟန်သည် အတွင်းသို့ တိတ်တဆိတ်ဝင်၍ စုံစမ်းဦးအံ့ဟု ဆူးတံခါးကို ဖြည်းညင်းစွာ ဖွင့်ပြီးလျှင် ဝင်းတွင်းသို့ ဝင်သွားလေ၏။

ထိုဝင်းကြီးမှာ ၃ ဧကမျှ ကျယ်ဝန်းသည်ဖြစ်၍ ဝင်းပေါက်နှင့် အိမ်ကြီးမှာ ကိုက်ပေါင်းများစွာ ဝေးကွာခဲ့လေရာ ဦးမင်းဟန်သည် ဝင်းအတွင်းသို့ ဝင်ပြီးလျှင် အိမ်ကြီးကို လှည့်ပတ် စုံစမ်းကြည့်ရှုလျက်ရှိစဉ် အိမ်တွင်းမှ လူများ စကားတီးတိုးပြောဆိုသကဲ့သို့သော အသံများကို ကြားရသဖြင့် အံ့အားသင့်လျက် ရှိလေ၏။

ထို့နောက် ဦးမင်းဟန် အကြံဖြစ်သည်မှာ ဤအိမ်ကြီးသည် ရွာနှင့်လည်း မနီး၊ တအိမ်ထီးတည်းသာ ဆောက်လုပ်၍ထားသည် ဖြစ်သောကြောင့် သူခိုးဓားပြ ပုန်းအောင်းရာအရပ် ဖြစ်လေမည်လား၊ အကယ်၍ သူခိုးဓားပြ မဟုတ်ခဲ့ပါမူ မိမိဘာကြောင့်သနည်း၊ သားရေသေတ္တာတခုနှင့် ဝင်၍သွားခဲ့သော် အိမ်ရှင်တို့သည် သားရေသေတ္တာအတွင်း၌ အဖိုးတန်ပစ္စည်းများ ပါချေမည့် အကြောင်းကို တွေးတောပြီးလျှင် သေဘေးဆီသို့ ရောက်၍ အသက်ကိုပင် ရန်ရှာတတ်ချေသည်။ ငါသည် အိမ်တွင်းသို့ မဝင်မီ သားရေသေတ္တာကို သိုဝှက်၍ ထားခဲ့အံ့ဟု အောက်မေ့၍ လျှို့ဝှက်သင့်သော နေရာကို ရှာဖွေကြည့်ရှုလျက် ရှိလေ၏။ ယင်းသို့ ရှာဖွေလျက်ရှိစဉ် ကံအားလျော်စွာ တူရွင်းတချောင်းကို ခြေနှင့် တိုက်မိသဖြင့် ဦးမင်းဟန်သည် ပစ္စည်းများကို မြေ၌မြှုပ်နှံ၍ ထားရန် အကြံဖြစ်သည့်အားလျော်စွာ ကျားလျှာချုံ၏အနီး တခုသော ထောင့်၌ မြေကြီးကို တူရွင်းဖြင့် ဖြည်းညင်းစွာ တူးဆွလေ၏။

သင့်လျော်အောင် နက်သည့်အခါ ဦးမင်းဟန်သည် စိန်များပါရှိသော သားရေသေတ္တာကို မြေတွင်းမြှုပ်နှံပြီးမှ ပိုမိုနေသော မြေစာများကို အနှံ့အပြားကြဲ၍ ပစ်ပြီးနောက် တူရွင်းကို ယခင်နေရာ၌ ပြန်ထား၍ အိမ်ရှေ့သို့ ရဲဝံ့စွာ လျှောက်လာခဲ့လေ၏။ အိမ်ရှေ့သို့ ရောက်၍ ခေါ်ငင်မည် ပြုသည်နှင့် တပြိုင်နက် ခွေးကြီးတကောင်သည် ဟိန်းဟောက်ခြင်းမရှိပဲ တခုသော မှောင်ရိပ်မှ ရုတ်တရက် ထွက်လာပြီးလျှင် ဦးမင်းဟန်၏ လည်မျိုကို ခုန်၍ဟပ်လိုက်ရာ ဦးမင်းဟန်မှာ ဖျတ်လတ်လျင်မြန်သူ တယောက် မဟုတ်ခဲ့လျှင် ခွေးကြီးပါးစပ်တွင်း၌ အသက်ပါရမည် မလွဲ ဖြစ်လေသည်။

ယင်းသို့ ဖြစ်ရကား ဦးမင်းဟန်သည် နံဘေးကို တလှမ်းမျှ ရှောင်တိမ်းပြီးလျှင် ခွေးကြီး၏နံဘေးကို ဒူးဖြင့် ကျုံး၍ မှလိုက်ရာ ခွေးကြီးသည်လည်း ဂိုန်ကနဲမြည်လျက် မြေပေါ်သို့ လိမ့်သွားလေ၏။ သို့ရာ

www.burmeseclassic.com

www.burmeseclassic.com


တွင် များစွာ နာကျင်လှသည်မဟုတ်သဖြင့် ခွေးကြီးသည် မြေမှ လူး၍ထပြီးလျှင် နောက်တဖန် ခုန်၍ ဟပ်မည်ဟု အားယူ၍ ရှိနေစဉ် ဦးမင်းဟန်လည်း ခါးမှ ဓားမြှောင်ကိုထုတ်၍ ခုခံရန် ပြင်ဆင်လေ၏။

ထိုခဏ၌ လူနှစ်ယောက်တို့သည် လက်နှိပ်ဓာတ်မီးများကိုကိုင်လျက် အိမ်ပေါ်မှ ပြေးဆင်းလာကြလေ၏၊ အနီးသို့ ရောက်လာကြပြီး လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ ကြည့်လိုက်သည်တွင် ဓားမြှောင်ကို ကိုင်စွဲထားသော လူတယောက်ကို မြင်သဖြင့် ရန်ဖျဉ်မည့်အစား ခွေးကို ရှူးတိုက်၍ ပေးကြလေ၏။

ထိုအခါ ခွေးကြီးလည်း ပထမ၌ ရွံ့တွန့်တွန့်လုပ်လျက် ရှိနေရာမှ သခင်ကအားပေးလိုက်သည်တွင် အားမာန်တင်းလျက် ဦးမင်းဟန်၏လည်ပင်းကို တဖန် ခုန်၍ ဆွဲဟပ်လိုက်ပြန်ရာ ထိုအခါ၌ကား ဦးမင်းဟန်သည် ရှောင်တိမ်းခြင်းမပြုပဲ ဓားမြှောင်ကို စိစိပါအောင် ဆုပ်ကိုင်လျက် ရှေ့တည့်တည့်မှ ချိန်၍ခံပြီးလျှင် အောက်သို့ ဆွဲချလိုက်လေ၏။ ထိုအခါ ဓားမြှောင်ဦးသည် ခွေးကြီး၏အရှိန်ဖြင့် ရင်ဝသို့ စူးဝင်ပြီးလျှင် အောက်သို့ ဆွဲ၍ချလိုက်သော ဓားချက်မှာမူကား ပေါင်ကြားသို့တိုင်အောင် နှစ်ခြမ်းကွဲ၍ သွားလေ၏။ ထိုအခြင်းအရာကို သခင်များ မြင်ရသောအခါ 'မိမိတို့၏ခွေးကို သတ်ဖြတ်သူအား လက်စားချေအံ့'ဟု လက်နက်များကို ယူငင်ရန် အပေါ်သို့ ပြေးတက်ကြမည်အပြုတွင် ဦးမင်းဟန်က

ဟန်။ ။"သည်းခံကြပါဗျာ။ ကျုပ် ရန်သူမဟုတ်ပါဘူး။ သဘော်ပေါ်က လိမ့်ကျလို့ ထမင်းကလေးများ တောင်းစားရအောင် လာခဲ့သူပါ"ဟု ပြောသောအခါ လူနှစ်ယောက်အနက် ဆရာနှင့် သဏ္ဍာန်တူသော လူက မိမိ၏တပည့်အား

ဆရာ။ ။"ဟေ့ နေပါဦးကွယ်။ မေးစမ်းကြပါဦးစို့၊ ခင်ဗျားအဝတ်ကတော့ တရုတ်အဝတ်အစား၊ ပြောတာကတော့ ပီလှချေလားဗျာ"ဟု ပြောသောအခါမှ ဦးမင်းဟန်သည် မိမိမှာ တရုတ်လူမျိုးအသွင် ဝတ်ဆင်ထားမိသည်ကို သတိရ၍

ဟန်။ ။"တရုတ်ဆိုပေမယ့် ပြည်ကြီးသားမှ မဟုတ်ပဲဗျာ။ တရုတ်ကပြားကို"

ဆရာ။ ။"မှန်မှန်ပြော၊ ခင်ဗျား ဘာလူမျိုးလဲ"

ဟန်။ ။"မြန်မာအစစ်ပါပဲဗျာ၊ အကြောင်းရှိလို့ တရုတ်လို ရုပ်ပြောင်းထားတာပါ"

ဆရာ။ ။"ဘာအကြောင်းလဲ"

ဟန်။ ။(မျက်စိမှိတ်လျက်)"ပုလိပ်ရန်ကို ကြောက်လို့ပါဗျာ၊ ခင်ဗျားတို့လဲ အိပ်မိသားနဲ့"

ပုလိပ်ရန်ကို ကြောက်သည်ဟု ပြောသံကို ကြားရသောအခါ ဆရာတပည့် နှစ်ယောက်တို့သည် ဦးမင်းဟန်၏ အပေါ်၌ ရုတ်တရက် မေတ္တာသက်ဝင်လာကြပြီးလျှင် တယောက်၏မျက်နှာကို တယောက် ကြည့်ကာ အတန်ကြာ စဉ်းစားစိတ်ကူးပြီးနောက်

ဆရာ။ ။"ခင်ဗျား သဘော်ပေါ်က လိမ့်ကျတယ်လား"

ဟန်။ ။"ပုလိပ်တွေရိပ်မိလို့ ခုန်ချဆင်းပြေးခဲ့ရပါတယ်ဗျာ"

ဆရာ။ ။"ထမင်း မစားရသေး ဘူးပေါ့"

ဟန်။ ။"မနက်စာရော၊ ညစာရော မတွေ့ရသေးပါဘူးဗျာ၊ ရှိကြယင် ကျွေးကြပါ၊ ကျေးဇူးမမေ့ပါဘူး"

ဆရာ။ ။"အိမ်ပေါ်တက်ခဲ့ဗျာ"

ဦးမင်းဟန်သည် အိမ်ပေါ်သို့ ခေါ်ငင်သည့်အတိုင်း ရဲ၀ံ့စွာလိုက်ပါသွားပြီးလျှင်ထိုသူနှစ်ယောက်တို့ ကျွေးမွေးသော ထမင်းနှင့် ကြက်သားဟင်းများကို မြိန်ရှက်စွာ စားသောက်ပြီးနောက်


www.burmeseclassic.com

www.burmeseclassic.com



ဟန်။ ။"တယ်ပြီးကျေးဇူးကြီးသာဗျာ။ ဒါထက် ကျွန်တော်တွေးကြည့်ရယ်င်ဖြင့်မဟုတ်လဲလွဲရှော့ခင်ဗျားတို့လဲ ကျုပ်လိုပဲ ပုလိပ်လက်က လွတ်အောင်ရှောင်နေတဲ့ လူတွေပဲ မဟုတ်လား"

ဆရာ။ ။(မေးသည့်စကားကို မဖြေသေးပဲ) "ခင်ဗျား ဘယ်အရပ်သားလဲ"

ဟန်။ ။"ဇာတိကတော့ ရွှေဘို တပယင်းကပါပဲ။ နေတော့ ရန်ကုန်မှာနေပါတယ်"

ထိုနောက် ထိုသူနှစ်ယောက်တို့သည် ဦးမင်းဟန်အား မေးခွန်းများထုတ်ကြပြီးလျှင် ဦးမင်းဟန်၏ ဖြေကြားချက်များကို စိတ်ကျေနပ်သည်ဖြစ်၍ မိမိတို့၏အကြောင်းကို ထုတ်ဖော်ပြောကြားလေရာ မိမိတို့မှာလည်း ဦးမင်းဟန်ကဲ့သို့ ဝရမ်းပြေးများ ဖြစ်ကြကြောင်း၊ ဤအိမ်သည် လူနေသော အိမ်မဟုတ်၊ တောရကျောင်းဖြစ်ကြောင်း၊ ဤကျောင်း၌ သီတင်းသုံးသော ဘုန်းတော်ကြီးများမှာ သုံးပါးတိုင်တိုင် တစ္ဆေခြောက်သဖြင့် ပျံလွန်တော်မူကြပြီးနောက် ကျောင်းတိုင်ပုဂ္ဂိုလ်မရှိပဲ ကျောင်းချည်းသက်သက်ရှိနေကြောင်း၊ ဤကျောင်းနှင့် နှစ်မိုင်ခန့် ဝေးကွာသော မောင်းကုန်းရွာမှ ရွာသူရွာသားတို့မှာ ကျောင်း၏အနီးသို့ပင် လာရောက်ဝံ့သူ မရှိကြကြောင်း၊ ဤအကြောင်းများကို မိမိတို့ သိရှိကြသည်ဖြစ်၍ လွန်ခဲ့သည့် နှစ်လလောက်ကစ၍ ဤကျောင်းတွင် ခိုအောင်းလျက်ရှိကြကြောင်း၊ ရံဖန်ရံခါ နွားကျောင်းသားကလေးများ ကျောင်းအနီးသို့ လာရောက်သည့်အခါ မိမိတို့က ကျောင်းပေါ်က ကြမ်းများကို မြည်အောင် ခုန်ပေါက်ကြခြင်း၊ အမိုးကို တုတ်များနှင့် ပစ်ခတ်ကြခြင်းအားဖြင့် ခြောက်လှန့်လိုက်ကြသောကြောင့် တယောက်တလေမျှ ကျောင်းအနီးသို့ ချဉ်းကပ်ဝံ့ကြသူ မရှိကြောင်းများနှင့် ပြောဆိုလေ၏။ ထိုအခါ ဦးမင်းဟန်သည် ထိုသူတို့၏ အကြံဉာဏ်ကောင်းကြောင်းများကို ချီးမွမ်းပြောဆိုပြီးလျှင် ယင်းတို့နှင့် သေမခွဲ ရှင်မခွာ နေထိုင်ပါမည့်အကြောင်းနှင့် တောင်းပန်ပြောဆိုသည်တွင် ထိုသူတို့သည် ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုကြလေ၏။

ဦးမင်းဟန်၏အကြံမှာ ထိုသူများအား ယင်းကဲ့သို့ ယုံကြည်လောက်အောင် ပြောပြီးနောက် အခါအခွင့် သင့်လျော်သည့်အခါ၌ မိမိ၏ပစ္စည်းများကို ဖော်ယူထွက်သွားရန် ကြံစည်ခြင်း ဖြစ်လေသည်။

ထို့နောက် ဦးမင်းဟန်နှင့် မိတ်ဆွေသစ်တို့သည် မိမိတို့ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ဘယောက်တလှည့် ပြောဆိုကြပြီးနောက် အိပ်ရာသို့ ဝင်ကြလေကုန်၏။

၈

ကျွန်တော်နှင့် ဦးစံရှားတို့သည် သမ္ဗန်ကို ရှက်တိုက်၍လာကြရာ ဦးစံရှားမှာမူ ဥဗျိုင်းသည် ရေထဲမှငါးကို ချောင်းနေသည့် အလားကဲ့သို့ သမ္ဗန်ဦး၌ထိုင်လျက် ကမ်းဘက်သို့ မျှော်ကြည့်ကာ ဆိတ်ငြိမ်စွာလိုက်ပါလာခဲ့လေ၏။ သမ္ဗန်မှာမူ လေပြင်းစွာ တိုက်ခိုက်သည်ဖြစ်သောကြောင့် ရှက်တို့သည် အစဉ်မပြတ်ပြည့်ဖောင်းလျက် ရေပန်းများထအောင် လှိုင်းများကို ဖြတ်ခွဲ၍ တက်လေရာ တနာရီလျှင် ၁၀ မိုင်နှုန်းမျှအနည်းဆုံး ဆန်တက်လျက် ရှိလေ၏။

၃ နာရီခန့်မျှ ကြာသောအခါ ဦးစံရှားသည် ရှေးကထက်ပင် စိတ်အာရုံစူးစိုက်စွာနှင့် ကမ်းဘက်သို့မျှော်ကြည့်ကာ လိုက်ခဲ့လေရာ ထိုအရပ်၌ကား ကိုင်းပင်တို့သည် ထူထပ်စွာ ပေါက်ရောက်စပြုပြီဖြစ်သောကြောင့် ဦးမင်းဟန် ခုန်၍ဆင်းရာ အရပ်သို့ နီးကပ်လာပြီ ဖြစ်ကြောင်းကို ကျွန်တော် သိရှိရလေ၏။ အဘန်းငယ် ဆန်တက်မိပြန်သောအခါ ကိုင်းပင်များ အနည်းငယ် ယိမ်းယိုင်လျက်ရှိသော နေရာတခုကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ကြရလေသဖြင့် ဦးစံရွှေသည် သမ္ဗန်သမားကို ကမ်းသို့ဆိုက်စေပြီးလျှင် ကျွန်တော်တို့သည် ကမ်းပေါ်သို့ တက်ကြလေ၏။

ထို့နောက် ဦးစံရွှေသည် သမ္ဗန်သမားအား ကျွန်တော်တို့ ပြန်၍မလာမချင်း ဤနေရာမှ စောင့်ဆိုင်း၍ နေရစ်ရန် မှာထားခဲ့ပြီးလျှင် ကျွန်တော်နှင့် ဦးစံရွှေတို့သည် ကိုင်းပင် ကျူပင်တို့၏ အကြားမှ ဖြတ်သန်း၍ ကုန်းမြင့်တခုရှိရာသို့ ရောက်ကြစဉ် ဦးစံရွှေသည် လက်ကိုင်ပဝါ တထည်ကို တွေ့ရှိသဖြင့် ကောက်ယူ၍ မိမိအိတ်အတွင်းသို့ ထည့်သိုက်လေ၏။ ထို့နောက် ဆက်သက်၍ သွားကြပြန်လေရာ ဦးစံရွှေလည်း ရှေ့မှကိုင်းပင်တို့၏ အနေအထားကိုကြည့်ရှု စုံစမ်းလျက် ကျွန်တော်သည် သူ၏နောက်မှ ကပ်၍လိုက်သွားပြီးလျှင် အတန်ငယ် သွားမိသကာလ ကိုင်းပင်များ ရှင်းလင်းလျက်ရှိသော ကုန်းမြင့်တခုသို့ ရောက်ကြလေ၏။ ထိုအခါ ဦးစံရွှေသည် ကုန်းမြင့်ပေါ်သို့တက်ပြီး ပတ်ဝန်းကျင်အရပ်တို့ကို မျှော်၍ကြည့်ရာ မြစ်ဘက်မှတပါး အခြားသောအရပ်တို့မှာ ကိုင်းပင်များ ပေါက်ရောက်ခြင်းမရှိပဲ မြက်ပင်များနှင့် ချုံများသာလျှင် အမြောက်အမြား ပေါက်ရောက်လျက် အချို့သောနေရာများ၌ ကွင်းကြီးသဖွယ် ဖြူဖြူလွင်လျက်ရှိသည်ကိုတွေ့မြင်ကြရလေ၏။ သို့ရာတွင် ကျွန်တော်တို့၏ မျက်စိတဆုံးအတွင်း လူနေအိမ်ခြေဟူ၍ တစုံတရာမျှ မတွေ့မမြင်ကြရပေ။

ဦးစံရွှေသည် အဆိုပါကုန်းပေါ်သို့ တက်ပြီးနောက် မြေသို့ငုံ့ကာ မြက်ပင်များ၏ အခြေအနေကို သေချာစွာ ကြည့်ရှုလျက်ရှိနေစဉ် ကွင်းပြင်ကဲ့သို့ ရှင်းလင်းစွာရှိသောအရပ်မှ ခွေးဟောင်သံများကို ရုတ်တရက် ကြားကြရလေ၏။ ထိုအခါ ဦးစံရွှေသည် နားစွင့်ကာ ထောင်လျက်ရှိစဉ်အခိုက် ခွေးဟောင်သံတို့သည် တဖြည်းဖြည်းနီး၍နီး၍ လာပြီးလျှင် နောက်ဆုံး၌ လူတစုတို့နှင့် ခွေးသမင် နှစ်ကောင်တို့သည် ယုန်တကောင်၏နောက်မှ ပြေး၍လိုက်လာကြသည်ကို တွေ့မြင်ကြရလေ၏။ ယုန်ငယ်သည် ကျွန်တော်တို့ရှိရာသို့ တည့်တည့်မတ်မတ် တန်း၍ပြေးလာပြီးမှ ကျွန်တော်တို့ကို ရုတ်တရက်မြင်သည်နှင့် တွန့်ဆုတ်မည် အပြုတွင် တကောင်သော ခွေးသမင်သည် တဟုန်တည်း ခုန်၍ ကိုက်လိုက်ရာ ယုန်ငယ်သည် ခွေး၏ခံတွင်းသို့ ကျရောက်ရှာရလေ၏။

ခွေးများ၏နောက်မှလိုက်ပါသော လူတစုတို့လည်း အနီးသို့ရောက်လာကြ၍ ယုန်ငယ်ကိုခွေးများ၏ နှုတ်သီးမှ လုယူကြပြီးလျှင် ခွေးရှင်နှင့် ယုန်ကိုပထမ မြင်သောသူသည် ထုံးစံအတိုင်း ရှေ့ပိုင်း နောက်ပိုင်း ခွဲခြမ်းဝေယူလျက် ရှိကြလေ၏။ ဦးစံရွှေသည် ယင်းအခြင်းအရာကို ကြည့်ရှုယင်း အကြံတခု ပေါ်ပေါက်၍ လာသည့်လက္ခဏာနှင့် တယောက်သောသူ၏ အနီးသို့ ချဉ်းကပ်ပြီးလျှင်-

ရွှေ။ ။"ခင်ဗျားတို့ ခွေးတကောင်ကို ကျုပ် ရောင်းပါလားဗျာ"

တောသား။ ။"မရောင်းနိုင်ပေါင်ဗျာ"

ရွှေ။ ။"ငွေ ၅ဝိ ပေးမယ်လေ"

တောသား။ ။"၁ဝဝိ ပေးတောင် မရောင်းဘူး"

ရွှေ။ ။"ဘာကြောင့်လဲဗျာ"

တောသား။ ။"ငယ်ငယ်ကလေးက မွေးလာလို့ သားလို သမီးလို ချစ်နေတဲ့ ခွေးမို့ပါဗျာ"

ရွှေ။ ။"ဒါဖြင့် တရက်လောက် ငှားပါတော့ဗျာ"

တောသား။ ။"ဘာလုပ်ဖို့လဲ"

ရွှေ။ ။"ကိစ္စကလေး တခုရှိလို့ပါ"

တောသား။ ။"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"လူဆိုးတယောက် ခြေရာခံချင်လို့ပါဗျာ။ ခင်ဗျားခွေး အနံ့ကောင်းကောင်း ခံတတ်တယ် မဟုတ်သား"

တောသား။ ။"အနံ့ခံတဲ့ နေရာမှာတော့ အညွန့်ပေါ့ဗျာ။ အဝတ်တခု ပြလိုက်ယင် ခရီးတသောင်းဝေးပေစေ၊ ရအောင်လိုက်တဲ့ ခွေးတွေပေါ့"

ရှား။ ။"နေရာကျပြီဗျာ။ တရက်တည်းငှားပါတော့"

တောသား။ ။"ဘယ်လောက်ပေးမလဲ"

ရှား။ ။"ငွေ ၁၀ ပေးပါ့မယ်"

တောသား။ ။"ခင်ဗျား ဘယ့်နှယ်ပြန်ပို့မလဲ။ ဩော်၊ ဒီလိုလုပ်ပေတော့။ ခင်ဗျားတို့ကိစ္စပြီးယင် ခွေးကိုသာ ဖြေလွှတ်လိုက်။ သူ့အိမ်သူ ပြန်လာလိမ့်မယ်"

ရှား။ ။"ကျေးဇူးပါပဲဗျာ"

ထို့နောက် ဦးစံရှားသည် ခွေးရှင်အား ငွေစက္ကူ ၁၀ တန်တချပ်ကို ပေးပြီးလျှင် ယုန်သားတပိုင်းကိုလည်း ဝယ်ခြမ်း၍ ခွေးကြီးကိုချစ်ခင်အောင် လက်နှင့်ကိုင်၍ ကျွေးမွေးပြီးနောက် ကိုင်းပင်အရွက်များကိုကြိုးဖြစ်အောင် တယောက်သော တောသားအား ကျစ်စေပြီးမှ ခွေး၏ လည်ပင်းကို ချည်နှောင်လေ၏။ ထို့နောက် ဦးစံရှားသည် မိမိကောက်၍ရခဲ့သော လက်ကိုင်ပဝါကို အိတ်မှထုတ်၍ ခွေးကြီးအား အနံ့ခံစေရာ ခွေးကြီးသည် လက်ကိုင်ပဝါကို အနံ့ခံပြီးနောက် မြေကိုနှာခေါင်းနှင့်ကပ်ကာ ထိုမှဤမှလူးလာခတ်ပြေးလွှားပြီးလျှင် ရေနားဘက်သို့လိုက်လေ၏။ ထိုလမ်းသည်ကား ရေနားဘက်မှ တက်လာသော လမ်းဖြစ်သောကြောင့် ဦးစံရှားသည် ခွေးကိုချော့မော့ခေါ်ငင်ပြီးလျှင် ကုန်းမြင့်မှ တောဘက်သို့ သွားသောအရပ်သို့ ခွေးကို ဦးခေါင်းမူ၍ပေးလေ၏။ ခွေးကြီးလည်း နားလည်သည့်လက္ခဏာဖြင့် မြေကိုနှာခေါင်းနှင့်နမ်းရှုံ့ကာ အနံ့ခံပြီးနောက် ခြေရာခံမိသည့်လက္ခဏာနှင့် ခွေတိုဘာဝ ညည်းညူကာ တောဘက်သို့လိုက်လေ၏။ ဦးစံရှားလည်း ကြိုးကို ကိုင်လျက် ခွေး၏နောက်မှ လိုက်သွား၍ ကျွန်တော်လည်း ဦးစံရှား၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါခဲ့လေရာ တောသားတို့လည်း ကျွန်တော်တို့အား အတန်ကြာအောင်ရပ်တန့်ကြည့်ရှုနေကြပြီးနောက် မိမိတို့လမ်းသို့ ဆက်၍သွားကြလေ၏။

ကျွန်တော်နှင့် ဦးစံရှားတို့သည် ခွေးကြီးနောက်မှ ခပ်သုတ်သုတ်လျှောက်၍ လိုက်သွားကြလေရာ ခွေးကြီးသည် အနံ့ကောင်းစွာ ခံမိသည့်အခါတို့၌ ကြိုးကို တင်းအောင်ရုန်းကန်၍ လျင်မြန်စွာ ပြေးသွားလျက် ခြေရာပျောက်သည့် အခါတို့၌သည်း အရပ်လေးမျက်နှာတို့ကို လှည့်ပတ်ကာ အနံ့ခံလျက် ရှိလေ၏။

ဤနည်းအားဖြင့် ကျွန်တော်တို့သည် ခွေးကြီး၏နောက်မှ လိုက်ပါလာခဲ့ကြသဖြင့် နေဝင်ချိန်တိုင်ရောက်ခဲ့လျှင် ခရီးမိုင်ပေါင်း မြောက်မြားစွာ ပေါက်ရောက်ခဲ့ပြီဖြစ်ရာ ကျွန်တော်တို့မှာ ဆာလောင်မွတ်သိပ်သည်က တဘက်၊ မောပန်းလှသည်က တမျိုးနှင့် အတော်အတန် ပင်ပန်းဆင်းရဲ ခံကြရလေ၏။ သို့ရာတွင် ဦးစံရှားမှာ ပင်ပန်းသည့် အမူအရာ အနည်းငယ်မျှ ကျွန်တော် မတွေ့မမြင်ရပဲ ခွေးကြီး အနံ့ပျောက်သွားသည့် အခါ၌သာလျှင် စိုးရိမ်သည့်လက္ခဏာ အနည်းငယ်ပြ၍ တဖန် အနံ့ခံမိသည့်အခါ၌ကား ယခုပင် အိမ်မှထွက်လာဘိသကဲ့သို့ လတ်ဆတ်ရွှင်လန်းစွာ လိုက်ပါသွားလေ၏။

နေဝင်သောအခါ၌ ကျွန်တော်သည် ခြေညောင်းလှပြီ ဖြစ်သောကြောင့် ဦးစံရှားအား တခဏမျှနားနေရန် တောင်းပန်၍ ၁၀ မိနစ်ခန့်မျှ အမောအပန်းဖြေကြပြီးနောက် ရှေးကနည်းတူ ဆက်လက်၍လိုက်ကြပြန်လေ၏။ ၁၀ နာရီ ကျော်လွန်သော်လည်း ကျွန်တော်တို့သည် ခွေးကြီးနောက်မှ လိုက်လျက်ပင်ရှိသေးသည်ဖြစ်ရာ ၁၁ နာရီထိုးသည့်အခါ၌ကား လပြည့်ကျော် ၇ ရက် လမင်းသည် ကောင်းကင်မှ ပြုံး

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ပြုလေ၏။ ကျွန်တော်တို့သည် လမင်း၏ အရောင်တွင် ခွေးကြီး၏နောက်မှ လိုက်ပါသွားကြစဉ် ခွေးကြီးသည် တခုသော ဆူးတံခါးသို့ ရှုတ်တရက် ဆိုက်ရောက်၍ ရပ်တန့်ကာ ရှိနေလေ၏။

ထိုအခါ ဦးစံရှားသည် ခွေးကို မြည်ဟိန်းညည်းညူခြင်း မပြုအောင် ချော့မော့၍ ထားပြီးလျှင် ခွေးကြီးရပ်တန့်ရာ အရပ်၏ အခြေအနေကို သေချာစွာ စုံစမ်းကြည့်ရှုလေရာ ယင်းတံခါးမှာ ကျားလျှာချုံတို့ဖြင့် ဝိုင်းရံလျက်ရှိသော အိမ်ကြီးတဆောင်၏ ဝင်းတံခါးဖြစ်ကြောင်း သိရှိရလေ၏။ ယင်းသို့ သိရှိရလေလျှင် ဦးစံရှားသည် ခွေးကြီး၏ ကြိုးကို ကျွန်တော့်အား ပေးအပ်ပြီးလျှင် ဝင်းတံခါးကို ဖြည်းညင်းစွာ ဖွင့်ပြီးနောက် ခွေးကို ကျွန်တော်၏လက်မှ တဖန်ပြန်ယူ၍ ဝင်းတွင်းသို့ ဝင်ကြလေ၏။

ဝင်းတွင်းသို့ရောက်လေလျှင် ခွေးကြီးသည် ကျောင်းကြီးနှင့် သဏ္ဌာန်တူသော အဆောက်အအုံကို လှည့်ပတ်ခါ အနံ့ခံပြီးလျှင် ကျားလျှာချုံကြီးအနီး တခုသောဝင်းထောင့်၌ရပ်တန့်လေ၏။ ထိုအရပ်၌ကား မြေတို့ကို မကြာမီက တူးဆွဖုံးဖို့၍ ထားဘိသကဲ့သို့ ရှိနေသည့် အခြင်းအရာကို ဦးစံရှားသည် လရောင်၌ တွေ့မြင်ရလေလျှင် ခွေးကြီး၏ကြိုးကို ကျွန်တော်၏လက်သို့ တဖန်အပ်နှင်းပြီးမှ ပွလျက်ရှိသော မြေကြီးကို လက်ဖြင့် ယက်ဖယ်လေ၏။ ဦးစံရှားသည် မောင်းချိတ်နှင့်တလှည့် တူးဆွ၍ မြေစာများကို လက်ဖြင့် ဖယ်ယက်ကာ အဘန်ငယ် တူးဖော်မိလျှင် တစုံတခုကို တွေ့ရှိသည့် လက္ခဏာဖြင့် ဝမ်းသာအားရ ရှိနေလေ၏။

တခဏမျှ ကြာမြင့်လျှင် ဦးစံရှားသည် သားရေသေတ္တာတခုကို မြေမှ ဆွဲထုတ်ပြီးနောက် သေတ္တာကို ဖွင့်၍ လရောင်၌ ကြည့်ရှုရာ စိန်ထည်အမျိုးမျိုးတို့သည် လမင်းအရောင်၌ တပြောင်ပြောင် တလက်လက် ရှိနေသည်ကို တွေ့မြင်ကြရလေ၏။

ထိုခဏ၌ ခွေးကြီးသည် မည်သည့် အကြောင်းကြောင့်မသိ။ သားရေသေတ္တာကို မြင်ခါမျှနှင့် ဟောင်ဟိန်းလိုက်ရာ ကျွန်တော်တို့သည် အိမ်ပေါ်မှလူများ စကားပြောဆိုသံကို ကြားကြရလေ၏။ ထိုအခါ ဦးစံရှားသည် ခွေးကို ထပ်မံဟိန်းဟောက်ခြင်း မပြုရန် ချော့မော့၍ ကျွန်တော့်အား လက်ကုပ်ခါ ခေါ်ငင်ပြီးလျှင် ဝင်းပြင်သို့ ဖြည်းညင်းစွာ ထွက်လာကြရလေ၏။

ဝင်းပြင်သို့ ရောက်သောအခါ ကျွန်တော်တို့သည် ဝင်းတံခါးကို အခြေမပျက် ပြန်၍ ပိတ်ထားခဲ့ပြီးလျှင် တစောင်းမှ ချောင်းမြောင်းကြည့်ရှုလျက် ရှိကြလေရာ အိမ်ရှေ့တံခါးသည် ရုတ်တရက် ပွင့်လာပြီး လက်နှိပ်ဓာတ်မီး နှစ်ပွင့်တို့သည် အရပ်လေးမျက်နှာတို့သို့ ထိုးလျက်ရှိလေ၏။ ထိုအခါ ကျွန်တော်တို့သည် မီးရောင် မထိုးမိလေအောင် ချုံများကွယ်ကာ ဝပ်လျက်ရှိကြလေရာ အိမ်ပေါ်မှ ကြည့်ရှုသူတို့လည်း တစုံတရာမျှ မတွေ့မမြင်သည်နှင့် စိတ်ကျေနပ်သည့်ဟန်ဖြင့် အိမ်တံခါးကို တဖန်ပြန်၍ ပိတ်ပြီးနောက် တအိမ်လုံး ဆိတ်ငြိမ်စွာ ရှိနေကြပြန်လေသည်။

ထို့နောက် ကျွန်တော်တို့သည် ပုန်းအောင်းနေရာအရပ်မှ ထွက်ခွာလာကြပြီးနောက် ပစ္စည်းကို ပြန်၍ရသည် မှန်သော်လည်း တနေ့လုံး အစာနှင့် မတွေ့ရပဲ ရှိသည့်ပြင် မည်သည့်အရပ်၌ အိပ်ရမည်ကိုလည်း မသိသေးပဲ သင့်လျော်ရာအရပ်ကို ရွေးချယ် ကြည့်ရှုလျက် ရှိနေကြစဉ် ဝေးလံသောအရပ်မှ မီးခွက်ဂ. လေးများ မှေးမှိန်စွာ တောက်လောင်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။ ထိုအခါ

ရှား။ ။"ရှေ့က မီးမြင်တာ ရွာနဲ့တူတယ်ဗျို ကိုဆိန်းမောင်၊ ဘယ့်နှယ် သဘောရသလဲ၊ တောထဲမှာပဲ အိပ်မလား၊ ရွာများ တွေ့လိုတွေ့ငြား မီးမြင်ရာကိုပဲ သွားမလား"

ကျွန်။ ။"ဆာလိုက်တာလဲ သေလုပြီဗျ၊ ထမင်းကလေးများ တောင်းရလိုရငြား သွားလိုက်ကြဦးစို့လားဗျာ"

www.burmeseclassic.com



ထို့နောက် ကျွန်တော်တို့သည် ခရီးပန်းလှသည် မှန်သော်လည်း အစာရေစာ တွေ့လိုရေးနှင့် အောင့်အည်းကာ ဆက်လက်၍ လျှောက်သွားကြပြန်ရာ နှစ်မိုင်ခန့်မျှ လျှောက်မိကြလျှင် ရွာတရွာသို့ ဆိုက်ရောက်ကြလေ၏။ ရွာသူရွာသားတို့မှာ များသောအားဖြင့် အိပ်ပျော်လျက် ရှိကြလေရာ ကျွန်တော်တို့သည် သူကြီးအိမ်ကို မေးမြန်းသွားရောက်၍ သူကြီးအားနှိုးပြီးလျှင် အကျိုးအကြောင်းကို ထိုက်သည့် အားလျော်စွာပြောဆိုကြလေ၏။

ရွာသူကြီးလည်း ဆင်းရဲနွမ်းပါးရှာသူတယောက်ဖြစ်၍ ထမင်းများကို ချက်စေပြီးလျှင် မျှစ်ပြုတ်နှင့် ငါးပိထောင်းကို ဟင်းအမှတ်ဖြင့် တည်ခင်းကျွေးမွေးရှာသည်ဖြစ်ရာ ကျွန်တော်တို့မှာ အလွန်တရာ ဆာလောင် မွတ်သိပ်လှသည်ဖြစ်သောကြောင့် ဟိုတယ်မှ အစားအစာမျှမက ထူးကဲသာလွန်သော အနံ့ အရသာနှင့် ပြည့်စုံလှသည်ဟု အောက်မေ့လျက် မြိန်ရှက်စွာ စားသောက်ကြလေ၏။

ထမင်းစားသောက်၍ ပြီးကြလျှင် ဦးစံရှားလည်း ထိုအရပ်၏ အကြောင်းများကို ရွာသူကြီးထံမှ တီးခေါက်မေးမြန်း၍ ကြည့်သည့်တွင် ဤနယ်၌ တောပုန်းဝရမ်းပြေး နှစ်ယောက်ရှိကြောင်း၊ ယင်းတို့ကို ဖမ်းဆီးရမိအောင် သတင်းပေးနိုင်သူအား ဆုငွေ ၅၀၀ိ ထုတ်ပေးမည်ဟု အစိုးရက ထုတ်ပြန်ကြော်ငြာ၍ ထားကြောင်း၊ ကျွန်တော်တို့ တွေ့မြင်ခဲ့ကြသော အိမ်ကြီးမှာ လူနေသောအိမ်မဟုတ်၊ တောရကျောင်း ဖြစ်ကြောင်း၊ ယင်းကျောင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ်သုံးပါးမျှ ပျံလွန်တော်မူပြီးနောက် ဆက်လက်၍ ကျောင်းထိုင်ဝံ့သည့်ပုဂ္ဂိုလ် မရှိသဖြင့် ကျောင်းကြီးသာလျှင် ထီးတည်းရှိနေကြောင်း၊ နွားကျောင်းသားတို့သည် တခါတရံ နွားပျောက်၍ ကျောင်းအနီးသို့ သွားရောက်ရှာကြသည့်အခါ ကျောင်းပေါ်မှ ဒုန်းဒုန်းဒင်းဒင်း နှင့် ခြောက်လှန့်၍ လွှတ်လိုက်သည်များကို ကြားရဖူးကြောင်း၊ ယခုအခါ၌မူ မည်သူ တဦးတယောက်မျှ ကျောင်းအနီးသို့ သွားဝံ့သူမရှိကြောင်းများနှင့် ပြောဆိုသဖြင့် ကြားသိရလေ၏။

ထိုအခါ ဦးစံရှားက ရွာသူကြီးအား 'ငွေ ၁၀၀၀ိ မျှကို အလွယ်တကူနှင့် ရလိုပါသလား'ဟု မေးမြန်းရာ ရလိုကြောင်းနှင့် ပြန်ပြောသည်တွင် နံနက်အရုဏ်တက်အချိန်တွင် အရွယ်ကောင်းသော ရွာသားများကို စုရုံး၍ လက်နက်အပြည့်အစုံနှင့် မိမိတို့၏နောက်သို့ လိုက်ခဲ့ပါက အဆိုပါ ငွေ ၁၀၀၀ိ ကို မုချရမည် ဖြစ်ကြောင်း ပြောပြသောအခါ ပထမ၌ ရွာသူကြီးသည် ဒမြတိုက်ရန် အကြံပေးသည်ဟုထင်မှတ်၍ အံ့အားသင့်လျက် ရှိလေ၏။

ထိုအခါ ဦးစံရှားက ရယ်မောလျက် ဒမြတိုက်ရန်မဟုတ်၊ ဒမြဖမ်းရန်ဖြစ်ကြောင်းနှင့် ပြောဆို၍ ထိုတောရကျောင်းအတွင်းမှ တစ္ဆေခြောက်သည်မဟုတ်၊ တောပုန်းဒမြများ ပုန်းအောင်းခိုလှုံလျက်ရှိကြောင်း ပြောဆိုပြီးလျှင် သူကြီးအား တိုက်တွန်းအားပေးသည်တွင် ရွာသူကြီးလည်း ဦးစံရှား၏အကြံကို လိုက်နာရန် သဘောတူညီလေ၏။

ကျွန်တော်တို့သည် တခဏမျှအိပ်စက်နားနေကြပြီးလျှင် အရုဏ်တက်သည်နှင့်တပြိုင်နက် ကျွန်တော်တို့နှစ်ယောက်နှင့် ရွာသားရော သူကြီးပါ လူ ၂၀ ခန့်တို့သည် တောရကျောင်းသို့သွားရောက်၍ ကျူးလျှောချုံများကို အပြင်မှဝိုင်းရံလျက်ရှိကြလေ၏။ မိုးလင်းသည်နှင့်တပြိုင်နက် လူတယောက်သည် အိမ်ပေါ်မှ တိတ်တဆိတ်ဆင်းလာ၍ ဝင်းထောင့်သို့သွားရာ ကျွန်တော်တို့ တူးဖော်ယူငင်ထားသော ခြေရာလက် ရာများကို မြင်သည်နှင့်တပြိုင်နက် အလွန်အမင်း အံ့အားသင့်သည့်လက္ခဏာနှင့် ရပ်တန့်ကာနေလေ၏။ ထိုအခါ ဦးစံရှားသည် ရယ်မောလိုက်လေရာ ဦးမင်းဟန်သည် စိတ်မာန်ထွက်သည့် လက္ခဏာနှင့် အသံကြားရာအရပ်သို့ လှည့်၍ ကြည့်လိုက်သည်တွင် သူကြီးထံမှ ဦးစံရှား ငှားရမ်း၍ထားသော ခါးချိုး လေသေနတ်တလက်၏ ပြောင်းဝကိုမြင်သည်နှင့် ရပ်မြဲတိုင်း ရပ်နေလေ၏။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။''ဒီတခါတော့ မလွှတ်ဘူးဆရာကြီးရေ့။ ဟေး မလူပ်နဲ့လေ။ ပစ်လိုက်မယ်နော်။ အညာပေးလိမ့်မယ် မထင်နဲ့''ဟု ပြောသဖြင့် ဦးမင်းဟန်သည် ပြေးမည်ပြုပြီးမှ ရပ်တန့်လျက်ရှိလေ၏။

ထို့နောက် အခြားသောရွာသားတို့သည် ဦးစံရှား၏ အမိန့်အတိုင်း ဝင်းတွင်းသို့ တံခါးကိုဖွင့်၍ ဝင်ရောက်ကြလေရာ အခြားတောပုန်းနှစ်ယောက်တို့သည် ဦးစံရှား၏ ချိန်ရွယ်ထားသော သေနတ်ကို မြင်သည်နှင့် ခုခံခြင်းမပြုပဲ အဖမ်းခံကြရလေ၏။

ထိုအမှုကို ရုံးသို့ တင်ပို့သောအခါ တောပုန်း ဒမြနှစ်ယောက်တို့မှာ ၁၀ နှစ် တကျွန်းသို့ပို့ခြင်း ပြစ်ဒဏ်ကိုခံရ၍ ရွာသူကြီးနှင့် ရွာသားတို့မှာမူ ဆုငွေ ၁၀၀၀ိ ကို ထုတ်ယူရရှိလေ၏။ ဦးမင်းဟန်မှာ လူသတ်မှုနှင့် လည်းကောင်း၊ တိုက်ခိုက်မှုနှင့်လည်းကောင်း ပြစ်မှုများစွာ ထင်ရှားသည်ဖြစ်၍ အသက်ဆုံးရှုံးအောင် စီရင်ချက် ချမှတ်ခြင်း ခံခဲ့ရလေ၏။

တနေ့သ၌ ဦးစံရှားသည် ကျွန်တော်တို့နေထိုင်ရာ တိုက်အပေါ်ထပ်သို့ မျက်နှာထားခပ်ပြုံးပြုံးနှင့် တက်လာပြီးလျှင် စက္ကူရွက်ငယ်တခုကို ကျွန်တော်၏လက်တွင်းသို့ ထည့်လေရာ ကျွန်တော်သည် စာရွက်ကို ဖြေ၍ ကြည့်သည်တွင် ကျွန်တော်၏ နာမည်နှင့် ငွေ ၂၅၀ ပိဘန် ချက်လက်မှတ်တခုဖြစ်ကြောင်း သိရှိရသဖြင့် အံ့သြလျက်ရှိစဉ် ဦးစံရှားက ''စိန်ကုန်သည်ကြီးဆီကလေ၊ မေ့နေပြီလား။ ဒီတခါတော့ ခင်ဗျားလဲ တဝက်တိတိ ဆိုင်ပေသဗျာ။ ယူသာယူပါ ကိုသိန်းမောင်။ ပေးနိုင်တဲ့အခါ ပေးစမ်းပါရစေ''ဟု မျက်နှာ ရွှင်ရွှင်နှင့် ပြောဆိုလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ၄၆။ ဦးစံရှားအသက်ကို လုပ်ကြံမှု*

ကျွန်တော်နှင့် မိတ်ဆွေကြီး ဦးစံရှားတို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကာလ၌ အတူတကွ နေထိုင်ခဲ့ကြရာ ဦးစံရှားမှာ ယခုအခါ၌ ရှေးအခါကထက် အမှုပေါင်းများစွာ လက်ခံရရှိသည် ဖြစ်သောကြောင့် အမှုနှင့်ပတ်သက်၍ စာပေးစာယူ အလုပ်တို့မှာလည်း များစွာ တိုးတက် ပိုမိုလာလေရကား လူစုလမ်း၌ အလုပ်တိုက်ဘတိုက်ကို ငှားရမ်း ဖွင့်လှစ်ခဲ့ရလေ၏။ တိုက်ခန်းရပြီးနောက် ဦးစံရှားသည် လက်ရေးတို ရေးနည်းနှင့် လက်နှိပ်စက်အတတ်ကိုဘတ်သော မိန်းကလေးတယောက်ကို စာရေးအဖြစ် အလိုရှိကြောင်းနှင့် ကြော်ငြာလိုက်ရာ ဘိုကပြားမ ၂၀ ခန့်မျှနှင့် မြန်မာမိန်းကလေးခြောက်ယောက်ခန့်မျှတို့သည် ကျွန်တော်တို့ နေထိုင်ရာ တိုက်ခန်းသို့ လျှောက်လွှာများကို ကိုင်လျက် ကိုယ်တိုင် လာရောက် လျှောက်ထားကြလေ၏။

ဦးစံရှားသည် လာရောက်လျှောက်ထားသူ မိန်းကလေ များကို ကိုယ်တိုင်လက်ခံမေးမြန်းစစ်ဆေးပြီးလျှင် ယင်းတို့၏ အင်္ဂါရုပ်ကို ကြည့်ရှုအကဲခတ်၍ ရွေးချယ်ရာ နောက်ဆုံး၌ အသက် ၂၀ အရွယ်ခန့်ရှိ မမြမေ အမည်ရှိ မိန်းကလေးတယောက်ကို ရွေးချယ်ခန့်ထားလိုက်လေ၏။

ထိုသူငယ်မမှာ ရုပ်ရည်သနားကမားရှိ၍ အလွန်တရာ သွက်လက်ဖျတ်လတ်သော အမူအရာရှိလေရာ ကျွန်တော်၏စိတ်၌မူ ထိုသူငယ်မသည် သွက်လက်လွန်းလှသည်ဟု အောက်မေ့မိသော်လည်း ဦးစံရှားက

''ကိုသိန်းမောင်တယောက် လူကဲခတ်တဲ့နေရာမှာ တယ်ပြီး ရှေးကျသေးတာကိုးဗျ။ ခင်ဗျားကတော့ ထူလအမ်းအမ်း အင်္ဂါရုပ်ရှိတဲ့ လူမှ ရိုးတယ်လို့ မှတ်တာကိုးဗျ။ ထူထိုင်းထိုင်းတိုင်းလဲ ရိုးတာ မဟုတ်ဘူးဗျ။ သွက်လက်တိုင်း ဖျတ်လတ်တိုင်းလဲ မရိုးဖြောင့်ဘူးလို့ မအောက်မေ့ရဘူးဗျ။ ကျုပ်သဘောကတော့ ရိုးသည်ဖြစ်စေ၊ ဆန်းသည်ဖြစ်စေ၊ ကျုပ်သက်အောက်မှာ အလုပ်လုပ်မယ်ဆိုယင် သွက်သွက်လက်လက်နဲ့ ထက်သက်မြက်မြက်ကလေးရှိမှ ကျုပ်သဘောကျတယ် ကိုသိန်းမောင်ရဲ့''ဟု ပြောသည်နှင့် ကျွန်တော်မှာ မည်သို့မျှ ချေဆိုခြင်း မပြုနိုင်ပဲ ဦးစံရှား ရွေးချယ်ခြင်းသည် အကောင်းဆုံး ရွေးချယ်ခြင်း ဖြစ်ပါစေဟူ၍ မျှော်လင့်ဆုတောင်းပါကြောင်းဖြင့်သာလျှင် ပြန်ပြောရလေ၏။

ဦးစံရှားသည် အလုပ်တိုက်ရုံးအတွက် တိုက်ခန်းငှားရမ်းရပြီး ထိုတိုက်ခန်းမှာ တိုက်သစ်ဖြစ်သောကြောင့် ဓာတ်မီးများ၊ လေယပ်များ တပ်ဆင်စေခဲ့ရာ ထိုစဉ်အခါက ကျွန်တော်နှင့် ဦးစံရှားတို့မှာ ဦးမင်းဟန်၏အမှုနှင့် ပတ်သက်၍ အထက်မြန်မာပြည်သို့ သွားရောက်နေခိုက်ဖြစ်သဖြင့် ဦးစံရှားမှာ အလို

---

* ဤ၀တ္ထု မည်သည့်မဂ္ဂဇင်းတွင် ဦးစွာပုံနှိပ်ခဲ့ကြောင်း မသိရသေး။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၂ နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၂ တို့တွင် ပါရှိသည်။ မူရင်းမှာ The Adventure of The Empty House ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရှိရာ ခေါင်းမီး၊ လေယပ်တို့ တပ်ဆင်ရန် အစီအစဉ်ကိုသာလျှင် မှာထားနိုင်ခဲ့လေ၏။ ကျွန်တော်တို့သည် အထက်မြန်မာပြည်မှ ပြန်၍လာသောအခါ ခေါင်းမီးနှင့် ခေါင်းလေယပ်တို့မှာ ဦးစံရွှေ မှာထားခဲ့သည့် အတိုင်းထက် နေရာတကျ တပ်ဆင်၍ထားသည်ကို တွေ့ရှိရလေရာ ဦးစံရွှေ၏ စားပွဲ လက်ယာဘက်၌လည်း ခေါင်းခေါင်းခလုတ်တခုကို တွေ့ရှိရလေ၏။

ယင်းခလုတ်မှ ဦးစံရွှေသည် အငယ်၍ ဒရဝမ်ကို ခေါ်လိုမူ လက်နှင့်နှိပ်ကာမျှနှင့် ဒရဝမ်နေထိုင်သော နေရာအနီး၌ရှိသော ခေါင်းခေါင်းလောင်း တခုသည် မြည်၍သွားသည်ဖြစ်သောကြောင့် ဒရဝမ်သည် ဦးစံရွှေထံ လာရောက်ရန် ဖြစ်လေသည်။

ကျွန်တော်သည် ယင်းကဲ့သို့ နေရာတကျ စီမံ၍ ထားသော အစီအစဉ်ကို ချီးမွမ်းလျက် ရှိနေစဉ် ဦးစံရွှေမှာ ခလုတ်ကို စေ့စေ့ကြည့်လျက် မျက်မှောင်ကြုတ်ကာ စဉ်းစား တွေးတောလျက် ရှိလေ၏။

ကျွန်။ ။"ဘာကြောင့်လဲဗျ ဦးစံရွှေ၊ ခင်ဗျား မှာခဲ့တဲ့အတိုင်း မဟုတ်လို့လားဗျ"

ရွှေ။ ။"ကျုပ်က ဘယ်နှယ်မှ မမှာဘူးဗျ၊ ခေါင်းမီးနဲ့ လေယပ်တပ်ဖို့လို့သာ မှာခဲ့တယ်။ ဒီခလုတ်ကို တပ်ဖို့ ကျုပ် မမှာခဲ့ဘူး"

ကျွန်။ ။"မမှာခဲ့ပေမယ့် အခကောင်းသွားကပဲဗျ၊ ခေါင်းကြိုးဆင်တဲ့ ကုမ္ပဏီက ဉာဏ်ကွန့်ပြီး လုပ်ပေးခဲ့တယ် ထင်ပါရဲ့။ နေရာအကျသားပဲဗျ"ဟုပြောသော်လည်း ဦးစံရွှေမှာ စိတ်မကျေနပ်သည့်အမူအရာနှင့်သာလျှင် ရှိနေခဲ့လေ၏။ ထို့နောက် ဦးစံရွှေသည် စာရေးမ မမြမေကို ခေါ်၍ ယင်းခေါင်းလောင်း တပ်ဆင်ခြင်း၏အကြောင်းကို မေးမြန်းလေရာ ခေါင်းကြိုးများကို ဆက်သွယ်စဉ်အခါက အသားမည်းမည်း အရပ်ပုပုနှင့်ကျောက်ပေါက်နာ သက်သက်ပါရှိသော လူတယောက်က ဦးစီးဦးကိုင်ပြု၍တပ်ဆင်ကြောင်းဖြင့် ပြန်ပြောလေ၏။

ရွှေ။ ။"အသက်က ဘယ်အရွယ်လောက် ရှိပြီလဲ"

မေ။ ။"၄၀ ကျော်လောက် ရှိပြီရှင့်"

ရွှေ။ ။"အထက်သွားမှာ လက်ယာဘက်က သွားတက်ဆလေး ပါတယ်မဟုတ်လား"

မေ။ ။"မြင်မိတယ်ရှင့်"

ရွှေ။ ။"စကားပြောတဲ့အခါမှာ ခပ်မြန်မြန် ပြောတတ်တယ်လေ"

မေ။ ။"ဟုတ်တယ်ရှင့်"

ထိုအခါ ဦးစံရွှေသည် မိမိ၏အခန်းသို့ ဝင်ပြီးနောက် ဆေးတံကို ဆေးထည့်၍ မီးညှိကာ အတန်ကြာအောင် ရှူဖွာလျက် စကားမပြောပဲ ရှိနေခဲ့လေ၏။

ထိုနေ့ညနေ၌ ကျွန်တော်တို့သည် အထက် မြန်မာပြည်မှ ဖမ်းမိခဲ့သော လူဆိုကြီး ဦးမင်းဟန်ကို အချုပ်ထောင်သို့ သွားရောက်ကြည့်ရှုကြရာ ကျွန်တော်တို့သည် အခန်းတွင်းသို့ ဝင်မိကြလျှင် ဦးမင်းဟန်က

ဟန်။ ။"ခင်ဗျားက ဒီတခါ လူရည်သာသွားပေတာပ ဦးစံရွှေရယ်။ သို့သော်လဲ နေသေးသပချို့ဆဲက ဆိုတဲ စကားပုံ ရှိတယ် မဟုတ်လားဗျ"

ရွှေ။ ။"ဘာဖြစ်သလဲဗျ"

ဟန်။ ။"ကိုယ့်ကိုယ်ကိုယ် တော်လှပြီကောလို့များ ထယ်မထင်လိုက်နဲ့ဗျ"

ရွှေ။ ။"လူတကိုယ် ထင်တလုံးဆိုတာလို ရှိကြတာမျိုးပေါ့ ဦးမင်းဟန်ရဲ့။ ကိုယ်ထင်သမျှကို ထုတ်ဖော်ပြီး ပြောတဲ့လူသာ အရှုံးဖြစ်တာကိုးဗျ။ ထင်ရုံထင်လို့တော့ အမှုမဖြစ်တန်ကောင်းပါဘူး ထင်ပါရဲ့ဗျာ"

ဘာတို့ယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဟန်။ ။(အံကြိတ်လျက်) ''အမှုရောက်တယ် မရောက်တယ် ခင်ဗျားသိလိမ့်မယ်ပဗျာ''

ရှား။ ။''တယ် ကြွားစားတဲ့ ဆရာကြီးပါကလား။ခင်ဗျားက ကိုပေါက်စီတို့ လူစုကို အားကိုးပြီး ပြောဟန်ရှိတယ်''ဟု ရယ်မောကာ ပြောပြီးလျှင် ဦးစံရှားသည် ဦးမင်းဟန်၏ မျက်နှာထားလို အကဲခတ်လျက်ရှိရာ ဦးမင်းဟန်သည် ဦးစံရှား၏ မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင် မည်သို့မျှ ပြန်၍မပြောပဲ ရှိနေလေ၏။ ထို့နောက် ကျွန်တော်တို့သည် အချုပ်ထောင်မှ ထွက်ခဲ့ကြလေ၏။

နောက်တနေ့နံနက်၌ ကျွန်တော်တို့သည် အိပ်ရာမှထပြီးနောက် လက်ဖက်ရည်သောက်လျက် ရှိနေကြစဉ် စာရေးမ မမြမေသည် တိုက်ပေါ်သို့ တက်လာ၍ ဦးစံရှားခိုင်းစေထားသောကိစ္စ ပြီးမြောက်ကြောင်း လာရောက် ပြောဆိုပြီးနောက် တိုက်ပေါ်မှ ဆင်းတော့မည်အပြုတွင်

ရှား။ ။''နေဦးဟေ့မမြမေ၊ မင်း ဘာဖြစ်လို့လဲ၊ မင်းမျက်နှာကြည့်ရတာ တခုခုဖြစ်နေတဲ့ လက္ခဏာရှိတယ်''

မေ။ ။(မရဲတရဲကြည့်လျက်)''ကျွန်မ ငွေကလေး နည်းနည်းလောက် အသုံးလိုနေလို့ရှင့်။ တလခ တွက်လောက် တင်ကူးပြီး ကြည့်ရှုနိုင်ယင် ကြည့်ရှုပါရှင်''

ရှား။ ။''တလခအဘွက်ဆိုတော့ ရှစ်ဆယ်ပေါ့။ လောက်ပါ့မလား''

မေ။ ။''လောက်ကောင်းပါရဲ့ရှင်''

ဦးစံရှားသည် ချက်စာအုပ်ကို စားပွဲအံဆွဲမှ ဆွဲထုတ်၍ ငွေ တရာတန် ချက်လက်မှတ် တစောင်ကို ရေးသားပြီးနောက် သူငယ်မအား ပေးလျက်

ရှား။ ။''ရော့၊ ဟောဒီမှာ ငွေတရာ။ ချောင်လည်တဲ့အခါကျမှ နှိမ်တာပေါ့။ မလောက်သေးယင်လဲ ပြောနော်၊ အားမနာနဲ့''

မေ။ ။''တော်လောက်ပါပြီရှင်၊ ကျေးဇူးပါပဲ''

ထိုနောက် မမြမေသည် ကျွန်တော်တို့ကို နှုတ်ဆက်၍ တိုက်ပေါ်မှဆင်းသွားလေ၏။

ကျွန်။ ။''ဘယ့်နှယ်လဲဗျာ၊ ခင်ဗျားစာရေးက အလုပ်ဝင်တာကမှ မကြာသေးဘူး၊ ငွေချေးနေရပြီလား''

ရှား။ ။''ငွေရှာတယ်ဆိုတာ ကျပ်တည်းတဲ့ လူတွေကို ကူညီဖို့ မဟုတ်လား''

ကျွန်။ ။''သူများ ကျပ်တည်းတိုင်း ကူညီယင် ကိုယ်ကျပ်တဲ့အခါကျ ခက်နေမယ်ဗျ''

ရှား။ ။''ကူညီထိုက်တဲ့လူကို ကူညီရတာပေါ့ ကိုသိန်းမောင်''

ထိုအခါ ကျွန်တော်သည် မကြာမီကပင် မိမိလက်အောက်၌ ခန့်ထားလိုက်သော မိန်းကလေးတဦးတယောက်အား ကူညီထိုက်သည်ဟု ပြောခြင်းမှာ ဦးစံရှားအပေါ်၌ သက်သာမကောင်း ဖြစ်နေသော်လည်း ထုတ်ဖော် ပြောင်လှောင်ခြင်း မပြုပဲ

ကျွန်။ ။''ကူညီထိုက် မကူညီထိုက်ဆိုတာ ခင်ဗျားသိရအောင် ဘယ်အတွက် ငွေလိုသလဲတောင် မမေးပါကလားဗျာ''

ရှား။ ။''မျက်နှာကြည့်ယင် သိတာပေါ့ဗျ''

ထိုအခါ ကျွန်တော်သည် ငြိမ်ဝပ်စွာ နေလိုက်လေ၏။

ထိုခနေ့ နေ့လယ်၌ ကျွန်တော်သည် ကျွန်တော့်အလုပ်တိုက်မှ လက်ဖက်ရည်သောက်ရန်ထွက်လာခဲ့ပြီးလျှင် ဦးစံရှား၏ အလုပ်ရုံးခန်းသို့ ဝင်လာရာ ထိုနေ့မှာ မိုးပျောင်ကျလျက်ရှိသည်ဖြစ်သောကြောင့် ဦးစံရှား၏ အလုပ်ခန်းမှာ ဧည့်သည်များ လှုန်းပျက်ရှိ၏။ ဦးစံရှားမှာသည်း မိမိ၏အခန်းတွင် စားပွဲထိုင်ကာ စာ



www.burmeseclassic.com

www.burmeseclassic.com



ပေးစာယူအလုပ်နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို လုပ်ကိုင်လျက် ရှိလေ၏။ ကျွန်တော်သည် ဦးစံရှားအား လက်ဖက်ရည်သောက်ရန် အပြင်သို့ ခေါ်ငင်မည်ဟုကြံနှင့် လက်ဖက်ရည် သောက်ပြီးပါပြီလော'ဟု မေးရာ ဦးစံရှားက 'မိုးရွာမည်ထင်သောကြောင့် အပြင်သို့မထွက်ပဲ လက်ဖက်ရည်ကို မှာယူ၍ထားကြောင်း' ပြောဆိုပြီးလျှင် ကျွန်တော့်အားလည်း အတူသောက်ရန် ဖိတ်ကြားသည်နှင့် ကျွန်တော်သည် သူ၏ စားပွဲ၌ ထိုင်လေ၏။ တခဏမျှ ကြာသောအခါ ဦးစံရှား ခိုင်းစေသော သူငယ်ကလေးသည် လက်ဖက်ရည်ပွဲ ကိုင်လျက် အခန်းတွင်းသို့ ဝင်လာပြီးလျှင် လက်ဖက်ရည်ကို ကျွန်တော်တို့၏ ရှေ့ရှိစားပွဲ၌ ချလိုက်သည်နှင့် တပြိုင်နက် ဓာတ်မီးများလည်း ငြိမ်း၍သွားလေ၏။

ကျွန်။ ။"ဘာဖြစ်တာလဲဗျို့"

ရှား။ ။"ဖြူ(စ်)ပြတ်သွားလို့ထင်ပါရဲ့ဗျာ။ နေဦး၊ ကျုပ် တယ်လီဖုန်းဆက်ပြီး ခေါ်ဦးမယ်။ မီးမရှိပေမယ့် လက်ဖက်ရည်တော့ သောက်နိုင်ကောင်းပါရဲ့ဗျား။ ပါးစပ်နဲ့ ပန်းကန်နဲ့တော့ လွဲနိုင်မယ် မထင်ပါဘူး"

ဦးစံရှားလည်း ဓာတ်ကြိုးပြင်ရန် အာအိုးတီသို့ တယ်လီဖုန်းဖြင့်မှာကြားပြီးနောက် ကျွန်တော်သည် လက်ဖက်ရည်နှင့် မုန့်များကို စားသောက်လျက်ရှိကြလေ၏။ လက်ဖက်ရည်သောက်ပြီးသောအခါ ဓာတ်ကြိုးပြင်သူ ရောက်လာ၏။ ဦးစံရှား ကွေးသည့်အတိုင်း ဖြူ(စ်)ပြတ်သွားကြောင်း တွေ့ရှိရ၍ အသစ်လဲလှယ်ထည့်ပြီးနောက် မီးသည် ကောင်းစွာ လင်းလာလေ၏။ ယင်းနောက် ကျွန်တော်တို့သည် ထွေလာလေးပါး စကားတို့ကို အပျင်းပြေပြောဆိုလျက် ရှိကြရာ ဦးစံရှားသည် ဆေးတံအိုး၌ဆေးကုန်သွားသည် ဖြစ်သောကြောင့် စားပွဲအံဆွဲဖွင့်၍ ဆေးဗူးကို ထုတ်ယူမည် အပြုတွင် အံ့အားသင့်လျက် ရှိနေလေ၏။

ကျွန်။ ။"ဘာပြုလို့လဲဗျ၊ ဆေးဗူးမရှိတော့ဘူးလား"

ရှား။ ။"ဆေးဗူး မဟုတ်ပါဘူး ကိုသိန်းမောင်၊ ကျုပ်ခြောက်လုံးပြူး လူခိုးသွားပြီ"

ကျွန်။ ။"ဟင် ခက်ပြီ၊ နေပါဦးဗျ။ အတားများ မှားလို့လားဗျာ"

"ရှား။ ။"သူများလို တော်စွာ လျော်စွာထားပြီး သတိမမှတ်တဲ့ကောင် မှတ်လို့လားဗျ။ ကျုပ် မနေ့က ဒီအထဲမှာ သေသေချာချာထားတယ်"

ကျွန်။ ။"ဒါဖြင့် ပုလိပ်တိုင်ဦးမှပေါ့"

ရှား။ ။"စုံထောက်လုပ်နေပြီး ရှက်စရာ ဖြစ်တော့မယ်ဗျာ။ နေပါစေတော့။ ဘာပဲဖြစ်ဖြစ် မတိုင်ဘူး။ ကိုယ့်ဟာကို ရအောင်ရှာမယ်" ဟု ပြောပြီးနောက် ဦးစံရှားသည် မိမိ၏ ဝါသနာအတိုင်း တစုံတခုကို စဉ်းစားရန်ရှိလျှ အနီး၌ရှိသောသူကို သတိမရပဲ တိတ်ဆိတ်စွာ စဉ်းစားစိတ်ကူးလျက် ရှိနေရာ ကျွန်တော်လည်း နှုတ်ဆိတ်၍ မိမိအလုပ်တိုက်သို့ ပြန်လာခဲ့လေ၏။

ထိုညဥ့်၌ ကျွန်တော်နှင့် ဦးစံရှားသည် နေအိမ်တိုက်ခန်း ပက်လက်ကုလားထိုင် တခုစီတွင် ထိုင်ကြပြီးလျှင် ကျွန်တော်မှာ စာတအုပ်ကို ဖတ်ပြီးလျက် ဦးစံရှားမှာမူ ခြောက်လုံးပြူး ပျောက်ဆုံးခြင်း အကြောင်းကို တွေးတောနေသည့်ယက္ခဏာဖြင့် စကားမပြောပဲ ဆေးတံကိုသာ အတွင်ဖွာလျက်ရှိရာ ၁၁ နာရီထိုးသည်နှင့် ကျွန်တော်သည် အိမ်တဲသို့ ဝင်မည်ပြုလေ၏။

ကျွန်တော်သည် စာအုပ်ကို ပစ်ချ၍ ကုလားထိုင်မှ ယလိုက်သည်နှင့် တပြိုင်နက် သေနတ်သံ တချက်ကို အဝေးမှ ကြား လိုက်ရလေ၏။ ဦးစံရှားမှာမူ ကျားဟိန်းသံကို ကြားရသော မုဆိုးကဲ့သို့ ဖျတ်လတ်သော အမူအရာနှင့် ငေါက်ကနဲထိုင်၍ နားစွင့်ကာ နေလေ၏။ ထိုရာတွင် သေနတ်သံသည် ထပ်လောင်း၍ ပစ်ဖောက်ခြင်း မရှိပဲ လူသံတို့သာလျှင် စီစီ စီစီနှင့် ကြားရသည် ဖြစ်သောကြောင့် ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com


ဦးစံရှားအား 'သွားရောက်စုံစမ်းလိုပါသလား'ဟု မေးမြန်းရာ ဦးစံရှားက လက်ပြသည်နှင့်ကုလားထိုင်တွင် ပြန်၍ ထိုင်ရလေ၏။

တခဏမျှကြာသောအခါ တိုက်ပေါ်သို့ တက်လာသော ခြေသံများကို ကြားပြီးနောက် တံခါးကို ခေါက်သံကြားသည်နှင့် ကျွန်တော်သည် တံခါးကို ဖွင့်ပေးရာ လက်ထောက်အင်စပက်တော် ကိုသောင်းတင်နှင့် ပုလိပ်သားတယောက်သည် အခန်းတွင်းသို့ ဝင်လာကြလေ၏။

ရှား။ ။"ဘယ်က သေနတ်သံလဲဗျို့။ အနောက်ဆီက ကြားရတယ် ဘာဖြစ်လို့လဲ"

သောင်း။ ။"ကွမ်းသီးကြိုက် တောင်ငူဝို ဆိုတာလို ဖြစ်နေပြီကော ဆရာ။ ဆရာ့အလုပ်ရုံးမှာ လူသတ်မှုလာပြီး ဖြစ်နေပြီကော ဆရာရဲ့။ လိုက်ပြီး ကြည့်စမ်းပါဦး ဆရာ"

ထိုအခါ ကျွန်တော်နှင့် ဦးစံရှားတို့သည် ပုလိပ်အရာရှိများနောက်မှ လိုက်သွား၍ လွှစ္စလမ်းရှိ ဦးစံရှား၏ အလုပ်တိုက်သို့ ရောက်ကြလေ၏။ အလုပ်ရုံးခန်းအတွင်း၌ မာတ်မီးများ ထိန်လျက်ရှိရာ ပုလိပ်အရာရှိ အချို့တို့လည်း တိုက်ဝမှ စောင့်ကြပ်လျက် ရှိနှင့်ကြသည်ကို တွေ့ရှိကြရလေ၏။ ကျွန်တော်တို့သည် ကိုသောင်းတင်နှင့်အတူ ဦးစံရှား၏ အလုပ်ခန်းသို့ ဝင်သွားကြရာ ဦးစံရှားထိုင်သော ကုလားထိုင်ပေါ်၌ ထိုင်လျက်ရှိသော လူတယောက်သည် ဦးခေါင်းမှော့၍ သေလျက်ရှိနေသည်ကို တွေ့ရှိကြရလေ၏။ ထိုသူ၏ နဖူးအလယ်တည့်တည့်၌ သေနတ်ဒဏ်ရာ တခုရှိ၍ ယင်းဒဏ်ရာမှ သွေးတို့သည် ယိုစီးလျက်ပင် ရှိသေး၏။ ထိုသူမှာ လူသတ်အရွယ်ရှိ၍ သက္ကလတ်အင်္ကျီနက်ပြာရောင်၊ ထားဝယ်လုံချည်၊ နောက်ပိတ်ဖိနပ်စသည်တို့ဖြင့် သားနားသေသပ်စွာ ဝတ်ဆင်ထားသည်ကို တွေ့ရှိကြရလေ၏။

ရှား။ ။"ဓာတ်ခြရာတွေက ရှုပ်ကုန်ပြီကိုးဗျ။ ကြည့်ဖို့ ခဲယဉ်းနေပါပြီ။ ဘာများ ခင်ဗျားတို့ တွေ့သေးသလဲ"

သောင်း။ ။"ဒီပြင်တော့ ဘာမှမတွေ့ဘူး ဆရာ။ ဟောဒီ လက်ကိုင်ပဝါကလေး တထည်ပဲ တွေ့တာယ်"

ကိုသောင်းတင်လည်း မိမိ၏အိတ်မှ လက်ကိုင်ပဝါ တထည်ကို ထုတ်ပေးသဖြင့် ဦးစံရှားသည် လက်ကိုင်ပဝါကိုယူ၍ ဖြန့်ကြည့်ရာ မိန်းမကိုင် လက်ကိုင်ပဝါ ဖြစ်ကြောင်း တွေ့ရှိသည်နှင့် တပြိုင်နက် ဦးစံရှားသည် လက်ကိုင်ပဝါကို ပုလိပ်လက်သို့ပြန်အပ်၍ အလောင်းကိုလည်း ပုလိပ်အရာရှိတို့အား ဆေးရုံသို့ ယူဆောင်သွားစေ၏။ ကိုသောင်းတင်နှင့် သူ၏ ဟပည့်သည်း အလောင်းနှင့်အတူ ဆေးရုံသို့ထွက်သွားကြလေ၍ အခန်းတွင်း၌ ကျွန်တော်တို့နှစ်ဦးသာ ကျန်ရှိလေလျှင်—

ရှား။ ။"ကိုသိန်းမောင်၊ ခင်ဗျား တခွေကြောက်တတ်သလား"

ကျွန်။ ။"ကြောက်တယ်လဲ မဟုတ်ဘူး။ မကြောက်ဘူးလဲ မပြောနိုင်ဘူးဗျ"

ရှား။ ။"ဒီအခန်းမှာ ခင်ဗျား ဒီတည အိပ်ဝံ့ပါ့မလား"

ကျွန်။ ။"တယောက်တည်းတော့ မအိပ်ဝံ့ဘူးဗျ"

ရှား။ ။"ကျုပ်နဲ့နှစ်ယောက် ဆိုယင်ကော"

ကျွန်။ ။"ခင်ဗျား ပါယင်တော့ ဘာလုပ်ရ လုပ်ရဗျာ"

ရှား။ ။"ကိုင်း ဒါဖြင့် ကျုပ်တို့ ဟောဟိုက ဗီရိုထဲမှာ ဒီကနေ့ည အိပ်ပြီး စောင့်ရလိမ့်မယ်"

ကျွန်။ ။"သတ်တဲ့လူက ပြန်လာဦးမယ်လို့များ ခင်ဗျား ထင်လို့လား"

ရှား။ ။"လာလို လာငြားပဗျာ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဦးစံရှားသည် ဗီရိုကို သော့နှင့်ဖွင့်ပြီးလျှင် ကျွန်တော်တို့သည် ဗီရိုတွင်းသို့ဝင်ပြီးနောက် တံခါးကို မစေ့တစေ့ထားလျက် အခန်းတွင်းသို့ ချောင်းမြောင်းကြည့်ရှု၍ နေကြလေ၏။ တညလုံး စောင့်ဆိုင်းပါသော်လည်း မည်သူတဦးတယောက်မျှ ပေါ်လာခြင်းမရှိဖြစ်လေရာ နံနက်လင်းသည့်အခါမှ တိုက်ခန်း အတွင်းသို့ မရဲတရဲဝင်လာသော ခြေသံတခုကို ကြားရလေ၏။ ခြေသံသည် ဦးစံရှား၏ အလုပ်ခန်းဝသို့ ရောက်သောအခါ ရပ်တန့်၍ တံခါးကိုဖြည်းညင်းစွာဖွင့်ပြီးလျှင် အခန်းတွင်းသို့ လိုက်၍ကြည့်ရာ အခြားမဟုတ်၊ ဦးစံရှား၏ စာရေးမ မမြမေပင် ဖြစ်လေ၏။

မမြမေသည် စားပွဲကုလားထိုင် စသည်တို့၌ရှိသော သွေးစက်တို့ကိုတွေ့မြင်သောအခါ ကြက်သီးများထ၍လာသည့် လက္ခဏာဖြင့် တုန်လှုပ်သွားပြီးနောက် အရဲစွန့်ပြီးလျှင် အလုပ်ခန်းအတွင်းသို့ တလှမ်းချင်းလှမ်း၍ ဝင်လာခဲ့လေ၏။ ဦးစံရှား၏ စားပွဲအနီးသို့ရောက်သောအခါ အံဆွဲကိုသော့နှင့်ဖွင့်ပြီးလျှင် မိမိအင်္ကျီအတွင်းအိတ်မှ ခြောက်လုံးပြူးသေနတ်တလက်ကို ထုတ်ပြီးနောက် အံဆွဲအတွင်းသို့ထည့်၍ သော့နှင့် တဖန်ပိတ်ထားလေ၏။

ရှား။ ။"မမြမေ"

ထိုခဏ၌ မမြမေသည် ဖြတ်ကနဲလန့်သွားပြီးလျှင် မျက်နှာတွင် သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်နှင့် မျက်သုံးစိုင်းလျက် ကျွန်တော်တို့ရှိရာဘက်သို့ လှည့်ကြည့်လိုက်ရာ ဦးစံရှားလည်း ဗီရိုတံခါးကို ဖွင့်၍ အပြင်သို့ ထွက်သည်နှင့် ကျွန်တော်လည်း ထွက်လိုက်လေ၏။ ထို့နောက်-

ရှား။ ။"ငါ့သေနတ်မှာ ကျည်ဆန်ရော့နေယင်တော့ မင်း ဒုက္ခပဲဟေ့။ ဘာလုပ်တာလဲ"

မေ။ ။"သေနတ်ကို အခန်းပြင်မှာတွေ့လို့ လာပြီးသိမ်းပါတယ်"

ရှား။ ။"မနေ့ကတည်းက ငါ့သေနတ် ပျောက်သွားတာ ငါသိပါတယ်ကွယ့်။ မှန်မှန်ပြောစမ်းပါ"

မေ။ ။"မှန်မှန်ပြောတာပဲရှင့်"

ရှား။ ။"မမြမေ လက်ကိုင်ပဝါတထည်များ မပျောက်ဘူးလား။ မကြောက်ပါနဲ့ကွယ့်။ မင်းလက်ကိုင်ပဝါမှန်း ငါတယောက်သာ သိပါတယ်"

ဤထင်မြင်ချက်၌ကား ဦးစံရှား မှားယွင်းလေဘော့၏။ အကြောင်းမူကား ပုလိပ်အရာရှိတို့သည် မမြမေကို မသင်္ကာသည်ဖြစ်၍ လက်ကိုင်ပဝါနှင့် ပတ်သက်၍ ထောက်လှမ်းစုံစမ်းကြည့်ရာ ယင်းလက်ကိုင်ပဝါမှာ မမြမေ၏ လက်ကိုင်ပဝါ ဖြစ်ကြောင်းကို ဒိုဘီကုလားက ထွက်ဆိုချက်အရ မမြမေမှာ ပုလိပ်အရာရှိတို့၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံရလေ၏။ သို့ရာတွင် ဦးစံရှားက မိန်းမကိုင် ပိုးလက်ကိုင်ပဝါမှာ တထည်သာလျှင် ရှိသည်မဟုတ်၊ ရန်ကုန်မြို့ပေါ်၌အမြောက်အမြားရှိသည် ဖြစ်သောကြောင့် ဤပစ္စည်းတခုတည်းနှင့် အဘယ်နည်းနှင့်မျှ မစွပ်စွဲထိုက်ကြောင်းကို ပုလိပ်တို့အား ပြောကြားလေရာ ပုလိပ်အရာရှိတို့မှာ ဦးစံရှား၏ ထင်မြင်ချက်ကို မပယ်စုံသည် ဖြစ်သောကြောင့် အမှုကို စစ်ဆေးသည့်အခါ၌ အကြောင်းအကန့် မစွပ်စွဲပဲ လျှော့တော့တော့ရှိရမည် ဖြစ်ရကား မမြမေမှာ တရားသူကြီးက သက်သေ မလုံလောက်ဖြစ်၍ စွဲချက်မတင်ပဲ တရားရှင် လွှတ်လိုက်လေ၏။

ထိုအခြင်းအရာများကို ကျွန်တော် သိရှိရသောအခါ ကျွန်တော်သည် ဦးစံရှားနှင့် မမြမေတို့၏ အပေါ်၌ ယခင်ကတည်းက သင်္ကာမကင်းရှိနေရသည့်အတွင်း သာ၍ပင် မသင်္ကာအောင် ရှိခဲ့ပြန်လေ၏။

တနေ့သ၌ မမြမေလည်း အချုပ်ထောင်မှ ထွက်လာပြီးနောက် ကျွန်တော်တို့၏နေအိမ် တိုက်ခန်းသို့ လာရောက်လေရာ-

တတိယအကြိမ်

www.burmeseclassic.com



ရွှေ။ ။"ငါ့ မီးခံသေတ္တာထဲက အရေးကြီးတဲ့ စက္ကူတွေ မင်း ရောင်းမစားလာ ငါ ကျေးဇူးတင်ပါတယ်ကွယ်"

ထိုအခါ မမြမေသည် အံ့သြသောအမူအရာဖြင့် ဦးစံရွှေအား ကြည့်နေပြီးနောက် စကားပြောမည်ပြုလေရာ

ရွှေ။ ။"တန်ပါ။ မင်းမပြောပါနဲ့တော့။ မင်းမပြောပေမယ့် ငါ သော်တော်ရိပ်မိကုန်ပါပြီ။ မင်းတောင် ဒီအမှုမှာ ငါ့နောက်မှာလိုက်ပါတူး။ ဟိုင်း ကိုင်း၊ အလုပ်ကိုက်သွားပြီး လုပ်မြဲတိုင်း လုပ်ချေပါတော့"

မမြမေ ဆင်း၍သွားသောအခါ

ရွှေ။ ။"ဘယ်နှယ်လဲ ကိုကိန်းမောင်၊ ဒီအမှုမှာ ခင်ဗျား ဘယ်လိုထင်မြင်ချက်များရှိသလဲ"

ကျွန်။ ။"ကျွန်တော်ဖြင့် ဘယ်နှယ်မှမထင်ကတဲ့အောင် ဖြစ်နေပါပြီဗျာ"

ရွှေ။ ။"ကျုပ်ကိုများ ဟာကွဲမထင်ဘူးလား"

ကျွန်။ ။"အမှန်ပြောရလျင် ထင်တုန်းကတော့ ယုံမိပါသေးဗျာ။ သို့သော် စဉ်းစားကြည့်ပြန်တော့ တကယ်လို့ ကျွန်တော်ယောက်ျားတဲ့အတိုင်း ကုက်ခဲ့လို့ရှိလျင် ဒီကိစ္စမှာ ခင်ဗျားကကျွန်တော့်တောင် အသိခံမယ်မဟုတ်ဘူး၊ အခု ကော့ ဗီရိုထဲက ပုန်းခိုပြီး ချောင်းတုန်းကလဲ ခင်ဗျားကပဲ ကျွန်တော့်ကိုခေါ်တယ်။ ကျွန်တော်ဖြင့် အစဉ်းစားရ ကျပ်သဗျာ"

ရွှေ။ ။"သိချင်ယင် ကျုပ်နဲ့ လိုက်ခဲ့ပေဦး ကိုသိန်းမောင်"

ကျွန်တော်သည် ဦးစံရွှေနှင့်အတူ လိုက်သွား၍ ပုလိပ်ဌာနသို့ ရောက်သောအခါ ကိုသောင်းတင်နှင့်တွေ့၍ နေရာထိုင်ခင်းပေးသဖြင့် ထိုင်မိကြသောအခါ

ရွှေ။ ။ဘယ့်နှယ်လဲ ကိုသောင်းတင်၊ ကျုပ်အလုပ်ခန်းမှာ မနေ့က သေတဲ့လူဟာ ဘယ်သူလဲဆိုတာ သိပြီ မဟုတ်လား"

တင်။ ။"သိပါပြီ ဆရာ"

ရွှေ။ ။"လူရုပ် ကိုဘဦးဆိုတာ မဟုတ်လား"

တင်။ ။"ဟုတ်ပါတယ် ဆရာ။ ဒါပေမယ့် သေသူကိုသိတာထက် သတ်တဲ့လူဟာ ဘယ်သူလဲလို့သိဖို့က သာပြီး အရေးကြီးဘာကိုး ဆရာရဲ့"

ရွှေ။ ။"သတ်တဲ့လူက ဦးမင်းဟန်ပေါ့ဗျ"

တင်။ ။"မဟုတ်နိုင်တာ ဆရာရယ်။ ဦးမင်းဟန်က ဆရာတို့ဖမ်းခဲ့လို့ အချုပ်ထဲမှာရောက်ပြီး အမှုဆိုင်နေရပြီ မဟုတ်လား ဆရာရဲ့"

ရွှေ။ ။"လူကသာ ထောင်ထဲရောက်တယ်၊ ဉာဏ်က မရောက်သေးဘူးဗျ"

တင်။ ။"နားမလည်ပါဘူး ဆရာ။ ဘယ့်နှယ်ဟာလဲ"

ရွှေ။ ။"သင်္ကေတများ ခုတ်ပြီးသွားတော့ ဂယက်ကျန်ရစ်တယ် မဟုတ်လားဗျ။ အခုလဲ ဦးမင်းဟန်က ထောင်ထဲရောက်သွားပေမယ့် သူ့ဂယက်က 'အပြင်မှာ ကျန်ရစ်သေးတယ်ဗျ"

တင်။ ။"ဆရာပြောပုံဆိုယင် ဆရာကြီးကိုမိပေမယ့် အပြင်က သူ့တပည့်တွေ သူ့ဉာဏ်ကို အသုံးပြုပြီး နေရစ်ကြတယ်လို့ ဆိုချင်တာပါပေါ့လေ"

ရွှေ။ ။"သူ့ခိုင်းတဲ့ကိစ္စဗျ။သို့သော် ခုတ်ရာကတခြား၊ ရှရာကတခြား ဖြစ်နေတယ်။ ဒါထက် ကိုသောင်းတင်၊ ဟိုတနေ့က ကြိုးပေးခံရတဲ့ ဦးဘထွန်းအကြောင်း ရိပ်မိရဲ့လား"

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



တင်။ ။"ပေါက်ဖော်ကြီးသတ်လို့ ကြိုးကျသွားတဲ့ ဦးဘထွန်းဟာလား။ ပေါက်ဖော်ကြီးကို သတ်တုန်းက ဦးဘထွန်းတယောက်တည်း မကဘူးလို့တောင် ထင်စရာရှိတာပဲဆရာ။ သို့ပေမယ့် ကစ္စန်းတစမှ လိုက်လို့ မပေါ်ဘူး"

ရှား။ ။"ကျုပ်လဲ ဒီတုန်းက အညာသွားနေလို့မမီလိုက်ဘူးဗျ။ ကျုပ်သာရှိယင်တော့ ဦးဘထွန်း သေရမယ် မဟုတ်ဘူး"

တင်။ ။"ဘာကြောင့်လဲ ဆရာ၊ သူသတ်တာ မဟုတ်ဘူးလား"

ရှား။ ။"နောက်တော့ သိလိမ့်မယ်လေ။ ကိုင်း ကျုပ်တို့ပြန်လိုက်ဦးမယ်"

ကျွန်တော်တို့သည် ဌာနမှထွက်လာကြပြီးနောက် ဦးစံရှားသည် အလုပ်တိုက်သို့ ခေါ်ငင်သွားပြန်သည်နှင့် လိုက်သွားရပြန်၏၊ အလုပ်တိုက်သို့ရောက်သောအခါ မမြမေသည် အလုပ်ဆင်းလျက် ရှိနေနှင့်သည်ကို တွေ့ရှိရလေ၏။

ဦးစံရှား၏အလုပ်ခန်းသို့ ကျွန်တော်တို့ ဝင်မိကြလျှင် ဦးစံရှားသည် မမြမေကို ခေါ်ငင်၍ မမြမေသည် အခန်းတွင်းသို့ ဝင်လာသောအခါ

ရှား။ ။"ထိုင်ပါဦး မမြမေ၊ ကိုယ့်ဘဝအကြောင်းက မကောင်းလို့ လူဆိုးကို အဖေတော်ရခြင်းဟာ ရှက်စရာတော့နည်းနည်းကောင်းသပလေ။ သို့သော် ကိုယ်ကဆိုးမှ ဆိုးတာကိုး မမြမေရဲ့။ ကိုယ့်အမိအဖဆိုးတာကို ကိုယ်က ဘယ်မှာတတ်နိုင်ပါ့မလဲ။ 'သားသမီးမကောင်း မိဘခေါင်း' လို့သာ ရှိပါတယ်။ 'မိဘမကောင်း သားသမီးခေါင်း' ရယ်လို့ မရှိပါဘူးကွယ့်"

ထိုအခါ မမြမေသည် မည်သို့မျှ ပြန်မပြောပဲ တုန်လှုပ်သော အမူအရာဖြင့် ဦးစံရှားအား စိုက်၍ ကြည့်နေရာ ဦးစံရှားက ဆက်လက်၍-

ရှား။ ။"သေတဲ့လူကတော့ သေရှာပြီ။ သေတဲ့လူ နာမည်ကောင်းဖို့အတွက်နဲ့ ဒီလောက်တောင် စွန့်စားလို့ တော်ပါ့မလား မမြမေ" ဟုပြောသောအခါ မမြမေသည် ပြင်းထန်စွာ တုန်လှုပ်ရာမှ မျက်ရည်များ ကျလာပြီး-

မေ။ ။"ဧမွှးသဖခင် အတွက်ကိုးရှင့်"

ရှား။ ။"ဘယ်နှယ်ပဲဖြစ်ဖြစ် စွန့်စားတော့မယ်လား"

မေ။ ။"ကျွန်မဖြင့် ဒီလိုပဲ အောက်မေ့ပါတယ်"

ရှား။ ။"ကိုင်း ဒါဖြင့် ကိုဘထူးဆီကို သူတောင်းတာ ပေးပါတော့မယ်လို့ စာရေးလိုက်"

မေ။ ။"ဒီအကြောင်းတွေ ဦး ဘယ်က သိသလဲ"

ရှား။ ။"မင်းတောင် ငါ့လောက် မသိပါဘူးကွယ်။ ရေးသာရေးလိုက်ပါ"

မေ။ ။"ဦးရဲ့ မီးခံသေတ္တာဖွင့်နည်းကို ပြောရမယ်တဲ့။ တောင်းနေတယ် ဦးရဲ့"

ရှား။ ။"ပေးသာ ပေးလိုက်ပါ။ ဖွင့်နည်းသိပေမယ့် အတွင်းမှာရှိတဲ့ စက္ကူတွေကို သူ ရမှာမဟုတ်ပါဘူး။ သို့သော် ဒီလိုလုပ်။ သူ့ကို ဒီကနေ့ည ဒီအခန်းမှာ တွေ့အောင်ချိန်း။ အခန်းထဲကို သူရောက်တဲ့အခါမှာ ဒီကုလားထိုင်မှာ ထိုင်ပစေ။ ဒီအခါမှာ သေတ္တာဖွင့်နည်းကိုပြောပြပြီး မင်းလိုချင်တာကို စာမှာရေးပြီး လက်မှတ်ထိုးပစေ။ လက်မှတ်ထိုးပြီး သက်သေလဲ လက်မှတ်ထိုးဖို့ လိုသေးတယ်ဆိုပြီး ထွန်းတင်ကို ခေါ်ဖို့ ခုတ်ခေါင်းလောင်းခလုတ်ကို သူနှိပ်ပစေ။ ဒီအခါမှာ မင်းက စားပွဲရှေ့က မနေနဲ့။ စားပွဲဘေးက နေ။ ကြားလား။ မမေ့နဲ့နော်။ စားပွဲရှေ့ကမျှား ဘယ်နည်းနဲ့မှ မနေလေနဲ့။ ကိုင်း ကိုင်း၊ သွားပြီး စာရေးချေတော့"

www.burmeseclassic.com



လိုညှဉ့်၌ ကျွန်ုပ်တော်နှင့်ဦးစံရှား၊ ကိုသောင်းတင်တို့သည် ဦးစံရှား၏စီမံချက်အရ သူ၏အခန်းတွင်းရှိ ဗီရိုအတွင်း၌ ပုန်းအောင်းလျက် ရှိကြပြန်သည်။ အခန်းပြင်၌ကား မမြမေသည်စောင့်ဆိုင်းလျက် ရှိလေ၏။ ဦးစံရှား၏ မီးခံသေတ္တာအတွင်း၌ကား ဦးမင်းဟန်တို့လူစုအကြောင်းနှင့်ပတ်သက်၍ အရေးကြီးသော မှတ်တမ်းများ၊ စာပေးစာယူ စက္ကူများ ရှိလေရာ ဦးမင်းဟန်၏တပည့်များသည် ယင်းစာရွက်များ ဦးစံရှားထံ၌ ရှိသမျှကာလပတ်လုံး မိမိတို့၏လည်ပင်း၌ ကြိုးစွပ်လျက်ရှိသည့်အကြောင်းကို သိရှိကြသဖြင့် ယင်းစက္ကူများကို ပြန်လည်ရရှိရန် ကြိုးစားအားထုတ်လျက်ရှိကြလေသည်။ သို့ရာတွင် ဦးစံရှားသည် ဤစက္ကူများ ရှိပါလျက် အဘယ်ကြောင့် ထိုသူတို့ကို ဖမ်းဆီးချုပ်နှောင်စေခြင်း မပြုပါသနည်းဆိုသော် အနည်းငယ်မျှ လိုနေသေးသည်ဖြစ်၍ ထပ်လောင်းစုဆောင်းဆဲ ဖြစ်သောကြောင့် အချိန်အနည်းငယ်မျှ စောင့်ဆိုင်းနေခြင်းမျှ ဖြစ်လေသည်။ ဦးစံရှား၏ ဝါသနာမှာလည်း မိမိပစ်လိုက်သော ကွန်ချက်သည် မိမိလိုသော ငါးကို အသေအချာမိသောက်မှ ပစ်တတ်မြဲဖြစ်သဖြင့် အနည်းငယ် လိုနေသေးက ပြည့်စုံအောင် သည်းခံ ချောင်းမြောင်း၍ နေစမြဲဖြစ်လေသည်။ ဦးစံရှားသည် သူ၏မီးခံသေတ္တာကို သာမညသော့မျိုးဖြင့် ပိတ်ဆို့ထားသည် မဟုတ်ပဲ အခမရှိကန်မှ အထူးတလည်မှာယူ၍ဖွင့်ရန် အလွန်ခဲယဉ်းလှသော သော့မျိုးဖြင့် ပိတ်ထားခြင်းဖြစ်၏၊ ယင်းကို မိမိနှင့် မမြခင် နှစ်ယောက်တည်းသာလျှင် ဖွင့်တတ် ပိတ်တတ်ခဲ့လေသည်။

သို့ဖြစ်သောကြောင့် ဦးမင်းဟန်၏တပည့်တို့သည် မမြမေ၏ထံမှ သေတ္တာဖွင့်နည်းကို အမျိုးမျိုး ခြောက်လှန့် တောင်းဆိုလျက် ရှိနေကြခြင်း ဖြစ်လေသည်။

ကျွန်ုပ်တော်တို့သည် ဗီရိုအတွင်းမှ ပုန်းအောင်းချောင်းမြောင်းလျက် ရှိကြရာ၌ ၈ နာရီထိုးသည်နှင့် တပြိုင်နက် တိုက်ခန်းသို့ဝင်လာသော ခြေသံကိုကြားရပြီးသည့်နောက်တခဏ၌ မမြမေသည် ဝဝတုတ်တုတ် နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် အသက်၄၀ အရွယ်ခန့်ရှိ လူတယောက်နှင့် အလုပ်ခန်းတွင်းသို့ ဝင်လာကြလေ၏။

အခန်းတွင်း၌ကား ကုလားထိုင်နှစ်ခုမျှရှိရာ မမြမေသည် စားပွဲခုံအောက်ရှိ ကုလားထိုင်တွင် ထိုင်လျက် ထိုသူသည် ဦးစံရှား၏နေရာ ကုလားထိုင်၌ ထိုင်လေ၏။

ထိုသူ။ ။"မိန်းကလေးကလဲကွယ်၊အစကတည်းက ပြောလိုက်ယင်ပြီးရော။ အလကား ဒုက္ခခံပြီး တော့ ငြင်းနေရသေးတယ်"ဟု ပြော၍ ထိုင်ရာမှထပြီးလျှင် မီးခံသေတ္တာအနီးသို့ သွားလေရာ မမြမေလည်း ထိုင်ရာမှထ၍ မိမိအိတ်မှသော့နှင့် သေတ္တာဖွင့်နည်းကို ပြလေ၏။

မေ။ ။"သော့ကို အထက်နားနည်းနည်းမြှောက်ပြီး လက်ယာဘက်ကို ၃ ချက်လှည့်ရတယ်ရှင့်။ တခါအောက်နှိပ်ပြီး လက်ဝဲဘက်ကို နှစ်ပတ်လှည့်ရတယ်ရှင့်"စသည်ဖြင့် သေတ္တာဖွင့်နည်းကို ပြသလျက်ရှိရာ ကျွန်ုပ်တော်တို့မှာ ဗီရိုအတွင်းမှ ချောင်းမြောင်းကြည့်ရှုလျက် ရှိနေကြလေ၏။ ဖွင့်နည်းကိုပြပြီးနောက်-

ထိုသူ။ ။"ကိုင်း ကိုင်း၊ သော့ကို ဖယောင်းပုံနှိပ်ရအောင်။ ပေး"

မေ။ ။"ကျွန်မပြောတာ ရှင် ရေးပေးဦးလေ"

ထိုသူ။ ။"ဘယ်လို ရေးရမှာလဲ"

မေ။ ။"ကျွန်မအဖေ ဦးဘထွန်းဟာ တရုတ် ဦးစက်ဝက်ကို သတ်ဖြတ်ခြင်း မဟုတ်ကြောင်း၊ သတ်ဖြတ်သူဟာ ရှင့်ညီ သေသူ မောင်ဘဦးဖြစ်ကြောင်းကို စာနဲ့ရေးပြီး ရှင်လက်မှတ်ထိုးပါ"

ထိုအခါ ကိုဘထူး ဆိုသူသည် စားပွဲတွင် တဖန် ထိုင်ပြီးနောက် စာတစောင်ကိုရေး၍ လက်မှတ်ရေးထိုးလေ၏။ ယင်းစာကို မမြမေအား ပေးပြီးနောက် မမြမေကို သော့တောင်းရာ-

www.burmeseclassic.com

www.burmeseclassic.com

မေ။ ။"နေပါဦးရှင်။သက်သေခေါ်ပြီး လက်မှတ်အထိုးခိုင်းလိုက်ပါရစေဦး။ ထွန်းတင်ကို တိုက်ရှေ့မှာ အစောင့်ခိုင်းထားပါတယ်။ တဆိတ်လောက် ခလုတ်ကလေး နှိပ်လိုက်ပါရှင်"

ထိုသူ။ ။"နေပါစေကွယ်၊ သက်သေတွေ ဘာတွေခေါ်မနေပါနဲ့"

မေ။ ။"မဟုတ်ဘူးရှင်ရယ်။ သက်သေထည့်ပါရစေ"

ထိုသူ။ ။"သော့ကိုသာ ပေးပါ။ သက်သေ တယောက်မကလို့ တရာထည့်ချင်လဲ ထည့်ပါ။ ဖယောင်းပုံ နှိပ်စမ်းပါရစေဦး"

ထိုအခါ မမြမေသည် သော့ကို ကိုဘထူး၏လက်သို့ ပေးအပ်၍ ကိုဘထူးသည် ဖယောင်းတွင် သော့ကို နှိပ်ပြီးလျှင် မမြမေ ခိုင်းစေသည့်အတိုင်း ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်သည်နှင့်တပြိုင်နက် ကျွန်တော်တို့သည် သေနတ်သံတချက် ကြားရပြီးနောက် တခန်းလုံး ခေတ်မီးများငြိမ်း၍ မှောင်နှင့် မည်းမည်း ရှိနေလေ၏။

ထိုခဏ၌ ဦးစံရှားသည် ဗီရိုမှ ထွက်ပြီးနောက် အဆင်သင့်ဆောင်လာခဲ့သော မိမိ၏ လက်နှိပ်ခေတ်မီးနှင့် စားပွဲရှိရာသို့ ထိုး၍ကြည့်လိုက်ရာ ဦးစံရှား၏ကုလားထိုင်ပေါ်တွင် ထိုသူသည် ယခင်ညကတွေ့ရသော အလောင်းကဲ့သို့ နဖူးစွင် ဒဏ်ရာနှင့် စင်းစင်းသေလျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။

ထို့နောက် ဦးစံရှားသည် တခုသောထောင့်၌ ဝှက်ထားသော လက်ဆွဲခေတ်မီးအိမ်တခုကို ထွန်းညှိပြီးနောက် သေသူ၏ ဒဏ်ရာကို ကြည့်ရှုလျက်ရှိစဉ် ကိုသောင်းတင်သည် မမြမေ၏လက်တွင် သေနတ်ကိုမြင်သည်နှင့်—

တင်။ ။"ဘယ့်နှယ်လဲ ဆရာ၊ ဘယ်သူသတ်လိုက်တာလဲ"

ရှား။ ။"ဦးမင်းဟန်က သတ်ပစ်လိုက်တာပေါ့ဗျ"

တင်။ ။"လုပ်ပြန်ပြီ ဆရာ၊ ဆရာပြောမှဖြင့် ဒီလိုချည်းပဲ"

ရှား။ ။"ဩော်၊ ခင်ဗျားက ကျုပ်ပြောတာ မယုံကြည်ပဲကိုး။ ကိုင်း၊ ပြောပြရမှာပေါ့။ ရော့၊ ဒီအလောင်းကို ကုလားထိုင်ပါ မ,ပြီး ရွှေ့ထားလိုက်ကြစမ်းဗျာ။ ဟုတ်ပြီ၊ ကိုသိန်းမောင်က စားပွဲရှေ့တာ မနေနဲ့၊ ဖယ်နေလိုက်စမ်း။ကိုင်း၊ ကိုသောင်းတင်က ဟောဟို ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်စမ်းဗျာ"ဟု ပြောသဖြင့် ကိုသောင်းတင်သည် စားပွဲနံဘေးရှိ ခလုတ်ကို နှိပ်လိုက်ပြန်သည်နှင့်တပြိုင်နက် ယခင်က သေနတ်သံကဲ့သို့ ယပ်မံ၍ ကြားရပြီးနောက် ဦးစံရှား၏ ကုလားထိုင်ထားရာနောက် အုတ်တံခါး၌ သေနတ်ကျည်ဆန်တခု ထိမှန်နေသည်ကို တွေ့ရှိကြရလေ၏။

တင်။ ။"ဘယ့်နှယ်ဟာလဲ ဆရာ"

ရှား။ ။"ကျုပ် စားပွဲရှေ့ တည့်တည့်က မီတာသေတ္တာမှာ အံဖုံးပါတယ်ဗျ။အံဖုံးကိုဖွင့်ကြည့်ယင် ခြောက်လုံးပြူးတလက် တွေ့လိမ့်မယ်"ဟုပြောယင်းဆိုယင်း ဦးစံရှားသည် အံဖုံးကိုဖွင့်၍ပြရာ ခြောက်လုံးပြူး သေနတ်တလက်မှာ မြဲခိုင်အောင် တပ်ဆင်လျက် ပြောင်းသည် စားပွဲရှိရာသို့ တည့်တည့်ချိန်လျက်ရှိသည်ကို တွေ့ရှိကြရလေ၏။ ထိုအခါ-

ရှား။ ။"အတော်ဉာဏ်သွားတဲ့ အာဂ ဦးမင်းဟန်ပဗျာ။ ကျုပ်က သူ့နောက်ကို လိုက်နေတုန်း သူ့တပည့် မောင်ပေါက်စီကို ခေတ်ကြိုးဆင်တဲ့ဘက်မှာ မရ ရအောင် သွင်းပြီး ကျုပ်အခန်း ခေတ်ကြိုးဆင်တဲ့အခါမှာ ဒီလက်နက်ကို ဆင်ထားခဲ့တာကိုးဗျ။ပေါက်စီက လျှပ်စစ်ဘက်မှာ တော်တော်ကျွမ်းကျင်တဲ့အကောင်ဗျ။ ဦးမင်းဟန်တပည့်မဖြစ်မီက ဒီအလုပ်နဲ့ အသက်မွေးခဲ့တဲ့အကောင်ပဲ။ သို့သော်လဲ သူတို့အတတ်ဟာ ကျုပ်ကိုမထိခိုက်ပဲ ဘဦးနှင့်ဘထူး ညီအစ်ကိုနှစ်ယောက်ကို ထိရှာတာကိုး ကိုသောင်းတင်ရဲ့"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။"ဒီနေရာမှာထိုင်ယင် သေတတ်မှန်းသိပါလျက်နဲ့ ကိုဘစူးကို ခင်ဗျားက ဒီနေရာမှာ ထိုင်စေသလားဗျ"

ရှား။ ။"ဩော် ကိုသိန်းမောင်၊ ကိုသိန်းမောင်။ ကျုပ်အကြောင်းကို ဒီလောက်ပေါင်းလို့မှ ကောင်းကောင်းမသိသေးပဲဟာကိုးဗျ။ ကျုပ်က အပြစ်ပြုတဲ့ လူတယောက်ကို မိပေမယ့် မသေထိုက်ဘူးလို့ ကျုပ်သဘောရယင် မဖမ်းပဲ လွှတ်လိုက်ဖူးတယ်မဟုတ်လားဗျ။ ကိုဘထူးဆိုကဲ့လူက သူ့မှာ ကြွေးကျလောက်တဲ့ ပြစ်ချက်လဲ ရှိတယ်ဗျ။ လူ့ပြည်မှာလဲ နေဖို့မထိုက်ဘူး။ ဒီတော့ သူ့ကိုဖမ်းပြီး အစိုးရလက် အပ်မယ့်အစား သူတို့အတတ်နဲ့သူတို့ ပတ်သက်ပြီး အသက်ဆုံးရှုံးစေရယင် ကောင်းလိမ့်မယ်လို့ ကျုပ်သဘောရတဲ့အတွက် အခုလို စီမံလိုက်ခြင်း ဖြစ်တာပဗျာ။ ကိုင်း ကိုင်း၊ ဟိုညက ဘဦးသေပုံကို မမြမေပြောပြလိုက်ဦးကွယ်"

မေ။ ။"ဟိုညက ကိုဘဦးနဲ့ ကျွန်မ ဒီမှာချိန်းထားပါတယ်ရှင်"

တင်။ ။"ဘယ်အတွက် ချိန်းထားသလဲ"

မေ။ ။"သူတို့လူစုက ဦးစံရှား မီးခံသေတ္တာဖွင့်နည်းကို ရအောင် တောင်းနေကြပါတယ်ရှင်"

တင်။ ။"ဘယ့်နှယ်ကြောင့် တောင်းနိုင်သလဲ။ ဘယ်မှာသိကြသလဲ"

ရှား။ ။"နေပါစေဗျာ ကိုသောင်းတင်၊ ဒီအကြောင်းတော့ ကျုပ် နောက်မှ ပြောပြပါ့မယ်။ ဘဦးသေပုံကိုသာ သူပြောပြပါစေ။ ကိုင်း၊ ပြောပါတော့ မမြမေ"

မေ။ ။"ကျွန်မနဲ့ ကိုဘဦးနဲ့ ဒီအခန်းမှာ ချိန်းပြီးတွေ့ကြတော့ ကျွန်မက သူတို့အသင်းက ကျွန်မကို လွှတ်ပါတော့လို့ တောင်းပန်ပြီး ဦးစံရှားဆီက ချေးထားတဲ့ ငွေ ၁၀ဝိကို ထုတ်ပေးတယ်ရှင့်"

ရှား။ ။"ဒီတော့ သူက ဘာပြောသလဲ"

မေ။ ။"သူက ငွေကိုမလိုချင်ဘူးတဲ့။ သေတ္တာဖွင့်နည်းကိုသာ လိုချင်တယ်ဆိုပြီး အတင်းစောင်းပါရောရှင်"

ရှား။ ။"ဒီတော့ မင်းက ငြင်းတယ် မဟုတ်လား"

မေ။ ။"ကျွန်မက ဇွတ်ငြင်းလေတော့ သူက ဒရဝမ်ကိုခေါ်ပြီး ကျွန်မအဖြစ်အပျက်ကို အကုန်ဖော်ပြီး ဦးစံရှားကို တိုင်မယ်လို့ဆိုပြီး ခလုတ်ကို နှိပ်လိုက်ပါရောရှင်။ နှိပ်လိုက် နှိပ်လိုက်ချင်း သေနတ်သံကြားပြီး တခန်းလုံး မှောင်သွားပါရောရှင်"

ရှား။ ။"ဒီတော့ မင်းက ထွက်ပြေးရောလား"

မေ။ ။"ကျွန်မလဲ ကြောက်တာနဲ့ ထွက်ပြေးပါရောရှင်"

ရှား။ ။"ငါ့သေနတ်ကို ဘယ်သူ့အတွက် ယူသွားသလဲ"

မေ။ ။"ဒီလူတွေက လူတွေဆိုးမှန်းသိလို့ အတင်းအဓမ္မလုပ်ယင် ခုခံဖို့ သေနတ်ကို ခိုးသွားမိပါတယ်ရှင်"

ရှား။ ။"ဒီလိုဗျာ ကိုသောင်းတင်ရဲ၊ ဒီမိန်းကလေးက တနေ့က ကြွေးကျသွားတဲ့ ဦးဘထွန်းရဲ့သမီးကလေးကိုး။ ဦးမင်းဟန်ရဲ့အသင်းသားပလေ။ သူက အင်္ဂလိပ်စာလဲတတ်တယ်။ ဒီပညာနဲ့သူကအလုပ်တိုက်တွေမှာ အလုပ်ရအောင်လျှောက်ပြီး တိုက်အခြေအနေကို သူ့အသင်းသားများကို သတင်းပေးရတာပေါ့ဗျာ။ ဒါနဲ့ ကျုပ်မှာ စာရေးတယောက်လစ်လပ်တယ်လို့ ကြော်ငြာလိုက်စဉ်အခါက ကျုပ်ကလဲ သူလာပြီးလျှောက်အောင်လို့ ထောင်ဖမ်းလိုက်တာပဲ။ သူတို့ကလဲ တခါဖြင့် တော်ပြီဟဲ့လို့ ကျုပ်တိုက်ကို မမြမေ သွင်းလိုက်တာပဲ။ ဒီလိုနဲ့ တယောက်အကဲ တယောက်ကြည့်ပြီးနေကြတော့ မမြမေဆိုတဲ့ သူငယ်မက သာမညသူငယ်မ မဟုတ်ပဲ ဉာဏ်ပညာ ထက်မြက်တဲ့အပြင် စင်စစ် နဂိုသဘောမှာလဲ ရိုးဖြောင့်တဲ့ သဘောရှိကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

ကျုပ် ရိပ်မိတာကိုးဗျ။ ခမျာမှာ မကောင်းတဲ့ မိဘလက်ထဲရောက်နေလို့သာ သူတို့ခိုင်းသမျှကို လုပ်ပြီးနေရ ရှာဘယ်။ စင်စစ် အဘွင်းသဘောကတော့ တော်တော်ဖြူစင်တဲ့ သဘောပေါ့ဗျ။ ကျုပ်က ဒီအကြောင်း သိရှိလေတော့ ဒီသူငယ်မကို ဒီအသင်းက လွတ်အောင် ကြံစည်ပေးချင်တဲ့စိတ် ဖြစ်ပေါ်လာတယ်''

တင်။ ။''ဆရာ့ဥစ္စာ 'သူခိုး တိုက်စိုးနှင်း' ဆိုတဲ့ စကားပုံအတိုင်း ဖြစ်နေပြီကော ဆရာရယ်''

ရှား။ ။''နားထောင်ပါဦးဗျ။ တိုက်စိုးနှင်းပေမယ်လို့ တချို့လူကောင်းတွေ သဘောမှာ ကိုယ့်ကို လူတဘက်သားက အင်မတန်ယုံကြည်ပြီး အစစတိုင်ပင်တယ်၊ မျက်နှာလွှဲတယ်၊ အားထားတယ်လို့ ဆိုတဲ့ အခါ ဒီလူကို မကောင်းကြံရမှာ ပြန်ပြီး အားနာလာတာကိုးဗျ။ ကျုပ်ကလဲ မမြမေကို သော့လဲအပ်၊ အလုပ်ဆိုယင် အကုန်လွှဲ၊ တိုင်ပင်စရာရှိယင်လဲ အကုန်ဖွင့်တိုင်ပင်၊ ဒီလိုလုပ်လေတော့ မူလက အကြံအစည် များကို မဆောင်ရွက်ဝံ့ပဲ ကျုပ်ကို ဦးလေးလို့၊ ဖခင်လို ခင်ပြီး လာရှာတာကိုးဗျ။ မဟုတ်လား မမြမေ''

မေ။ ။'ဟုတ်ပါတယ် ဦး''

ရှား။ ။''ကိုင်း ဒီတော့ မမြမေ မူလက လူဆိုးများရဲ့ အစေအပါးဖြစ်ပြီး သူတို့ခိုင်းရာကို လုပ်ရှာ ရပေမယ့် အခု ကျုပ်နဲ့တွေ့လို့ ကြင်ကြင်နာနာ ဖျောင်းဖျောင်းဖျဖျ ပြောတဲ့အခါမှာ လူကောင်း တယောက်၊ မိန်းမကောင်းတယောက် ဖြစ်ရှာပါပြီဗျာ။ လူဟာ တယ်ခက်တာမျိုးကလားဗျ။ မူလပင်ကိုယ် သဘောက ဘယ်လိုပင် ဖြူစင်သော်လဲ မကောင်းတဲ့ လူတွေထဲမှာ ကံကြမ္မာ အလျောက် ကျရောက်ပြန်ပြီ ဆိုမှဖြင့် လူဆိုးတယောက် ဖြစ်ရတာပဲဗျ။ အတွင်းသဘောက ကောက်ပေမယ့် စားနိုင် သောက်နိုင်တဲ့မိဘ လက်ထဲ ဝင်စားပြန်ယင်လဲ လူကောင်းရယ်လို့ တင်ကြရပြန်တာပဲ ကိုသောင်းတင်ရဲ့။ ကိုယ့်ကိုယ်များလဲ ကိုယ် တယ်ပြီး မထင်ကြနဲ့နော်''

တင်။ ။''ဒါဖြင့် ဆရာလဲ လူဆိုးဝမ်းထဲ ဝင်စားယင် လူဆိုးကြီး ဖြစ်မှာပေါ့ဆရာ''

ရှား။ ။''မသိနိုင်ဘူးလေ၊ ဒီလိုများဆိုယင် ခင်ဗျားတို့ လူစုကို ကျုပ် ကောင်းကောင်းကြီး ဒုက္ခ ပေးမယ့် လူတယောက်ဖြစ်မှာပေါ့ဗျ''



www.burmeseclassic.com

www.burmeseclassic.com

# ၄၇။ ကျောက်စီမားမြောင် ပျောက်ဆုံးမှု*

လွန်ခဲ့သည့် ဇန်နဝါရီလက အင်္ဂလိပ်နှစ်သစ်ကူးပွဲနှင့်တကွ ဝေလမင်းသား မြန်မာပြည်သို့ တိုင်းခန်းလှည့်လည်လာသည်ကို အကြောင်းပြု၍ အစိုးရ လွှတ်ရုံးများ ပိတ်ကြသဖြင့် အများသော မိတ်ဆွေ သူငယ်ချင်းများတို့သည် ကျိုက်ထီးရိုး ဘုရားဖူးသွားကြသောကြောင့် ကျွန်တော်နှင့် ဦးစံရှားလည်း ကျိုက်ထီးရိုးဘုရားဖူးသွားကြရန် ပြင်ဆင်သောနေ့တွင် ဦးစံရှားထံသို့ ပင်စင်အငြိမ်းစား ဆရာဝန်ကြီး ဦးဘထက်က အလျင်အမြန် လိုက်လာခဲ့ရန်အကြောင်း မန္တလေးမြို့မှ သံကြိုး ရိုက်လိုက်လေသည်။

ဦးဘထက်ကို အထက်ထက်က နှစ်ကြိမ်မျှ တွေ့ကြုံ စကားပြောဖူးသဖြင့် ဦးစံရှားက သူ့အကြောင်းကို အတော်အတန် သိပြီး ဖြစ်လေသည်။

လွန်ခဲ့သည့် စစ်ကြီးအတွင်းက ဦးဘထက်သည် အီဂျစ်ပြည်၊ မက်ဆိုပိုတေးမီးယားပြည် စသည်တို့သို့ သွားရောက်၍ ဗြိတိသျှ စစ်သည်တော် တပ်သားများနှင့် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ စစ်သည်များ ချီတက်တိုက်ခိုက်ကြရာတွင် ကိုယ်တိုင်ပါဝင်တိုက်ခိုက်ခဲ့သော စစ်ဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ဖြစ်လေသည်။

ထို့ပြင် မြန်မာနိုင်ငံနှင့်တကွ အမျိုးသားတို့ နိုးကြား ထကြွရန် များစွာလိုလားသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည့်အတိုင်း အသင်းအပင်းများ တည်ထောင်ခြင်း၊ ကိုယ်တိုင်ဟောပြောဆုံးမ ဩဝါဒမေးလေ့ရှိခြင်း၊ အမျိုးသားတို့ ကျန်းမာရေးအတွက် စာအုပ်များကို စီရင်ရေးသားဖူးခြင်း၊ စစ်တုရင် ထိုးခြင်းမှစ၍ ရှေးစာဟောင်းများနှင့် ရှေးဟောင်းပစ္စည်း ဝတ္ထုတို့ကို အလွန်တရာမှ လိုလားနှစ်သက်ခြင်းရှိသောသူ တစ်ဦးဖြစ်သည့်ပြင် စုံထောက်ခြင်း၌လည်း အနည်းငယ်ဝါသနာပါသူ ဖြစ်၍ ဦးစံရှားနှင့် နောက်ဆုံးတွေ့စဉ်အခါက စုံထောက်ခြင်း နည်းနိဿယတို့ကို ဆွေးနွေးပြောဆိုကြဖူးလေသည်။

ဦးဘထက်က စုံထောက်ဆိုသည်မှာ ဝမ်းတွင်းဉာဏ်ပါလာမှ ဖြစ်နိုင်သည်။ သင်၍မရဟု ပြောပြရာ ဦးစံရှားက များစွာ နှစ်သက် သဘောကျလေသည်။

ထို့နောက် ပြန်ခါနီးတွင် ဦးဘထက်က အာကယ်၍ မိမိသည် စုံထောက်အတတ်၌ အကျွမ်းကျင်ဆုံးသော ပုဂ္ဂိုလ်ကို အလိုရှိသည့်အခါ ဦးစံရှားကို ခေါ်ပါမည်ဟု ပြောသွားဖူးခဲ့လေသည်။

ထိုသို့ မိမိကို များစွာ နှစ်သက်သဘောကျသူ တစ်ဦးထံမှ လိုက်လာရန် သံကြိုးရသဖြင့် ဦးစံရှားမှာ မိမိအပျော်အပါးဘုရားဖူးသွားမည့်အရေးကို ပယ်ဖျက်လိုသောစိတ် ဖြစ်နေသည်ကို ကျွန်တော်ရိပ်မိသည်နှင့်

"ဘယ့်နှယ်လဲဗျာ ဦးစံရှား၊ ကျွန်တော်တို့ သွားဖြစ်ကြဦးမလား။ ဘယ်က သံကြိုးလဲ"

---

* ဤဝတ္ထုကို မည်သည့်မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့ကြောင်း မသိရသေး။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၁၂နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၆ တို့တွင် တွေ့ရသည်။ မူရင်းမှာ The Reigate Squires ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဦးဘထက်ဆီက အမြန်လိုက်လာဖို့ မှာလိုက်တဲ့ သံကြိုးစာဗျ။ ဒီလူကြီး ခင်ဗျား မသိဘူးလား ကိုသိန်းမောင်။ တလောကပဲ ကျုပ်တို့အိမ် လာလည်ပြီး ကျုပ်ကို ချီးမွမ်းသွားတာ"

ကျွန်။ ။"သိပါတယ်ဗျာ။ အလျင်အမြန် လာဖို့မှာတော့ လိုက်မသွားယင် ဘာကောင်းမလဲ။ 'အလုပ်အယင်၊ပျော်ဖွယ်ရှင်နောက်'ဆိုသလိုခင်ဗျားနဲ့ဆိုင်တဲ့အလုပ်အတွက် မှာစာတော့ မြန်မြန်လိုက်သွားမှပဲ တော်မယ်"

ရှား။ ။"ပြောနေကြာရော့မယ်။ ကနေ့ နေ့လယ် ၁၂ နာရီ ရထားနဲ့ လိုက်ကြစို့ဗျာ။ အခု ၁၁ နာရီရှိပြီ။ တက္ကစီ တစီးသာ ခေါ်လိုက်ပေတော့။ ကိုသိန်းမောင်လဲ လိုက်မယ်မဟုတ်လား"

ကျွန်။ ။"မော်လမြိုင် ညမီးရထားနဲ့ လိုက်ကြမယ့် အဖော်တွေက ကောင်းတာနဲ့ ကျွန်တော်တော့ ကျိုက်ထီးရိုးကိုပဲ လိုက်သွားပါရစေတော့ ဦးစံရှား။ ဘယ့်နှယ် သဘောရသလဲ"

ရှား။ ။"ကောင်းပါပြီဗျာ။ ကျုပ်တယောက်တည်း သွားပါ့မယ်။ အိမ်က ခိုင်းတဲ့အကောင်ကိုသာ ကြည့်ပြီး မှာထားခဲ့ပါ"

ကျွန်တော်သည် တယ်လီဖုန်းစကားပြော ကြေးနန်းဖြင့် တက္ကစီ ရထားတစင်းမှာလိုက်ရာ မကြာမီတွင်ပင် လှပသော တက္ကစီ အသစ်တစီး ရောက်လာ၍ ဦးစံရှားနှင့် ကျွန်တော်တို့ မီးရထား ဘူတာရုံသို့ သွားကြလေသည်။

ဦးစံရှားလည်း ဒုတိယတန်းစီး၍ ၁၂ နာရီ ထိုးသောအခါ မီးရထားလည်း ထွက်ခွာသွားသည်နှင့် တပြိုင်နက် ကျွန်တော်သည် နှုတ်ခွန်းဆက်သပြီးလျှင် အိမ်သို့ပြန်လာခဲ့လေသည်။

နောက်တနေ့၌ မန္တလေးမြို့သို့ ဦးစံရှား ရောက်သွားသောအခါ မီးရထားရုံတွင် သူငယ်တယောက်လာ၍ ကြိုဆိုပြီးလျှင် ဦးဘထက် နေအိမ်သို့ ခေါ်သွားလေသည်။

ဦးဘထက် အိမ်မှာ အစ်မတော်ဘုရားတိုက်နှင့် မနီးမဝေးတွင် ပန်းပင်အမျိုးမျိုးတို့နှင့် စိုက်ပျိုးထားသော ဝင်းအတွင်း ကျုံးဘက်သို့ မျက်နှာမူလျက် တည်ရှိလေသည်။

ဦးစံရှား ရောက်သောအခါ ဦးဘထက်သည် အိမ်ဝကထွက်၍ ခရီးဦးကြို စကားပြောဆိုပြီးသကာလ မိမိ ဘယ်အကြောင်းကြောင့် ဦးစံရှားကို မှာရသည့်အကြောင်းမပြောပြမီ ရေမိုးချိုးခိုင်း၍ နံနက်စာထမင်း ကျွေးမွေးလေသည်။

ထမင်းစားသောက်ပြီးကြသည့်နောက် ဦးစံရှားကို ဧည့်ခန်းထဲသို့ ခေါ်သွား၍ ဆေးလိပ် စီးကရက်၊ ကွမ်းဆေး လက်ဖက်တို့ကို အစေခံတယောက်က ရိုသေစွာ ရှေ့ချလာချ၍ ဆေးပြင်းလိပ် ဖာလိပ်စီ မီးညှိ၍ သောက်ယင်း ဦးဘထက်က ဦးစံရှားအား အဘယ်ကြောင့် သံကြိုးရိုက်၍ ခေါ်ရသည့် အကြောင်းကို ပြောပြလေသည်။

ထက်။ ။"ကိုစံရှားကို ကျုပ်အခု ခေါ်ရတဲ့အကြောင်းက ဒီလိုပါ။ တော်တော်တော့ ထူးခြားရှုပ်ထွေးတဲ့ ကိစ္စဘခု ကျုပ်မှာ ကြုံတွေ့နေတယ်။ ရှေးမင်းသားများ ဆောင်လေ့ရှိတဲ့ ကျောက်စီ ငွေခါး မြောင်တခုဟာ ကျုပ်လက်ဝယ်မှာ ရှိခဲ့တယ်။ ကျောက်များနဲ့ ငွေသက်သက်ကိုက အဖိုးများစွာ ထိုက်တန်နေတယ်။ ရှေးဟောင်းပစ္စည်းဆိုတော့ အဖိုးမဖြတ်နိုင်အောင် တန်ပါတယ်။

"ဘာကြောင့်လဲဆိုယင် တောင်ငူမှာ တပင်ရွှေထီး စိုးမိုးအုပ်ချုပ် မင်းလုပ်စဉ်အခါက တပင်ရွှေထီး မင်းတရားကိုယ်တိုင် ကိုင်လေ့ရှိတဲ့ ခါးမြောင်ဖြစ်တယ်ဆိုတာ ယုံလောက်တဲ့အကြောင်းတွေရှိတယ်။ပဲခူးမြို့ကို တပင်ရွှေထီး ချီဘက်လာစဉ်က ကျန်ရစ်ခဲ့ရာမှ ကောက်ရထားလိုက်တဲ့ ခါးမြောင် ဖြစ်တယ်လို့ သိရတယ်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်တို့ဘိုးဘွားများကလဲ ပဲခူးမြို့သားဇာတိဖြစ်ကြတာနဲ့ ဒီဓားမြှောင်ဟာ သူတို့လက်ထဲရောက် ရှိနေပြီး သားစဉ်မြေးဆက်ဆိုသလို တလက်ကတလက် ပြောင်းလာရာက နောက်ဆုံး ကျုပ်လက်ထဲ ရောက် လာတယ်။ ဓားအိမ် ဓားရိုးနဲ့တကွ ဓားသွားမှာ ထုလုပ်ထားတဲ့ ရုပ်လုံးပန်းများမှာ အင်မတန် သေသပ်လို့ နှစ်သက်ဖွယ်ကောင်းတယ်။ နားလည်တဲ့ ပန်းထိမ်ဆရာတချို့ကို ပြကြည့်တော့လဲ ထုထားတဲ့ ပန်းရုပ်လုံး တို့ကို ထောက်ယင် တပင်ရွှေထီး လက်ထက်ကဖြစ်တယ်ဆိုတာ ယုံဖွယ်ရာရှိတယ်လို့ ဆိုတယ် ကိုစံရှားရဲ့။ ဟုတ်ဘယ် မဟုတ်ဘူး ဆိုတာကိုတော့ ဘယ်သူမှ အသေအချာ မပြောနိုင်ကြဘူး။

''သို့သော် ဒါကတော့ အခုအရေးမှာ အကြောင်းရင်း မဟုတ်ပါဘူး။ ရှေးဟောင်းဖြစ်တာတော့ ဘယ်သူမှ မငြင်းဆိုနိုင်ဘူး။ ကျုပ်တော့ အဖိုးမဖြတ်နိုင်တဲ့ အရာဝတ္ထုလို သဘောထားပြီး နေ့စဉ်လိုပဲ သေတ္တာထဲကထုတ်ပြီး ကြည့်မိတယ်။ အယင် ခုနစ်ရက်အထိ သေတ္တာထဲမှာ ရှိသေးတယ်။ အခု ပျောက် နေတယ် ကိုစံရှားရဲ့''

ရှား။ ။''ဦးစကား စပြောလိုက်ကတည်းက ဒီဓားမြှောင် ပျောက်တဲ့အကြောင်းကို ပြောတော့ မယ် ဆိုတာ ကျွန်တော် ရိပ်မိပြီးပါပဲ''

ထက်။ ။''ပျောက်ပုံကတော့ အတော်ထူးဆန်းတာနဲ့ ကျုပ်တော့ဖြင့် မတွေးတတ်အောင် ဖြစ်ရ ပါတယ်။ ဟိုနေ့က ကျုပ်တို့အိမ်မှာ ဘုရားကိုးဆူ ပူဇော်တာနဲ့ မိတ်ဆွေသင်္ဂဟ များကို ဖိတ်မန္တကပြုပြီး မုန့်ကျွေး ညှော်ခံဘယ်။ ဒီတော့ ကျုပ်မိတ်ဆွေကြီးတဦးဖြစ်တဲ့ မြန်မာကျောက်စာဝန်ဟောင်း ဦးစိုးလဲ လာရောက်တယ်။

''အထူးသဖြင့် အထက်နိုင်ငံမှာ နှစ်ပေါင်းများစွာနေထိုင်ပြီးကျောက်စာဝန်အဖြစ် ရှေးစာဟောင်း တွေ၊ မြေမှာမြုပ်နေတဲ့ ရှေးဟောင်းပစ္စည်းတွေကို အကြိမ်ကြိမ်တူးဖော်ပြီး ရာဇဝင် အခြေအမြစ်ကို စိစစ် ရှာဖွေခဲ့သူတဦးပေါ့ ကိုစံရှားရဲ့။ ကျုပ်မိန်းမနဲ့ သားသမီးများကလဲ သူတို့အိမ်ကိုမကြာမကြာ သွားလည်။ သူတို့ကလဲ ကျုပ်တို့အိမ်ကို လာလည်နဲ့ တဦးနဲ့တဦး အတော်ပဲ ခင်မင်ကြတယ်။

''ဒါနဲ့ ကျုပ်ကလဲ ဦးစိုးကို ကျုပ်စုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေကို သေတ္တာထဲမှာ ဟိုနေ့က ဖွင့်ပြမိတယ်။ သူကလဲ တခြားပစ္စည်းတွေထက် ငွေဓားမြှောင်ကိုသဘောကျလို့ ကိုင်ကြည့်သပေါ့ လေ။ အဲဒီအခါမှာ တခြားဧည့်သည်တွေကလဲ ဝိုင်းကြည့်ကြတာပဲ။ ကျုပ်ကလဲ ဒီဓားမြှောင်နဲ့ပတ်သက်တဲ့ ရာဇဝင်ကို ပြောပြတော့ အားလုံးပဲ စိုက်နားထောင်ကြတယ်။ အားရပါးရ ကျုပ်ရဲ့ ရှေးဟောင်းပစ္စည်း တွေကို ကြည့်ကြတယ်။

''ဒီနောက် ဦးစိုးကလဲ ဓားမြှောင်ကို ကျုပ်လက် ကမ်းလိုက်ပြီး ပရိသတ်တွေ ထွက်သွားကြတာပဲ။ အတော်ကလေး ကြာတော့မှ သေတ္တာကိုသော့မခတ်မိတာကို သတိရတာနဲ့ ကျုပ်အခန်းထဲကို ပြန်သွားတော့ ဦးစိုးဟာ ဓားမြှောင်ကိုကိုင်ပြီး စေ့စေ့စပ်စပ် ကြည့်နေတာတွေ့တယ်။

''ဦးစိုးလဲ ကျုပ်မြင်တော့ ဘယ်လိုမှ သဘောမရှိဖို့အကြောင်း၊ ရှေးဟောင်းရာဇဝင်နဲ့ ပတ်သက် ဆက်နွယ်နေတဲ့ဓား ဖြစ်တာနဲ့ သူကြည့်လို့ အားမရနိုင်ကြောင်း ဆီးပြောပြတယ်။

''ကျုပ်ကလဲ ဦးစိုး သဘောကျ နှစ်သက်တဲ့ ပစ္စည်းတခု ကျုပ်မှာရှိလို့ ဝမ်းသာကြောင်း၊ သဘောရှိ ကြည့်နိုင်ကြောင်း ပြောပြတဲ့အခိုက်မှာပဲ ကျုပ်သမီးတယောက်က လာခေါ်သွားတာနဲ့ ကျုပ်လဲ အခန်း ထဲက ထွက်လာခဲ့ရရော။

''ဒါနဲ့ ကျုပ် သေတ္တာကို သတိမရနိုင်ပဲ ညှော်ဝတ်ကျေအောင် ကြွရောက်လာကြတဲ့ ပရိသတ်များကို ဆာ ညှော်ခံကျွေးမွေးနေရလို့ နောက်တနေ့နံနက်ကျမှ သတိရတော့ အခန်းထဲသွားပြီ သေတ္တာကို ကြည့်တဲ့

www.burmeseclassic.com

အခါမှာ ကျုပ် နှစ်ရှည်လများ ထိန်းသိမ်းထားတဲ့ ဓားမြောင်မရှိမှန်းသိလို့ အလွန်အံ့အားသင့်ပြီး စိတ်လက်မချမ်းသာ ဖြစ်ရတယ် ကိုစံရွှားရဲ့''

ရွှား။ ။''ဒါဖြင့် ဒီဓား ပြန်မတွေ့သေးဘူးပေါ့''

ထက်။ ။''မတွေ့သေးပေါင် ကိုစံရွှားရယ်၊ ဒါကြောင့် ကိုစံရွှားကို ကျုပ်မှာရတာပေါ့''

ရွှား။ ။''ဦးက ပျောက်တဲ့ဓားမြောင်ကို အရှာတော့ခိုင်းပြီးပြီ မဟုတ်လား''

ထက်။ ။''ဟုတ်ပါတယ်၊ အရှာခိုင်းပြီးပါပြီ''

ရွှား။ ။'ဒီဓားမြောင်ဟာ ဘယ်လိုများဖြစ်သွားတယ်ဆိုတာ သိရအောင် တခြားနည်းတွေနဲ့ လုပ်သေးတယ် မဟုတ်လား၊ ကျွန်တော် တွေးမိသလောက် မေးကြည့်တာပါ''

ထက်။ ။''ကျုပ်လဲ တွေးမိသလောက် အကြံပေါ်တိုင်း လုပ်တော့လုပ်တာပါပဲ၊ နို့ပေမယ့် မရပါဘူး''

ရွှား။ ။''ဒီဓားမြောင်ကို လူခိုးသွားတယ်လို့တော့ ဦးက မုချ ယုံကြည်နေတယ်လို့ ကျွန်တော် သဘောရတယ်၊ ဘယ့်နှယ်လဲဦး''

ထက်။ ။''ယုံမှားသံသယ နည်းနည်းမှ မရှိပါ၊ အမှန် လူခိုးတာပါပဲ''

ရွှား။ ။''သူခိုးဟာ ဘယ်သူဘယ်ဝါ ဖြစ်လိမ့်မယ်ဆိုတာ ဦးထင်တဲ့လူများ ရှိသလား''

ထက်။ ။''အင်း ရှိတာပဲ ကိုစံရွှားရယ်''

ရွှား။ ။''ဘယ်သူ့ကို ဦးမယုံသင်္ကာရှိပါသလဲ''

ထက်။ ။''ဥစ္စာပျောက် ငရဲရောက် ဆိုသလို အပြောရတော့ ကျပ်ကျပ်ပဲ။ ဘယ်သူ့ကိုမှ ဦးကာ ပေါ့ပေါ့ဆဆနဲ့ နှိမ့်ချခြင်းမလုပ်ချင်ဘူး။ လုံလောက်တဲ့ အကြောင်းယုတ္တိမရှိပဲနဲ့တော့ ဘယ်သူ့ကိုမှ သူခိုးလို့ မယိုးချင်ဘူး။ ကျုပ်မြွေပြတာကို ကြားပြီးတဲ့နောက် ကိုစံရွှားလဲ ထင်မြင်ချက်ပေးနိုင်စရာ လမ်းရှိပါတယ်။ ဘယ်လိုထင်မြင်ချက်ပေးနိုင်စရာလမ်းရှိတယ်၊ဘယ်လို ထင်မြင်သဘောရတယ်ဆိုတာ ပြောပြစေလိုပါတယ်''

ရွှား။ ။''ပထမ ဦးကစပြီး ဘယ်သူ့ကို မသင်္ကာတယ် ဆိုတာကိုသာ အမိန့်ရှိလိမ့်မယ်လို့ မြော်လင့်ပါတယ်''

ထက်။ ။''ကောင်းပါပြီ ကိုစံရွှားရယ်၊ ကျောက်စာဝန်မင်းက လွဲယင်တော့ ဘယ်သူ့ကိုမှ ကျုပ် မစွပ်စွဲလိုဘူး။ ဒါပဲ ပြောပြပါရစေတော့''

ရွှား။ ။''ဖြစ်ပျက်ပုံ အကြောင်းအရာများကို ထောက်ချင့်တော့ ဦးစွပ်စွဲတဲ့အတိုင်း ဟုတ်မှန်စရာ ရှိပါရဲ့''

ထက်။ ။''ကိုစံရွှားက ဒီလိုပြောတာ ဦးသဘောကျတယ်''ဟု ဦးဘထက်က လျင်မြန်စွာ ပြန်၍ ပြောလေသည်။

အမျိုးဂုဏ်နှင့် ရာထူးဂုဏ်ကို စောင့်ခြင်းအားဖြင့် ဖြောင့်မတ်တည်ကြည်သော ပုဂ္ဂိုလ်တဦးဖြစ်သည့်အတိုင်း တိုင်းကျော်ပြည်ကြား ဂုဏ်သရေရှိသော လူကြီးတဦးဖြစ်သူ ကျောက်စာဝန်မင်း ဦးစိုးက မိမိပိုင်ပစ္စည်းကို ခိုးယူသည်ဟု ထင်ဖို့ဖြစ်လာသည့် အခါမှာ ဦးဘထက် မည်ကဲ့သို့ စိတ်မကောင်း ဖြစ်ရသည်ကို တွေးကြည့်လျှင် သိနိုင်စရာ အကြောင်းရှိလေသည်။

ရွှား။ ။''ဦးသဘောကျတယ်ဆိုတာ ဟုတ်ပါရဲ့။ သို့ပေမယ့် စွပ်စွဲတဲ့အတိုင်း ဟုတ်မှန်စရာရှိတယ်လို့ ကျွန်တော်က ပြောသော်လဲ့ ဦးမှာ အထင်မှားနေတယ်လို့ ကျွန်တော်က ပြောလိုပါတယ်''

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထက်။ ။''ဘယ်လို အထင်မှားပုံလဲ ကိုစံရှားရဲ့။ ပြောစမ်းပါအုံး''

ရှား။ ။''ဒါကို မပြောပြခင် ဦးကိုကျွန်တော် မေးပါရစေဦး။ အခြားသူ တယောက်ယောက်ကို ကော ဦးက ဘယ်သူ့ကို မသင်္ကာဘူးလို့ ပြောမိသေးလား''

ထက်။ ။''တယောက်မှ မပြောမိပါဘူး''

ရှား။ ။''ဒီခါးမြှောင် ပျောက်ပြီးကတည်းက ကျောက်စာဝန်မင်းကို တွေ့ပါသေးသလား''

ထက်။ ။''တွေ့ပါရဲ့ ကိုစံရှားရယ်။ ဘုရားကိုးဆူကျွေးပြီး နောက်နှစ်ရက်ကြာတော့ ဦးစိုးနဲ့ သူ့ သားမယားများပါ လာကြသေးတယ်''

ရှား။ ။''ဒီတုန်းက သူ့အမူအရာက မသင်္ကာစရာ ပြသလား''

ထက်။ ။''မသင်္ကာစရာ ဘာမှမပြဘူး။ လူကြီးအောင်ါနဲ့ညီစွာ သိမ်မွေ့တဲ့ အမူအရာကိုသာ မြင်ရပါတယ်''

ရှား။ ။ဒါနဲ့ ဦးစိုးကိုပဲ ဦးက မသင်္ကာဖြစ်နေသေးသလား''

ထက်။ ။''ဝမ်းတော့ နည်းပါရဲ့။ ကျုပ်တော့ သူ့ကို မစွပ်စုံချင်ပဲနဲ့ အကြောင်းဖြစ်လာပုံက သူ့ ကိုပဲ စွပ်စွဲဖို့ ဖြစ်လာတာပဲ''

ရှား။ ။''ဒီခါးမြှောင်ကို ခိုးယူလောက်အောင် ဖြစ်ရတာက သူ့မှာ ဘယ်လို သဘောရှိလို့လို့ ဦးထင်ပါသလဲ''

ထက်။ ။''အို ဒါကတော့ ကိုစံရှားရယ်၊ သူ ငွေရဖို့လောက်နဲ့တော့ ဘယ်နည်းနဲ့မှ သူ့ကိုယ်သူ သူခိုးအဖြစ်ခံမယ့်လူ မဟုတ်ဘူးဆိုတာဦးက ယုံကြည်ပြီးပါပဲ။ သို့ပေမယ့်ဒီကိုစံရှားသိတဲ့အတိုင်းပဲ ကျောက်စာဝန်မင်းက ဒီခါးမြှောင်ကို ဘယ်လိုနှစ်ခြိုက်တယ်ဆိုတာ ဟိုနေ့က လူကလဲ လစ်သွားတော့ သူလဲ စိတ်ကို မချုပ်တည်းနိုင်ပဲ ဖြစ်သွားမှာပေါ့''

ရှား။ ။''ဘယ်လိုဆဘောနဲ့ ခိုးတယ်လို့ ဦးထင်ပါသလဲ''

ထက်။ ။''အို ဒါကတော့ သက်သက် လိုချင်တဲ့စိတ် ရှိလို့ပါပဲ''

ရှား။ ။''ဦးပြောတာ ကျွန်တော် ကောင်းကောင်း သဘောမပေါက်သေးပါဘူး။ ကျွန်တော့် ထင်မြင်ချက်ကိုရှင်းပြပါ့မယ်။ဦးစိုးကမြန်မာပြည်မှာသာမဟုတ်၊အချို့တိုင်းပြည်တွေမှာတောင် ဂုဏ်သတင်း ပြန့်နှံ့တဲ့လူကြီးတယောက်ဖြစ်ပါတယ်။ ပုဂံမြို့နဲ့ ပြည်မြို့အနီးမှာ သူတူးဖော်လို့တိမ်မြုပ်နေတဲ့ရှေးဟောင်း ပစ္စည်းများရလို့ အတော်နာမည် ရလိုက်တယ်။ ခါးမြှောင်ကို သူယူထားလို့ရှိယင် ဘယ်သူ့ကိုမှလဲ သူပြဝံ့မှာ မဟုတ်။ ဘာဖြစ်လို့လဲဆိုတော့ ရထားတဲ့ ပစ္စည်းက သာမည မဟုတ်ဘူး။

''ဒီ့ပြင်လဲ ဦးဆီက ခိုးယူတဲ့ပစ္စည်းလဲဖြစ်တော့ မကြာခင် ပေါ်ပေါက်ကုန်မှာပဲ။ ဒီတော့ ကျောက် စာဝန်မင်းမှာ မိမိကလွဲယင် ဘယ်သူမှ မမြင်အောင် ခိုးထားတဲ့ပစ္စည်းကို ဝှက်ထားရမှာပဲ။ တကယ်လို့ သူကွယ်လွန်သွားပြန်ယင်လဲသူ့ပစ္စည်းရပ်တွေထဲမှာခိုးရာပါပစ္စည်းကို သွားပြီးတွေ့ယင်'ခဲလေသမျှ သဲရေကျ' ဆိုသလို မသေခင်က နာမည်ကောင်းလာသမျှ အချည်းနှီး အလဟဿဖြစ်ပြီး ကျန်ရစ်ခဲ့တဲ့ သူ့သားသမီး တွေ့ရဲ့ဂုဏ်ကို ညှိုးငယ်စေမှာ အမှန်ပဲ။

''ဒါကြောင့်မို့ ဦးဘထက်ကို ကျွန်တော် မေးချင်တာက ဦးစိုးဟာ မိမိနာမည် ဂုဏ်သတင်းအပျက်ခံ၊ မိမိသားမယား ဆွေမျိုးတွေရဲ့ ဂုဏ်ကိုလဲ ညှိုးငယ်စေမယ့် ခိုးဝှက်ခြင်းကို ပြုလုပ်မယ်လို့ ဦးက အထင်ရှိပါ သလား။ စိတ်နောက်သူ မဟုတ်ယင် ရာဇဝတ်မှုကို ကျူးလွန်တဲ့ လူတိုင်းမှာ အကြောင်းရင်းခံတော့ ရှိတာ ချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



''ဖြစ်မှုတခုကို စုံထောက်ရာမှာ ပထမ အကြောင်းရင်းခံ ဘယ်လို သဘောဆိုတာကို စိမ်စိမ် မဖွရှာရပါတယ်။ ဦးစိုးရဲ့သဘောအလိုက ဘာလဲ၊ တွေးကြည့်ပါ။ သက်သက် ဓိပစ္စည်းကို ရလိုပိုင်လိုလို့ မဟုတ်တန်ရာဘူး။ ခဏတော့ စိတ်ထဲမှာ ဒီဝတ္ထု အဖိုးတန်ကို ရှေးဟောင်းပစ္စည်းဖြစ်လို့ လိုချင်စိတ်တော့ ဖြစ်မှာပဲ။

"လူ့စိတ်က ဆိတ်ငြိမ်ယင် မကောင်းမှုကို ကြံစည်အောက်မေ့တတ်တာတော့ အမှန်ပဲလေ။ သို့ပေမယ့် စိတ်ထားကြီးမြင့်တဲ့၊ ဂုဏ်ကြီးတဲ့ သူတယောက်က ဒီလိုခိုးမှုကို ကျူးလွန်ဖို့ စိတ်ကူးလိမ့်မယ်ဆိုတာ ကျွန်တော်တော့ နည်းနည်းမှ တွေးလို့ မရဘူး''

ဤကဲ့သို့ ဦးစံရှားက ပြောသောအခါ ဦးဘထက်သည် အတွေးရ ကျပ်ပြီးလျှင် မခေခွဲနိုင်ဟန် လက္ခဏာရှိလေသည်။

ဦးဘထက်မှာ မိမိကိုယ်တိုင်က မြင့်မြတ်တည်ကြည်သော စိတ်ရှိသဖြင့် အခြားသူ တဦးတယောက်ကို မတရား ပြုလုပ်ဖို့ရာ များစွာ ရွံရှာစက်ဆုပ်သည်ဖြစ်လေရာ ဦးစိုးကဲ့သို့ နာမည်ထင်ရှား ကျော်ကြားသော လူကြီးတယောက်က မကောင်းသောအမှုကို ကျူးလွန်သည်ဟု ထင်ရမှာ ဦးဘထက်တွင် ခက်နေလေသည်။

သို့သော်လည်း အကြောင်းဖြစ်ပျက်ပုံအလုံးစုံကို ကြည့်ရှုပြန်သောအခါ ဦးစိုးကလွဲလျှင် အခြားသူ တဦးတယောက်မျှ ထို ငွေခါးမြောင်ကို ယူနိုင်ရန် လမ်းမမြင်ရကား အမျိုးမျိုးအဖုံဖုံတွေးကြည့်၍ စိတ်ရှုပ်သည်နှင့် ဆံပင်ကို နောက်သို့လှန်လျက်၊ နဖူးကို လက်နှင့်ပုတ်လျက် တဖန် ဦးဘထက်က ပြောသည်မှာ

''ကိုစံရှားရဲ့၊ ကျုပ်လဲ တွေးကြည့်လို့ ရတဲ့အတိုင်း ကိုစံရှားကို ပြောပြတာ အားလုံး အမှန်ချည်းပါပဲ။ သို့သော် ဦးစိုးမယူယင် ဘယ်သူ ဒီခါးမြောင်ကို ခိုးယူသွားမှာလဲ''

ရှား။ ။''ဒီမေးခွန်းတော့ အခု ကျွန်တော်မဖြေနိုင်သေးပါ။ အပေါ်ယံယိကဖြင့် အဖြစ်အပျက် အကြောင်းအရာ အားလုံးကိုကြည့်တော့ ကျောက်စာဝန်မင်းပဲ သူခိုးဖြစ်နေတာပဲ။ သို့ပေမယ့် တယောက်ယောက်က ဒီအကြောင်းအရာကိုသိလို့ ဦးစိုး အပေါ်မှာသာ စွပ်စွဲစရာရှိတယ်ဆိုပြီး ခါးမြောင်ကို ခိုးယူယင်လဲ ခိုးယူနိုင်တာပဲ။ ဒီလိုကော မဖြစ်နိုင်ဘူးလား။ ဒီလိုပဲဖြစ်မယ်လို့ ကျွန်တော် ထင်တာပဲ ဦးရဲ့''

ထက်။ ။''ကိုစံရှားကလဲ ဦးကို စိတ်ရှုပ်သထက်ရှုပ်အောင် လုပ်နေပြန်ပြီ။ ဒီခါးမြောင်ကို တခြားလူ ဘာလုပ်ဖို့ ခိုးယူမှာလဲ''

ရှား။ ။''ဦးဟာ စုံထောက်ခြင်းဝါသနာပါတယ်ဆိုပေမယ့်လဲ များစွာလိုသေးတယ်လို့ကျွန်တော် ဆိုချင်တာပဲ။ ဦးက ဒီခါးမြောင်ဟာ ကျောက်တွေ စီထားတဲ့အပြင် ငွေသားသက်သက်နဲ့ ပြုလုပ်ထားလို့ အဖိုးအခတော်ထိုက်တယ်ဆို''

ထက်။ ။''ကိုစံရှား ပြောတဲ့အတိုင်းပါပဲ''

ရှား။ ။''ကောင်းပြီဦး။ ဒီခါးမြောင်ဟာ ရှေးကခါးမြောင်ဖြစ်စေ၊ အခုကာလ ခါးမြောင် ဖြစ်စေ ဖိုထဲမှာ ထည့်ကျိုလိုက်ယင် ငွေဟာငွေပဲ ဖြစ်နေမယ် မဟုတ်လား။ ခါးမြောင် အရိုးနဲ့ အိမ်က ကျောက်တွေကလဲ အဖိုးတန်တွေ ဖြစ်လေတော့ ရောင်းမစားရပေဘူးလား''

ထက်။ ။''ဘုရားရေ။ ကိုစံရှား ပြောသလိုဖြင့် ဒီခါးမြောင် မဖြစ်ပါစေနဲ့ဗျာ။ အဖိုးမဖြတ်နိုင်လောက်အောင်တန်တဲ့ ရှေးရာဇဝင်နဲ့ အဆက်အသွယ်ပစ္စည်းကို ဒီလိုလုပ်ရောင်းစားလို့ လေးငါးခြောက်ဆယ်သာ ရတော့မပ''

ရှား။ ။''လူမိုက် သူခိုးဆိုတာ ဦးရယ် သူတို့သုံးစွဲဖို့ရယင်ပြီးတာပဲ။ ဘယ်မှာ ခါးမြောင်အတိုင်းတော့ လိုက်ရောင်းပါ့မလဲ။ မပေါ်နိုင်အောင် ချိုးဖျက်ပြီးမှ လိုက်ရောင်းမှာပေါ့''

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထက်။ ။"ပြောပါရစေတော့။ ကိုစံရှား အမျိုးမျိုး အကြောင်းပြပြီး ပြောလို့မို့ ကျုပ်မှာ စိတ်မကောင်းသာဖြစ်ရတယ်။ သို့ပေမယ့် ကိုစံရှားပြောသလို မယုံကြည်နိုင်သေးဘူးဗျ"

ရှား။ ။"ဒါဖြင့် ဦးစိုးပဲ သူခိုးစွပ်စွဲနေတာပေါ့လေ"

ထက်။ ။"အမှန်ပြောရမှာဖြင့် ကိုစံရှားက ဘယ်လိုထင်နေပေမယ့် ကျုပ်ကတော့ ဦးစိုးပဲ ခိုးယူသွားတယ်လို့ ထင်တာပဲ။ တခြားသူကိုတော့ မထင်တတ်ဘူး"

ရှား။ ။"ဦးမေးတဲ့အတိုင်း အခု ကျွန်တော် ဘယ်သူ့ကို ထင်တယ်ဆိုတာ မပြောနိုင်သေးတဲ့အတွက် ဘယ်လိုမှ သဘောမရှိပါနဲ့အုံး"

ထက်။ ။"မရှိပါဘူး ကိုစံရှားရယ်။ ဘယ်လို လုပ်ချင်တယ်ဆိုတာကိုသာ ပြောပါ"

ရှား။ ။"ဦးရဲ့ ဧည့်သည်အဖြစ်နဲ့ပဲ လေးငါးရက် ဒီမှာ ကျွန်တော် နေချင်ပါသေးတယ်"

ထက်။ ။"ဝမ်းသာပါတယ် ကိုစံရှား။ နေပါ နေပါ"

ရှား။ ။"သို့ပေမယ့် ကျွန်တော် ဘာလုပ်ကိုင်စားတယ်၊ ဘာအတွက် မန္တလေးမြို့ကို ရောက်လာတယ်ဆိုတာ ဦးအိမ်သားတစုနဲ့တကွ အခိုင်းအစေတို့ပါ နည်းနည်းလေးမှ မသိစေဖို့သာ ဦးက သတိပြုစေလိုပါတယ်"

ထက်။ ။"ဒါတော့ စိတ်သာချပါ။ ဦးတာဝန်ရှိပါစေ၊ ဘယ်သူမှ မသိရပါဘူး"

ရှား။ ။"ခါးမြှောင် ပျောက်သွားတာကော လူတွေ သိကုန်ပြီးပြီလား"

ထက်။ ။"အင်း ဒါတော့ ဘယ်သူမှ မသိစေသေးဘူး။ ကျုပ်မယားနဲ့ သားသမီးများသာ သိကြတယ်"

ရှား။ ။"ဒါဖြင့် တော်ပါသေးရဲ့။ စုံထောက်လို့ ရစရာအကြောင်း ရှိပါသေးရဲ့။ မူလ ပထမ ဖြစ်ပျက်ပုံကိုလိုက်ပြီး စုံထောက်ရမှာပဲ။ ကျွန်တော်ကတော့ ဒီခါးမြှောင် ပြန်ရလိမ့်မယ်ထင်တယ်ဦးရဲ့"

ထက်။ ။ဦးအတွက် ကိုစံရှားက ကြိုးစားလိမ့်မယ် မြှော်လင့်တာပဲ။ ဒီခါးမြှောင် ဆုံးမှာသက် ငွေငါးသောင်းဆုံးတာကို ကျုပ်က ခံချင်သေးတယ်။ ကျုပ်အိမ်မှာ ဘာမှ အားမနာနဲ့။ ကိုစံရှားသဘော ရှိသလို နေထိုင်နိုင်ပါတယ်။ ဒီခါးမြှောင်ကို ပြန်ရအောင် လုပ်နိုင်ယင်တော့ ဒီတသက်မှာ ကျုပ်က ဘယ်တော့မှ မမေ့မယ် မဟုတ်ပါဘူး"

ထို့နောက် အတော်အတန်ကြာ၍ ဦးစံရှားသည် တကိုယ်တည်း အခန်းထဲသို့ ရောက်နေသော အခါတွင် ဦးဘထက် ပြောပြသည့်အတိုင်း အမှုသွား အမှုလာတို့ကို တဖန်ပြန်၍ တွေးတော ဆင်ခြင်ရာ အထူးသဖြင့် ဦးစိုးသည် နားထောင်နေကြသော ပရိသတ်တို့ကို နှစ်သိမ့်စေသောငှာ မိမိ တွေ့ဖူးခဲ့သော ရှေးဟောင်းပစ္စည်း ထူးဆန်းသောအကြောင်းများ ပြောပြသည့် အခြင်းအရာကို ဆင်ခြင်ကြည့်လေသည်။

ထို့နောက် ထိုကဲ့သို့ ပြော ပြနေစဉ်အတွင်း မည်သူမည်ဝါ ရှိကြသည်ကို ဦးစံရှားသည် သိလိုသော စိတ် ဖြစ်ပေါ်လာသည့်အပြင် တဖန် ကျောက်စာဝန် တယောက်တည်း ခါးမြှောင်ကို ကိုင်ကြည့်နေစဉ် အိမ်ရှင် ဦးဘထက်ဝင်လာ၍ အမှုအရာ ပျက်ပုံကိုလည်း ဆင်ခြင်ကြည့်မိပြန်သည်။ ထိုသို့ဖြစ်ပျက်ပြီးနောက် ခါးမြှောင်လည်း ပျောက်သွားလေသည်။

ထို့နောက် ငွေခါးမြှောင်သို့ ကျောက်စာဝန်ဟောင်း ဦးစိုးပင် ယူသည်ဖြစ်ငြားအံ့၊ ဓေတ္တခဏမျှ စိတ်မှောက်မှားခြင်းကြောင့် ဖြစ်ရှိပေသည်။

အဘယ်ကြောင့်ဆိုသော် ပြန်၍ တဖန် ဆင်ခြင်သတိပြုမိသည်နှင့်တပြိုင်နက် မိမိအပေါ်၌ မယုံသင်္ကာ စွပ်စွဲရာ ဖြစ်မည်ကို သိရှိရသောကြောင့်တည်း။ စွပ်စွဲခြင်းခံရမည်မှာလည်း မလွဲကေန် ဖြစ်ပေမည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဦးစိုးပင် သူခိုးဖြစ်သည်ဆိုလျှင် ဦးစိုးသည် မည်သူ့မျှပြဖွံ့မည် မဟုတ်။ တခြားသူ တဦးတယောက်မျှ မိမိကိုလွဲလျှင် မမြင်နိုင်အောင် ကျောက်စိမ်းကို လုံခြုံစွာ သေတ္တာတွင်းမှာ သော့ခတ်၍ထားရမည်ဟု ဦးစံရှားက ဦးဘထက်သို့ ပြောပြလေ၏။

ဦးစံရှားမှာ နာမည်ကြီးသော လူဆိုး၊ သူခိုးများကို ကြိမ်ဖန်များစွာ စုံထောက်ခဲ့သူဖြစ်သော်လည်း ဦးစိုးသည် မိမိ၏ ဂုဏ်သရေကို အပျက်ခံ၍ ပစ္စည်းကို တိတ်တဆိတ်ယူထားမည်ဟု အနည်းငယ်မျှ ယုံကြည်ခြင်း မရှိသောကြောင့် ယခုအမှုအတွက် များစွာပင် အခက်အခဲတွေ့ခဲ့ရလေ၏။

သို့သော် ဦးစိုးနှင့် ကိုယ်တိုင်တွေ့ပြီးမှသာလျှင် အမှန်ကို သိသာထင်ရှားစေမည်ဟုစိတ်ပိုင်းဖြတ်သည့်အတိုင်း ဦးစိုးနှင့် တွေ့ဆုံဖို့ရာ အကြံဖြစ်လေ၏။

နောက်တနေ့၌ ဦးစံရှားက ဦးစိုးနှင့်တွေ့ဆုံ၍ မိတ်ဆွေဖွဲ့ပေးရန် ဦးဘထက်အား ပြောကြားရာ ဦးဘထက်သည် ထိုနေ့၌ပင် ဦးစံရှားကို ခေါ်သွားလေ၏။

ဦးစိုးအိမ်သို့ ရောက်သောအခါ ဦးဘထက်သည် ဦးစံရှားကို ဦးစိုးနှင့်မိတ်ဖွဲ့ပေးလေလျှင် ဦးစံရှားက မန္တလေးမြို့သို့ တခါတခေါက်မျှ မရောက်ဖူး၍ အလည်အပတ်လာသည့်အကြောင်း ပြောပြလေသည်။

ဦးစိုးသည် အလွန်တရာ ဖော်ရွေသော ပုဂ္ဂိုလ်ဖြစ်ရကား ဦးစံရှားနှင့် စကားလက်ဆုံကျ၍ ထွေရာလေးပါး ပြောကြားနေကြသောကြောင့် အတော်ပင် ညဉ့်နက်သွားခဲ့လေသည်။ ထိုသို့ စကားပြောကြည့်ခြင်းအားဖြင့် ဦးစိုးသည် အယူမသည်းကြောင်း၊ စကားအချေအတင်ပြောရာ၌လည်း အကျိုးအပြစ်ကိုစိစစ်ရှာဖွေ၍ နေရာတကျ ပြောပြနိုင်သဖြင့် ပညာရှိဖြစ်ကြောင်း၊ သမာဓိနှင့်ပြည့်စုံသော လူကြီးတယောက်ဖြစ်ကြောင်းများကို ဦးစံရှားသည် ကောင်းစွာသိခဲ့လေသည်။

ဘာသာအမျိုးမျိုးကိုလည်း တတ်မြောက်နားလည်သဖြင့် ပြိုင်ဘက်မရှိသလောက်ပင်ဖြစ်လေသည်။

ယင်းကဲ့သို့ အမျိုးမျိုးအဖုံဖုံ ဦးစိုး၏အကဲကို စုံလင်အောင် အကဲခတ်ပြီးသောအခါ ဦးစိုးသည် ကျောက်စိမ်းမြောင်ကို ဘယ်နည်းနှင့်မျှ ခိုးမည့်သူမဟုတ်ဟု ဦးစံရှား ထင်မြင်သဘောရရှိလေသည်။

ဦးစိုး ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသည်ဖြစ်၍ ခန့်ညားတင့်တယ် ပျော်ဖွယ်ကောင်းသော အိမ်ကြီးတွင် သားမယား ကျေးကျွန် အခြွေအရံ အပြည့်အစုံနှင့် သွားလာနေထိုင်၍ အလွန်တရာ စိုပ်ပျော်ရွှင်ပုံရှိသူ ဖြစ်လေသည်။

ဦးစံရှားလည်း ဦးစိုးနေအိမ်မှ ထွက်ခွာလာသောအခါ ဦးစိုးသည် ဝင်းပေါက်ဝတိုင်အောင် လိုက်ပို့၍ နှုတ်ဆက်ရာ

"ကျွန်တော်လဲ နက်ဖြန်လာခဲ့ပါဦးမယ်။ မိတ်သင်္ဂဟချင်း တဦးနဲ့တဦး သင့်မြတ်ခြင်းကို ထိခိုက်တဲ့အရာတခု ပြောပြလိုပါတယ်"ဟု ပြောသောအခါ ဦးစိုးမှာ အံ့အားသင့်သွားသလို ဖြစ်သွားသော်လည်းရယ်မောကာဖြင့်ပင်

"မောင်ရယ်၊ ဦးကလဲ တတ်နိုင်တဲ့နေရာကတော့ မိတ်ဆွေဖြစ်လာယင် မနေတတ်ပါဘူး၊ ကူစမြဲပါပဲ၊ နက်ဖြန်မှာတော့ ဦးမှာ အလုပ်အတော်များတာပဲ။ မြောက်ပြင်သွားပြီး 'ဗဟုသုတ' အသင်းတခု တည်ထောင်ဖို့ကိစ္စနဲ့ ပတ်သက်လို့ ဟောပြောပွဲရှိနေပါတယ်။ သို့ပေမယ့် မောင်နဲ့တော့ ၁၁နာရီလောက် စကားပြောဖို့ အချိန်ပေးရမှာပါပဲ"ဟု ပြန်ပြောရာ နောက်တနေ့ ကိုးနာရီခန့်အချိန်တွင် တွေ့ဆုံရန် ချိန်းဆိုပြီးလျှင် ဦးစံရှားသည် ထွက်လာခဲ့လေသည်။

ချိန်းဆိုထားသည့်အတိုင်း နောက်တနေ့ ဦးစိုးအိမ်သို့ ဦးစံရှားရောက်သွားရာ စာကြည့်ခန်းအတွင်း၌ ဧည့်ခံလေသည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထိုစာကြည့်ခန်းတွင် စာအုပ်ပေါင်း များစွာရှိသည့်ပြင် ရှေးမင်းအဆက်ဆက်က အသုံးအဆောင်များနှင့် ထူးဆန်းအံ့ဩဖွယ်ကောင်းသော အရာများဖြင့်လည်း လှပတင့်တယ် ရှုချင်ဖွယ်ကောင်းအောင် စီစဉ်ခင်းကျင်း၍ ထားသည်ကို တွေ့ရှိရလေသည်။

ဦးစံရှားသည် ပက်လက်ကုလားထိုင်ကြီးတွင် ထိုင်လိုက်သည်နှင့်တပြိုင်နက်

"ကျွန်တော် လာရတဲ့ကိစ္စက တခြားမဟုတ်ပါဘူး၊ ဒါပေမယ့် ပြောရမှာတော့ ဦးကို အလွန်အားနာစရာ ဖြစ်နေပါတယ်"ဟု ပြောသောအခါ ဦးစိုးမှာ အလင်းဘက်သို့ မျက်နှာပြု၍ ထိုင်နေသဖြင့် သူ၏ အမူအရာ မျက်နှာကကို ဦးစံရှားသည် ကောင်းကောင်းကြီး ခတ်နိုင်ခဲ့လေသည်။

စိုး။ ။"ဘယ်လို အားနာစရာလဲ မောင်ရဲ့"

ရှား။ ။"ဦးကို မနေ့က ကျွန်တော်ပြောခဲ့တဲ့အတိုင်း မိတ်ဆွေအချင်းချင်း သင့်မြတ်ခြင်းကို ထိခိုက်တယ်ဆိုတဲ့ အကြောင်းပါပဲ"

စိုး။ ။"မောင်က ဘယ်မိတ်ဆွေကို ဆိုလိုပါသလဲ"

ရှား။ ။"ဦးဘထက်ပေါ့ ဦးရဲ့"

စိုး။ ။"ဒီလိုမပြောပါနဲ့ မောင်ရယ်၊ ကျုပ်တို့ တဦးနဲ့တဦး ညီရင်းအစ်ကိုလို ချစ်ခင်နေကြတာကပဲ၊ မောင်က ဘာများကြားလာလို့လဲ၊ မောင်သိလိုတာရှိယင်တော့ ကတိရှိတဲ့အတိုင်း ပြောရတာပေါ့"

ရှား။ ။"ဦးဘထက်မှာ ကျောက်စီငွေခါးမြောင်တလက်ရှိတာ ဦး သိရဲ့မဟုတ်လား၊ ဒီ ခါးမြောင်က ရှားမှရှားတဲ့ ခါးမြောင်ပဲ၊ တပင်ရွှေထီးကိုယ်တော်တိုင် အမြိုက်ုင်တဲ့ခါးမြောင်လို့ ကြားရတယ်"

စိုး။ ။"မှန်ပါရဲ့မောင်၊ ဒီခါးမြောင်အကြောင်းသိပါရဲ့၊ ကျုပ်တွေ့ဖူးတဲ့ ရှေးဟောင်းပစ္စည်းများထဲမှာလဲ ဒီခါးမြောင်ဟာ တော်တော်ပဲထူးခြားပါပေတယ်၊ ဦးဘထက်ကသာ သူတို့ ဘိုးဘေးဘီဘင်က ဆင်းသက်လာတဲ့ ပစ္စည်းဖြစ်လို့ အမြတ်တနိုးပြုထားတယ်၊ ဒီအကြောင်း ကျုပ်ကိုမပြောယင်တော့ ခါးမြောင်ကို ရောင်းဖို့တောင် ပြောမိမှာပဲ မောင်ရဲ့"

ယင်းသို့ ဦးစိုးကပြောပြသောအခါ ဦးစံရှားသည် စေ့စေ့ကြည့်၍ အကဲခတ်ကာ စိတ်ထဲမှလည်း 'ဒီလူကြီးသည် အကယ်၍သာ ငါ့ကို လိမ်လည်ပြောနေခဲ့ပါလျှင် လောကမှာ ဒီလူကဲ့သို့ ဟန်ဆောင်နိုင်တဲ့လူ ရှိမှာမဟုတ်ဘူး'ဟု တွေးတောပြီးလျှင် ဦးစိုးမျက်နှာကို ထပ်၍ အကဲခတ်ပြန်လေသည်။

သို့သော် ထိုပုဂ္ဂိုလ်ကြီးသည် မမှန်သောစကားကို ဆိုကြောင်းကို အနည်းငယ်မျှ မပြချေ။

သို့ဖြစ်၍ ဦးစံရှားသည် မျက်နှာကဲခတ်ယင်း တမျိုးတမည်လှည့်၍ စမ်းဦးမည်ဟု အကြံဖြစ်ပြီးလျှင် ဦးစိုး၏မျက်နှာကို စိုက်ကြည့်လျက် ပြောပြန်သည်မှာ

"ကောင်းပါပြီ ဝန်မင်းရယ်၊ အခု ကျွန်တော်တို့ပြောနေကြတဲ့ ခါးမြောင်ဟာ သူခိုး ခိုးသွားပြီ ဆိုပါကလား"

ဦးစိုးသည် အံ့အားသင့်သွားပြီးလျှင်

"အို သူခိုး ခိုးသွားပြီတဲ့၊ ဘယ်တုန်းကလဲ၊ ဘယ့်နှယ်အခိုးခံရပုံလဲ၊ ပြောပြစမ်းပါဦး မောင်ရဲ့"

ရှား။ ။"ဟုတ်ကဲ့၊ သူခိုး ခိုးသွားပါပြီ၊ ဦးဘထက်အိမ်မှာ ဘုရားကိုးဆူ ပူဇော်တဲ့ ညကပါပဲ၊ ဘယ်လိုဘယ်ပုံ ခိုးတယ်ဆိုတာတော့ မသိရသေးပါဘူးခင်ဗျာ"

စိုး။ ။"ကျုပ်တော့ အံ့အားသင့်သွားတာပဲ မောင်ရဲ့၊ ဒီအရေးတော့ တော်တော်ကြီးတာပဲ၊ ခါးမြောင်ကလဲ သာမည ခါးမြောင်မဟုတ်ဘူး၊ အဖိုးမဖြတ်နိုင်အောင်ကောင်းတဲ့ ခါးမြောင် မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဟုတ်ပါတယ် ဦး၊ ခိုးတဲ့ သူခိုးကတော့ ရှေးဟောင်းပစ္စည်းလေး ဘာလေး သိမယ် မဟုတ်ပါဘူး၊ သက်သက် ရသလောက်နဲ့ ရောင်းစားဖို့ ခိုးတာပါပဲ"

စိုး။ ။"ဘုရား သိကြား၊ ငွေနဲ့ကျောက်တွေကို ရောင်းစားဖို့သက်သက်တော့ မဖြစ်ပါစေနဲ့ဗျာ"

ရှား။ ။"ဦးရယ်၊ ကျွန်တော်ဖြင့် ရောင်းစားလိမ့်မယ်လို့ အောက်မေ့တာပဲ၊ ရောင်းစားဖို့ သက်သက် ပစ္စည်းများကို လိုက်ခိုးနေတဲ့ လူတွေက အပုံပဲ ရှိတယ်၊ ဦးဘထက်ကတော့ အမှန်ပဲ နှမြော နေရှာတယ်၊ ကျွန်တော်လဲ ဒီလိုပျောက်ခြင်းမလှ ပျောက်ရတာကို ပေါ်အောင်၊ မားမြောင်ကိုလဲ ပြန်ရ အောင် ကြိုးစားနေတာပဲ"

စိုး။ ။"ဘုရား သိကြားမလို့ မောင်ရယ်၊ ပြန်ရပါစေ ကျုပ်လဲ မောင့်ကို တတ်နိုင်တဲ့ နေရာက ကူမ ပါ့မယ်"

ရှား။ ။"ဦးဘထက် ပြောပြတဲ့အတိုင်းဖြစ်ယင် ဦးဟာမားမြောင်ကိုကြည့်ပြီး အကျိုးအကြောင်း ပြောပြနေတဲ့အခါမှာ ဧည့်ပရိသတ် အတော်များပြားတယ်လို့ သိရပါတယ်၊ဘယ်သူတွေဆိုတာ ကျွန်တော့် ကို ပြောပြစေချင်ပါတယ်"

စိုး။ ။"ပြောတော့ ပြောပြနိုင်မယ်မထင်ဘူးမောင်၊ကျုပ်လဲ မန္တလေးကထွက်ပြီး ပုဂံညောင်ဦး၊ ပြည်မြို့ခတဲ့ မြို့တွေကိုလှည့်လည်နေခဲ့တာ မိတ်သင်္ဂဟ တဝက်တပြက်လောက်ကို မမှတ်နေသလောက် ဖြစ်သွား တယ်၊ လူမြင်ယင် သိသလိုဖြစ်ပြီး နာမည်တော့ ပြောမပြနိုင်တဲ့ လူက များတယ် မောင်ရဲ့"

ရှား။ ။"ဒီပြင် ကျွန်တော် သိရပြန်တာက ဟိုညတုန်းက ညဥ့်အတော်ကလေး နက်လာတော့ ဦးက တယောက်တည်း မားမြောင်ထားတဲ့ အခန်းထဲကိုရောက်နေပြီး ကြည့်နေတဲ့အခိုက် ဦးဘထက်က အခန်းထဲကို ဝင်လာတယ်ဆို"

စိုး။ ။"ဟုတ်ပါရဲ့ မောင်၊ အခန်းထဲကို ကျုပ် ထပ်ပြီး ရောက်သွားပြန်တယ်"

ထိုကဲ့သို့ ဦးစိုးက ပြန်ပြောပြီးသောအခါ ဦးစံရှား ဘာဆိုလိုသည်ကို သိသည်ဖြစ်၍ ဦးစံရှား၏ အကဲကိုခတ်လျက် မျက်နှာကို စိုက်ကြည့်နေလေသည်။

ထိုအခါ ဦးစံရှားကလည်း အရေးကြီးသည့် အချက်ကို ရောက်လာသည်ကိုသိ၍ မေးခွန်းထပ်မံ တုတ်ခဲ့လျှင် အဟုတ်အမှန် သိနိုင်ရန် နိမိတ်လက္ခဏာ မြင်တန်ရာသည်ဟု အောက်မေ့၍ ဦးစံရှားက မေး ပြန်သည်မှာ—

"ဦးကိုတော့ ယတိပြတ် မေးခွန်းတခုတော့ မေးဦးမှပဲ၊ မားမြောင်ကို တခါထပ်ပြီး ဟိုညက ကြည့်ပြီးနောက် ဦးက သေတ္တာထဲ ပြန်ထည့်လိုက်သလား"

စိုး။ ။"သေသေချာချာ ပြန်ထည့်လိုက်ပါတယ် မောင်ရယ်၊ ယုံမှားစရာမရှိပါဘူး၊ဦးဘထက်က ကျုပ်ကို မသင်္ကာဘူးတဲ့လား"

ဦးစိုးသည် ဦးစံရှား၏ မေးခွန်းကို ကြားရသည့်အခါ ဒေါသဖြစ်ပုံရလေသည်။

ဦးစံရှားသည် စိတ်ဆိုးသည်ကို သိသော်လည်း ကိုယ်ချင်းစာတရား ရှေ့ထား၍ မိမိစိတ်ကို မိမိဖြေ လေသည်။

ရှား။ ။"ကျွန်တော် ပြောပြပါ့မယ်ဦး၊ ဥပမာ ဒီအခန်းထဲကို ဦးရဲ့အချစ်ဆုံးဖြစ်တဲ့ သူငယ်ချင်း တယောက် လာတယ်ဆိုပါတော့၊ အတော်ကြာတော့ ဒီသူငယ်ချင်းမိတ်ဆွေဟာ ဦးအမြတ်တနိုး ထားတဲ့ အရာဝတ္ထုတခုကို အထူးသိချင်တဲ့စိတ် ဖြစ်တယ်ဆိုတာ ဦးသိရရော၊နောက်တနေ့ကျတော့ ဦးရဲ့သူငယ်ချင်း မိတ်ဆွေ လိုချင်တဲ့ အရာဝတ္ထု ပျောက်နေတာကို တွေ့ယင် ဘယ်လို တွေးဆပါ့မလဲ"


www.burmeseclassic.com

www.burmeseclassic.com


စိုး။ ။"မောင် ဘာဆိုလိုတယ်ဆိုတာ ဦးသိပါရဲ့၊ဒီအမှုမှာ ကျုပ်ကို သူခိုးအယိုးခံရတာပေါ့လေ၊ ကျုပ်ကို ယိုးမယ်ဆိုယင် ယိုးစရာအကြောင်းလဲ ဖြစ်ပေါ်လာတာပဲ၊ အများသိတဲ့ အတိုင်းမှာဖြင့် ကျုပ်က ခါးမြောင်ကို ဟိုညက နောက်ဆုံးကြည့်မိကဲ့လူဖြစ်တယ်၊ဒီနောက်မှလဲ ခါးမြောင်က ပျောက်သွားရတယ်၊ ဒီတော့ ဘယ်လိုဘွေးမလဲ မောင်ရယ်၊ကျုပ်ယူထားတယ်လို့သာ တွေးကြရှာမှာပေါ့၊ သို့သော် နားထောင်ပါ မောင်၊ဒီခါးမြောင်ကို သေတ္တာထဲမှာ ကျုပ် အသေအချာ ပြန်ထည့်ခဲ့ပါတယ်၊ဒီနောက် အခန်းတံခါးကို စေ့ပြီး ကျုပ်လဲ့ ထွက်လာခဲ့တာပဲ၊အဲဒီကတည်းက နောက်ကို ဒီခါးမြောင် ကျုပ် တခါမှမတွေ့မိတော့ဘူး"

ရှား။ ။ဦး ဟိုအခန်းထဲမှာ ရှိစဉ်က တခြားလူများ ဝင်လာသေးသလား"

စိုး။ ။"မလာဘူး ထင်တယ်၊ နေဦး နေဦး၊ အင်း ကျုပ်သတိရပြီ၊ ခါးမြောင်ကို ကြည့်နေတုန်း ဦးဘထက်ရဲ့ အစေခံ တယောက်တော့ ဝင်လာတယ်၊သူ့ကြည့်ရတာ တုန်တုန်ယင်ယင် ဟိုးတိုးဒီယိုင်နဲ့ အရက်တွေ့ နသောက်လာသလိုပဲ၊ ကျုပ်က စကားပြောမယ်လဲလုပ်ရော သူက 'ဝန်မင်းပါလား၊ ချိမှန်းမသိလို့ပါ'ပြောပြီး ချက်ချင်းပဲ အခန်းထဲက ပြန်ထွက်သွားတယ် မောင်ရဲ့၊ ကျုပ် အခန်းထဲက ထွက်လာခဲ့တော့လဲ ဒီအစေခံကို လှေကား အဆင်းအတက်မှာ ရပ်နေတာ တခါ တွေ့ပြန်ရော"

ရှား။ ။"ဦးက ဒီတော့ သူ့ကို စကားပြောသေးသလား"

စိုး။ ။"မပြောမိဘူး၊ သူကလဲ ကျုပ်ကို ဘာမှ မပြောဘူး"

ဤမျှခန့် စုံထောက်ပြီးသောအခါ ဦးစံရှားသည် ကောင်းစွာသိရှိရသည်မှာ ဦးဘထက် စွပ်စွဲချက်သည် အမှန်မဟုတ်၊သို့ စွပ်စွဲချက်ခံရသည့်အတွက် ဦးစိုးမှာ စိတ်စက်မကောင်းဖြစ်ရှာပြီးလျှင် ထိုနေ့၌လုပ်ရန်ရှိသမျှသော အလုပ်တို့ကို မလုပ်နိုင်ပဲ ဦးဘထက်ထံသို့ သွားရောက်မေးမြန်းမည်လုပ်ရာ ဦးစံရှားကတောင်းပန်ထားသဖြင့် မသွားပဲ ရှိလေ၏။

ထို့နောက် ဤအမှုကို မပေါ်လျှင် ပေါ်အောင် စုံထောက်ပေးမည့်အကြောင်းမှစ၍ မိမိမယူရပဲလျက် စိတ်စနောင့်စနင်း မရှိသင့်ကြောင်းများကို ဦးစံရှားက ပြောဆိုနှစ်သိမ့်သည်တွင်မှ ဦးစိုးမှာ စိတ်နှလုံးချမ်းသာရာ ရလေသည်။

အချို့သူတို့သည် လူတယောက်၏ ဂုဏ်သတင်းကို ညှိုးနွမ်းအောင် မကောင်းသတင်း လွင့်တတ်ကြလေသည်။

ဤအမှု၌ အကြောင်းဖြစ်လာပုံမှာ ဦးစိုးကိုသာ မယုံသင်္ကာဖြစ်စရာရှိရကား ယင်းကို မလိုမုန်းထားသူများသည်လည်း တစိတ်ကို တအိတ်လုပ်၍ ပြောကြမည်မှာ ယုံမှားဖွယ်ရာ မရှိချေ။

ဦးဘထက်နေအိမ်သို့ ဦးစံရှား ပြန်၍ရောက်သောအခါ မိမိ သွားရောက်စုံထောက်ခဲ့သည့်အကြောင်းအရာကို သိချင်ရှာလိမ့်မည်ဟု သဘောပိုက်လျက် ဦးဘထက်ရှိရာ အခန်းထဲသို့ တခါတည်း ဝင်ပြီးလျှင် ပြန်၍ ပြောပြသည်မှာ

"ဦးမင်းရဲ့၊ ကျွန်တော် ပြောပြတဲ့အတိုင်း ယုံပါတော့။ ဦးစိုးတော့ဖြင့် ဦးမင်း ထင်သလို မဟုတ်ပါဘူး။ ဒီဝန်မင်းအပေါ်မှာ ဘယ်လိုမှ သဘောမရှိဖို့ ကျွန်တော်က တောင်းပန်ပါတယ်"

ထက်။ ။"ဒါဖြင့် ခိုးသူဟာ ဘယ်သူဖြစ်မလဲ ကိုစံရှားရဲ့"

ရှား။ ။"ဒါတော့ ကျွန်တော် မကြာမီအတွင်း ပြောပြပါ့မယ်။ စိတ်သာချနေပါ။ ဒါနဲ့ စကားမစပ် ဦးရဲ့အိမ်မှာ အစေခံ ယောကျ်ားထဲက တယောက်ရှိပါသလား"

ထက်။ ။"ရှိတယ် ကိုစံရှားရဲ့"

ရှား။ "ဒီအစေခံကို ဦးက နှင်ပစ်လိုက်ပြီဆို။ ဟုတ်ပါစ"

တတိယအကြိမ်

www.burmeseclassic.com



ထက်။ "အင်း ဟုတ်ကဲ့။ ဘုရားကိုးဆူ ကျွေးပြီးတဲ့နောက် နောက်တနေ့မှာပဲ အရက်သောက်တာ တွေ့တာနဲ့ အလုပ်က ထုတ်ပစ်လိုက်တယ်။ အရက်မူးတာတွေ့တဲ့ ညကလဲ သူ့ကို ကျုပ် အတော်ဆူပူလုပ်လိုက်သေးတယ်"

ရှား။ ။"အဲဒီ အစေခံရဲ့ နာမည်က ဘာတဲ့ဦး"

ထက်။ ။"ဖိုးမင်းတဲ့"

ရှား။ ။"ဒီ အစေခံကို ဦး ဘယ်က ရတာလဲ"

ထက်။ ။"ရွှေဘိုမြို့က ဆင်းလာတယ် ပြောတာပဲ။ ကျုပ် မိတ်ဆွေတဦးက ခေါ်လာတာနဲ့ လက်ခံထားမိတာပဲ"

ရှား။ ။"ဒါဖြင့် ဦးရယ်၊ အဲဒီဖိုးမင်းဆိုတဲ့ အကောင်ပဲ ဓားမြှောင်ကို ခိုးယူတယ်လို့ မှတ်ထင်ပါတော့"

ထက်။ ။"ကိုစံရှားက ဘယ့်နှယ် သိရသလဲ"

ရှား။ ။"အမှုအသွားအလာကို စုံထောက်ကြည့်လို့ သိရတာပါဦး"

ထက်။ ။"ဒါဖြင့် ဦးစိုးကို ကျုပ် စွပ်စွဲမိတာ ကောင်းကောင်းကြီး မှားနေပါပကော"

ရှား။ ။"ဒါတော့ ဦးရယ်။ ဘယ်သူမဆို စွပ်စွဲမိမှာပဲ။ အမှုအသွားအလာကိုက အထင်မှားဖို့ ဖြစ်လာတာ။ အခု ဘယ်မှာ ဖိုးမင်းရောက်နေတယ်ဆိုတာ ဦး သိပါရဲ့လား"

ထက်။ ။"သိတော့ မသိဘူး။ ရှာယင်တော့ တွေ့စရာအကြောင်းရှိတာပဲ။ ဒီအကောင်က အိမ်မှာ ခိုင်းထားတဲ့ သူငယ်မလေးတယောက်နဲ့ ကြိုက်နေတယ်လို့ ကြားရတယ်။ ဒီတော့ ကျုပ်တို့အိမ်တော့ မလာပဲ နေနိုင်မှာ မဟုတ်ဘူး။ ဆရာဝန်ကတော်ကြီးကို ဒီကောင်ရဲ့အကြောင်း မေးမြန်းကြည့်ဖို့ ပြောထားရအုံးမှာပဲ"

ထို့နောက် နာရီဝက်ခန့် ကြာရှိသောအခါ ဦးဘထက်သည် ဦးစံရှားရှိရာသို့ လာ၍ ဖိုးမင်းသည် သူ့ရည်းစားထံ၌ ယခုအခါ ဘယ်မှာနေထိုင်လျက်ရှိသည်ကို စာတစောင်လာ၍ ပေးထားသည့်အကြောင်းကို ပြောပြလေသည်။

ရည်းစားကို ခိုးရာလိုက်ရန်အကြောင်း၊ အကယ်၍သာ ခိုးရာလိုက်ခဲ့လျှင် အောက်ပြည်သို့ မီးရထားနှင့် စုံဆင်းပြီးသကာသ စီးပွားရှာကြံ စားသောက်ကြမည့်အကြောင်း စာတွင် ပါရှိလေသည်။

သို့ရာတွင် သူငယ်မကလေးသည် ဦးဘထက်၏ သားသမီးများနှင့် မခွဲခွာနိုင်အောင် ခင်မင်တွယ်တာနေသဖြင့် အောက်ပြည်ရပ်ရွာသို့ ခိုးရာမလိုက်နိုင်သည့်အကြောင်း စာပြန်၍ ရေးသားလိုက်သည်ဟု ဦးဘထက်က ပြောပြလေ၏။

ဦးစံရှားလည်း ဖိုးမင်းခေတ္တနေသည့် အရပ်သို့ ကိုယ်တိုင် သွားရောက် စုံစမ်းရာ ဖိုးမင်းသည် အမရပူရမြို့တွင် မြို့ပိုင်အိမ်၌ အစေခံလုပ်နေသော မိမိ၏ညီထံသို့ ထွက်သွား၍ သူ့ညီနှင့်အတူနေမည်ဟု ကြားသိရသည်နှင့် မီးရထားစီး၍ အမရပူရမြို့သို့ လိုက်သွားလေသည်။

အမရပူရမြို့သို့ ရောက်ရှိသောအခါ ဦးစံရှားလည်း မယောင်မလည်နှင့် တယောက်တည်းထွက်၍ တခါဖူးမျှ မရောက်ဖူးသော အရပ်ဒေသဖြစ်သဖြင့် စုံစမ်းမေးမြန်းသွားရာ မကြာမီပင် မြို့ပိုင်အိမ်သို့ ရောက်သွားလေသည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မြို့ပိုင်သည် ရုံးတက်နေသဖြင့် နောက်ဖေး အစေခံဆောင်တွင် လူ ၄-၅ ယောက် ထိုင်၍ စကားပြောနေကြသည်ကို တွေ့ရလေသည်။

ဦးစံရှားသည်လည်း တခါတည်း ထိုလူစုရှိရာသို့ ဝင်သွားရာ ဖိုးမင်းကို ပက်ပင်းပါ တိုးမိလေသည်။

ပုလိပ်အမှုထမ်းတယောက်ကလည်း အခန့်သင့် လျှောက်လာသည်ကို မြင်သဖြင့် ထိုပုလိပ်သားကို ခေါ်ပြီးလျှင် ဖိုးမင်းကို အဖမ်းခိုင်းလေသည်။

ဖိုးမင်းမှာ အသက် ၂၂ ခန့်မျှသာ ရှိသေးသည်။ သို့ မိမိကို ရုတ်တရက် လက်ပူးလက်ကြပ် ဖမ်းဆီးလာသောအခါ စကားမျှမပြောနိုင်ရှာပဲ အံ့အားသင့်၍သွားခဲ့လေသည်။ ဖိုးမင်းမှာ ဤတွင် ဦးစံရှားက အဘယ့်အတွက်ကြောင့် ဖမ်းဆီးရကြောင်း ပြောပြသောအခါ ဖိုးမင်းကလည်း ငွေခွားမြှောင်ကို မိမိပင် ခိုးမိပါသည်ဟု ဖြောင့်ဆိုလေသည်။

ထိုခွားမြှောင်သည် မည်မျှအဖိုးတန်သည့်အကြောင်းကို ကျောက်စာဝန် ဦးစိုးက ကြည့်၍ပြောနေစဉ် မိမိသည် ချောင်းမြောင်းနားထောင်နေသည့် အကြောင်းကိုလည်းကောင်း၊ အခန်းထဲတွင် ကျောက်စာဝန်မင်းတယောက်တည်းရှိစဉ် မိမိသည် စောင့်၍ ပုန်းကြည့်နေပြီးလျှင် ကျောက်စာဝန်မင်း ထွက်သွားသည်နှင့်တပြိုင်နက် အခန်းထဲသို့ ဝင်၍ ခွားမြှောင်ကို သေတ္တာထဲမှ ထုတ်ယူခဲ့သည့် အကြောင်းကိုလည်းကောင်း၊ ထိုနောက် မိမိကို အလုပ်မှ ထုတ်ပစ်အောင် ထိုညတွင်းပင် အရက်သောက်၍ အိမ်တွင် ဆူပူခြင်းလုပ်သည့် အကြောင်းကိုလည်းကောင်း ဖိုးမင်းက ဦးစံရှားအား ထုတ်ဖော် ပြောပြလေသည်။

ထိုနောက် တဖန် ဖိုးမင်းသည် ကျောက်စီငွေခွားမြှောင်ကို ခိုးယူမိသဖြင့် များစွာ ဝမ်းနည်းမိသည့် အကြောင်း ပြောပြသည့်အပြင် ခွားမြှောင်ကိုလည်း ဦးစံရှားသို့ အပ်ပြီးလျှင် မိမိအား နောင် လူ့ဘဝဆုံးအောင အကျိုးယုတ် အကျိုးပျက် မဖြစ်စေရန် ဆောင်ရွက် ကယ်မဖို့ရာ တောင်းပန်လေ၏။

ဦးစံရှားသည်လည်း ထိုသို့ အဖိုးအနဂ္ဃထိုက်သော ကျောက်စီခွားမြှောင်ကို ဦးဘထက်ထံသို့သာ အမြန်ပို့၍ ဖိုးမင်းကိုလည်း ခေတ္တခဏ ချုပ်ရုံမျှသာ ချုပ်စေချင်သော စိတ်ဆန္ဒ ဖြစ်လေသည်။

ထိုသို့ စိတ်ဆန္ဒရှိသည့်အတိုင်း ဖိုးမင်းကို အမရပူရဂါတ်တွင် ချုပ်ထားစေပြီးသကာလ မန္တလေးသို့ အလျင်အမြန် လိုက်သွားပြီးလျှင် ဦးဘထက်အား ခွားမြှောင်ကို အပ်ပေးလေသည်။

ဦးဘထက်လည်း အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ မိမိခွားမြှောင်ကို ခိုးယူသူဖိုးမင်းအပေါ်၌ တစုံတရာမလုပ်လို၊ အပြစ်မှ ချမ်းသာပေးလိုကြောင်းနှင့် ဦးစံရှားအား ပြောကြားလေသည်။

ဖိုးမင်းမှာလည်း မိမိအပေါ်၌ မည်သို့ အပြစ်ပေးမည့်အကြောင်းကို အစပထမ မတွေးမိပဲ ပစ္စည်းကိုသာ မက်၍ ခိုးယူမိသည့် လက္ခဏာ ရှိလေသည်။

ထို့အပြင် ဤအမှုမှတပါး အခြားအမှုအခင်းနှင့် ရုံးပြင် ကနားသို့ မရောက်စဖူး၊ ဦးဘထက်အိမ်တွင်လည်း မရိုးမဖြောင့်သော အရာများ လုပ်ခဲ့ဖူးသည်ဟု မကြား မသိရချေ။ ထိုသူငယ်၏ မိဘဆွေမျိုးများသည် ဆင်းရဲနွမ်းပါးကြသော်လည်း ရိုးသားဖြောင့်မတ်ကြလေသည်။

ယင်းသို့ ဖြစ်သောကြောင့် 'မမှားသောရှေ့နေ၊ မသေသော ဆေးသမားမရှိ'ဟု ဆိုသကဲ့သို့ တခါတရံ မှားမိသည့်အပြစ်မှ လွှတ်သင့်သည်။ တခါတည်း လူမိုက်စာရင်းသွင်း၍ ထောင်သွင်း အကျဉ်းထားစေရန် မသင့်သေးဟု ဦးစံရှားကိုယ်တိုင်လည်း သဘောရရှိသဖြင့် ဦးဘထက်သည်လည်း အမှုမစွဲပဲ ဂတ်

www.burmeseclassic.com


ဌာနသို့ မိမိကိုယ်တိုင် သွားရောက်ကယ်ဆယ်ခဲ့ပြီးလျှင် မိမိအိမ်၌ တဖန် လက်ခံထားသည့်အပြင် မိမိအိမ်ရှိ ဖိုးမင်းနှင့် ကြိုက်နှစ်သက်နေသော မိန်းမအစေခံနှင့်လည်း ထိမ်းမြား ပေးစားလိုက်လေသည်။

တို့အပြင် ကျောက်စီဓားမြှောင် ပျောက်ဆုံးသည့်အတွက် အလွန်တရာမှ ချစ်ခင်ကြသော မိတ်ဆွေကြီး နှစ်ဦးဖြစ်သည့် ဦးစိုးနှင့် ဦးဘထက်တို့သည် တယောက်နှင့်တယောက် စကားမပြောပဲ အတန်ကြာနေကြပြီးနောက် ရှေးကထက်ပို၍ တဦးကိုတဦး ချစ်ခင်လာကြလေသည်။

ဦးစံရှားသည်လည်း ဤအမှုကိုစုံထောက်၍ ပေါ်ပေါက်မှ အားလပ်ခွင့်ရသည်နှင့် မန္တလေးတောင် အစရှိသည်တို့ကို ဦးဘထက် ဦးစိုးတို့၏ အိမ်သားများနှင့် အတူတကွ ဘုရားဖူးသွားကြ၍ မန္တလေးမြို့တွင် အခေါ်အတန် နှစ်ပတ်စွာ လည်ပတ်ပြီးသကာလ ရန်ကုန်မြို့သို့ တနေ့သ၌ ညနေရထားနှင့် ပြန်လာခဲ့လေသည်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၄၈။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု*

ယခင် အင်္ဂလိပ်အစိုးရလက်ထက်က ကျွန်တော်၏မိတ်ဆွေကြီး ဦးစံရှားနှင့်ပတ်သက်သော မှတ်တမ်းများကို ပြန်လည်ဖတ်ရှုသောအခါတွင် ထိုစဉ်က ပူပူနွေးနွေးရှိနေသေးသဖြင့် ရေးသားဖော်ပြရန် မလျော်သေးသည့်အတွက်ကြောင့် ချန်လှပ်ထားခဲ့ရသော အဖြစ်အပျက်တခုကိုတွေ့ရှိရာ ယခုအခါတွင် ကာယကံရှင်များ ကွယ်လွန်ကြသည်မှာ အတန်ကြာပြီဖြစ်၍ 'ဘုံနန်းရိပ်သာ' တိုက်အိမ်ကြီးနှင့် ပတ်သက်သည့် အောက်ပါအခြင်းအရာများကို ဖော်ပြလိုက်ရပေသည်။

မကြုံစဖူး အထူးအေးချမ်းလှသည့် တခုသော ဆောင်းဥတုရာသီ ဒီဇင်ဘာလ၌ အဟုတ်တကယ် ချမ်းအေးခြင်းနှင့် မကြုံဘူးကြသော ရန်ကုန်မြို့သူ မြို့သားများမှာ အထက်မြစ်ညာ ဒေသ၏ ဥတုမျိုးနှင့် ရုတ်တရက် ကြုံတွေ့ကြရသည် ဖြစ်သောကြောင့် 'ချမ်းလှချည့်၊ အေးလှချည့်' နှင့် တညည်းညည်း တညူညူ ရှိနေကြသည့်အတွင်း နေမင်းသည်လည်း မိုးတိမ်များ ဖုံးအုပ်ထားသဖြင့် အပူငွေ့ မပေးနိုင်ပဲ ရှိနေရသည့်ပြင် မိုးကလေးလည်း တစိမ့်စိမ့်တဖွဲဖွဲ ထပ်ကာတလဲလဲ ရွာသွန်းလျက်ရှိသည်ဖြစ်သောကြောင့် စည်းစိမ်ရှင်များမှာ အိမ်ပြင်သို့ထွက်ဖို့ စိတ်မကူးကြပဲ စောင်ခြုံထဲတွင် ပိုးဆေးလုံးကောင်များနှင့် တုပြိုင်ကာ ဒူးနှင့်မေးစေ့ ထိလုမတတ်ရှိအောင် တကွေးတည်း ကွေးလျက် ရှိကြလေတော့သည်။

ကျွန်တော်မှာ စည်းစိမ်ရှင် မဟုတ်သော်လည်း ထိုနေ့အဖို့ အပြင်သို့ထွက်ရန် အလုပ်ဝတ္တရား မရှိသည့်အတူတူ အထူးဆုံးသော အဝတ်အစားများနှင့် ဆိုဖာပေါ်တွင် ဆေးပေါ့လိပ်ကြီးကို မှိန်း၍ ဖွာလျက်ရှိသော်လည်း ဦးစံရှားမှာမူကား နေ့လယ်လောက်က ရရှိသားသော ကြေးနန်းတစောင်အတွက် စာရွက်ပေါ်တွင် ပြန်စာရေးလျက် ရှိလေ၏။

ဦးစံရှားသည် ကြေးနန်းစာရွက်ကို ကြေးနန်းရုံးသို့ ပို့လိုက်ပြီးနောက် စကားတခွန်းမျှ မပြောပဲ ထိုအကြောင်းကိုပင် ဆက်သက် စိတ်ကူးနေသည့် လက္ခဏာနှင့် ဆေးတံကိုဖွာယင်း မျက်နှာကြက်သို့ တက်သွားသော မီးခိုးများကို အဟန်ကြာအောင် စိုက်ငေး မော့ကြည့်နေပြီးမှ

ရှား။ ။"ထူးဆန်းသော ဆိုတဲ့ စကားကို ဝိသေသနပုဒ်ထည့်ယင် ဘယ်လို ထည့်မလဲဗျာ ကိုသိန်းမောင်"

ကျွန်ုပ်။ ။"အလွန်ထူးဆန်းသော၊ အံ့ဩဘနန်း ထူးဆန်းသောပေါ့ခင်ဗျာ"

---

*ဤဝတ္ထုကို ရှမဝ မဂ္ဂဇင်း၊ ၁၉၄၉၊ စက်တင်ဘာလ၊ အမှတ် ၃၈ တွင် ဖော်ပြခဲ့သည်။ မြန်မာပြည်စာအုပ်တိုက်မူ၊ အတွဲ ၂ နှင့် နှလုံးလှစာပေတိုက်မူ အတွဲ ၇ တို့တွင် တပ်မံတွေ့ရှိရသည်။ မူယင်းမှာ Wisteria Lodge ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဒိပြင်ကောဗျာ"

ကျွန်။ ။"အလွန်အမင်း"

ရှား။ ။"တော်စမ်းပါဗျာ ကိုသိန်းမောင်၊ စိတ်ကူးဉာဏ် သုံးစမ်းပါဦး။ အလွန်ဆိုယင် အလွန်တရာတို့၊ အလွန်အမင်းတို့၊ အလွန့်အလွန်တို့ ပါကုန်ရောပေါ့ဗျ။ ဒိပြင်ကောဗျ"

ကျွန်။ ။(စိတ်ခပ်တိုတိုနှင့်) "ပြောတတ်ဘူးဗျာ"

ရှား။ ။(ကျွန်တော်၏မျက်နှာကိုလှမ်းကြည့်လျက်) "စာရေးဆရာ လုပ်မယ်ကြံယင် စကားအသုံးအနှုန်းမှာ စိတ်ကူးဉာဏ်သုံးမှပေါ့ ကိုသိန်းမောင်ရဲ့။ အလွန်တရာဆိုတဲ့ ဝိသေသနမျိုးဟာ စိတ်ကူးဉာဏ်မထုတ်ချင်တဲ့ လူပျင်းစာရေးဆရာတွေ သုံးတာဗျ"

ကျွန်။ ။"ဝိသေသနလောက်ကို အချိန်ကုန်ခံပြီး စိတ်ကူးမနေနိုင်ပေါင်ဗျာ"

ရှား။ ။"အဲဒါ ခင်ဗျားတို့ မှားတာပဲ။ ကဲ လွန်တဲ့ဂုဏ်အခြင်းအရာကို ဖော်ပြတဲ့အခါမှာ အလွန်ဆိုတာမျိုးဟာ ပြီးလွယ်စီးလွယ် ကလေးသူငယ်များ သုံးတတ်တဲ့ စကားမျိုးဗျ။ ဘယ်လောက် ကြီးတယ်ဆိုတာ ပြောမပြတတ်တော့ 'ရောမဟာကြီး' ဆိုတာမျိုးလိုပဲ"

ကျွန်။ ။"ခင်ဗျား စာရေးယင်တော့ သိပ်စေ့စပ်မှာပဲဗျို့"

ရှား။ ။"ဘာပြောကောင်းမလဲဗျာ။ ကြီးတယ်ဆိုယင် ကျုပ်က အတိုင်းအထွာပါမှကြိုက်တယ်။ ဒါထက် ထူးဆန်းသောဆိုတဲ့ စကားကို ဒိပြင် ဝိသေသန တွေးပါအုံးဗျ"

ကျွန်။ ။"ခက်နေပါပြီဗျာ။ ချမ်းရ အေးရတဲ့ အထဲမှာ ခင်ဗျားက အလုပ်ပေးလိုက်တာဗျာ။ ကဲဗျာ၊ မယုံနိုင်လောက်အောင် ထူးဆန်းသော ဆိုယင်ကောဗျ"

ရှား ။(ကျွန်တော်၏လက်ကိုဆွဲကိုင်လှုပ်ယမ်းလျက်) "ဒီလိုမှပေါ့ ကိုသိန်းမောင်၊ ကျုပ်ရထားတဲ့ ကြေးနန်းထဲမှာ သုံးထားတဲ့ စကားလုံးနဲ့ ကိုက်နေတော့တာပဲ။ ရော့၊ ဒီမှာ ကြည့်စမ်း"

ကျွန်တော်သည် ဦးစံရှားလှမ်းပေးသောကြေးနန်းကို ဖတ်ကြည့်ရာ အောက်ပါ အဓိပ္ပာယ်အတိုင်း တွေ့ရှိရလေသည်။

မယုံနိုင်လောက်အောင် ထူးဆန်းသောအဖြစ်အပျက်တခုနှင့် ကြုံတွေ့နေရပါသည်။
ဦးစံရှားကို တွေ့နိုင်ပါသလား။

ဦးအောင်မင်း

ကျွန်။ ။(ကြေးနန်းစာရွက်ကို ပြန်ပေးယင်း) "လူကတော့ဖြင့်တော်တော်ဟန်ကြီးပန်ကြီးထဲကနဲ့ တူတယ်ဗျို့။ ကြေးနန်းထဲမှာတောင် သူ့နာမည်ကို 'ဦး'တပ်ပြီးရိုက်ထားတယ်"

ရှား။ ။"ဟုတ်ကဲ့။ ရှေးခပ်ကျကျထဲကနဲ့ တူပါရဲ့ဗျ"

ကျွန်။ ။"ခင်ဗျားက ဘယ့်နှယ်ပြန်ရိုက်လိုက်သလဲ"

ရှား။ ။"မေးနေဖို့ လိုသေးသလားကိုသိန်းမောင်၊ ခုတလောမှာ အမှု ပါးရတဲ့အထဲ မိုးကအေး၊ မြောက်လေကလဲ မှန်လွန်းလို့ မချမ်းစဖူး ချမ်းအေးနေလေတော့ ဆိုဖာပေါ်မှာ ဘိန်းမှိန်းသလိုမှိန်းနေချင်တာလောက် ရှိတော့တာပဲ။ ခုလို အမှုကလေး ထူးထူးဆန်းဆန်း ပေါ်ပေါက်လာမှ လှုပ်လှုပ်ရှားရှား သွားသွားလာလာ လုပ်ချင်တော့မှာမို့ ကျုပ် သိပ်ဝမ်းသာနေတာပဲ"

ထိုနေ့ညနေ၌ ကျွန်တော်တို့၏ အမှုသည် ဦးအောင်မင်းသည် တိုက်ပေါ်သို့ တက်လာလေရာ ပုဆိုးတောင်ရှည်၊ ကျားပါးစပ်ဖိနပ်၊ ငွေသပ်ကုပ်[illegible]ကော်၊ တာဖတာ ရင်ဖုံးအင်္ကျီ စသည်တို့ဖြင့် သိုက်မြိုက်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားစွာ ဝတ်ဆင်ထားသည့်ပြင် အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် နှုတ်ခမ်းမွေးကောင်းသူ တယောက်ဖြစ်သောကြောင့်အသက်အရွယ် ၄၀ နှင့် ၅၀ ကြားတွင်ရှိသော်လည်း ကျော်ကြီ ဂိုက်ဖမ်းထားသည့်အတွက် ၅၀ အထက်ဟူ၍ ခန့်မှန်းလောက်ပေ၏။ အလွန်အမင်း ဉာဏ်ထက်မြက်ပုံ မရှိသော်လည်း တည်ကြည်သော မျက်နှာနှင့်ခန့်ညားသော ကိုယ်ဟန်အမူအရာတို့ပြင် သိုက်မြိုက်သော ဝတ်ပုံစားပုံတို့ကို မြင်ရခြင်းအားဖြင့် ဗလွတ်ရွတ်တ ပြောတတ်လုပ်တတ်မည့်လူတယောက် မဟုတ်ဟူ၍တခါတည်းဆုံးဖြတ်ချက်ချနိုင်လောက်ပါပေ၏။

စင်စစ်မှာ ထိုသူ၏ ကိုယ်လုံးအမူအရာ မျက်နှာထားနှင့် အဝတ်အစားတို့တွင် ကလေးကလားရှိခြင်း၊ သိမ်ဖျင်းသေးနုပ်ခြင်းတည်းဟူသော အခြင်းအရာမျိုး တခုမျှ မပါရှိချေ။ သို့ရာတွင် ထိုလူကြီး၏ မျက်နှာသည် တည်ကြည်သော ဂုဏ်ရှိသည်ဆိုသော်လည်း စိတ်ကို အတော်အတန် ထိခိုက်သည့် အခြင်းအရာတစုံတခုနှင့်ကြုံတွေ့ထားရသည့် လက္ခဏာနှင့် ယောက်ယက်ခတ်ဖြစ်နေသော အမူအရာမျိုးမူကား စေ့စပ်စွာကြည့်ရှုသောအခါတွင် တွေ့မြင်နိုင်ပေတော့သည်။

နေရာထိုင်ခင်းပေး၍ ကုလားထိုင်ပေါ်တွင် ထိုင်မိသည်နှင့်တပြိုင်နက် ထိုသူသည် မိမိ၏ အဖြစ်အပျက်ကို စတင်ပြောပြလေတော့၏။

မင်း။ ။"တသက်မှာ တခါမှ မကြုံဘူးအောင် ထူးထူးဆန်းဆန်း လာတွေ့နေရပါတယ် ဦးစံရွှေခင်ဗျာ။ ဘယ်လိုဟာမျိုးရယ်လို့ ကျွန်တော်ဖြင့် ပြောပဲမပြောတတ်အောင် ဖြစ်နေပါပြီ ခင်ဗျာ"

ရှား။ ။"ကျွန်တော့်ဆီကို ခင်ဗျား ဘာကြောင့် လာတာလဲ"

မင်း။ ။"ဒီလိုပါခင်ဗျာ။ ကျွန်တော် ကြုံတွေ့ရတဲ့ ကိစ္စဟာ ပုလိပ်နဲ့ ဆက်ဆိုင်တယ်လို့ မဆိုနိုင်ပါဘူး။ ကျွန်တော် ပြောပြတော့ သိကြရပါလိမ့်မယ်။ အရေးမယူပဲ ဒီအတိုင်း ပစ်ထားလို့လဲ မဖြစ်နိုင်အောင် ရှိနေပါတယ်။ အမှန်ပြောရယင် ကျွန်တော်က ပုလိပ်နဲ့ဆက်ဆံချင်တဲ့ လူတယောက်လဲ မဟုတ်ပါဘူး။ သို့သော် ဦးစံရွှေအကြောင်းတော့ ကျွန်တော် ကြားဖူးတာနဲ့"

ရှား။ ။"မှန်ပါတယ်၊ မှန်ပါတယ်။ ဒါထက်ကျွန်တော့်ဆီကို ဘာကြောင့်ချက်ချင်းမလာသလဲ"

မင်း။ ။(အံ့သြသော မျက်နှာထားနှင့်) "ဘယ်လိုပြောတာလဲ ခင်ဗျာ"

ရှား။ ။ကျွန်တော့်ဆီကို ခင်ဗျား ကြေးနန်းရိုက်လိုက်တော့ နာရီပြန်တချက်ရှိပြီ။ ခင်ဗျားကြည့်ရတာတော့ ဒီမနက်ကတည်းက တုန်လှုပ်ချောက်ချားနေတဲ့ လက္ခဏာ တွေ့ရတယ်"

မင်း။ ။(မရိတ်ခဲ့ရသေးသဖြင့် မည်းလျက်ရှိသော မေးစေ့ကိုစမ်းလျက်) "မှန်ပါတယ်ဗျာ။ ရိတ်နေကျ မုတ်ဆိတ်ကိုတောင် ကျွန်တော် မရိတ်နိုင်အောင် မနက်မိုးလင်းကတည်းက နေမထိ ထိုင်မထိဖြစ်နေပါတယ်။ အမှန်အတိုင်းကတော့ ဦးစံရွှေဆီ ကြေးနန်းရိုက်ပြီးမမေးပဲ စုံစမ်းစရာရှိတာကလေးတွေ စုံစမ်းနေမိပါသေးတယ်။ ဦးထွန်းကျော်နေတဲ့ အိမ်ရှင်ကို ကျွန်တော် သွားမေးကြည့်တော့ အိမ်လခလဲ မှန်မှန်ရပါတယ်လို့ ပြောလိုက်ပါတယ်"

ရှား။ ။(ရယ်မောလျက်) "ဦးအောင်မင်းက ဟောဒီက ကိုသိန်းမောင်လို ဖြစ်နေပြီကော။ ပြောစရာရှိတာကို အစကစပြီး မပြောပဲ အဖျားဆွတ်ပြောလို့ နားထောင်တဲ့လူက ဘယ်မှာနားလည်နိုင်ပါ့မလဲဗျ။ ဖြစ်ပုံပျက်ပုံအလုံးစုံကို အစကစပြီးအဆုံးတိုင်စီကာပတ်ကုံးပြောပြအုံးမှပေါ့ဦးအောင်မင်းရဲ့။ ဦးထွန်းကျော်ဆိုလို့ ကျွန်တော်တို့က ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ ခင်ဗျ"

မင်း။ ။"မှားပါတယ်ခင်ဗျာ၊ ကျွန်တော် ဝန်ခံပါတယ်။ တသက်လုံးခပ်အေးအေး နေလာတဲ့လူတယောက်မှာ ခုလို ထူးထူးဆန်းဆန်းလာကြုံတော့ ကယောင်ချောက်ချား ဖြစ်ကုန်တော့တာပါပဲခင်ဗျာ။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ကိုင်း ကျွန်တော်ပြောပြပါတော့မယ်။ ဦးစံရှားတို့ ကျွန်တော့်စကားကို ကြားပြီးတဲ့အခါကျတော့ ဘယ်လိုကြောင့် ကျွန်တော် ကယောင်ချောက်ချား ဖြစ်နေတယ်ဆိုတာကို နားလည်ကြပါလိမ့်မယ်''

ဦးအောင်မင်းသည် ကျွန်တော်တို့အား ပြောပြမည်ဟု စကားခင်းလိုက်သည်နှင့်တပြိုင်နက် အခန်းတံခါးကို ခေါက်သဖြင့် ဖွင့်ပေးလိုက်သည့်တွင် ပုလိပ်အရာရှိ နှစ်ယောက်တို့သည် အခန်းထဲသို့ ဝင်လာကြလေ၏။ တယောက်သောသူမှာ ကျွန်တော်တို့နှင့် ကြိမ်ဖန်များစွာ အလုပ်လုပ်ခဲ့ဖူးသည့် အင်စပက်တော်ကိုအုန်းဖေပင်ဖြစ်လေရာ ထိုသူသည် ဦးစံရှားနှင့် နှုတ်ဆက်ပြီးနောက် သူ၏အဖော်မှာ မှော်ဘီမှ ဌာနာအုပ် ဦးဘသောင်းဖြစ်သည်ဆို၍ မိတ်ဆက်ပေးလေ၏။ ကိုအုန်းဖေမှာ တွေ့နေကျ လူတယောက်ဖြစ်၍ သိပြီးသော်လည်း ဦးဘသောင်း၏ ရုပ်လက္ခဏာမှာ ကျယ်ပြန့်သောနဖူးနှင့် ကြည်လင်ထက်မြက်သော မျက်လုံးများ ရှိသည်ဖြစ်သောကြောင့် မညံ့သော အရည်အချင်း ရှိရမည်ဟု ကျွန်တော် အကဲခတ်မိပေသည်။

သောင်း။ ။(ဦးစံရှားနှင့်လက်ဆွဲနှုတ်ဆက်ပြီးနောက်)''ကျွန်တော်တို့နှစ်ယောက် ခြေရာကောက်ပြီး လိုက်လာကြတာ ဦးစံရှားအိမ်မှာ ခြေရာဆုံးသွားတာတွေ့လို့ တက်လာခဲ့ကြရခြင်းဖြစ်ပါတယ်။ ဒါထက် ဒီမိတ်ဆွေက မှော်ဘီက ဦးအောင်မင်း မဟုတ်ပါလား ခင်ဗျာ''

မင်း။ ။''မှန်ပါတယ်''

သောင်း။ ။''ဒီကနေ့ တမနက်လုံး ခင်ဗျားကို ကျွန်တော်တို့ လိုက်ရှာနေတာ ခုမှ တွေ့ရပေတော့တယ် ခင်ဗျာ''

ရှား။ ။''ခင်ဗျားတို့က ကြေးနန်းကို အခြေခံပြီး ခြေရာကောက် လိုက်ကြတယ် မဟုတ်လား''

သောင်း။ ။''မှန်ပါတယ် ဆရာကြီး ခင်ဗျာ။ ကြေးနန်းရုံးမှာ သူ့ကြေးနန်းကိုတွေ့လို့ ဒီမှာနောက်နေမှာပဲဆိုပြီး လိုက်လာကြပါတယ်''

မင်း။ ။''ခင်ဗျားတို့က ဘယ်အတွက်ကြောင့် ကျွန်တော့်နောက်ကို လိုက်နေကြရတာလဲ''

သောင်း။ ။''လိုက်ဆို ဒီလိုပါခင်ဗျာ။ တိုက်ကြီးမြို့က ဦးထွန်းကျော်ဟာ မနေ့ညတုန်းက သေဆုံးလေတော့ ဘယ်လိုကြောင့် သေဆုံးရတယ်ဆိုတာကို ဦးအောင်မင်း သိမလားလို့ ကျွန်တော်တို့ လိုက်လာရခြင်း ဖြစ်ပါတယ်''

ထိုစကားကို ကြားရသောအခါ ဦးအောင်မင်းမှာ အလွန်အံ့သြသော အမူအရာနှင့် ဆတ်ကနဲ တည့်မတ်စွာ ထိုင်လိုက်လေ၏။

မင်း။ ။''ဘာပြောတယ်ဗျာ။ သေရှာပြီတဲ့''

သောင်း။ ။''ဟုတ်ကဲ့ သေရှာပြီဗျ''

မင်း။ ။''ဘယ်ပုံသေတာလဲ ခင်ဗျာ။ မတော်တဆလား''

သောင်း။ ။''မတော်တဆဆို သူတပါးသတ်လို့ သေရတာပေါ့ဗျာ''

မင်း။ ။''ဩော်၊ ဖြစ်မှ ဖြစ်ရလေခင်ဗျာ။ ဒါထက် ခင်ဗျားတို့က ကျွန်တော့်ကို မသင်္ကာဘူးလို့ ဆိုချင်တာလား ခင်ဗျာ''

သောင်း။ ။''ဒီလိုလဲ တပ်အပ် မစွပ်စွဲလိုသေးပါဘူး။ ဒါပေမယ့် သူ့အင်္ကျီအိတ်ထဲမှာ ခင်ဗျား ရေးပို့လိုက်တဲ့ စာတစောင် တွေ့ထားတယ်။ အဲဒီစာအရဆိုယင် မနေ့ညတုန်းက သူ့အိမ်မှာ ခင်ဗျား အိပ်တယ်လို့ ကျွန်တော် သိရတယ်'':

မင်း။ ။''မှန်ပါတယ်။ ကျွန်တော် အိပ်ခဲ့ပါတယ်''

သောင်း။ ။''အော်၊ ခင်ဗျား အိပ်ခဲ့တယ်ဆိုတာကို မငြင်းဘူးပေါ့လေ''

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးဘသောင်းသည် မှတ်တမ်းစာအုပ်ကို ကိုင်၍ ရေးမှတ်လေ၏။

ရှား။ ။"နေကြစမ်းဦး မိတ်ဆွေတို့။ ခင်ဗျားတို့လိုချင်တာက ဦးအောင်မင်း ထွက်ဆိုချက်ကို လိုချင်ကြတယ် မဟုတ်လား"

သောင်း။ ။"မှန်ပါတယ်။ ဒါပေမယ့် သူ အခုထွက်ဆိုသမျှကို ရုံးတော်မှာ တင်ပြရလိမ့်မယ် ဆိုတာကို သတိပေးလိုပါတယ်"

ရှား။ ။"ဦးအောင်မင်းက သူ့အဖြစ်အပျက်ကို ပြောပြမယ်လုပ်နေတုန်း ခင်ဗျားတို့ရောက်လာကြတာပဲ။ ကိုင်း ဦးအောင်မင်း၊ ဒီက ပုလိပ်အရာရှိများလဲ ကြားကြရအောင်ဟာ ခင်ဗျား ပြောစရာရှိတာကို ပြောပြစမ်းပါဦး ခင်ဗျာ"

ဦးအောင်မင်းသည် ရေတခွက်ကိုတောင်းယူ၍ သောက်ပြီးနောက် သူ၏ကိုယ်တွေ့ အဖြစ်အပျက်များကို အောက်ပါအတိုင်း ပြောပြလေ၏။

မင်း။ ။"ကျွန်တော်က မိန်းမသေဆုံးပြီးတဲ့နောက် သားမရှိ၊ သမီးမရှိ မုဆိုးဖိုကြီး အဖြစ်နဲ့ နေထိုင် လာခဲ့တဲ့ လူတယောက်ဖြစ်ပါတယ်။ အလုပ်အကိုင်ကတော့ အင်္ဂလိပ် ကျောင်းဆရာအဖြစ်နဲ့ အသက်မွေးလာခဲ့ရာမှာ ပထမပတ် သိန်းထီဖွင့်တုန်းက ၄ ါးသောင်းဆုပေါက်တာနဲ့ စောစောစီးစီး ပင်စင်ယူပြီး လယ်မြေကလေးဝယ်၊ ငွေတိုးကလေးချေးပြီး ခပ်အေးအေးနေလာခဲ့ပါတယ်။ တနေ့တော့ ကျွန်တော့် မိတ်ဆွေ ကျောင်းအုပ်ကြီး ဦးဘသင်အိမ်မှာ ဦးထွန်းကျော်ဆိုတဲ့ လူနဲ့တွေ့လို့ စကားလက်ဆုံ ဝင်ကြပြီး တယောက်နဲ့တယောက် အတော် အကျွမ်းတဝင် ဖြစ်ခဲ့ကြပါတယ်။

"လူက နှုတ်သွက်၊ ရုပ်ချော၊ ဗဟုသုတလဲအတော်ပြည့်စုံပြီး လူပေါင်းအင်မတန် ကောင်းလေတော့ ကျွန်တော်က မြင်မြင်ချင်းဆိုသလို သဘောကျမိပါတယ်။ စကားပြောပုံက ခပ်ဝဲဝဲလိုလိုရှိလေတော့ မြန်မာစစ်ပါလေရဲ့လားလို့ ကျွန်တော်အောက်မေ့မိတာ၊ သူ့မေးကြည့်တော့ မြန်မာအစစ်ပါလို့ ပြောပါတယ်။ ဒါနဲ့ တခါနှစ်ခါ တွေ့မိကြယင်ပဲ တယောက်နဲ့တယောက် ခင်မင်သွားကြပြီး ကျွန်တော့်အိမ်ကို သူက လာလည်ပါတယ်။ ကျွန်တော့်ကိုလဲ သူ့အိမ်လာလည်ဖို့ ဖိတ်ပါတယ်။ သူ့မှာလဲ သားမယားမရှိဘူး ဆိုလေတော့ လူလွတ်ချင်း ဟန်ကျပြီဆိုပြီး သူဖိတ်တဲ့အတိုင်း သူ့အိမ်ကို သုံးလေးရက်လောက် လည်ယင်းပတ်ယင်း စကားပြောကြဖို့ ကျွန်တော် သဘောတူလိုက်ပါတယ်။

"ဒါနဲ့ မနေ့ညတုန်းက ဦးထွန်းကျော်နေတဲ့ တိုက်ကြီးမြို့ကို ကျွန်တော်သွားလည်ပါတယ်။သူ့အလုပ်အကိုင်ကတော့ အသက်အာမခံ ကိုယ်စားလှယ်လို့ ပြောပါတယ်။ သူ့အိမ်မှာ ထမင်းချက်တဲ့ လူတယောက်၊ တိုလီမိုလီခိုင်းစရာ သူငယ်ကလေးတယောက်ပဲ ရှိပါတယ်။ အိမ်ကတော့ တိုက်ခံအိမ်ကလေးပါပဲ။ ဝင်းနဲ့၊ ခြံနဲ့၊ မီးဖိုတဲကလေးနဲ့၊ ပန်းပင်ကလေးများနဲ့ တော်တော် သပ်သပ်ရပ်ရပ် ရှိပါတယ်။ ကျွန်တော်က ကိုယ်ပိုင် ဖို့ဒ်ကားကလေးနဲ့ ရောက်သွားတော့ ဦးထွန်းကျော်က ဝမ်းသာအားရနဲ့ ဆီးကြိုပြီး သူငယ်ကလေးက ကျွန်တော့်သားရေအိတ်ကို ကျွန်တော်အိပ်ရမယ့် အခန်းထဲ သွင်းသွားပါတယ်။

"အမှန်ပြောရမှာဖြင့် ဦးထွန်းကျော်ဟာ ကျောင်းဆရာကြီး ဦးဘသင်ရဲ့အိမ်မှာ တွေ့တုန်းကတော့ ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်းနဲ့ အင်မတန် လျှာသွက်တဲ့လူတယောက်ဖြစ်သော်လဲ မနေ့တုန်း သူ့အိမ်မှာတွေ့ရတော့ တယ်ပြီးမရွှင်လန်းလှဘူးခင်ဗျ။ ညစာထမင်းစားကြတော့လဲ ဘာများစိတ်ကူးနေတယ်လို့ မပြောတတ်ဘူး။ ငိုင်တိုင်တိုင်ဖြစ်နေတာကိုတွေ့ရတယ်။ ကျွန်တော့်မှာ ချက်ချင်းလှည့်ပြန်ယင်မကောင်းတတ်လို့သာ ပေနေရတယ်။ စိတ်ထဲမှာတော့ ငါလာမိတာ မှားလေပြီလို့ ခဏခဏ အောက်မေ့မိတယ်။

တတိယအကြိမ်

www.burmeseclassic.com



ဒါပေမယ့် ကိုယ်လာတဲ့အတွက် ဒီလိုဖြစ်တာမဟုတ်တန်ကောင်းပါဘူး။ သူ့ကိစ္စနဲ့သူ တခုခုဖြစ်လို့ ထင်ပါရဲ့ ဆိုပြီး ကိုယ့်ဟာကိုယ် ဖြေရတော့တာပ ခင်ဗျာ။

''ဒါနဲ့ ထမင်းစားကြ။ ပြီးကြလို့ ပက်လက်ကုလားထိုင်ပေါ်မှာ စကားပြောကြပြန်တော့လဲ တခါ တခါမှာ ကျွန်တော်ပြောတာ တမျိုးခင်ဗျ၊ သူပြန်ပြောတာက တမျိုးခင်ဗျ။ ဒီအထဲမှာ သူ့လက်သီး သူ ကိုက်ပြီး စိတ်ကူးနေတဲ့ အမူအရာမျိုးနဲ့ မျက်တောင်စင်းပြီး ငေး ငေးနေလိုက်တာကလဲ ခဏခဏ ခင်ဗျ။ ဒါ့ထက် ဟိုတုန်းကတော့ အမှတ်တမဲ့ နေလိုက်မိပြီး အခုမှ ရုတ်တရက် ပေါ်လာတဲ့ အချက်ကလေးတခု ကျွန်တော် ပြောပြရဦးမယ်။

''ဟိုညက ထမင်းစားကြလို့ ပြီးခါနီးမှာ သူငယ်ကလေးက ဦးထွန်းကျော်ရဲ့လက်ထဲ စာတစောင် လာထည့်တာ မြင်လိုက်ရတယ်။ ဦးထွန်းကျော်ဟာ အဲဒီစာကို ဖွင့်ဖတ်ပြီးတဲ့နောက် သူ့မျက်နှာထားဟာ တွေ့ဝေတဲ့ အမူအရာမျိုး ကျွန်တော်တွေ့ရတယ်။ စာထဲမှာ ဘာအကြောင်း ပါတယ်လို့ ကျွန်တော့်ကို ပြောလဲမပြောဘူး။ စားကရကကိုသာ တလိပ်ပြီးတလိပ် ညှိသောက်ပြီး မျက်မှောင်ကြုတ်ကြုတ်နဲ့ ဇကြံ ထုတ်နေတာကိုသာ ကျွန်တော်မြင်ရတယ်။ ဒါနဲ့ ၁၁ နာရီထိုးလောက်မှာ အိပ်ရာထဲအသီးသီးဝင်ကြတော့ ဒီလို တွေဝေတဲ့ အိမ်ရှင်မျိုးနဲ့ အဖော်လုပ်ပြီးစကားပြောရတာ ပျင်းစရာ ကောင်းလွန်းလို့ သူနဲ့ ခွဲရတာ ဝမ်းတောင်သာမိပါတယ်။

''ဒီနောက် တော်တော်ကြာတော့ ဦးထွန်းကျော်က ကျွန်တော့် အခန်းတံခါးဝမှာလာရပ်ပြီး သူ့ကို ခေါ်လိုက်ပါသလားတဲ့ မေးလာတယ်။ ကျွန်တော်က မခေါ်ရကြောင်း ပြန်ဖြေတော့ 'ဒါဖြင့် ကျွန်တော် နားကြားမှားလို့ထင်ပါရဲ့ဗျာ။ နာရီပြန်တချက်တောင် ထိုးခါနီးသွားပြီ၊ အိပ်ပဲပေတော့'လို့ပြောပြီး သူ့ အခန်းကူးသွားပါတယ်။ ဒီနောက် ကျွန်တော်လဲ အိပ်လိုက်တာ တခါတည်း ပျော်သွားတော့တာပါပဲ။

''ကိုင်း၊ နားထောင်ကြ ခင်ဗျ။ အင်မတန်ဆန်းတဲ့ နေရာ ရောက်လာပြီ။ ဒါနဲ့ ကျွန်တော်နိုးလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျဲကျဲကြီး လင်းနေရုံမက နာရီကြည့်လိုက်တော့လ ၇ နာရီတောင်ထိုးနေပြီ။ ညဦးတုန်းက ကျွန်တော့်ကို ခပ်စောစောနိုးဖို့ သူငယ်ကလေးကို မှာထားရက်နဲ့ မနိုးကောင်းလေလားလို့ စိတ်တခပ်ဆိုးဆိုးနဲ့ အိမ်ပေါ်ကဆင်းလာတော့ အိမ်အောက်ထပ်မှာ ဘယ်သူမှ မတွေ့ရဘူးခင်ဗျ။ ခေါ်ကြည့် တော့လဲ ဘယ်သူမှမထူးဘူး။ မီးဖိုဆောင် ကြည့်လိုက်တော့လဲ ဘယ်သူမှ မရှိဘူး။ ဒါနဲ့ တံခါးဖွင့်ပြီး သူ့အခန်းထဲ ဝင်ကြည့်တော့ သူ့အိပ်ရာလဲ ဒီအတိုင်းပဲခင်ဗျ။ အိပ်ရာခင်း တွန့်ခြင်း၊ ခြင်ထောင်ချခြင်း မရှိလေတော့ ညကတည်းက သူ မအိပ်ဘူးဆိုတာ သိရတယ်။

''နောက်ဆုံးတော့ ဒီလို ခင်ဗျ၊ ဦးထွန်းကျော်ရော၊ ထမင်းချက်တဲ့လူရော၊ ကောင်လေးရော ည တွင်းချင်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြရော ဆိုပါတော့ ခင်ဗျာ။ ဘယ်သူ့မှ အစအန မတွေ့ရတော့ပါဘူး။ ဒါနဲ့ ကျွန်တော်လဲ ကျွန်တော့်ကားကလေးနဲ့ ပြန်မောင်းပြေးလာခဲ့ပါရောခင်ဗျာ''

ရှား။ ။(သဘောကျဟန်နှင့် ရယ်မောလျက်) ''ဆန်းပါပေ့ဗျာ။ ကြုံရခဲ့တဲ့ အဖြစ်အပျက် ကလေးပါပေပဲ။ ဒါ့ထက် ဒီနောက် ခင်ဗျား ဘာများ လုပ်သေးသလဲဗျာ''

မင်း။ ။''လမ်းရောက်တော့ မခံချင်စိတ် ပေါ်လာတာနဲ့ တခါပြန်လှည့်ပြီး ဒီအိမ်ရှင်ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို စုံစမ်းတယ်။ ချစ်တီးတယောက်ပိုင်တယ်ဆိုလို့ သူ့အိမ်သွားပြီး သူ့အိမ် ငှားသမားတွေ အိမ်လခ မပေးပဲ ထွက်ပြေးကုန်ကြပြီလို့ ကျွန်တော်က သတင်းပေးခဲ့သေးတယ်။ ဒီတော့ ချစ်တီးက တလအတွက် ကြိုတင်ပေးထားပြီးလို့ ကိစ္စမရှိကြောင်း ပြောရာမှာ ကျွန်တော့်အဖို့သာပြီး မတွေးတတ်အောင် ဖြစ်သွားတယ်။

တတိယအကြိမ်

www.burmeseclassic.com



"အိမ်လခတွေ ပေးစရာရှိလို့ တိတ်တိတ် ထွက်ပြေးတယ်ဆိုတဲ့ တွေးလုံးဟာလဲ မကိုက်အောင် ဖြစ်သွားပါရောခင်ဗျာ။ နောက်ဆုံးတော့ မှော်ဘီပြန်လာခဲ့ပြီး ကျောင်းအုပ်ကြီး ဦးဘသင်ကို ဒီအဖြစ်အပျက် ပြောပြပါတယ်။

"ဦးဘသင်ကလဲ ဦးထွန်းကျော်ကို သူကောင်းကောင်း မကျွမ်းနိုးပါဘူးတဲ့။ မိတ်ဆွေတယောက်က မိတ်ဆက်ပေးတာနဲ့ သူ့အိမ်ကို နှစ်ခါသုံးခါလာလို့ တွေ့ဖူးတာပါပဲတဲ့။ ဒီတော့ ဦးစံရှားဆီကို ကြေးနန်းရိုက်မေးပြီး ဦးစံရှားက လာနိုင်တယ်ဆိုလို့ ကျွန်တော်လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်သိသလောက်တော့ဖြင့် ဒါပါပဲ။ ဦးထွန်းကျော် သေပြီဆိုတဲ့အကြောင်းကိုလဲ ခုနင်က အင်စပက်တော်မင်း ပြောလို့ ကျွန်တော်ကြားရပါတယ်။ ကျွန်တော်ပြောသမျှတွေဟာ အမှန်ချည်းပါပဲ။ အပိုတလုံးမှ မပါရပါဘူး"

သောင်း။ ။"ယုံကြည်ပါတယ်။ ကျွန်တော်တို့ယုံကြည်ပါတယ်။ ခင်ဗျား ပြောခဲ့သမျှတွေဟာ ကျွန်တော်တို့ စုံစမ်းသိရှိသားတာတွေနဲ့ အားလုံး ကိုက်ညီနေပါတယ်။ ဒါထက် နေပါဦးခင်ဗျ။ မနေ့ညတုန်းက ဦးထွန်းကျော်ဟာ ထမင်းစားနေတုန်းမှာ စာတစောင်ရလို့ ဖတ်ပြီးတဲ့နောက် အဲဒီစာကို ဘယ်နှယ် လုပ်လိုက်သလဲ ခင်ဗျာ"

မင်း။ ။ကျွန်တော်ထင်တာတော့စားပွဲ အံဆွဲထဲကို ထိုးထည့်လိုက်လေသလား။သြော် မဟုတ်ဘူး ခင်ဗျားရေ့။ကျွန်တော်သိပြီ။အပိုင်းပိုင်းအစိတ်စိတ်ဖြစ်အောင်ဆုတ်ပြီးမှ အံဆွဲထဲ ပစ်ထည့်လိုက်တယ်ခင်ဗျ"

ဖေ။ ။"ဘယ့်နှယ်လဲ ဦးဘသောင်း"

ထိုအခါ ဦးဘသောင်းသည် စက္ကူစုတ်ကလေးများ ကပ်ထားသည့်စာရွက်ကို အိတ်ထဲမှ ထုတ်၍ ကျွန်တော်တို့အား ပြလေရာ အောက်ပါအတိုင်း ရေးသားထားသော စာလုံးများကို တွေ့ကြရလေ၏။

အစိမ်းနှင့် အဖြူ။ အစိမ်း ဖွင့်၊ အဖြူ ပိတ်။ ဒုတိယ အထပ်။
အက္ကလတ်ခန်းဆီး အစိမ်းရောင်။ အောင်ပါစေ။

သန်း

ယင်းစာလုံးများမှာ စက္ကူအစုတ်ကလေးများပေါ်တွင် တဖွဲ့စီ တခြမ်းစီ တင်လျက်ရှိသည် ဖြစ်ရာ ယင်းတို့ကို စာတရွက်ပေါ်တွင် အစီအစဉ်နှင့် ကပ်ထားသဖြင့် ဖတ်ရှုနိုင်ခြင်းဖြစ်ပေ၏။ အခြား စက္ကူ တရွက်တွင်လည်း ထိုနည်းအတူ စက္ကူစုတ်ကလေးများ ကပ်လျက်ပါရှိလာလေရာ စာလုံးများမှာ

'ဦးထွန်းကျော်၊ နန္ဒဝန်အိမ်၊ တိုက်ကြီးမြို့' ဟူ၍ပါရှိသဖြင့်အထက်ပါစာကိုထည့်ပေးသောစာအိတ် စုတ်ပင်ဖြစ်ကြောင်း သိနိုင်ပေ၏။ အတွင်းကစာမှာ မိန်းမလက်ရေးနှင့်တူ၍ ခပ်ချွန်ချွန်ရှိသော ဖောင်တိန်နှင့် ရေးသားဟန်ရှိသော်လည်း စာအိတ်မှ စာလုံးများမှာ ခပ်တုံးတုံးရှိသော ကလောင်သွားဖြင့် အခြား တယောက်က ရေးထားခြင်းဖြစ်သည်ဟု သိနိုင်ပေ၏။

အဘယ်ကြောင့်ဆိုသော် လက်ရေးနှင့်တကွ မင်ကျမင်နတို့မှာ အတွင်းစာနှင့် အပေါ် စာအိတ်တို့ တခြားစီ ရှိနေသောကြောင့်ပေတည်း။

ရှား။ ။"ခင်ဗျား ဘယ်ပုံတွေ့ခဲ့သလဲ"

သောင်း။ ။"ခုနင်က ဦးအောင်မင်းပြောတဲ့အတိုင်းပါပဲ။ အံဆွဲဖွင့်ကြည့်လို့ စက္ကူစုတ် အစ အနုကလေးတွေ တွေ့လေတော့ စာရွက်တမျိုးစီ ဖြစ်နေတာနဲ့ စက္ကူနှစ်ရွက်ပေါ်မှာ တခြားစီ နေရာကျအောင် စီစဉ်ပြီး ကပ်လာခြင်းဖြစ်ပါတယ် ဆရာကြီး ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"တော်တယ်ဗျို ဒီလူ။ ဒီလိုမှပေါ့ဗျ။ စာအိတ်ကျောဘက်က ချိပ်တံဆိပ်တွေ ဘာတွေ နှိပ်လို့ပါကလား"

သောင်း။ ။"ဟုတ်တယ်ဆရာ။ ဝမ်းဘဲဥပုံ တံဆိပ်ပဲဆရာ။ စာလုံးတော့ မပါဘူး"

ရှား။ ။"ဒါကတော့ မဆန်းပါဘူးဗျာ။ ရှပ်အင်္ကျီ လက်ကြယ်သီးနဲ့ နှိပ်ထားတာနဲ့ တူပါတယ်။ ဒါထက် စက္ကူက တရွက်လုံးမဟုတ်ဘူးဗျ။ တပိုင်းညှပ်ယူထားတာ တွေ့တယ်ဟုတ်လား။ ညှပ်ထားပုံကြည့် လိုက်စမ်း။ ကတ်ကြေးအဖြောင့် မဟုတ်ဘူးဗျ။ ဝိုက်ဝိုက်သွားတာ တွေ့တယ်ဟုတ်လား။ ဒီဖလာက် စက္ကူ တိုတိုကလေးမှာ နှစ်ခါတောင် ရွှေ့ညှပ်ရပြီး ကတ်ကြေးရာဟာ ခပ်ဝိုက်ဝိုက် ဖြစ်နေတာကို တောက်ခြင်း အားဖြင့် ဘိုများ လက်သည်းညှပ်တဲ့ ကတ်ကြေးကောက်ကလေးမျိုး ဖြစ်ရမယ်လို့ ဆိုနိုင်တယ်ဗျာ"

သောင်း။ ။"ကိုယ့်ကိုယ်ကို တော်တော် စေ့စပ်လှပြီလို့ အောက်မေ့တာ။ ဆရာကြီးကိုတော့ မမီသေးပေဘူး ခင်ဗျာ။ ဒါကြောင့်လဲ ကျော်ကြားပေတာကိုး ခင်ဗျ"

ထိုအတောအတွင်း၌ ဦးအောင်မင်းသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိရာမှ ဂဏှာမညိမ်ဖြစ်နေ လေ၏။

မင်း။ ။"ဒီစာကလေး တွေ့ခဲ့တာဟာ ကျွန်တော်ပြောတဲ့ စကားကို ထောက်ခံရာကျလို့မို့ တော်ပါသေးရဲ့ခင်ဗျာ။ သို့သော်လဲ ဦးထွန်းကျော်နဲ့ သူ့အိမ်သားများဟာ ဘယ်လိုနည်းနဲ့ ပျောက်သွား ကြပြီး ဦးထွန်းကျော်ဟာ ဘယ်ပုံသေရတယ် ဆိုတာ မကြားရသေးဘူး ခင်ဗျာ"

သောင်း။ ။"ဦးထွန်းကျော်မှာတော့ သူ့အိမ်နဲ့ တမိုင်လောက်ကွာတဲ့ နေရာမှာ သူ့အလောင်းကို ဒီကနေ့မနက် တွေ့ရပါတယ်။ သူ့ဦးခေါင်းမှာ သဲအိတ်လိုဟာမျိုးနဲ့ ရိုက်ထားသလို ဒဏ်ရာအထင်အရှား မရှိပဲနဲ့ အတွင်းကြေ ကြေနေတာကို တွေ့ရပါတယ်။ အလောင်းတွေ့တဲ့ နေရာဟာက လူနေအိမ်ခြေမရှိ တောစပ်ကလေးလို ဖြစ်နေပါတယ်။ လက္ခဏာမှာတော့ သူ့ကို နောက်ကစပြီး ပထမတချက် ရိုက်လိုက်ပြီ တဲ့နောက် လဲနေရာမှာ ထပ်ကာ ထပ်ကာ ဆင့်ရိုက်ထားတာနဲ့ တူပါတယ်။ ရိုက်ထားပုံကြည့်ရခြင်းအားဖြင့် တော်တော်ရန်ငြိုးကြီးတဲ့ လက္ခဏာ ရှိပါတယ်။ ခြေရာလဲ မတွေ့၊ ဘယ်လို သဲလွန်စမှလဲ မတွေ့ရပါဘူး"

ရှား။ ။"ပစ္စည်းများကော လုယူထားတာ တွေ့ရသေးသလား"

သောင်း။ ။"လုလိုတဲ့ အကြံအစည်ရှိဟန် မတူပါဘူး။ လက်ပတ်နာရီရော၊ ပိုက်ဆံအိတ်ကလေး ရော အလောင်းမှာ တွေ့ရပါတယ်"

မင်း။ ။"သိပ်ကြောက်စရာ ကောင်းပါကလားဗျ။ အမှန်အတိုင်းကတော့ ညကြီးသန်းခေါင်မှ ဦးထွန်းကျော် ထွက်သွားပြီး ရိုက်သတ်ခံရတဲ့အလုပ်ဟာ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူးခင်ဗျာ။ ဒီအမှုမှ ကျွန်တော်နဲ့ပတ်သက်တယ်လို့ ခင်ဗျားတို့က ဘာ့ကြောင့် ထင်နေကြရတာလဲ"

သောင်း။ ။"ပတ်သက်ဆို ဒီလိုဗျ။ သူ သေမယ့်ညမှာ ခင်ဗျားက သူနဲ့တွေ့အောင် လာခဲ့ပါမယ် လို့ ချိန်းလိုက်တဲ့ စာလေးဟာ သူ့အိတ်ထဲမှာ တွေ့ထားတာကိုးခင်ဗျ။ ခင်ဗျားရေးလိုက်တဲ့စာကို စာအိတ် တကွ တွေ့ရလို့မို့ အလောင်းဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို နေရပ်နဲ့တကွ ကျွန်တော်တို့ သိရပ တယ်။ သိရလို့ ဒီကနေ့မနက် ၉ နာရီလောက်မှာ သူ့အိမ်ကို ကျွန်တော်တို့ ရောက်သွားတော့ ခင်ဗျားရေ ဒိပြင် အိမ်သားတွေရော တယောက်မှ ကျွန်တော်တို့ မတွေ့ရပါဘူး။ ဒါနဲ့ ကျွန်တော်က ခင်ဗျားကို ရန်ကု မှာရှာထားဖို့ ကိုအုန်းဖေဆီ ကြေးနန်းရိုက်လိုက်ပြီး ကျွန်တော်ကိုယ်တိုင် သူ့အိမ်ကို သေသေချာချာ ကြည့်တယ်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။(ထိုင်ရာမှထလျက်) "ကိုင်း မိတ်ဆွေ၊ စကားပြောနေကြလို့ အလုပ်မပြီးပေဘူး။အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ကြရလိမ့်မယ်။ ဒီက မိတ်ဆွေကြီး ဦးအောင်မင်းကလဲ တဆိတ်သောက် ဌာနာကို လိုက်ပြီး ပြောစရာ ရှိသမျှကို သေသေချာချာ စာနဲ့ရေးပြီး မှတ်တမ်းတင်ဦးမှ ဖြစ်လိမ့်မယ်"

မင်း။ ။"လိုက်ဆို လိုက်ရပမှာပေါ့ခင်ဗျာ။ သို့သော် ဒီကမိတ်ဆွေကြီး ဦးစံရှားကလဲ ကျွန်တော့်ကို ပစ်မထားပါနဲ့ခင်ဗျာ။ ကျွန်တော့်ကို အမှုသည်အဖြစ်နဲ့ သဘောထားပြီး ကုန်ကျသမျှ စရိတ်အတွက် ကျွန်တော်က အားလုံး တာဝန်ယူပါတယ် ခင်ဗျာ"

ရှား။ ။(ဦးဘသောင်းကို လှမ်းကြည့်လျက်) "ဦးဘသောင်းကလဲ ဒီအမှုမှာ ကျုပ်နဲ့တွဲဖက်ပြီး အလုပ်လုပ်ကြမယ်ဆိုယင် ကန့်ကွက်စရာ မရှိပါဘူး ဟုတ်လား"

သောင်း။ ။"မကန့်ကွက်ပါဘူးဆရာကြီးခင်ဗျာ။ ရောမ ဂုဏ်ကြီးတခုလို့ ကျွန်တော် ယူဆပါတယ်"

ရှား။ ။"ခင်ဗျား လုပ်ပုံကိုင်ပုံတွေ ကျုပ် တွေ့ရတာ အင်မတန် စနစ်တကျရှိပြီး ဇိုးဇိုးဇတ်ဇတ် ရှိပါပေတယ်ဗျာ။ ဒါထက် နေပါဦးဗျာ။ ဦးထွန်းကျော် သေဆုံးတာဟာ ဘယ်အချိန် ဘယ်နာရီ လောက်မှာလို့ ပြောနိုင်လောက်တဲ့ သဲလွန်စလေးမျိုး မတွေ့ရပေဘူးလားဗျာ"

သောင်း။ ။"မနေ့ညက နာရီပြန်တချက်လောက်မှာ မိုးကလေး တဖျောက်ဖျောက် ကျတယ် ဆရာကြီးရဲ့။ အခလောင်းအောက်က မြေကြီးမှာ ရေမစိုပဲ ခြောက်နေတာ တွေ့ရလေတော့ မိုးမရွာမီက သူ့ကိုရိုက်သတ်ထားကြောင်း ထင်ရှားတယ်။ ဒါကြောင့်မို့ မနေ့ညက နာရီပြန်တချက်မထိုးမီ ဦးထွန်းကျော်သေတယ်လို့ ကျွန်တော် သိရပါတယ်"

ရှား။ ။"တော်ပြီးယင်း တော်ယင်းကိုးဗျ ကိုယ့်လူက"

မင်း။ ။"မဟုတ်သေးပါဘူးထင်တယ်ခင်ဗျ။ တခုမှားနေပါပြီ။ မနေ့ညက ကျွန်တော့်အခန်းမှာ ဦးထွန်းကျော် လာရပ်ပြီး စကားပြောတော့ နာရီပြန်တချက် ထိုးလုနေပြီ ခင်ဗျားကြီးတို့ရဲ့"

ရှား။ ။(ပြုံးလျက်) "မမှားပါဘူးလေ။ ခင်ဗျားပြောတာလဲ ဟုတ်၊ ဦးဘသောင်းပြောတာလဲ ဟုတ်၊ သိပ်ပြီး ရှုပ်လှတဲ့အမှုမျိုး မဟုတ်ပါဘူး ထင်ပါဗျာ။ သို့သော် ကျုပ်ကိုယ်တိုင်က ထင်မြင်ချက် မပေးမီ သိသင့်သိထိုက်တဲ့ အချက်ကလေးတွေကို စုံစုံလင်လင် သိအောင်လုပ်ဖို့ လိုသေးတယ်ဗျ။ ဒါထက် နေပါဦးဗျ ဦးဘသောင်း၊ ဟိုအိမ်ထဲဝင်ရှာတော့ ဒီစာအပြင် ထူးထူးခြားခြား ဘာများ တွေ့ခဲ့ရသေးသလဲဗျာ"

ဦးဘသောင်းသည် မျက်နှာထားတမျိုးနှင့် ဦးစံရှားအား လှမ်းကြည့်ပြီးနောက်

သောင်း။ ။"ဟုတ်ကဲ့။ အင်မတန် ထူးခြားတာကလေး တချက်နှစ်ချက် ကျွန်တော် တွေ့ရပါသေးတယ်။သို့သော် ဌာနာမှာ ကျွန်တော့်အလုပ်ကလေး ပြီးစီးတော့မှ ဆရာကြီးကိုယ်တိုင်လိုက်ပြီး ထင်မြင်ချက် ပေးစမ်းပါဦး ဆရာကြီး ခင်ဗျာ"

ရှား။ ။"ကောင်းလှပါပြီဗျား"

ဦးအောင်မင်းနှင့် ပုလိပ်အရာရှိ နှစ်ယောက်တို့ ဆင်းသွားကြသည့်နောက် ဦးစံရှားသည် ကြေးနန်းတစောင်ကို ရေး၍ သူငယ်ကလေးအား ကြေးနန်းရုံးသို့ စေလွှတ်လိုက်လေ၏။ ထိုနောက် ဦးစံရှားသည် ထုံးစံအတိုင်း ပက်လက်ကုလားထိုင်ပေါ်၌ မှိုက်ဘာ ဆေးတံကိုဖွာယင်း စဉ်းစားစိတ်ကူးလျက် ရှိလေ၏။ နောက်ဆုံး၌ ကျွန်တော့်ဘက်သို့ ဆတ်ကနဲ လှည့်လျက်

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။ "ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ခင်ဗျား ဘယ်လိုထင်သလဲဗျ"

ကျွန်။ ။ "ကျွန်တော်ဖြင့် ဘယ်လိုမှ မထင်ဟတ်သေးပေါင် ခင်ဗျာ"

ရှား။ ။ "လူသတ်မှုဆိုတာကော ဘယ်လို ထင်သလဲဗျ"

ကျွန်။ ။ "သူ့တပည့်တွေရော ပျောက်သွားကြပုံ ထောက်တော့ ဦးထွန်းကျော် သေရတဲ့ ကိစ္စမှာ သူတို့ပါတယ်လို့ ကျွန်တော် တွေးမိတာပဲ"

ရှား။ ။ "ဟုတ်ကဲ့။ ဒီသို့တွေးမယ်ဆို တွေးစရာပ။ သို့သော် ခင်ဗျားတခု စဉ်းစားကြည့်ဖို့က ဦးထွန်းကျော်ရဲ့ တပည့်နှစ်ယောက်ဟာ ဦးထွန်းကျော်ကိုသတ်ဖို့ ကြံစည်တယ်ဆိုယင် ဒီပြင်ညတွေမှာ မလုပ်ကြပါပဲနဲ့ အိမ်မှာ ဧည့်သည်ရောက်နေတဲ့ညမှာမှ လုပ်ကြဘယ်ဆိုတော့ နည်းနည်းမဟုတ်ဆန်းဘူးလားဗျာ"

ကျွန်။ ။ "ဒါဖြင့် ဘာကြောင့် ထွက်ပြေးကြရသလဲဗျာ"

ရှား။ ။ "ဟုတ်ပေတယ်။ ဘာ့ကြောင့် ထွက်ပြေးကြရသလဲလို့ မေးထိုက်ပါပေတယ်။အဲဒီအိမ်မှာ ကျုပ်တို့လူ ဦးအောင်မင်း ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကလဲ ခပ်ဆန်းဆန်း။ သို့သော် အစေခံတွေ ပျောက်သွားတာရယ်၊ ဦးအောင်မင်း ကြုံခဲ့ရတာတွေရယ် အားလုံးညီညွတ်အောင် လူ့ဉာဏ်နဲ့ ကြံဖန်ပြီး စိတ်ကူးနိုင်ကောင်းပါသေးလားဗျာ။ စိတ်ကူးတဲ့နေရာမှာ အတော်ကလေး ဆန်းဆန်း ရေးထားတဲ့ စာကိုပါ သူ့နေရာနဲ့သူ နေရာကျအောင် စိတ်ကူးနိုင်ယင်ဖြင့် အတော်ဟန်ကျပြီလို့ ဆိုနိုင်ဖို့ ရှိတာပဲ။ ဒီနောက် ပေါ်ပေါက်လာတဲ့ အဖြစ်အပျက်ကလေးတွေပါ ချိန်ထိုးကြည့်လို့ အားလုံး ကိုက်ညီနေတာ တွေ့ရတယ် ဆိုယင်ဖြင့် အဲဒီစိတ်ကူးဟာ တကယ့်အဖြေမှန်ပဲလို့ လက်ခံကြရမှာပဲ ကိုသိန်းမောင်"

ကျွန်။ ။ "စိတ်ကူးပုံ အခြေခံလေး လင်းစမ်းပါဦးခင်ဗျာ"

ဦးစံရှားသည် ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ မျက်လုံးမဖွင့်တဖွင့်နှင့် ဆေးတံကို တချက်တချက် ဖွာလျက်

ရှား။ ။ "ခိုင်လုံတဲ့ အခြင်းအရာတခုကို အခြေခံပြုပြီး ကျုပ်တို့ စဉ်စားကြမယ်ဆိုယင် ဒီကိစ္စဟာ တယောက်နဲ့တယောက်ပြောင်လှောင်ကျီစယ်တဲ့ကိစ္စ မဟုတ်ဘူးဆိုတာတော့ သေသေချာချာ ကျုပ်တို့ ယူဆနိုင်တယ်။ လူတယောက် သေလောက် ပျောက်မလောက်အောင် ကျီစားဖို့ မဖြစ်နိုင်ဘူး။ ဒီအမှုမှာ တော်တော် နက်နဲတဲ့ ရည်ရွယ်ချက်တခုရှိကြောင်း ထင်ရှားတဲ့အပြင် ဦးအောင်မင်းကို နန္ဒဝန်အိမ် ရောက်အောင် ဖြားယောင်းခေါ်ယူခြင်းဟာလဲ ဒီကိစ္စနဲ့ ပတ်သက်တယ်လို့ ဆိုရလိမ့်မယ်"

ကျွန်။ ။ "ဘယ်ပုံဘယ်နည်း ပတ်သက်တာလဲဗျာ"

ရှား။ ။ "နေဦးဗျာ။ သံကြိုးက ကွင်းဆက်များလို တကွင်းစီ အဆက် ရှာကြည့်ကြရအောင်။ ပထမအချက်က ကျောင်းဆရာဟောင်း လူရိုးကြီးဦးအောင်မင်းနဲ့ လူသတ်တယောက်ဖြစ်တဲ့ဦးထွန်းကျော်နဲ့ ရုတ်တရက်မိတ်ဆက်ဖြစ်ကြတယ်ဆိုတာ တော်တော်ထူးဆန်းတယ်ဗျ။ ဒီအကြံဟာ ဦးထွန်းကျော်ရဲ့ အကြံနဲ့ တူတယ်။ ကျောင်းအုပ်ကြီးအိမ်မှာ သူတို့နှစ်ယောက် ဆုံမိကြပြီးနောက် မျှားမကြာမီအတွင်း ဦးထွန်းကျော်ရဲ့အိမ်ကို ဦးအောင်မင်းက ညဥ့်အိပ်ညဥ့်နေ သွားပြီး လည်ပတ်တယ် ဆိုတာဟာ ဦးထွန်းကျော် ဖလှယ်လိုက်တဲ့ ကိစ္စပဲလို့ ကျုပ်တွေးမိတယ်။ ကောင်းပြီ။ ဒီတော့ကာ ဦးထွန်းကျော်ဟာ ဦးအောင်မင်းနဲ့ ပတ်သက်ပြီး ဘာများ အလိုရှိသလဲတဲ့။ ဦးအောင်မင်းက ဘာများပေးနိုင်ပါသလဲတဲ့။ ဦးအောင်မင်းဟာ ခင်ဗျား တွေ့ရတဲ့အတိုင်း လူရှင်ကြီးတယောက် မဟုတ်လှဘူးဗျ။ ခပ်ခြောက်ခြောက် လူထဲက မဟုတ်လား။ အမှန်အတိုင်းဆိုယင် ဦးထွန်းကျော်လို လူတယောက်က ဦးအောင်မင်းလို လူတယောက်ကို လိုက်လိုက်လျောလျောကြီး ပေါင်းသင်းချင်လှမယ် မဟုတ်ပေဘူး။


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ။ ဒါဖြင့် ဦးထွန်းကျော်ဟာ လူတွေအများကြီး ရှိကြတဲ့အနက်က ဦးအောင်မင်းကို ဘာ့ကြောင့် ရွေးထုတ်ပြီး ပေါင်းရသတဲ့လဲ။ ဦးအောင်မင်းမှာ ဘယ်လို ထူးခြားတဲ့အချက် ရှိပါသတဲ့လဲ။ ကျုပ်မျက်စိထဲမှာတော့ ရှိဘယ်ဗျ။ ဒီလူဟာ တရားခွင်မှာ သက်သေအဖြစ်နဲ့တင်ပြလိုက်ရယင် တရားသူကြီး လုပ်တဲ့လူက မြင်မြင်ချင်း မဟုတ်တဲ့စကားကို ပြောမယ့်လူတယောက် မဟုတ်ဘူးလို့ ချက်ချင်းယူဆရလောက်တဲ့ လူဘယောက်ပဲဗျ။ သူ့ရဲ့မျက်နှာနဲ့ ဟန်အမူအရာ ဝတ်စားဆင်ယင်ပုံတို့ကပါ ဘွင်းဘွင်းကြီး သက်သေခံနေကြသလို ဖြစ်နေတဲ့ လူတယောက်ပဲဗျ။ ဒါကြောင့် ကိုအုန်းဖေရော၊ ဦးဘသောင်းရော ဦးအောင်မင်း ပြောတဲ့စကားကို မယုံသင်္ကာမရှိကြပဲ တခါတည်းလက်ခံသွားကြတာကို ခင်ဗျားကိုယ်တိုင် တွေ့လိုက်ရတယ် မဟုတ်သား"

ကျွန်။ ။"နေပါဦးဗျာ။ ဦးအောင်မင်းက ဘာကို သက်သေခံရမှာလဲဗျာ"

ရှား။ ။"ခုတော့ သက်သေခံစရာ အလုပ်လဲ မရှိတော့ဘူး လေဗျာ။ သို့သော် တနေ့ရာရာမှာ တခုခုဖြစ်သွားလို့ဟာကိုးဗျ။ ဦးထွန်းကျော်စီစဉ်ထားတဲ့အတိုင်းဆိုယင်တော့ ဦးအောင်မင်းဟာ ရုံးတော်မှာ သက်သေခံစရာ တခုခု ဧကန္တ ရှိရမယ်လို့ ကျုပ်ယူဆထားတယ်"

ကျွန်။ ။"ကျွန်တော် ရိပ်မိပြီဗျို့။ ဒီနေ့၊ ဒီရက်၊ ဒီအချိန်၊ ဒီနာရီမှာ ဦးထွန်းကျော်ဟာ ဦးအောင်မင်းနဲ့ အတူတကွ ရှိနေပါတယ်ဆိုတာမျိုး မဟုတ်လားဗျ"

ရှား။ ။"အစစ်ပဲ ကိုသိန်းမောင်၊ ဦးထွန်းကျော်က သူလုပ်ချင်တာ လုပ်ခဲ့ပြီး အဲဒီအချိန်မှာ ဦးအောင်မင်းနဲ့အတူရှိပါတယ်လို့ သက်သေပြချင်လို့ဟာပေါ့ဗျ။ ဥပဒေလိုတော့အလီဘိုင်ခေါ်တာပေါ့ဗျ"

ကျွန်။ ။"ဇော်တော် ကြိုတင်ပြီး ဉာဏ်ဆင်ထားတဲ့ အလုပ်ပါကလားဗျာ"

ရှား။ ။"မှန်တယ် ကိုသိန်းမောင်၊ ပြီးတော့ ကျုပ်တို့ တချက်ထည့်ပြီး စဉ်းစားကြည့်ကြဦးစို့။ ဦးထွန်းကျော်ရဲ့ တပည့်နှစ်ယောက်ဟာ ကြံရာပါများ ဖြစ်တယ်ဆိုကြပါစို့။ သူတို့အကြံဟာ ဘာလဲဆိုတော့ သူတို့ လုပ်ရမယ့်အလုပ်ကို မနေ့ညက နာရီပြန်တချက်မထိုးမီ ပြီးစီးအောင်လုပ်ကြဖို့ စီမံထားဟန် တူတယ်။ ကျုပ်ခတွေးပုံက ဦးထွန်းကျော်ဟာ နာရီကို တမျိုးတမည် ဖလှယ်ထားပြီး ဦးအောင်မင်းကို အိပ်ရာ ခပ်စောစော ဝင်စေဟန်တူတယ်။ အမှန်အတိုင်း ၁၀ နာရီခလောက် ရှိသေးပေမယ့် ၁၁ နာရီ ထင်ရအောင် နာရီကို ဖလှယ်ထားထင်ပါရဲ့။ နောက်ဆုံးမှာ ဦးအောင်မင်းရဲ့ အခန်းဝလာပြီး နာရီပြန်တချက်ထိုးလုပြီလို့ ပြောသေးဆို မဟုတ်လားဗျ။ အဲဒီတော့ အမှန်အတိုင်းမှာ ၁၂ နာရီလောက် ရှိဦးမလားမဆိုနိုင်ဘူး။ ဒီတော့ တနာရီလောက် အချိန်ဦးထားတဲ့အတွက် ဦးထွန်းကျော်ဟာ သူလုပ်စရာရှိတဲ့ အလုပ်ကို တနာရီအတွင်း ပြီးစီးအောင်လုပ်ပြီးပြန်ရောက်နိုင်ခဲ့လို့ရှိယင် ဦးအောင်မင်းကဒီအချိန်မှာ ဦးထွန်းကျော်ဟာ သူနဲ့အတူတကွ အိမ်မှာ ရှိနေပါတယ်လို့ သက်သေခံနိုင်မယ် မဟုတ်ဘူးလားဗျာ"

ကျွန်။ ။"ဒါတော့ ကျွန်တော်ရိပ်မိပါပြီ။ သို့သော် အစေခံနှစ်ယောက် ပျောက်သွားတာက ကောဗျာ"

ရှား။ ။"အဖြစ်အပျက်ကို စေ့စုံအောင် ကျုပ်မသိသေးဘူးဗျ။ သိရတဲ့အခါကျတော့ ကျုပ်မတွေးတတ်လောက်အောင် ခက်ခဲနက်နဲတဲ့အချက်ရယ်လို့ ရှိမယ်မထင်ပါဘူး။ အလုံးစုံမသိရသေးမီ ကြိုတင်ပြီး ကောက်နုတ်ချက်တုတ်ခြင်းဟာ နည်းစနစ်မမှန်ကြောင်းကို ကျုပ် ခဏခဏ ပြောဖူးတယ်မဟုတ်လား။ အစုံအလင် မသိရသေးပဲနဲ့ ကောက်နုတ်ချက်ထုတ်ပြီဆိုမှဖြင့် ကိုယ့်ခတွေးလုံးနဲ့ မကိုက်ကိုက်အောင် အတင်းဆွဲသွင်းနေရတာနဲ့ အလွဲလွဲအချော်ချော် ဖြစ်ကုန်တတ်တယ်ဗျ"

ကျွန်။ ။"စက္ကူစုတ်ကလေးတွေ ဆက်စပ်ယူရတဲ့ စာကကောဗျာ။ လုပ်စမ်းပါဦး"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"အစိမ်းနဲ့ အဖြူတဲ့၊ ဟုတ်လား။ ဒါက မြင်းပွဲမှာ ဂျော်ကီဝတ်ထားတဲ့အင်္ကျီနဲ့ပတ်သက်သလိုလိုပဗျာ။ 'အစိမ်းဖွင့်၊ အဖြူပိတ်'ဆိုတာကတော့ အချက်ပေးတာနဲ့ တူပါရဲ့ဗျ။ 'တတိယ အထပ်၊ သက္ကလတ်အစိမ်းရောင်'ဆိုတာကတော့ တနေရာ ညွှန်းထားတဲ့ သဘောပဲ။ မျှောက်မ ထားတဲ့ ကိစ္စများ ဖြစ်နေမလား မသိဘူး။ 'အောင်ပါစေ'ဆိုတဲ့ စကားလုံးကို ထောက်ကြည့်ရတော့ အတော်ကြီး ခဲယဉ်းတဲ့ ကိစ္စတခုကို ဆောင်ရွက်ရခြင်းဖြစ်လို့မို့ ထမြောက်အောင်မြင်စေဖို့ ဆုတောင်းတဲ့သဘောပဲ။ 'သန်း'ဆိုတာကတော့ ရေးသူရဲ့ နာမည်အတိုကောက်နဲ့ တူရဲ့။ သို့သော် နောက်ထပ်ပြီး ဆီသင့်သလောက် မသိရသေးပဲ ဒီအကြောင်းကို သိပ်ပြီး နက်နက်ကြီးတွေးနေလို့ မဟန်သေးဘူးထင်တယ် ကိုသိန်းမောင်"

× × ×

မျှားမကြာမီအတွင်း ဦးစံရှား ရိုက်ကြားထားသော ကြေးနန်းနှင့်ပတ်သက်၍ ပြန်ကြားလိုက်သော ကြေးနန်းတစောင် ဆိုက်ရောက်လာလေရာ ဦးစံရှားသည် ကြေးနန်းစာကို ဖတ်ကြည့်ပြီးနောက် ကျွန်တော့်ထံသို့ ပစ်ပေးလိုက်သဖြင့် ဖတ်ကြည့်သည်တွင် အောက်ပါ အမည်စာရင်းကို တွေ့ရလေ၏။

စူလတန်မာမွတ်၊ ဈေးအရှေ့ဘက်။
လင်ရိတ်ချောင်၊ တရုတ်တန်း။
ဒေါ်ခင်ညွန့်၊ ဈေးတောင်ဘက်။

ဦးဘာသူ၊ ဈေးအနောက်ဘက်။

ကျွန်။ ။"ဒီဟာတွေက ဘယ်နှယ်ဟာတွေလဲဗျ"

ရှား။ ။"ရှာလို့ လွယ်ကူအောင် စာရင်းတောင်းထားလို့ ပြန်ရိုက်လိုက်တဲ့ ကြေးနန်းပဲကိုးဗျ။ ဦးဘုသောင်းကတော့ ဟိုအရပ်ကလူမို့လို့ ဒီဟာတွေကို သူသိပြီးသား ဖြစ်နေမှာပဲ"

ကျွန်။ ။"ကျွန်တော် ကောင်းကောင်း သဘောမပေါက်သေးပါဘူးဗျာ"

ရှား။ ။"ဒီလို ကိုသိန်းမောင်ရဲ့၊ ထမင်းစားတုန်းမှာ ဦးထွန်းကျော်ရတဲ့စာဟာက အညွှန်းသော်လည်းကောင်း၊ တွေ့ဆုံဖို့ချိန်းလိုက်တဲ့နေရာသော်လည်းကောင်း ဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်။ 'တတိယထပ်' ဆိုတဲ့စကားကို ထောက်ခြင်းအားဖြင့် ဒီအဆောက်အအုံဟာ အနည်းဆုံး သုံးထပ်ဖြစ်ရမယ် မဟုတ်လား။ ပြီးတော့လဲ ဦးထွန်းကျော်ဟာ သူစီစဉ်ထားတဲ့ အတိုင်းဆိုယင် နာရီပြန်တချက်လောက်အတွင်း သူ့နေရာကို သူပြန်ရမှာ ဖြစ်လေတော့ ချိန်းလိုက်တဲ့နေရာဟာ သိပ်အဝေးကြီးမဟုတ်နိုင်ဘူး။ တိုက်ကြီးမြို့အတွင်းမှာပဲ ဖြစ်ရမယ်လို့ ကျုပ်ယူဆတယ်။ ဒါကြောင့်မို့ တိုက်ကြီးမြို့မှာရှိတဲ့ ကျုပ်မိတ်ဆွေတယောက်ဆီကို ကြေးနန်းရိုက်ပြီး မေးလိုက်တယ်။ ဒီကြေးနန်းဟာက တိုက်ကြီးမြို့မှာရှိတဲ့ သုံးထပ်တိုက်ရှင်များရဲ့ နာမည်နဲ့ နေရပ်တွေပဲ ကိုသိန်းမောင်ရဲ့။ ဒီတော့ကာ ကျုပ်တို့လူ ဦးထွန်းကျော်သွားလိုတဲ့နေရာဟာ ဒီစာရင်းထဲမှာ ပါတဲ့ တိုက်ထဲက တတိုက်တိုက်ဖြစ်ရမှာပဲ။ မဟုတ်လားဗျာ"

× × ×

ကျွန်တော်နှင့် ဦးစံရှားတို့သည် ဌာနာအုပ်မင်း ဦးဘသောင်းနှင့်အတူ လိုက်ပါသွားကြ၍ တိုက်ကြီးမြို့သို့ ဆိုက်ရောက်ကြသောအခါ ဌာနၗ မတည်းခိုပဲ တရုတ်လူမျိုးတယောက် ဖွင့်လှစ်ထားသည့် တည်းခိုဌာနတခုသို့ ပစ္စည်းကလေးများနှင့်တကွ ရောက်သွားကြလေ၏။ နေရာတကျရှိပြီးသည့်နောက် ကျွန်တော်တို့သည်

www.burmeseclassic.com


ဦးဘသောင်းနှင့်အတူ နန္ဒဝန်နေအိမ်သို့ သွားရောက်ကြည့်ရှုကြလေရာ ထိုအချိန်မှာ နေဝင်ရီးရီဖြစ်၍ချမ်းအေးသော မြောက်လေကလေး တသုတ်သုတ် တိုက်ခတ်လျက် ရှိသည်ဖြစ်သောကြောင့် ကျွန်တော်တို့သည် အလွန် ချမ်းအေးသော အညာဒေသအတွက် ချုပ်လုပ်ထားသည့် လောင်းကွတ်အင်္ကျီ ကိုယ်စီဝတ်ဆင်ခဲ့ကြရလေ၏။

နန္ဒဝန်အိမ်မှာ ကျယ်ပြန့်သော ဝင်းကြီးအတွင်း ပိန္နဲပင်များ လွှမ်းမိုးထားသည့် တိုက်ခံအိမ် ဖြစ်လေရာ လမိုက်သောရက်ဖြစ်၍ သစ်ပင်ရိပ်တို့သည် မည်းမှောင်သောနေအိမ်ကို သာ၍မည်းမှောင်အောင် ဖုံးကွယ်ထားသည် ဖြစ်သောကြောင့် ခပ်လှမ်းလှမ်းမှ မြင်လိုက်ရလျှင်ပင် စိတ်နှလုံးကို ပျင်းခြောက်ငြီးငွေ့ခြင်း ဖြစ်စေနိုင်ပေတော့သည်။ အိမ်၏ လက်ဝဲဘက်၌ရှိသော ပြတင်းပေါက်တခုမှ စားပွဲတင်မှန်အိမ်တလုံး၏ အလင်းရောင်သည် တရုတ်ကတ်အကြားမှ ပေါ်ထွက်လျက်ရှိသည်ဖြစ်၍ အစင်စင်းရှိသော ခြံဝင်းကြီး၏ မည်းမှောင်သောအဖြစ်ကို ပို၍ ထင်ရှားအောင် ဖော်ပြထားသကဲ့သို့ ရှိလေတော့၏။

သောင်း။ ။ "အိမ်ထဲမှာ ပုလိပ်ဘယောက်အစောင့်ချထားတယ်ဆရာကြီး" ဟုပြော၍ အပေါ်သို့တက်ခဲ့ပြီးလျှင် တံခါးကိုဖြည်းညှင်းစွာ ခေါက်လိုက်လေရာ မီးအိမ်အနီးရှိ ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိသော ပုလိပ်သားသည် ရုတ်တရက် ခုန်ထ၍ အလန့်တကြား အသံထွက်စေပြီးနောက် တံခါးပေါက်သို့လာ၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လေ၏။

သောင်း။ ။ "ဘာဖြစ်တာလဲကွ ငါလူ"

ထိုအခါ ပုလိပ်သားသည် နဖူးတွင်စီးလျက်ရှိသောချွေးဥကလေးများကို လက်ကိုင်ပဝါနှင့် သုတ်ကာ ပင့်သက်ရှူရလေ၏။

လိပ်။ ။ "ဆရာတို့ ရောက်လာတာ ကျွန်တော် ဝမ်းသာလိုက်တာခင်ဗျာ။ ကိုယ့်ကိုယ်ကို တော်တော် သွေးကောင်းတယ် မှတ်တာ။ တယ်မဟုတ်လှဘူး ဆရာရေ့"

သောင်း။ ။ "ဘာများ ထူးထူးခြားခြား မြင်ရ ကြားရလို့လဲကွ ဘသီရ"

သီ။ ။ "အိမ်ရှင်သေပြီး လူမနေတဲ့အိမ်ဆိုတော့ သွေးကို လန့်နေတယ် ဆရာရေ့။ ဆရာက တံခါးခေါက်လိုက်တော့ တခါလာပြန်ပြီကိုးလို့ အောက်မေ့မိတယ်"

သောင်း။ ။ "တခါလာပြန်ပြီဆိုတော့ စောစောက လာဖူးလို့လားကွ"

သီ။ ။ "လာဖူးတယ် ဆရာ"

သောင်း။ ။ "ဘယ်သူ လာတာတုန်း၊ ဘာ လာတာတုန်းကွ ဘသီရ"

သီ။ ။ "တစ္ဆေပေါ့ဆရာ။ ပြတင်းပေါက်က လာခြောက်တယ် ဆရာရဲ့"

သောင်း။ ။ "ဘယ်တုန်းကလဲကွ"

သီ။ ။ "နေပင်ရီတရောတုန်းက ဆရာရဲ့။ ကျွန်တော်က ထိုင်ပြီး သတင်းစာဖတ်နေတုန်း စိတ်ထဲက မော့ကြည့်ချင်လွန်းလို့ ပြဘင်းပေါက်ဆီ လှမ်းကြည့်လိုက်တော့ ကျွန်တော့်ကိုကြည့်နေလိုက်တဲ့ မျက်နှာကြီးဟာ ဆရာရယ်မပြောပါနဲ့တော့။ ကျွန်တော်ဖြင့် အိပ်မက်တမက်ထဲ မက်နေတော့မှာပါ၊ ဒီတော့မှ မဖြစ်ချေဘူးဆိုပြီး ပါလာတဲ့ ရဲဆေးပုလင်းထဲက တဝက်လောက် မော့ချလိုက်ရတယ် ဆရာ"

သောင်း။ ။ "တော်အောင် မပြောပါနဲ့ ဘသီရာ။ မင်းက မူးပြီး မြင်ချင်တာတွေ မြင်နေတာ ထင်ပါရဲ့ကွာ"

သီ။ ။ "သေခြင်းဆိုးနဲ့ သေရပါစေ့ဆရာ၊ တစက်မှ ကျွန်တော် မထိပါဘူး။ မျက်နှာကြီး မြင်လိုက်တော့မှ ကျွန်တော်သောက်တာပါ ဆရာ"

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။''ဘယ်လိုမျက်နှာမျိုးလဲကွယ့်၊ ပြောစမ်းပါဦး''

သီ။ ။''မျက်နှာကြီးဟာ စကောလောက်ရှိတယ် ခင်ဗျ။ ဖြူဖြူလဲမဟုတ်၊ မည်းမည်းလဲမဟုတ်၊ ဘယ်လိုအရောင်ခေါ်ရမယ် ကျွန်တော်မသိဘူး။ မွဲခြောက်ခြောက်ကြီးပဲ ခင်ဗျ။ မျက်လုံးကြီးနှစ်လုံးဖြူးပြီး သွားဖြဲပြလိုက်တာ ကျွန်တော်က ယန္တြပြီး အော်လိုက်တော့မယ် လုပ်တော့မှ ဖြုန်းဆို ပျောက်သွားတယ် ခင်ဗျ။ ဒီတော့မှ ကျွန်တော်က တောအရက်ပုလင်းကိုမော့ချပြီး သူ့နောက်လိုက်ကြည့်သေးတယ်။ ဘာမှ မတွေ့ရဘူး ခင်ဗျ''

သောင်း။ ။''တန့်ပါကွယ် ဘာသီရယ်။ ဒီဇာတ်ကြီးမှာ တစ္ဆေခြောက်တယ်လို့ မရှိနိုင်ပါဘူး။ မင်းစိတ်က မင်းကို ခြောက်နေတာပါကွာ''

သီ။ ။''ကျွန်တော်လား။ မခြောက်ခင်တုန်းက နည်းနည်းမှမကြောက်ဘူး။ ယုံလဲ မယုံပါဘူး။ အဟုတ်ခြောက်တော့မှ ကြောက်လာတာပါ''

သောင်း။ ။''အေး၊ တကယ်မခြောက်တော့ မကြောက်ဘူး။ ခြောက်တယ်ထင်တော့ ကြောက်တယ်။ ငါနားလည်ပါပြီ။ ဘယ်မှာလဲ မင်းသတ္တိ''

သီ။ ။''အမှန်ပြောရမှာဖြင့် ကျွန်တော်မကြောက်ဘူးဆိုတာ တကယ်ခြောက်လိမ့်မယ် မထင်လို့ မကြောက်တာကိုး ဆရာရဲ့''

ထိုခဏ၌ ဦးစံရှားသည် အပြင်သို့ထွက်၍ လက်နှိပ်ဓာတ်မီးနှင့် ပြတင်းပေါက် အနီးအပါးတဝိုက်တွင် ထိုးကြည့်ပြီးနောက်

ရှား။ ။''ဟုတ်တယ် ဦးဘသောင်းရေ့၊ နည်းတဲ့ခြေရာကြီးတွေမဟုတ်ဘူး။ ခြေရာနဲ့လိုက်အောင် မျက်နှာကြီးရမယ် ဆိုယင်ဖြင့် စကောလောက်ဆိုတာ မများလှဘူးဗျ။ သို့သော် တစ္ဆေဆိုတာ ခြေရာထင်နိုင်ရဲ့လားဗျာ''

သောင်း။ ။''ဘယ်က ဘယ်ပျောက်သွားသလဲ ဆရာကြီး''

ရှား။ ။''ဟိုဘက်က ချုံတွေထဲ ပျောက်သွားတာပဲဗျ''

သောင်း။ ။(မျက်နှာပိုးသတ်လျက်)''ကိုင်း တစ္ဆေပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ အခု သူမရှိတော့ဘူး ဟုတ်လား။ ကျွန်တော်တို့အလုပ် ကျွန်တော်တို့လုပ်ကြစို့။ ဒါထက် ဆရာကြီးကို ဒီအိမ်ကျွန်တော် လိုက်ပြရဦးမယ်။ လာ ဆရာကြီး''

ကျွန်တော်တို့သည် အိမ်အထက်ထပ်နှင့် အောက်ထပ်တို့ကို စေ့ငုအောင် လိုက်လံကြည့်ရှုကြလေရာ စားပွဲ ကုလားထိုင်စသော အိမ်ထောင်မှုများမှာ အိမ်ရှင်၏ပစ္စည်းဖြစ်၍ အိမ်ငှားသူ၏ ပစ္စည်းဆိုရှိမူကား စာအုပ်အနည်းငယ်နှင့် တရောတခု၊ အဝတ်ဟောင်းအချို့တို့ကိုသာ တွေ့ကြရလေ၏။ ဦးဘသောင်းသည် လက်နှိပ်ဓာတမီးနှင့် ရှေ့ဆုံးမှလမ်းပြလျက် ကျွန်တော်တို့သည် အိမ်အပေါ်ထပ်သို့ တက်သွားကြလေရာ နောက်ဖေးချောင်၌ရှိသော အခန်းတခန်း၌ကား ထူးဆန်းသော ဝတ္ထုပစ္စည်းများကို တွေ့ကြရလေ၏။ အခန်း၏ အရှေ့တောင်ထောင့်တွင် စားပွဲဝိုင်းကလေးတခုရှိလေရာ စားပွဲအလယ်၌ကား ငှက်ပျောသီး၊ အုန်းသီးတို့ဘင် တံခွန်ကုက္ကားများ ထိုးစိုက်ထားသည့် ကန်တော့ပွဲတခုရှိ၍ ယင်းကန်တော့ပွဲကို မှီလျက်ရှိသော ဝတ္ထုပစ္စည်းမှာကား သာ၍ပင် ထူးဆန်းလှပေ၏။

ပထမ၌ ကျွန်တော်တို့သည် အရုပ်ကလေးတခု မှတ်ထင်သဖြင့် အလွယ်တကူ ကိုင်တွယ်ကြည့်ရှုမည် ပြုမိသေး၏။ သေချာစွာ ကြည့်ရှုကြသောအခါတွင်မူကား အချိတ်ထဘီ၊ ခါးတောင်အင်္ကျီ စသည်တို့ကို ဝတ်ဆင်အာ ရင်ဘတ်တွင် ပဝါတလေးစည်းလျက် ဆံပင် ဖားလျားချထားသော မိန်းမရုပ် (လူခြောက်



www.burmeseclassic.com

www.burmeseclassic.com



ကလေး) တခုသည် စားပွဲပေါ်၌ ခြေဆင်းကာ ကန်တော့ပွဲကိုမှီလျက် ထိုင်နေသည်ကို တွေ့ကြရလေ၏။ မျက်နှာနှင့်တကွ တကိုယ်လုံးမှာခြောက်သွေ့ရှုံ့တွလျက် ရှိသောကြောင့် နက်တက်တက်အရောင် ရှိလေရာ ဆံပင်မှာမူကား နဂိုအတိုင်းမဟုတ်ပဲ လူတို့ပြုပြင်၍ ကော်နှင့်ကပ်ပေးထားခြင်း ဖြစ်ဟန်တူသည်။ တခုလုံးမှာ တမိုက်ခန့်ထက် မပိုသော်လည်း မှိတ်ထားသော မျက်လုံးများမှတပါး နားရွက်၊ နှာခေါင်း၊ ခြေ၊ လက်၊ နှုတ်ခမ်းစသော အင်္ဂါများမှာ ထင်ရှားပီသစွာရှိနေသည်ကို တွေ့ကြရပေ၏။ ဦးဘသောင်းမှာမူ ယင်းအခန်းတွင်းသို့ ဝင်ကြည့်ဖူးသည့် လက္ခဏာနှင့် ကျွန်တော်တို့၏ အံ့ဩသောမျက်နှာများကိုသာလျှင် ပြုံးစိစိနှင့် ကြည့်နေလေ၏။

ထို့နောက် ဦးဘသောင်းသည် စားပွဲအောက်သို့ လက်နှိပ်ဓာတ်မီးကို ထိုးပြလိုက်ပြန်လေရာ မြင်ရသော အရာများမှာလည်း အံ့ဖွယ်ရာပင်ဖြစ်၏။ အကြောင်းမူကား ဖွေးဖွေးဖြူသော ငှက်တကောင်၏ ခြေထောက်၊ တောင်ပံ၊ လည်ပင်း၊ ဦးခေါင်း၊ ရင်အုပ် စသော ကိုယ်အင်္ဂါများမှာ ခါးနှင့် ခုတ်ဖြတ်ထားခြင်း မဟုတ်ပဲ တကောင်လုံးကို အရှင်လိုက် ငပိုင်းစီ တဖွဲစီဖြစ်အောင် ဆွဲထုတ ဖျက်ဆီးထားသည့် လက္ခဏာနှင့် သွေးများသည် ယင်းအင်္ဂါအစိတ်အပိုင်းတို့တွင် အနှံ့အပြား လူးကပ် လိမ်းကျံလျက်ရှိသည်ကို တွေ့မြင်ကြရသောကြောင့်ပေတည်း။

ရှား။ ။(ဦးခေါင်းကို ကောက်ယူလျက်) "ဗျိုင်းပဲဗျို့ ဒီဟာ။ သာယာဝတီ ဗျိုင်းဆိုတာ ဒါပဲဗျို့။ ဆန်းပါပေ့ဗျာ။ တကယ့်ကို စိတ်ဝင်စားဖို့ကောင်းကဲ့ အမှုပါပေပဲ"

သောင်း။ ။"နေဦး ဆရာကြီးရဲ့၊ ရှိသေးတယ်"

နောက်ဆုံး၌ ဦးဘသောင်းသည် စားပွဲဝိုင်းကလေး အနီး၌ရှိသော ကြွေဇလုံတလုံးနှင့် စဉ့်အင်တုံတလုံးကို ယူပြလေရာ ဇလုံထဲ၌ သွေးများပြည့်လုမတတ်ရှိ၍ အင်တုံထဲ၌ မီးလောင်ကျွမ်းထားဟန်တူသော အရိုးများကို တွေ့ကြရလေ၏။

သောင်း။ ။"ဒီအရိုးတွေကို ဆရာဝန်တယောက် ကျွန်တော်ပြကြည့်တော့ လူရိုးမဟုတ်နိုင်ဘူးလို့ ပြောတယ် ဆရာကြီးရဲ့"

ရှား။ ။"တော်ပါပေ့ဗျာ။ ခင်ဗျား လုပ်ပုံကိုင်ပုံတော့ ကျုပ် သိပ်သဘောကျတာပဲ။ ရာထူးနဲ့ မလိုက်အောင် တကယ်တော်တဲ့ လူတယောက်ပါပဲဗျာ"

ဦးဘသောင်းမှာ နိုင်ငံကျော်ကြားလျက်ရှိသောဦးစံရှား၏ ချီးကျူးခြင်းခံရသည့်အမျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်သည့် လက္ခဏာ ရှိပေ၏။

သောင်း။ ။"တောနယ်က ပုလိပ်အရာရှိဆိုတာ အမှုဆန်း အမှုကောင်း ကြုံခဲလေတော့ တခုတလေ ကြုံရတဲ့အခါမှာ နာမည်ကောင်းရအောင် ကြိုးစားနေတာပါပဲ ဆရာကြီး။ ဒါထက် ဒီအရိုးတွေကို ဆရာကြီး ဘယ်လို သဘောရပါသလဲ"

ရှား။ ။"သိုးရိုးဖြစ်မလား၊ ဆိတ်ရိုးဖြစ်မလား၊ တခုခုပဲလို့ ကျုပ်တွေးမိတယ်"

သောင်း။ ။"ဗျိုင်းကောင်ကကော ဆရာကြီး"

ရှား။ ။"ဆန်းပ ဗျာ၊ သိပ်ဆန်းတာပဲ။ ဒါမျိုး ဒီတခါပဲ ကျုပ် ကြုံရဖူးတယ်"

သောင်း။ ။"ဟုတ်တယ်ဆရာကြီးရဲ့။ တော်တော်ဆန်းကျယ်တဲ့လူတွေ နေသွားတဲ့အိမ်ပဲ။ သူတို့အထဲက တယောက်တော့သေရှာပြီ။ သူ့တပည့်များရဲ့ လက်ချက်ပဲလားတော့ မပြောနိုင်ဘူး။ ဟုတ်ခဲ့လို့ရှိယင် သူတို့ကိုရှာဖို့ သိပ်မခဲ့ယဉ်းတန်ပါဘူး။ သို့သော်ကျွန်တော့်အယူအဆနဲ့တော့ သိပ်မကိုက်လှဘူး ဆရာကြီးရဲ့"

ရှား။ ။"ဒါဖြင့် ခင်ဗျားမှာ တွေးပြီးသား တခုခု ရှိနေပြီပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com

သောင်း။ ။"ဆိုပါတော့ ဆရာကြီး။ သို့သော် တပည့်ကြီးလဲ ကိုယ့်နည်းကလေးနဲ့ကိုယ် လုပ်ပါရစေ။ ဆရာကြီးမှာတော့ နာမည်ရပြီးဖြစ်လို့ သိပ်အရေးမကြီးပေမယ့် နာမည်မရသေးတဲ့ ကျွန်တော်တို့လိုပါမှားတော့ ကြိုးစားနိုင်မှ ကျော်ကြားနိုင်မှာကိုး ဆရာကြီးရဲ့။ ဒါကြောင့် ဆရာကြီးရဲ့ အကူအညီ မပါပဲ ကျွန်တော့်နည်းနဲ့ကျွန်တော် အလုပ်လုပ်လို့ အောင်မြင်တယ်ဆိုတဲ့ နာမည်ထွက်လာဖို့ မျှော်လင့်နေပါတယ် ခင်ဗျာ"

ရှား။ ။(ကျေနပ်သော အမူအရာနှင့် ရယ်မောလျက်) "ဟုတ်ပေတာပေါ့လေဗျာ။ နာမည် မရချင်တဲ့ လူရယ်လို့ ဘယ်မှာ ရှိမလဲ။ ဒီလိုသဘောထားပြီး ကြိုးစားမှလဲကြီးပွားနိုင်မှာပေါ့ဗျာ။ လုပ်ပါလေ၊ လုပ်သာလုပ်ပါ။ ကိုယ့်နည်းနဲ့ကိုယ်ပေါ့။ ကျုပ်ဆီက အကူအညီ လိုတဲ့အခါမှာ တောင်းသာတောင်း၊ ကြားလား။ ကျုပ်က ဟုတ်နိုင်သမျှ အကူအညီပေးဖို့ အဆင်သင့်ပဲ။ ကိုင်း ဒီအိမ်မှာတော့ ကျုပ် ကြည့်စရာရှိတာအားလုံး မြင်ရတွေ့ရပါပေပြီဗျာ။ တော်လောက်ပါပြီ။ 'ကျုပ်လဲ ကျုပ်နည်းနဲ့ကျုပ် တခြားမှာ အလုပ်ကလေးတွေ ရှိပါသေးတယ်။ ကိုင်း သွားလိုက်ပါဦးမယ် ဦးဘသောင်း"

ကျွန်တော်မှာ ဦးစံရှားနှင့် နှစ်ပေါင်းများစွာ တွဲဖက် ဆောင်ရွက်ခဲ့ဖူးသူ တယောက် ဖြစ်သည့်အတိုင်း ဦးစံရှား၏အမူအရာကို မြင်ရခြင်းအားဖြင့် ဤအမှုနှင့်ပတ်သက်၍ သဲလွန်စ ပုပ္ပနွေးနွေးတခု တွေ့ရှိထားကြောင်း အကဲခတ်မိပေ၏။ အခြားသူများ၏မျက်စိ၌ ဦးစံရှား၏ အမူအရာမှာ ထူးခြားခြင်း ရှိမည် မဟုတ်သော်လည်း တောက်ပသော မျက်လုံးများနှင့် ဖျတ်လတ်၍ခပ်ဆတ်ဆတ်ရှိသောကိုယ်ဟန်အမူအရာကို မြင်ရခြင်းအားဖြင့် ခြေရာကို အနံ့ခံ၍လိုက်သော အမဲလိုက်ခွေးသည် လတ်လတ်ဆတ်ဆတ် ချထားခဲ့သော ခြေရာသစ်တခုကို တွေ့ရသောအခါ ဦးခေါင်းကို အထက်သို့ မြှော်ကာ တချက်နှစ်ချက် ရှုရှိုက်ပြီးနောက် သွက်သွက်လက်လက် ဆက်သက်၍ လိုက်တတ်ပြန်သည်။

ထိုကဲ့သို့ ဦးစံရှားမှာလည်း အလားတူသော အမူအရာမျိုး ပေါ်ပြလျက် ရှိသည်ကို ကျွန်တော် တွေ့မြင်ရပေ၏။ သို့ရာတွင် ဦးစံရှားသည် သူ၏ထုံးစံအတိုင်း မသေချာမီ ဖွင့်ဟ ပြောဆိုခြင်းမပြုပဲရှိရာ ကျွန်တော်ကလည်း ကျွန်တော်၏ ထုံးစံအတိုင်း မေးလား မြန်းလား မပြုလုပ်ပဲ သူ၏ အရိပ်အကဲကိုသာလျှင် ကြည့်နေပေ၏။ ပါးနပ်ကျင်လည်သော လက်သောက်သည် မေးခွန်းများ ထုတ်ခြင်းအားဖြင့် ဆရာကို ဦးနှောက်ရှုပ်အောင် မလုပ်ပဲ အရိပ်အကဲကိုကြည့်၍ လိုအပ်သော အကူအညီကို ဖြတ်ကနဲ ပေးနိုင်အောင် စောင့်နေသကဲ့သို့ ကျွန်တော်သည်လည်း ထိုနည်းအတူ ပြုကျင့်ရလေတော့သည်။

ကျွန်တော်တို့သည် ဧည့်သည်များ တည်းခိုသော တရုတ်ဟိုတယ်ခန်း၌ တည်းခိုကြ၍ ဦးစံရှားမှာ ထွက်ချည်ဝင်ချည်ပြုလျက် ကျွန်တော်ကလည်း သူ့မျက်နှာကဲကိုသာကြည့်ကာ မျှော်လင့်လျက် ဘရက်ပြီး တရက် အချိန်ကုန်လွန်စေခဲ့ကြသည်ဖြစ်ရာ တနေ့သ၌ ရန်ကုန်ပြန်၍ ဘားနဒ်ပိဋကတ်တိုက်သို့သွားခြင်းကိုပင် ကျွန်တော့်ကို မခေါ်ပဲ တယောက်တည်းထွက်သွား၍ ပြန်ရောက်လာသောအခါမှ ကျွန်တော် သိရလေလေသည်။

အခြားသော နေ့ရက်များတွင်လည်း ဦးစံရှားသည် တကိုယ်တည်း ခရီးရှည် လမ်းလျှောက်ခြင်း၊ နယ်သူနယ်သားများနှင့် အသိအကျွမ်းဖွဲ့၍ဗဟုသုတစုဆောင်းခြင်းစသော အလုပ်များဖြင့် အချိန်ဖြုန်းလျက်ရှိရာ ကျွန်တော်မှာလည်း စာရေးခြင်း၊ စာဖတ်ခြင်းတို့ဖြင့်သာ အချိန်ကုန်လွန်စေခဲ့လေ၏။ တနေ့သ၌

ရှား။ ။"မြို့ကြီးသားဆိုတာ တခါတလေမှာ ဒီလိုမြို့ကလေးလာနေပြီး တောမကျ မြို့မကျ သူတို့ရဲ့ အသုံးအနှုန်း၊ အယူအဆ၊ အမူအရာကလေးတွေ ကြည့်ရှုမှတ်သားနေတာဟာလဲ စိတ်ဝင်စားစရာပဲဗျ"ဟု ပြောသော်လည်း ကျွန်တော်ကား သဘောမပေါက်ချေ။ ထို့ကြောင့်


www.burmeseclassic.com

www.burmeseclassic.com

ကျွန်။ ။"တမာရွက် ကြိုက်တတ်သူက မန်ကျည်းကြက်သွန်နဲ့ ငါးမြင်း ငါးပိတစ်ကို ခရမ်းချဉ်သီး နိုင်နိုင်နဲ့ချက်ပြီး တို့စားလိုက်ရပေါင် ကမင်းမြိန်လှဘယ်လို့ ပြောပေမယ့် အခါးမကြိုက်တဲ့ လူအဖို့တော့ သွားရည်မကျလှပါဘူးဆရာကြီးရယ်"ဟု ပြန်ပြောလိုက်။

တခါတရံ ဦးစံရှားသည် ကျွန်တော့်ကိုခေါ်၍ အတူတကွ လမ်းလျှောက်ထွက်သော အခါများတွင် ဌာနာအုပ် ဦးဘသောင်းနှင့် ဆုံမိတတ်ကြ၏။ ထိုအခါများ၌ ဦးဘသောင်းသည် ရွှင်ပျသော မျက်နှာထား ရှိနေသည်ကို တွေ့ရခြင်းအားဖြင့် ထိုအမှုနှင့်ပတ်သက်၍ ခြေရာကောက်မိဟန် တူသည်ဟု ကျွန်တော် အကဲခပ်မိသော်လည်း အမှုနှင့် ပတ်သက်၍မူကား တယောက်နှင့်တယောက် များစွာ ဆွေးနွေးတိုင်ပင်ခြင်း ပြုသည်ကို မတွေ့ရချေ။ တနေ့သ၌ ကျွန်တော်သည် သတင်းစာ တစောင်တွင် အောက်ပါ သတင်းကို တွေ့ရသဖြင့် အံ့သြမိလေ၏။

**တိုက်ကြီးမြို့ လူသတ်မှုတွင်**
**တရားခံကို ဖမ်းမိခြင်း။**

ဦးစံရှားသည် ကျွန်တော် ဖတ်ပြသော သတင်းခေါင်းစဉ်ကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ထိုင်ရာမှ ရုတ်တရက် ခုန်ထ၍

ရှား။ ။"အလိုဗျာ၊ ဦးဘသောင်းက တရားခံ မိသွားပြီတဲ့လား"

ကျွန်။ ။"ဟုတ်ဟန်တူတာပဲ။ နားထောင်ဗျ"

ကျွန်တော်လည်း အောက်ပါသတင်းကို ဖတ်ပြလေ၏။

"တိုက်ကြီးမြို့ နန္ဒဝန်အိမ်၌ နေထိုင်သောအသက်အာမခံကိုယ်စားလှယ် ဦးထွန်းကျော် အလောင်းကို တောစပ်ကလေးတွင် တွေ့ရှိရ၍ လက်သည်မပေါ်ပေါက်ခဲ့ကြောင်းကို ကျွန်ုပ်တို့ သတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်ရာ ထိုညက ဦးထွန်းကျော်၏ အစေခံနှစ်ယောက်တို့မှာ လည်း ကွယ်ပျောက်သွားကြောင်းနှင့်ဖော်ပြခဲ့ပြီးဖြစ်ကြောင်း၊ကွယ်လွန်သူ ဦးထွန်းကျော်၌ အဖိုးတန် ပစ္စည်းများရှိ၍ ယင်းဟို့ကို ရလိုမှုအတွက် လုပ်ကြံခြင်းဖြစ်သည်ဟု ဌာနာအုပ် ဦးဘသောင်းက မသင်္ကာသည့်အလျောက် အဆိုပါ အစေခံနှစ်ယောက်တို့ကို လျှို့ဝှက်စွာ ခြေရာခံလျက် ရှိခဲ့ကြောင်း၊ ဦးထွန်းကျော်၏ ထမင်းချက်မှာ အလွန် ထွားကျိုင်းသော လူတယောက်ဖြစ်၍ နန္ဒဝန်နေအိမ်တွင် ပစ္စည်းတစုံတခု မေ့ကျန်ရစ်သည့် လက္ခဏာနှင့် နောက်တညဲ၌ ယင်းအိမ်သို့ ပြန်လာသည်ကို ပုလိပ်အမှုထမ်း မောင်ဘသီကိုယ်တိုင် မြင်လိုက် ရသည် ဆိုကြောင်း။

ဌာနာအုပ် ဦးဘသောင်းက တရားခံသည် ထိုအိမ်သို့ တခေါက်လာခဲ့မှန်ခဲ့လျှင် နောက် တခေါက်လာရဦးမည်ဟု တွေးဆသည့်အတိုင်း ယင်းနေအိမ်ပတ်ဝန်းကျင်၌ အစောင့်များ ချထားကြောင်း၊ ဦးဘသောင်း တွေးဆချက်အတိုင်း တရားခံသည် နန္ဒဝန်အိမ်သို့ ဒုတိယ အကြိမ် လာရောက်သဖြင့် ယနေ့ညဥ့်က အစောင့်ချထားသော ပုလိပ်များ လက်တွင်းသို့ တိုးဝင်မိရာ အလွန်ကြမ်းတမ်းသူ တယောက်ဖြစ်၍ ပုလိပ်သား မောင်ဘသီ၏ လက်မ တချောင်းကိုပင် ကိုက်ဖြတ်လိုက်သေးသည် ဆိုကြောင်း၊ တရားခံမှာ ယခုအခါ အချုပ် ထောင်အတွင်း သွတ်သွင်းထားပြီးဖြစ်ရာ ဦးဘသောင်းက ထုံးစံအတိုင်း ရမန်ခံယူ၍ ဆက် လက် စုံစမ်းပြီးမှ မကြာမီ ရုံးတော်သို့ တင်ပို့စစ်ဆေးလိမ့်မည်ဟု ကြားသိရကြောင်း။"

---

တတိယအကြိမ်

www.burmeseclassic.com


ရှား။ ။"မဖြစ်ဘူးဗျို့ ကိုသိန်းမောင်၊ ဦးဘသောင်းကို ကျုပ်တို့ သွားတွေ့ဦးမှ တော်မယ်။ လာဗျာ၊ လိုက်ခဲ့ဦး"

ကျွန်တော်တို့သည် ဌာနသို့ရောက်ကြသောအခါ ဦးဘသောင်းမှာ ဌာနမှ ထွက်တော့မည်ဟု ပြင်ဆင်လျက်ရှိသည်ကို တွေ့ရလေ၏။

သောင်း။ ။"ဘယ့်နှယ်လဲ ဆရာကြီး၊ သတင်းစာထဲမှာ တွေ့ပြီးပြီလားခင်ဗျာ"

ရှား။ ။"တွေ့ရပါပြီ။ ဒါကြောင့် ကျုပ်တို့ ချက်ချင်း လိုက်လာတာပဲ။ ကျုပ် တခုပြောမယ် ဦးဘသောင်း။ ခင်ဗျား စိတ်ဆိုးမှာလား"

သောင်း။ ။"အို၊ ဘယ့်နယ်ဆရာကြီးရယ်။ ကိုယ်ဆရာသမားလိုနေပဲ့ ပုဂ္ဂိုလ်ကြီးကို ဘယ့်နှယ် စိတ်ဆိုးလို့ ဖြစ်မှာလဲခင်ဗျာ။ ဦးအုန်းဖေကိုတောင်ကျွန်တော်တို့က ဆရာတဆူအနေနဲ့ဂါရဝထားရပါတယ်။ ဦးအုန်းဖေတို့ ကိုယ်တိုင်က ဆရာကြီးကို ဆရာတင်ထားရတော့ ကျွန်တော်တို့က တပည့်ရဲ့တပည့်၊ မြေးတပည့်ပါ ဆရာကြီး ခင်ဗျား"

ရှား။ ။"ပြောပုံကတော့ သိပ်စကားလှတာပဲ။ ဒီလိုလေဗျာ ဦးဘသောင်းရဲ့၊ ဒီအမှုကို ကျုပ် ကိုယ်တိုင် စိတ်ဝင်စားပြီး လိုက်နေတယ်ဗျ။ ဖွင့်ပြောရယင် ခင်ဗျားစီမံထားပုံဟာ တယ်ပြီး ကျုပ်သဘော မကျလှဘူးဗျာ။ ကိုယ့်ဟာကိုယ် သိပ်သဘောကျပြီး ဖမ်းလားဆီးလား လုပ်မိယင် တော်တော်ကြာတော့ လက်လွန်ကုန်ပြီး နာမည်ပျက်တတ်တယ်ဗျ။ အထက်လူကြီးဆိုတာမျိုးဟာ ငယ်သားက နေရာကျယင် သူတို့ကပါဝင်ပြီး အချီးမွမ်းခံချင်တတ်တယ်။ တပည့်က လွဲကုန်လို့ဟန်မရပြီဆိုမှဖြင့် ထမင်းရေ ပူလာတော့ လျှာလွှဲ ဆိုတာမျိုးလို သူတို့က အသာဖယ်နေပြီး ခံစရာရှိတော့ တပည့်သာ ခံရတတ်တယ်ဗျ"

သောင်း။ ။"ဆရာကြီး ပြောတာတော့ ကျွန်တော် သဘောကျပါတယ်"

ရှား။ ။"ခင်ဗျားကို ကောင်းစေချင်လို့ ကျုပ်က သတိပေးရတာပဲဗျာ"

ဦးဘသောင်းသည် ဦးစံရှား၏ စကားကို နှုတ်ဖြင့်သော်လည်း မပြုသော်လည်း ယင်း၏ အမှုအရာ မူကား ပြုံးစိစိရှိသလို ကျွန်တော်ထင်လိုက်မိ၏။

သောင်း။ ။"ဆရာကြီး စေတနာကို ကျွန်တော် နားလည်လို့လေးစားပါတယ်ဆရာကြီးခင်ဗျား။ သို့သော် ကိုယ့်နည်းနဲ့ကိုယ် အလုပ်လုပ်ကြဖို့ သဘောတူကြပြီး ဖြစ်တဲ့အတိုင်း"

ရှား။ ။"ကောင်းလှပါပြီဗျာ။ တော်တော်ကြာတော့ သတိမပေးကောင်းလားလို့ ကျုပ်ကို အပြစ်မတင်ပါနဲ့"

သောင်း။ ။"မတင်ပါဘူးဆရာကြီး၊ ကျွန်တော် ကျေနပ်ပါတယ်။ သောပိုင်းက ပုလိပ်ဟာလဲပဲ သူ့နည်းကလေးနဲ့သူ ရှိချင် ရှိတတ်ပါတယ် ဆရာကြီးခင်ဗျား"

ရှား။ ။"ဟုတ်ပါပေ့ဗျာ။ ကိုင်း တော်လောက်ပါပြီဗျာ။ ဒီအကြောင်း စကားဖြတ်ကြပါစို့"

သောင်း။ ။"ဟုတ်ပမလား ဆရာကြီး၊ ဒါနဲ့ ဒီအကောင်အကြောင်း ပြောရဦးမယ်။ ဆိုးလိုက်ကြမ်းလိုက်တဲ့အကောင် ဆရာကြီးရယ်။ ဘသိရဲ့ လက်မကို ကိုက်လိုက်တာ တဲတဲကလေး ကျွန်တော်တယ် ခင်ဗျာ့။ ပြတ်လုမတတ်ပဲ။ မေးလို့လဲ ဘာမှမပြောဘူး။ အံသွားကြီး တကြိတ်ကြိတ်နဲ့ လုပ်နေတာပဲ"

ရှား။ ။"ဒီကောင်က သူ့ဆရာကို သတ်တယ်ဆိုတာ လုံလောက်တဲ့ သက်သေခံ ရှိသလား"

သောင်း။ ။"ကျွန်တော် ဒီလို မပြောရပါကလား ဆရာကြီးခင်ဗျာ။ ကိုယ့်နည်းနဲ့ကိုယ် ပြောထားတဲ့အတိုင်း အလုပ်လုပ်ကြပါစို့ ဆရာကြီးခင်ဗျာ"

ထိုနောက် ကျွန်တော်တို့သည် ဦးဘသောင်းနှင့် ခွဲခွာခဲ့ကြ၍ လမ်းခရီးတွင်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။ဦးဘသောင်းဆိုတဲ့ လူတယောက် ကျုပ်ကောင်းကောင်း နားမလည်ပါဘူးဗျာ။ ကိုယ့်လူတော့ အရှက်ကွဲဖို့ လမ်းခင်းနေတာနဲ့ တူတာပဲ။ သို့သော် သူ့စကားအတိုင်း ကိုယ့်နည်းနဲ့ ကိုယ်ပေါ့လေဗျာ။ အဆုံးသတ်တော့ ဘယ်လိုသတ်ကြမလဲ ကြည့်ကြသေးတာပေါ့။ သို့သော်လဲပဲ ဒီလူရဲ့ အမူအရာကို ကျုပ် ကောင်းကောင်းကြီး နားမလည်အောင် ဖြစ်နေတယ်ဗျာ"

ဟိုတယ်သို့ ရောက်ကြသောအခါ ဦးစံရှားသည် ကျွန်တော့်အား တိုင်ပင်တော့မည့်ဟန်နှင့် ဆေးတံကို ဆေးထည့်၍ မီးညှိသောရာ ကျွန်တော်လည်း မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်လျက် နားစွင့်နေ၏။

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ ဒီကနေ့ည ခင်ဗျား အကူအညီတောင်းရမှာဖြစ်လို့မို့ ဖွင့်တန်သလောက်ဖွင့်ပြီး တိုင်ပင်ရဦးတော့မှာပဲ။ ဒီအမှုက အမြင်အားဖြင့် သိပ်ပြီး မရှုပ်လှပေမယ့် တရားခံကို မိအောင်ဖမ်းဖို့နေရာမှာတော့ အခက်အခဲကလေးတွေ မသေးလှဘူးဗျ။ ကွင်းဆက်လို တခုနဲ့တခုဆက်ပြီး စဉ်းစားထားပေမယ့် ကောင်းကောင်းကြီး မစပ်မိသေးတဲ့ ကွက်လပ်ကလေးတွေ ကျန်နေသေးတယ်ဗျ။ ဦးထွန်းကျော် သေမယ့်ခနက သူရတဲ့ စာကလေးကြောင်းကို တခါထပ်ပြီး ဆွေးနွေးကြဦးစို့ဗျာ။ ဦးထွန်းကျော်ကို သူ့တပည့်များ သတ်တယ်ဆိုတဲ့ ဦးဘသောင်းရဲ့ အယူအဆကို ခဏကလေး ဖယ်ထားလိုက်ကြဦးစို့ရဲ့။ ဘာကြောင့်လဲဆိုတော့ ဦးအောင်မင်းကို ဟိုညတုန်းက သူ့အိမ်လာအိပ်ဖို့ ဖန်တီးတဲ့သူက သူ့တပည့်တွေမဟုတ်ဘူး။ ဦးထွန်းကျော်ကိုယ်တိုင် ဖန်တီးခဲ့တာဗျ။ သူ့တပည့်များက ဦးထွန်းကျော်ကို လုပ်ကြံဖို့ အကြံအစည် မရှိရိုးမှန်ယင် ဦးအောင်မင်းကို ဒီအိမ်လာဖို့ ဖန်တီးဘယ်ဆိုတာ အဓိပ္ပာယ် မရှိဘူး"

ကျွန်။ ။"သူ့တပည့်များက လုပ်ကြံလိမ့်မယ်ဆိုတာကို ရိပ်မိတဲ့အတွက် ဦးထွန်းကျော်က ဦးအောင်မင်းကို အိမ်မှာ လာအိပ်ဖို့ ဖန်တီးတယ်လို့ကော မဖြစ်နိုင်ဘူးလားဗျာ"

ရှား။ ။"ဒါလဲ ယုတ္တိရှိပေါင်ဗျာ။ကိုယ့်လုပ်ကြံမယ်ထင်ယင်ဦးအောင်မင်းလိုလူကိုခေါ်ထားလို့ ဘာအကျိုးရှိမှာလဲဗျ။ ပုလိပ်နဲ့ ဘာနဲ့ တိုင်ပင်ပြီး စီမံထားရောပေါ့၊ ခင်ဗျားဟာက အတွေးခေါင်လွန်းလှပါတယ်။ ကျုပ် ပြောဖူးတဲ့အတိုင်း ဦးထွန်းကျော်ဟာ ဒီအချိန် ဒီအခါမှာ သူ့အိမ်မှာ သူရှိနေကြောင်းကို သက်သေပြလိုတဲ့အတွက် ဟိုညက ဦးအောင်မင်းကို သူ့အိမ်မှာ အိပ်စေဖို့ဖန်တီးခြင်းဖြစ်ဟန်တူပါတယ်။

"ကျုပ်ယူဆချက်က ဦးထွန်းကျော်ဟာ အဲဒီညမှာ ရာဇဝတ်ပြစ်ဒဏ် မကင်းတဲ့ အလုပ်တခုလုပ်ဖို့ အကြံအစည် ရှိတဲ့အတွက် ဦးအောင်မင်းကို သူ့အိမ်မှာရှိနေအောင် ဖန်တီးထားပြီး အဲဒီအကြံအစည် အတိုင်း ဆောင်ရွက်ရာမှာ အသက်ဆုံးရှုံးခြင်းဖြစ်တယ်လို့ ဆိုတယ်။

"ရာဇဝတ် အပြစ်ဒဏ် မကင်းတဲ့ အကြံအစည်မျိုးဆိုတာက ဘာကြောင့်လဲဆိုတော့ရာဇဝတ်ပြစ်ဒဏ် မကင်းတဲ့အလုပ်မျိုးမို့လို့သာ သက်သေတွေ ဘာတွေ ပြနိုင်ဖို့ စီစဉ်ရမှာကိုးဗျ။ ဘုရားရှိခိုးသွားချင်တဲ့လူဖြင့် သက်သေပြနေဖို့ ဘာလိုမှာလဲ။ ကောင်းပြီ၊ ဒါဖြင့် ဦးထွန်းကျော်ရဲ့အသက်ကို ဘယ်လိုလူက သတ်မလဲတဲ့။ ဦးထွန်းကျော်ကို ကြံစည်တဲ့လူ သို့မဟုတ် လူများကပဲ သတ်တယ်လို့ ယူဆရလိမ့်မယ်။ ဒီလောက်အထိတော့ ကျုပ်တို့ အယူအဆဟာ ခိုင်လုံတယ်လို့ မဆိုသာင့်ဘူးလားဗျာ"

ကျွန်။ ။"ဟုတ်ကဲ့၊ ဆိုသင့်ပါဗျာ"

ရှား။ ။"ဒီလိုဆို ဦးထွန်းကျော်ရဲ့တပည့်များ ပျောက်သွားခြင်းဟာ ဦးထွန်းကျော်ကိုသတ်မိတဲ့ အတွက် သူတို့ဟာ ဦးထွန်းကျော်နဲ့ ကြံဖော်စည်ဘက်များဖြစ်တယ်လို့ ဆိုရပေလိမ့်မယ်။ အကယ်၍ သူတို့ အကြံအစည် ထမြောက်ခဲ့လို့ရှိယင် သူတို့အားလုံး အခြေမပျက်ပြန်လာပြီး ဦးအောင်မင်းရဲ့ သက်သေခံချက်


www.burmeseclassic.com

www.burmeseclassic.com



အရ သူတို့အပေါ်မှာ အမှုမပတ်ပဲ ကွင်းလုံးကျွတ်လွတ်ဖို့ပဲ။ သို့သော် ဘေးအန္တရာယ်မကင်းတဲ့အလုပ်မျိုး ဖြစ်လေတော့ အလုပ်လုပ်ယင်းပဲ ဦးထွန်းကျော် အသက်ဆုံးရဟန် တူတယ်။နို့ပေမယ့် မတော်တဆ ဒီလို ဖြစ်ယင် တပည့်များက ကနေရာရာမှာ ပုန်းအောင်းပြီး မူလအကြံအစည်ကို ဆက်လက်ဆောင်ရွက်ဖို့ စီစဉ်ထားကြသေးသလား မဆိုနိုင်ဘူး။ ကိုင်း၊ အဲဒီလို မဖြစ်နိုင်ပေဘူးလားဗျာ''

ဦးစံရှားက ဤကဲ့သို့ပြောပြသည့်အခါ ကျွန်တော်၏စိတ်ထဲတွင် အဖြစ်အပျက်များသည် ကွင်းကွင်းကွက်ကွက် ရှင်းထွက်လာ၍ ကျွန်တော်ကိုယ်တိုင် အဘယ်ကြောင့် ဤကဲ့သို့ မစဉ်းစားမိပဲ ရှိရလေသနည်းဟူ၍ပင် ထုံးစံအတိုင်း အံ့သြမိလေ၏။

ကျွန်။ ။''ဒါဖြင့် ဟိုတယောက်က ဘာကြောင့် ပြန်လာရသလဲဗျာ''

ရှား။ ။''ကတိုက်ကရိုက် ထွက်သွားမိကြလို့ အရေးကြီးတဲ့ ပစ္စည်းတခုခု ကျန်ရစ်ခဲ့တဲ့အတွက် စွန့်စားပြီး ပြန်လာတယ်လို့ ဆိုရမှာပေါ့ဗျာ''

ကျွန်။ ။''နောက်တချက်ကကော ဗျာ''

ရှား။ ။''နောက်တချက်ကတော့ ဦးထွန်းကျော်ရတဲ့ စာအကြောင်းကို စဉ်းစားရုံပဲ ရှိတယ်။ ဒီစာရပုံ ယောက်ခြင်းအားဖြင့် ဦးထွန်းကျော်နဲ့ ဟိုဘာကြီးလူစုနဲ့ အဆက်အသွယ် ပြုကြရာမှာ ဟိုဘာကြီးလူစုထဲမှာ ဦးထွန်းကျော်ရဲ့သူလျှို ရှိဟန်တူတယ်။ဒါကြောင့်မို့လို့ အချက်ပေးလိုက်ဟန်တူရဲ့၊သို့သော် ဟိုဘာကြီးက လူစုဆိုတာ ဘယ်မှာလဲတဲ့။ ကျုပ်ပြောဖူးတဲ့အတိုင်း သုံးထပ်တိုက်ကြီးတတိုက်မှာ ဖြစ်ရမှာပဲ။

''တိုက်ကြီးမြို့မှာ လေးထပ် ငါးထပ်ရှိတဲ့ တိုက်ရယ်လို့ ရှိမထင်ပါဘူး။သုံးထပ်တောင် ခပ်နည်းနည်း ရှိတာပဲ။ ကျုပ်တော့ဖြင့် ဒီမြို့ရောက်ကတည်းက ဒီတိုက်တွေမှာနေတဲ့ လူတွေအကြောင်းကို မနေမနား ကြိုးစားပြီး တောက်လျှမ်းနေတာပဲ။ ဟိုတနေ့တည်းက ရထားတဲ့ ကြေးနန်းထဲမှာပါတဲ့ တိုက်ကြီးတွေ အနက် ဈေးအနောက်ဘက်က ဦးဘာတူရဲ့တိုက်မှာ နေတဲ့လူစုကို အထူးမသင်္ကာဘူးဗျ။သူ့တိုက်က နာမည်ကတော့ ဆာတွေနဲ့ဗျ။ 'ဘုံနန်းရိပ်သာ'တဲ့။

''အဲဒီတိုက်မှာငှားနေတဲ့ ပုဂ္ဂိုလ်က ရှမ်းလိုလို၊တရုတ်လိုလိုနဲ့ အတော်ထိပ်တန်းကျတဲ့ အနေအထိုင်မျိုးနေတဲ့ လူကြီးတယောက်ဗျ။ နာမည်က ဦးဘာဟိန်တဲ့။ ခပ်ဆန်းဆန်းပဲ။ကျုပ်က ကိစ္စတခုနဲ့ ယိုးမယ်ဖွဲ့ပြီး သူ့ဆီသွားတွေ့တယ်။ တော်တော်တန်ခိုးရှိတဲ့ မျက်လုံးမျိုးဗျ။မျက်တွင်းနက်နက်နဲ့ ဟိုခလောင်ထဲကနေကြည့်တဲ့ မျက်လုံးမျိုးပဲ။ ကြည့်လိုက်ယင် စိုက်ကနဲ တန်းကနဲ နေတာပဲဗျ။ လူကလဲ လူပါးကြီးပဲ။

''ကျုပ်ကို မြင်မြင်ချင်း သူမသင်္ကာဘူးဗျ။အသက် ၅၀ နီးပါးလောက်ရှိလို့ ဆံပင် နည်းနည်း ဖြူစပြုနေသော်လဲ သူ့ရဲ့ဖျတ်လတ်ပုံ တောင့်တင်းပုံ ကြည့်ရတော့ ၄၀ ကျော်ကလေးလောက် ထင်ရတယ်။ ပြီးတော့ တခု ထူးခြားတာ ရှိသေးတယ်။ လူကတော့ လူကြမ်း၊လူထက်၊ လူရဲတယောက်ပဲ။ ထူးခြားတဲ့အချက်ကတော့ ခန့်လိုက်တဲ့လူဗျာ။ ကိုသိန်းမောင်နှယ် ဘာပြောစရာရှိမလဲ။ သူ့ကိုယ်သူ ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းကို အစိုးရတဲ့ မင်းတပါး ထင်နေလေရော့သလား မဆိုနိုင်ဘူး။ မာနကလဲ အလွန်ကြီးဗျ။ ထန်လိုက်တာသဲ လွန်လို့။ ကျုပ်မို့လို့သာပ။ တော်တော့လူဆိုယင်ဖြင့် သူဝေါက်ထုတ်တာနဲ့ ဒူးတုန်ပြီး ဆင်းပြေးခဲ့ရမှာ ဧကန်ပဲ။

''သူ့အနားမှာ အမြဲနေတဲ့ ဦးပန်းဖူးဆိုတဲ့ လူကြီးတယောက် ရှိတယ်။ နှုတ်ချိုချိုနဲ့ စကားပြောကောင်းဗျ။အင်မတန်လဲ လည်ပတ်တယ်။ဘယ်လိုတော်သလဲတော့ မဆိုနိုင်ဘူး။ဦးဘာဟိန်က ထန်လေသမျှ အဲဒီလူကြီးက လိုက်လိုက်ပြီး ဖြေဖျော်ရတယ်။ဘာအလုပ်အကိုင်နဲ့ ဘယ်လိုစားသောက်နေကြတယ် မဆိုနိုင်ဘူး။ တိုက်ကြီးတတိုက်လုံးကို ၁၅၀ နဲ့ငှားပြီး သူတပည့်တပန်းတွေနဲ့ နေကြတာပဲ။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဒီမြို့ရောက်တာတော့ သိပ်မကြာသေးပါဘူး။ တလကျော်ကျော်လောက် ရှိသေးသတဲ့။ တကယ့် မင်းစိုးရာဇာ အိမ်ကြီးမျိုး ကျနေတာပဲဗျာ။ အိမ်ထောင်မှုပစ္စည်းတော့ သိပ်မများလှဘူး။ သို့သော် သိုက်သိုက်ဝန်းဝန်းနဲ့ နေပုံထိုင်ပုံကတော့ သိပ်ခန့်တာပဲဗျာ။ ကျုပ်စုံစမ်းလို့ သိရသလောက်တော့ နန္ဒဝန် အိမ်မှာ ဦးသွန်းကျော် ရောင်းတာနဲ့ ဘိုနန်းရိပ်မြုံမှာ ဦးဘာသဟိန်တို့ ရောက်လာတာ သိပ်မကွာလှဘူးဗျ။ မရှေးမနှောင်းလို့ နေတာပဲ။ ဒီတော့ ဦးသွန်းကျော်နဲ့ ဦးဘာသဟိန်ဟာ တနည်းနည်းနဲ့ အဆက်ရှိတယ်လို့ ကျုပ်ယူဆတယ်"

ကျွန်။ ။"ဒီတိုင်းမှန်ယင်တော့ ထင်လောက်ပါရဲ့ဗျာ"

ရှား။ ။"ပြီးတော့ ဦးဘာသဟိန်မှာ ၁၃ နှစ် သားကလေး တယောက်၊ ၁၁ နှစ် သမီးကလေး တယောက်ရှိတယ်ဗျ။ ပိုက်ဆံဿတ်နိုင်တဲ့ လူမို့လို့ မိန်းကလေးတွေကို ကျောင်းမထားပဲ ဆရာမတယောက် ငှားပြီး အိမ်မှာပဲ အင်္ဂလိပ်စာရော ဗမာစာရော သင်ပေးစေတယ်ဗျ။ ဆရာမနာမည်က မနန်းစိန်တဲ့။ အသက် ၄၀ လောက် ရှိပြီ။ ပြီးတော့ လူယုံတော်လုပ်ထားတဲ့ တပည့်တယောက်လဲ ရှိသေးတယ်။ ဦးဘာသဟိန်ဆိုတဲ့ လူက ဘယ်လိုလုပ်စားထကလဲတော့ ဘယ်သူမှ အမှန်မပြောနိုင်ဘူး။ သို့သော်အရောင်းအဝယ် အလုပ်အကိုင်ရယ်လို့ မပြုနိုင်ပဲ ဟန်တလုံး ပန်တလုံးနဲ့ နေနိုင်တာကတော့ အမှန်ပဲဗျ။

"အထက်ပြည် အောက်ပြည် လှည့်သွားနေတယ်လို့လဲ ပြောကြရဲ့။ ဘာအရာရှိမှန်းလဲ မသိဘူး။ အင်္ဂလိပ်သူလျှိုလို့လဲ ပြောကြတယ်ဗျ။ အိမ်ထောင်မှု ပရိဘောဂတွေကလဲ ခေါ်ဆောင်ပစ္စည်းမျိုးချည်းပဲဗျ။ နှုန်က ပြောခဲ့တဲ့လူစုအပြင် တိုလီမိုလီခိုင်းစရာ ယောကျ်ား မိန်းမတွေကလဲ ပြည့်နေတာပဲဗျ။ လေး ငါး ခြောက်ယောက်ထက် နည်းမယ်မထင်ဘူး။ အိမ်နီးချင်းများက မြင်ရပုံတော့ ဘာအလုပ်မှလဲ မလုပ်၊ တဖြုန်းဖြုန်းနဲ့ ချက်ပြုတ်စားသောက်နေကြပဲဗျ"

ကျွန်။ ။"ခေါ်ဘွား လူထွက်များလားဗျာ"

ရှား။ ။"ပြောတတ်ဘူးလေ။ ဖြစ်တော့ ဖြစ်နိုင်တာပဲ။ မနန်းစိန်ကတော့ ရှမ်းနာမည်ဖြစ်နိုင်ရဲ့။ သမီးကလေးတွေကတော့ ဗမာမျက်နှာကလေးတွေပါဗျာ"

ကျွန်။ ။"ဒီအကြောင်းတွေကို ခင်ဗျား ဘယ့်နှယ်လုပ် သိခဲ့သလဲ"

ရှား။ ။"ကိုယ်တိုင် စုံစမ်းတာရော၊ အိမ်နီးပါးချင်းတွေ ပြောတာရော၊ အထူးသဖြင့် ဦးဘာသဟိန် ဆီမှာ လုပ်ဖူးတဲ့ ကားဒရိုင်ဘာဘကြူးဆီက သိရတာရောပေါ့ဗျာ။ ဘကြူးဆိုတဲ့ကောင်က အရက်ကလေး နည်းနည်းမူးပြီး သူ့ဆရာရဲ့ကားကြီး ခိုးထုတ်စီးမိလို့ ဦးဘာသဟိန်သိတာနဲ့ ထုတ်ပစ်လိုက်ဆိုကိုးဗျ။ ကျုပ်က ဒီကောင်တွေအောင်ရှာပြီး လကဖက်ရည်တိုက်၊ အရက်တိုက်နဲ့ ခေါ်ကြစ်ပြီး မေးလိုက်တာ သူသိ သလောက်တော့ ကျုပ်ပဲ အားလုံးသိရတာပဲ။ နို့ပေမယ့် ဒီကောင်က ဒီမြို့ရောက်မှ အလုပ်ဝင်ရတဲ့ အကောင် ဖြစ်လေတော့ ရှေးဟောင်း နှောင်းဖြစ်တွေတော့ မသိလှဘူးပေါ့ဗျာ။ သို့သော် ဦးဘာသဟိန်အိမ်မှာ ရှိနေတဲ့ အစေခံတွေထဲမှာလဲ ဦးဘာသဟိန်နဲ့မတည့်တဲ့လူ၊ ဘကြူးနဲ့အကြောင်း အပေါင်းသင့်တဲ့လူ ရှိသေးတယ်ဗျ။ အဲဒီလိုလူများဆီက သူတို့ အိမ်သူအိမ်သားတွေ အကြောင်းကို ကျုပ်သိရတယ်"

ကျွန်။ ။"သိပ် ကံကောင်းတဲ့လူဗျာ"

ရှား။ ။"ကံသက်သက် မဟုတ်ဘူးဆရာကြီးရဲ့။ ဘကြူးဟာ ဒီလို ဒီလိုဖြစ်တယ်ကြားလို့ကျုပ်က သူ့လိုက်ရှာပြီး စုံစမ်းရတာခင်ဗျားကြီးရဲ့၊ ဘကြူးက ကျုပ်ဆီလာပြောတာမဟုတ်ဘူးဗျ၊ ဒါထက်ဦးဘာသဟိန် တို့ အိမ်သားတွေ နေကြပုံဟာ သိပ်ဆန်းတယ်ဗျာ။ နည်းနည်းဆန်းတာမဟုတ်ဘူး။ တိုက်သုံးထပ်ရှိတဲ့အနက် အပေါ်ဆုံးထပ်မှာ ဦးဘာသဟိန်ရယ်၊ ဦးပန်းဖူးရယ်၊ ဆရာမ မနန်းစိန်ရယ်၊ သမီးကလေးနှစ်ယောက်ရယ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



"လှုယုံတော် အစေခံတယောက်ကလဲပြီး သုံးထပ်ကို ဘယ်အစေခံမှ မတက်ရဘူးတဲ့။ စားစရာတို့ ဘာတို့ကိုလဲ အဲဒီ လှုယုံတော် တယောက်တည်းသာ သယ်ပို့ရသတဲ့။ လှေကားထိပ်ရောက်အောင် တက်တဲ့လူ အလုပ်ဖြုတ်ပစ်မယ်လို့ တခါတည်း အမိန့်ထုတ်ထားသတဲ့။

"ဆရာမနဲ့ မိန်းကလေးတွေဟာလဲ တိုက်အောက်ကို မဆိုထားနဲ့ ဒုတိယထပ်ကိုတောင် မဆင်းကြဘူးတဲ့။ ဦးဘာဟိန်ဟာလဲ တခါတလေ ကားနဲ့အပြင်ထွက်ယင် ဦးပန်းဖူးက အမြဲပါသတဲ့။ အစေခံတွေရဲ့ ထင်မြင်ချက်အရတော့ ဦးဘာဟိန်ဟာ ဘေးအန္တရာယ်တခုခု စိုးရိမ်နေတယ်တဲ့။ သူ့အသက်ကို ဘယ်လိုလူက သေကြောင်းကြံနေတယ် မဆိုနိုင်ဘူးတဲ့။ ဒီတိုက်ကိုရောက်ခါစတုန်းက ဦးဘာဟိန်က ကားပေါ်ကဆင်းလာတော့ တိုက်ရှေ့မှာရပ်ပြီး တိုက်ပေါ် ငေးကြည့်နေတဲ့ ကာလသားတယောက်ကိုတွေ့လို့ ဦးဘာဟိန်က လက်ထဲက တုတ်ကောက်နဲ့ သွားရိုက်မိလို့ ငွေ ၅၀ လျော်လိုက်ရသေးဆိုပဲဗျ"

ကျွန်။ ။"တကယ့်လူကြီးပါကလား"

ရှား။ ။"အို၊ အရှမ်းဒေါသကြီးတဲ့ လူကြီးပဲ၊ ကိုင်း ဒီတော့ ဒီလိုဗျာ ကိုသိန်းမောင်၊ ဦးထွန်းကျော် ရတဲ့စာဟာ ဒီတိုက်ကလာတဲ့ စာဆိုလို့ရှိယင် ဒီတိုက်ထဲကလူတယောက်နဲ့ စီစဥ်ထားတဲ့ အလုပ်တခုခုကို ဦးထွန်းကျော်ဟာ ဆောင်ရွက်ဖို့ အချက်ပေး ချိန်းဆိုလိုက်ခြင်းဖြစ်တယ်လို့ ဆိုရမယ်။ ကောင်းပြ ဒီစာကို ဘယ်သူ ရေးသလဲတဲ့။ မိန်းမလက်ရေးဖြစ်လို့မို့ မိန်းမတယောက်ယောက် ရေးရမယ်။ ဒီမိန်းမ ဘယ်သူလဲ ဆိုယင် ဆရာမ မနန်းစိန်ကလွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာလဲဗျ။ ကောင်းပြီ။ ဒီတော့ ဒီအချက်ကို အခြေခံ ထားပြီး စဥ်းစားယင် ဘယ်ဆီရောက်သွားမလဲဆိုတာ စောင့်ကြည့်ကြစို့။

"မနန်းစိန်ဟာ အသက် ၄၀ လောက်ရှိပြီ ဆိုခြင်းအားဖြင့် ကျုပ်တနေ့ကတွေ့တဲ့အတိုင်း ချစ်ခန်း၊ ကြိုက်ခန်း၊ မျက်မထားခန်း ကိစ္စမျိုး ဟုတ်မယ် မထင်ဘူး။ တကယ်လို့ ဒီစာကို မနန်းစိန်ရေးရိုးမှန်ယင် မနန်းစိန်ဟာ ဦးထွန်းကျော်နဲ့ ကြံဘော်စည်ကက်ဖြစ်ရမယ်။ ဒီတော့ကာ ဦးထွန်းကျော် သေတယ်လို့ မနန်းစိန် ကြားသိတဲ့အခါမှာ ဘာလုပ်မလဲတဲ့။ သူတို့ အကြံအစည်ဟာ မတော်မတရားတဲ့ အကြံအစည်မျိုး ဖြစ်ခဲ့ယင်တော့ မနန်းစိန်ဟာ တိတ်တိတ်ကလေး မြုံနေရမှာပဲ။ သို့သော် သူ့လူကို သတ်ပစ်တဲ့လူစုအပေါ်မှာ မနန်းစိန် မကျေနိုင် မချမ်းနိုင် ဖြစ်သင့်တဲ့အပြင် တတ်နိုင်ခဲ့လို့ရှိယင် လက်စားချေမယ့်လူ ရှိပါက အကူအညီ ပေးမှာ ကေန္တပဲ။ ကိုင်း ဒီလိုဆိုယင် မနန်းစိန်ကို ကျုပ်တို့ သွားတွေ့ပြီး သူ့ကို ကျုပ်တို့ အသုံးမချနိုင်ဘူး လားတဲ့။ အဲဒီလို ကျုပ်စိတ်ကူးမိတယ်။

'ဒါပေမယ့် နောက်ထပ်ပြီး သိရပြန်တာက ဘာလဲဆိုတော့ မနန်းစိန်ဟာ ဦးထွန်းကျော်သေတဲ့ ညကတည်းကစပြီး ပျောက်သွားတယ်တဲ့။ သေလေသလား ရှင်လေမလား မသိရဘူးတဲ့။ ဦးထွန်းကျော်ကို သူက အချက်ပေးခေါ်ပြီး ဦးထွန်းကျော်လိုပဲ ဟိုညက မနန်းစိန် သေလေသလားလဲ မပြောနိုင်ဘူးတဲ့။ သို့တည်းမဟုတ် တနေရာရာမှာ လှောင်ထားတယ်ဆိုယင်လဲ ဖြစ်နိုင်တယ်။ အဲဒီအချက်ကို ကျုပ်တို့ သဲကွဲ အောင် စုံစမ်းကြရလိမ့်မယ်"

ကျွန်။ ။"ဟုတ်ကဲ့ဗျား"

ရှား။ ။"ကျုပ်တို့ တွေ့ကြရမယ့်အခက်အခဲကလေးတွေကို ခင်ဗျား ရိပ်မိပြီ မဟုတ်လား။ ဦးဘာဟိန်တို့အိမ်ကို ရှာဖို့ဖြစ်စေ၊ လူကိုဖမ်းဖို့ဖြစ်စေ ဝရမ်းထုတ်လို့ မဖြစ်နိုင်ဘူးဗျ။ အမှုသွားကို တရားသူကြီး ပြောပြလို့ ယုံမယ်မဟုတ်ပေဘူး။ ဦးဘာဟိန်တို့နေကြတဲ့ထိုင်ကြပုံကခပ်ဆန်းဆန်းဖြစ်လေတော့ သူတို့ အထဲက တယောက်တလေပျောက်နေတယ်ဆိုတာသိပ်မဆန်းလှဘူး။ဟိုဟိုဒီဒီသွားနေတာမျိုးဖြစ်ချင်လဲဖြစ်နိုင်တယ်။ တအိမ်သားလုံးက ဟိုပြောင်းဒီပြောင်း ဟိုရွှေ့ဒီရွှေ့ လုပ်လာကြတဲ့ လူတွေကိုးဗျ။ ထင်ဖို့ရှိတာကတော့



www.burmeseclassic.com

www.burmeseclassic.com



မနန်းစိန်ဟာ ခုနေအခါမှာ တနေရာရောက်နေပြီး အသက်အန္တရာယ်အတွက် စိုးရိမ်ရတဲ့အခြေမျိုးလဲဖြစ်နိုင်တာပဲ။ ကျုပ်တတ်နိုင်တာကတော့ ဒီတိုက်ကြီးမှာ လူဝင်လူထွက်ကို စောင့်ကြည့်ဖို့ ဒရိုင်ဘာ ဘကြူးကို တာဝန်ပေးထားဖို့ပဲ ရှိတာပဲ။ သို့သော် ဒီလိုအတိုင်း ကြာကြာကြီး စောင့်ကြည့်နေလို့တော့ မဖြစ်နိုင်ဘူး။ တရားဥပဒေအတိုင်း လုပ်လို့ မဖြစ်နိုင်ပုံပေါ်ယင် ကျုပ်တို့ကိုယ်တိုင် စွန့်စားပြီး တာဝန်ယူလုပ်ကြဖို့ ရှိတော့တာပဲ''

ကျွန်။ ။''ခင်ဗျား ဘယ်လိုလုပ်ချင်သလဲဗျာ''

ရှား။ ။''ဒီလိုဗျာ ကိုသိန်းမောင်၊ အဲဒီတိုက်ကြီးမှာ မနန်းစိန် နေဖူးတဲ့အခန်းကို ကျုပ်သိခဲ့ရပြီ။ ဟိုဘက်က ကပ်နေတဲ့ နှစ်ထပ်တိုက်ခေါင်မိုးပေါ်က လှမ်းဘက်မယ်ဆိုယင် ရောက်နိုင်တယ်။ ဒါကြောင့် ကျုပ်က ဒီကနေ့ည ခင်ဗျားနဲ့ ကျုပ်နဲ့သွားပြီး သေသေချာချာ သိရအောင် စုံစမ်းချင်တယ်ဗျာ''

ကျွန်ုပ်တော်သည် ဆောင်ရွက်ရမည့်အလုပ်၏ တာဝန်ကြီးလေးခြင်းကို မစဉ်းစားပဲ မနေနိုင်ချေ။ ထိုတိုက်ကြီး၌ နေထိုင်လျက်ရှိသော ဦးဘဟိန်တို့ လူစု၏ ထူးဆန်းသော နေထိုင်ပုံသည် လည်းကောင်း၊ ဦးဘဟန်ဆိုသူ၏ ခက်ထန်တင်းမာသော စိတ်နေသဘောထားသည်လည်းကောင်း၊ မရောက်ဘူးသော နေရာမှ စွန့်စား၍ ဝင်ရောက်ကြရမည့် အရေးသည်လည်းကောင်း၊ ဥပဒေကို ချိုးဖောက်ရမည့် တာဝန်ကြီးလေးသော အဖြစ်သည်လည်းကောင်း ကျွန်တော့်အား စိတ်လေး ဆိုင်းတွခြင်း ဖြစ်စေလေတော့၏။ သို့ရာတွင် ဦးစံရှား၏ စဉ်းစားဆင်ခြင်ပုံများမှာ အလွန်တရာ ရှင်းလင်းပြတ်သားလှသည့်ပြင် သူနှင့်အတူ စွန့်စားရလျှင် ဘယ်ခါမှ ငြင်းခဲ့ဘူးသည် မရှိသောကြောင့် ငြင်းပယ်ဖို့မူကား စိတ်ကူးမထည့်မိချေ။ ထို့ပြင် ဤနည်းမှတပါး အခြားသောနည်းလမ်း မရှိသည့်အဖြစ်ကို ဦးစံရှား ဆင်ခြင် တိုင်းထွာပြီးလည်း ဖြစ်၏။ သို့ဖြစ်၍ ကျွန်တော်သည် လွှေးလွှဲသောစိတ်ကို မောင်းထုတ်၍ ထိုင်ရာမှ ထပြီးလျှင် ဦးစံရှား၏ လက်ကို ကိုင်ဆွဲလျက် ''ကိုင်း၊ စမ်လိုက်ဗျာ၊ ကျွန်တော်လိုက်မယ်ဟု'' ပြောလိုက်လေ၏။

သို့ရာတွင် ကျွန်တော်တို့သည် ဦးစံရှား စီမံထားသည့်အတိုင်း ဆောင်ရွက်ဖို့ မလိုပဲ လုပ်ငန်းစဉ်တမျိုးတမည် ပြောင်းလဲသွားသည်နှင့် ကြုံကြရလေ၏။ ထိုနေ့ညနေ နေဝင်ရီတရောအချိန်တွင် လူတယောက သည် ကျွန်တော်တို့ အခန်းသို့ ပျာယီးပျာယာ ပြေးတက်လာ၍

''သူတို့ သွားကုန်ကြပြီ ဦးရေ၊ မီးရထားနဲ့ လိုက်သွားကုန်ကြပြီခင်ဗျ။ နို့ပေမယ့် ဆရာမကတော့ လွတ်ထွက်ပြေးလာလို့ ကျွန်တော် ခေါ်လာခဲ့တယ် ဦးရေ''

''ဟန်ရလိုက်လေ မောင်ဘကြူးရယ်။ ကိုင်း ကိုသိန်းမောင်၊ ကွင်းဆက်ကလေးတွေ နည်းနည်း လိုနေတာလေ်တာ တခါဖြင့် ပြည့်တော့မယ်ဗျို့။ အားလုံး ဆက်မိသွားယင် ကျုပ်တို့ အလုပ်ပြီးတာပဲ။ ဆရာမကို ဘာနဲ့တင်ခေါ်ခဲ့သလဲ မောင်ဘကြူး''

''လန်ချားနဲ့ ဦးရဲ့''

ကျွန်တော်တို့သည် ဟိုတယ်ပေါ်မှ အတိုက်ကရိုက် ဆင်းလာကြ၍ လန်ချားပေါ်မှ ဆရာမ မနန်းစိန်ကို ကျွန်တော်တို့အခန်းသို့ ခေါ်သွင်းသွားကြရာ မနန်းစိန်မှာ ဒုက္ခအကြီးအကျယ် ကြုံတွေ့ခဲ့ရသည့် လက္ခဏာနှင့် ညှိုးငယ်သောမျက်နှာနှင့် ကြုံလှီသော အသားအရည်ရှိသည့်ပြင် ဆေးမိထားသည့်ဟန်ဖြင့် ခြေထောက်များပင် မသယ်ချင်အောင်ရှိနေသည်ဖြစ်သောကြောင့် တွဲသူကတွဲ၍ ဖေးမသူကဖေးမခေါ်သွင်း ခဲ့ရလေတော့သည်။ ကျွန်တော်မှာ ဘိန်းခွံ့ထားသော လူနာတယောက်ကို မြင်ရဖူးသည်ဖြစ်၍ မနန်းစိန်ကို မြင်ရသည်နှင့်တပြိုင်နက် ထိုလူနာနှင့်တူလှသောကြောင့် ဘိန်းခွံ့ထားခြင်း ဖြစ်လေသလောဟု တွေးမိတာ



www.burmeseclassic.com

www.burmeseclassic.com

မိရာ အဖြစ်အပျက်ကို ကြားသိရသောအခါတွင် ကျွန်တော် တွေးထင်သည့်အတိုင်း ဟုတ်မှန်နေကြောင်း သိကြရလေ၏။

ကြူး။ ။"ဦး မှာထားတဲ့အတိုင်း ကျွန်တော် မလှမ်းမကမ်းကနေပြီး သူတို့ဟိုက်ကို စောင့်ကြည့်နေတာကိုး ဦးရဲ့။ ညနေစောင်းကျတော့ တိုက်ဆီက ကားတစီး မောင်းထွက်လာပြီး ဘူတာရုံဘက်ချိုးသွားတော့ ကျွန်တော် အဘင်းပြေးလိုက်ကြည့်တာပေါ့ ဦးရယ်။

"ဆရာမကတော့ သူ့ဘာသာလမ်းမလျှောက်နိုင်လို့ ဦးပန်းဖူးဆိုတဲ့လူကြီးက တွဲလို့ဦးရဲ့။ တော်တော်ကြာလို့ မီးရထားဆိုက်လာတော့ သူတို့က ဆရာမကို ရထားတွဲပေါ်တင်မယ်လုပ်တုန်း ဆရာမက အတင်းရုန်းတယ် ဦးရဲ့။ ဒါပေမယ့် ဦးဘာဟိန်ကပါ ကူပြီးဆွဲတင်ပေးလိုက်တော့ တွဲပေါ်ကိုဆရာမ ရောက်သွားသေးတယ် ဦးရဲ့။ ဂတ်ဗိုလ်က အလံပြလို့ မီးရထားထွက်မယ်လုပ်တော့မှ ဖြုန်းဆို ဆရာမက တွဲပေါ်ကလဲခုန်ဆင်းလိုက်ကရော၊ မီးရထားလဲ ထွက်သွားရော ဦးရဲ့။ ဒီတော့မှ ဆရာမကို ကျွန်တော်က သွားတွဲယူပြီး လန်ချားပေါ် တင်ပေးတော့ ဒုတိယတန်းရထားတွဲပြတင်းပေါက်က ဦးဘာဟိန်ကြီးက ကျွန်တော့်ကို လှမ်းကြည့်သွားလိုက်ပုံ မျက်နှာတားဟာ ဦးရယ်၊ ကျွန်တော်ဖြင့် ကြက်သီးထမိပါသေးရဲ့။ သိပ်ကြောက်စရာ ကောင်းတာပဲ ခင်ဗျာ"

ထိုအတောအတွင်း၌ ကျွန်တော်တို့သည် မနန်းစိန်အား ကော်ဖီခါးခါးကြီးကို တခွက်ပြီးတခွက် ဆင့်တိုက်ကြသဖြင့် အတော်အတန် စိတ်ကြည်လင်သောအခြေသို့ ရောက်လာခဲ့ရာ ဌာနာအုပ်ဦးဘသောင်းကိုလည်း အခေါ်လွှတ်၍ အဖြစ်အပျက်ကို ပြောပြကြလေ၏။

သောင်း။ ။"နေရာကျလိုက်လေ ဆရာကြီးရယ်။ ကျွန်တော်ကလဲ ဒီဆရာမနောက်ကို လိုက်နေတာပဲ ဆရာကြီးရဲ့"

ရှား။ ။"ခင်ဗျားကလဲ ဦးဘာဟိန်ကို မသင်္ကာနေတာပဲလား"

သောင်း။ ။"အစစ်ပေါ့ ဆရာကြီးရာ။ ဆရာကြီးက ဘိုနန်းရိပ်မြုံတိုက်ကြီးနားက ချုံတွေထဲမှာ အောင်းပြီး ချောင်းနေတော့ ကျွန်တော်က သစ်ပင်ပေါ်ကဆရာကြီးရဲ့။ ဆရာကြီးကိုကျွန်တော်မြင်သားပဲ။ မနန်းစိန်ကို ဘယ်သူက အယင်ရွှေမလဲဆိုတာလောက်သာ လုနေကြရတယ်။ လမ်းကတော့ တလမ်းတည်း လိုက်နေကြတာပဲ ဆရာကြီးရဲ့"

ရှား။ ။"ဒါဖြင့် ဟိုကောင်ကို ခင်ဗျား ဘာပြုလို့ ဖမ်းတာလဲဗျာ"

သောင်း။ ။ဒါကတော့ ပရိယာယ်ပဲ ဆရာကြီးရဲ့။ ဦးဘာဟိန်ဆိုတဲ့လူကြီးက သူ့ကို ကျွန်တော်တို့က မသင်္ကာဘူးဆိုတာရိပ်မိယင် ခြေရာဖျောက်ပြီး အသာကုပ်နေမှာ ဆရာကြီးရဲ့။ သူ့ကို ကျွန်တော်တို့က ဘယ်လိုမှ မအောက်မေ့ဘူးလို့ အထင်ရောက်စေချင်တဲ့အတွက် အလဲလူကို ကျွန်တော် တမင်ဖမ်းထားတာ ခင်ဗျ။ ဒီလိုဆိုမှ သူလုပ်စရာရှိတာ ရဲရဲလုပ်ပြီး မနန်းစိန်ဆီ ကျွန်တော်တို့ ကပ်နိုင်မှာကိုး ဆရာကြီးရဲ့"

ရှား။ ။(ဦးဘသောင်း၏ပခုံးကိုပုတ်လျက်) "တော်တယ်ဗျို၊ ကိုယ့်လူ ခင်ဗျား ကြီးပွားလိမ့်မယ်။ ပင်ကိုယ်ဉာဏ်လဲ ကောင်းတယ်။ စိတ်ကူးလဲ ရှိတယ်"

ဦးဘသောင်းလည်း ဦးစံရှား၏ ချီးမွမ်းစကားကြောင့် နှစ်သိမ့်သောမျက်နှာနှင့် သွားကိုဖြဲလေ၏။

သောင်း။ ။"ကျွန်တော်ကလဲ အရပ်ဝတ်အရပ်စားနဲ့ ပုလိပ်တယောက်ကို ဟိုတိုက်ကြီးမှာ အမြဲစောင့်ကြည့်ဖို့ ချထားပြီး ဦးဘာဟိန် သွားရာနောက်ကို အရိပ်လိုတယောက်ကောက်လိုက်ဖို့ အမိန့်ပေးထားတယ် ဆရာကြီးရဲ့၊ မီးရထားပေါ်မှာ ကျွန်တော့်လူ ပါသွားမှာပဲ။ မနန်းစိန်ခုန်ဆင်းချရစ်တော့ ကျွန်တော့်လူ အတော် စိတ်ရှုပ်သွားမှာပဲ။ သို့သော် ဆရာကြီးရဲ့လူက ခေါ်လာခဲ့လို့ တော်ပါသေးရဲ့ခင်ဗျာ။ မနန်းစိန်ရဲ့


www.burmeseclassic.com

www.burmeseclassic.com



အစစ်ခံချက်မရပဲ ဦးဘာဟိန်တို့လူစုကို ကျွန်တော်တို့ဖမ်းလို့ မဖြစ်နိုင်ဘူးဆရာကြီးရဲ့။ ဒါကြောင့် မနန်းစိန်ကို ကျွန်တော်တို့ စစ်ကြစို့လား ဆရာကြီး''

ရှား။ ။(ပက်လက်ကုလားထိုင်ပေါ်၌ မှိန်းလျက်ရှိသောမနန်းစိန်ကိုလှမ်းကြည့်လျက်)''အသက်ရှူကလေး တော်တော်မှန်လာပါပြီဗျာ။ ဒါထက် ဦးဘာဟိန်အကြောင်း လုပ်စမ်းပါဦးဗျ။ ဘယ်ကလူလဲ''

သောင်း။ ။''ဦးဘာဟိန်က တခြားဟုတ်ပါ့မလား ဆရာကြီး။ မြန်မာပြည်အနောက်စွန်း နယ်စပ်မှာ ပဒေသရာဇ်ဘွဲ့ယူပြီး အုပ်ချုပ်စိုးစံလာခဲ့တဲ့ 'အောင်ဇေယျတူး'ဆိုတာ သူပေါ့ဆရာကြီး''

ကျွန်တော်မှာ ယင်းနာမည်ကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ထိုသူနှင့် ပတ်သက်၍ ကျွန်တော်ကြားခဲ့ဖူးသမျှသော အခြင်းအရာများသည် မှတ်မှန်ကို ဆေးရည် စိမ်လိုက်သောအခါ၌ ရုပ်ပုံများပေါ်ထွက်လာခြင်းကဲ့သို့ ကွင်းကွင်းကွက်ကွက် ပေါ်ထွက်လာလေတော့သည်။ အလောင်းမင်းတရားကြီး မွေးဖွားသည့် မုဆိုးဖိုရွာသားတယောက်ဖြစ်၍ ကလေကဝနှင့်လွင်စဉ်သားပြီးနောက် နယ်စပ်သို့ရောက်သောအခါတွင် ထိုသူ၏ စွမ်းရည်သတ္တိနှင့် ကြံရည်ဖန်ရည်တို့ကြောင့် ဧရိယာမိုင် ၅၀၊ လူဦးရေ ၃၀၀၀ ခန့်ရှိသော နယ်ပယ်တခုတွင် စော်ဘွားအဖြစ်နှင့် စိုးမိုးအုပ်ချုပ်ခဲ့ရဖူးလေသည်။

လူစွမ်းလူစနှင့် ကြံရည်ဖန်ရည်ရှိသလောက် အကျင့်စာရိတ္တကောင်းမွန်ပါမူ ထိုသူသည် စော်ဘွားငယ်အဖြစ်မှ စော်ဘွားကြီးအဖြစ်သို့ရောက်၍ ဒါဘာမင်းပွဲများတင် ဘုရင်ခံနှင့် လက်ဆွဲနှုတ်ဆက်ရသောအခြေအနေသို့ ရောက်ဖို့ရှိ၏။ အင်္ဂလိပ်အစိုးရသို့ အခွန်တော်ထမ်းဆောင်ရသည်ဆိုသော်လည်း နာမည်ခံမျှလောက် ဖြစ်သည့်ပြင် အကြောင်းအပေါင်းသင့်ပါက အစိုးရထံမှ လက်နက်များရ၍ စော်ဘွားအချင်းချင်းအပေါ်တွင် မော်ကြွားနိုင်ခွင့်ပင် ရှိပေသေးသည်။ ထိုသူ စိုးပိုင်သော နယ်ပယ်အတွင်း၌ ရွှေထွက်သော စမ်းချောင်းများပင် ရှိလေရာ ကူလီမြောက်မြားစွာတို့နှင့်'ကျင်'ယူသဖြင့် ယင်းအုပ်စိုးရသည့်ဆယ်နှစ်ကျော်မျှသော အချိန်အတောအတွင်း ပိဿာချိန်တထောင်ကျော်ရသည်ဟု ပြောကြ၏။

ရွှေချိန်နှင့်ပတ်သက်သော သတင်း ဟုတ် မဟုတ်ကား မဆိုနိုင်။ ထိုသူ ကြွယ်ဝလာခြင်းမှာ အမှန်ဖြစ်ပေရကား မာနကြီးခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်း၊ သူတပါးသားမယားကို အတင်းလုယူသိမ်းပိုက်ခြင်း စသော မိုက်မဲမှုများသည် စည်းစိမ်ဥစ္စာကို၏တိုက်တွန်းမှုကြောင့် တနေ့ထက်တနေ့ ဆိုးရွားသည်ထက် ဆိုးရွားလာလေတော့၏။ နောက်ဆုံး၌ ယင်းအား ဖိမ့်ဖိမ့်တုန်မျှ ကြောက်ခဲ့ကြရသော နယ်သူနယ်သားများသည် ထိုသူ၏ ကဲလွန်မှုကြောင့် မခံမရပ်နိုင်အောင်ဖြစ်ကြ၍ တော်လှန်ပုန်ကန်ကြရာတွင် ထိုသူမှာ မယားနှင့် သမီးငယ်နှစ်ယောက်တို့အပြင် မြန်မာပြည်မှအတူပါသွားသော သူငယ်ချင်း ဦးပန်းဖူးဆိုသူနှင့် လူယုံတော်အနည်းငယ်ကိုသာခေါ်၍ သယ်ယူနိုင်သမျှသော ရွှေများနှင့် ညတွင်းချင်း ထွက်ပြေးခဲ့ရလေတော့သည်။

မယားဖြစ်သူမှာ ပြေးယင်း လွှားယင်းသေဆုံး၍ သမီးငယ်နှစ်ယောက်တို့မှာ ဆရာမ မနန်းစိန်သို့ သင်ဆုံးမခြင်းဖြင့် ကြီးပြင်းလာကြရလေ၏။ ထိုနယ်မှ ထွက်ပြေးခဲ့၍ မြန်မာပြည်တွင်းသို့ ရောက်သော်လည်း အောင်ဇေယျတူး၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် အခဲမကျေနိုင်သော လူတစု ရှိကြသဖြင့် ထိုသူမှာ တနေရာတည်း၌ ကြာရှည်စွာ ရပ်တည်၍ မနေနိုင်ပဲ အထက်နှင့် အောက်မြန်မာပြည်ရှိ မြို့များသို့ တလှည့်စီ ပြောင်းရွှေ့တိမ်းရှောင်၍ ပုန်းလျှိုးခိုအောင်း နေခဲ့ရလေ၏။ နောက်ဆုံးတွင် တိုက်ကြီးမြို့သို့ ရောက်ခါမှ ရန်သူများသည် ငယ်မည် ဦးဘာဟိန်ကို ခြေရာခံမိကြခြင်း ဖြစ်လေသည်။

ဦးဘာဟိန်အကြောင်းနှင့် ပတ်သက်၍ ဆရာမ မနန်းစိန်က ဆက်လက် ပြောပြသည်မှာ

စိန်။ ။အမှန်မှာတော့ သူ့ကို ဟိုလူစုက ခြေရာခံမိကြတာ တနှစ်လောက် ရှိသွားကြပါပြီ။ ဒါပေမယ့် သူကအင်မတန်ပါးနပ်တဲ့အတွက် ဟိုရွှေ့ဒီပြောင်းလုပ်နေတာနဲ့ ခြေရာခံမိကြယင်း ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ယင်း ဖြစ်ဖြစ်နေခဲ့ပါတယ်။ အထက်မြန်မာပြည် ရမည်းသင်းမြို့မှာတုန်းက သူ့ကို တကြိမ်သေကြောင်းကြံကြပါသေးတယ်။ ဒါပေမယ့် သူ့ကို နတ်ကောင်းများ မစောင့်ရှောက်ပေမယ့် နတ်ဆိုးများက စိုင်းမ,နေကြလေတော့ လွတ်လွတ်သွားပါတယ်။ ဒီမြို့ရောက်တော့လဲ သေထိုက်တဲ့လူက မသေ၊ ဦးထွန်းကျော်ကသာ အချောင် အသက်ဆုံးသွားရှာရပါတယ်၊ ဒါပေမယ့် သူ့နောက်လိုက်တဲ့ လူများဟာ မြေကြီးအဆုံးအထိ သူပြေးနိုင်ယင် မြေကြီးအဆုံးထိအောင် လိုက်ကြဖို့ သစ္စာရေ သောက်ထားကြပါတယ်''

ရှား။ ။''နေစမ်းပါဦး ဆရာမရဲ့။ ခင်ဗျားက မြန်မာမဟုတ်လား။မြန်မာမိန်းမ တယောက်ဟာက တခြားလူမျိုးတွေနဲ့ ပူးပေါင်းပြီး အသုပ်လုပ်နေတာဟာ ဘယ်လိုသဘောလဲဗျ''

စိန်။ ။''ဘယ်လိုသဘောမှ မဟုတ်ပေါင်ရှင်။ ပါးကိုက်လို့ နားကိုက်ချင်တဲ့ သဘောပါပဲ။ လူဆိုတော့ သူ့ကိုယ်သူ အောင်ဇေယျဘူးလို့ မှတ်ထားတဲ့အတိုင်း တကာယ်စွမ်းရည်သတ္တိရှိတဲ့ လူပါပဲရှင်။ နို့ပေမယ့် သတ္တိရှိသလောက် ဉာဏ်သွားသလောက် ငါကောင်းကြံပြီး ဘယ်သူ့မှ ထောက်ထားချင်တဲ့လူ မဟုတ်ဘူးရှင့်''

ရှား။ ။''သူဆိုးသွမ်းပုံ သတင်းတွေကတော့ မြန်မာပြည်ဘက်တောင့် လျှံထွက်လာလို့ ကျုပ်တို့ ကြားဖူးပါတယ်။ သို့သော် ဆရာမနဲ့ ဘယ်လိုပတ်သက်တာလဲဗျ''

စိန်။ ။''ပတ်သက်ဆို ဒီလိုပါရှင်။ ဒီလူကြီးအယူက လူတယောက်ဟာ ဉာဏ်ရှိတယ်ဆိုယင် သူလိုချည်း တကိုယ်ကောင်းကြံတတ်တဲ့ သဘောထားမျိုး ရှိလိမ့်မယ်ချည်း ထင်နေပါတယ်။ ဒါကြောင့် သူက သူ့နယ်မှာ ဉာဏ်ပညာရှိတဲ့ လူဆိုယင် သူ့နေရာကို လုမယ့်ရန်သူချည်းပဲလို့ အောက်မေ့တတ်ပါတယ်။ တခါ တုန်းက ရွှေဘိုမြို့ကို အမှတ်မဲ့ သူရောက်လာပြီး ကျွန်မတို့ လင်မယားကို ကြီးပွားအောင် သူ မ,စပါမယ်လို့ ကတိထားပြီး သူ့နယ်ခေါ်သွားပါတယ်။ ကျွန်မယောကျ်ားက သူနဲ့အတူတူ မှုဆိုးဖို့ရှာသား အင်္ဂလိပ်ကျောင်းဆရာကြီး။ ကျွန်မက ကျောင်းဆရာမပါ။ ကျွန်မတို့လင်မယားကလဲ တရွာမပြောင်း သူကောင်း မဖြစ်ဆိုတဲ့ သဘောမျိုး ရှိတာနဲ့ သူခေါ်ရာကို လိုက်သွားကြပါတယ်။ ဟိုရောက်တော့ သူ့လက်အောက်မှာ အမတ်ချုပ်ရာထူးခန့်ပြီး လင်မယားနှစ်ယောက်စလုံးက သစ္စာရှိစွာ အမှုထမ်းကြပါတယ်။ ဒါပေမယ့် ပြည့်ရှင်မင်းရဲ့ နန်းတော်ကြီးမှာသာမဟုတ်၊ တောကြိုတောင်ကြားက စော်ဘွားရဲ့နယ်မှာလဲ မနာလိုဝန်တိုမှုတွေ၊ ကတုံးကတိုက်လုပ်မှုတွေ အင်မတန်များလို့မို့ တို့မီးရှို့မီးလုပ်ကြပါတယ်။

''နောက်ဆုံးမှာ ကျွန်မယောကျ်ားဟာ သူ့ရာထူးကို လုမယ့်လူပဲလို့ ယုံကြည်ပြီး အမဲလိုက်ထွက်ကြတုန်း တောထဲမှာ မတော်တဆ သေနတ်မှန်တယ်ဆိုပြီး အလောင်းကို ကျွန်မအိမ် ပို့လိုက်ပါတယ်။ ကျွန်မမှာလဲ အပေါင်းအသင်းတွေ ရှိလေတော့ ကျွန်မယောကျ်ားသေရခြင်းဟာ မတော်တဆမဟုတ်၊ သူသတ်ပစ်လို့ဆိုတာ ကြားသိရပါတယ်''

သောင်း။ ။တယ်ယုတ်မာတဲ့လူဗျာ''

စိန်။ ။''ဒီတော့ ကျွန်မမှာ အရိုင်းအစိုင်းတွေနယ်ထဲ ခိုကိုးရာမဲ့ ဖြစ်နေလို့မို့ သနားလှပါတယ်ဆိုပြီး သူ့သမီးနှစ်ယောက်ကို စာသင်ပြဖို့ ဆရာမအလုပ် ပေးထားပါတယ်ရှင်။ နောက်ဆုံး ဟိုနယ်မှာ သူမနေဝံ့လို့ ထွက်ပြေးကြတော့လဲ ကျွန်မပါ လိုက်လာခဲ့ရပါတယ်။သူ့နောက်ကို ခြေရာခံပြီး ရန်သူတွေက လိုက်နေတယ်ဆိုတာကိုလဲ ကျွန်မသိပါတယ်။ ကျွန်မကလဲ လင်တယောက်လုံး ဆုံးရတဲ့အတွက် သူ့အပေါ်မှာ မကျေနိုင်ပဲ သူ့ရန်သူများကို တင်နိုင်သမျှ လက်ထောက်ချပေးပါတယ်။ သူကတော့ ကျွန်မယောကျ်ားကို သူသတ်ပစ်တာ ကျွန်မ မသိဘူးထင်နေလို့ ကျွန်မကိုယုံကြည်ပြီး သူ့သမီးတွေကို လုံးဝအပ်ထားပါတယ်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကလဲ မိန်းကလေးတွေကို ဝတ္တရားအတိုင်း ကောင်းရောကောင်းကြောင်း သင်ပြသော်လဲ သူ့ကိုမကျော်နိုင်ပဲ ရန်သူအားပေး လုပ်ခဲ့ပါတယ်။

"ရမည်းသင်းမှာ တခါ သူ့အသက်ကို ရန်သူများကြံစည်ကြလို့ သူရိပ်မိတာနဲ့ ဟိုပြေး ဒီပြေး ပြေးပြီး နောက်ဆုံး ဒီမြို့ရောက်လာကြပါတယ်။ သူ ဘယ်ပြေးပြေး ကျွန်မက သတင်းပို့နေလေတော့ ရန်သူတွေက သိပြီးချည်းပဲ။ အခွင့်မသာလို့သာ ကျိတ်ကြံနေတဲ့ သူ့ရန်သူတွေပါပဲ။ ဦးထွန်းကျော်နဲ့ တပည့်နှစ်ယောက်ဆိုတာ ကျွန်မနဲ့အတူ ကျိတ်ကြံနေတဲ့ ရန်သူတွေပါပဲ။ ဦးထွန်းကျော်တို့ ဆရာတပည့် သုံးယောက်လုံးဟာ သူနဲ့တရွာတည်း မုဆိုးဖိုရွာသားချည်းပဲ။ သူတို့ကိုလဲ 'အဝေးခေါ် ထောင်းတယ်' ဆိုတဲ့စကားလို သူ့နယ်ခေါ်သွားပြီး မတော်မတရားလုပ်ခြင်း ခံရလို့မို့ စိတ်ကြီးတဲ့ ရွှေဘိုနယ်သားပီပီ သူ့နောက်ကို တကောက်ကောက်လိုက်ပြီး ချက်ကောင်း ချောင်းနေတာပဲ။ နေ့အချိန်တော့ သူ့ကို ကြံဖို့ခက်တယ်။ ဒါကြောင့် ညအချိန် သူအိပ်တုန်းမှာ အလုပ်လုပ်ကြဖို့ ကျွန်မနဲ့တိုင်ပင်ပြီး ကျွန်မကပဲ စာနဲ့ချိန်းလိုက်တယ်။ အခန်းတံခါးကို ဖွင့်ပေးထားပြီး မီးဖြူ မီးစိမ်းနဲ့ ကျွန်မက အချက်ပေးဖို့ပေါ့ရှင်"

ရှား။ ။"အချက်ပေးလိုက်တဲ့စာကို သူတို့ သိသွားရောလား"

စိန်။ ။"ဟုတ်ကဲ့ရှင်။ ကျွန်မက ဦးထွန်းကျော်ဆီပေးဖို့ စာကလေး ရေးနေတုန်း ဦးပန်းဖူးက နောက်က လာချောင်းကြည့်ပြီး ဇတ်ကနဲဆို လုယူ၊ ကျွန်မကို အခန်းထဲ ဆွဲခေါ်၊ သူတို့ဆရာတပည့် နှစ်ယောက်ဘိုင်ပင်၊ ဦးပန်းဖူးက ကျွန်မပါးစပ်ထဲ အဝတ်တွေနဲ့ဆို့၊ ဦးဘာဟိန်က ကျွန်မလက်တဘက်ကို နောက်ဘနေ လှန်ချိုး၊ ဦးထွန်းကျော်နေတဲ့ နေရာကို မေး၊ ကျွန်မက နာလွန်းအားကြီးတော့ ပြောရတော့တာကိုးရှင့်။ ဒါပေမယ့် ဒီလိုပါရှင်။ ဦးထွန်းကျော်ကိုသူတို့ သတ်ပစ်မယ်ဆိုတာ ကျွန်မသိရယင် လက်တဘက် ပြုတ်ထွက်သွားပါစေရှင်၊ ကျွန်မ မပြောပါဘူး၊ ဒါနဲ့ ဦးထွန်းကျော်နေတဲ့နေရာကို သိသွားတော့ ဦးပန်းဖူးက စာအိတ်ပေါ်မှာ လိပ်စာတပ်ပြီး ကျွန်မရေးတဲ့စာကို ထည့်ပို့လိုက်ပါရောရှင်။

"ဦးထွန်းကျော်ကို သူတို့ ဘယ်ပုံဘယ်နည်း သတ်ပစ်တယ်လို့တော့ ကျွန်မ မသိရဘူး။ သတ်တာကတော့ ဦးဘာဟိန်ပါပဲရှင်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ဦးပန်းဖူးက ကျွန်မကို စောင့်ကျန်ရစ်ပါတယ်။ ကျွန်မအထင်တော့ လူပြတ်တဲ့တောစပ်ကလေးက စောင့်နေပြီး ရိုက်သတ်ပစ်တယ် ထင်တာပဲ။ ပထမတော့ သူတို့က ဦးထွန်းကျော် တိုက်ထဲဝင်လာအောင် စောင့်နေပြီး သူခိုးဆိုတဲ့အနေနဲ့ ရိုက်သတ်ဖို့စိတ်ကူးကြသေးတယ်ရှင့်။ ဒါပေမယ့် ဒီလိုဆိုယင် စစ်လား ဆေးလား၊ မေးလား မြန်းလားနဲ့ သူတို့တွေဟာ ဘယ်သူ ဘယ်ဝါတွေပဲ ဆိုတာ လူအများ သိသွားမှာစိုးလို့ အဲဒီအကြံကို ပြန်ဖျက်ပစ်လိုက်ကြတယ်ရှင့်"

ကျွန်။ ။"ဒါလဲ ဟုတ်ပေတာပဲ"

စိန်။ ။"သူတို့ လုပ်ပုံက တော်တော်ဟန်သွားပဲရှင့်။ ကျွန်မတယောက်သာ သိမထားယင် သူတို့ဆီရောက်အောင် ခြေရာကောက်ဖို့ ခဲယဉ်းသားပဲ။ ဒါကြောင့် ကျွန်မကို သူတို့အဆုံးစီရင်ဖို့ အများကြီး စဉ်းစားသေးတယ်ရှင့်။ ဒီအခေတာအဘွင်းမှာ ကျွန်မကို အခန်းထဲပိတ်လှောင်ထားပြီး မသေရုံကလေး ကျွေးထားပါတယ်ရှင်။ နှိပ်စက်သိုက်ဘာတော့ မပြောပါနဲ့တော့။ အော်မယ်လုပ်တော့လဲ ပါးစပ်ကို အဝတ်နဲ့ဆို့ပြီး မဖြုတ်ပဲထားမယ်လို့ပြောတာနဲ့ မအော်ဝံ့တော့ပါဘူးရှင်။ သူတို့က အလကားလုန့်တဲ့ လူတွေမဟုတ်ဘူး။ လုပ်မယ်ဆို တကယ်လုပ်မယ့်လူတွေရှင့်။ ဒါကြောင့် အချိန်ရှိသမျှ ပါးစပ်မှာ အဝတ်တစ်လစ်နဲ့အသက်ရှူခက်နေမှာ ကြောက်တာနဲ့ မအော်ဝံ့ပဲ ကျိတ်ခံရပါတော့တယ်ရှင်။

"ကျွန်မကို ခါတိုင်း ဘယ်တော့မှ ထမင်းကောင်းကောင်း မကျွေးကြဘူးရှင့်။ တော်သလိုနဲ့စားနေရတယ်။ ဒီကနေ့တော့ ဘဲသားဟင်းတွေ ဘာတွေနဲ့ ကျွေးလို့မို့ ငတ်ငတ်နဲ့ စားလိုက်မိတာ ပြီးပြီးချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းကျွေးတာမဟုတ်ဘူး၊ဆေးခပ်ကျွေးတယ်ဆိုတာ ကျွန်မရိပ်မိပါတယ်။ ဒါပေမယ့်စားပြီးဖြစ်နေလို့ ဘာမှမတတ်နိုင်တော့ဘူးရှင့်။ ဒါနဲ့ မျက်လုံးတွေ မဖွင့်ချင်ပဲ ငိုင်တီးငိုင်ခဝ ဖြစ်နေတုန်းမှာ ကျွန်မကို ကားပေါ်တွဲခေါ်ပြီး ဘူတာရုံရောက်တော့ မီးရထားပေါ် တင်ကြတော့တာကိုးရှင့်။ ဒါနဲ့ မီးရထားလဲ ထွက်မယ်လုပ်ကရော အကြံရပြီး ဖြုန်းဆိုခုန်ဆင်းလိုက်တာ သူတို့လဲ ပါသွားကြရော။ဟောဒီမောင်ရင်ကလေးက ကျွန်မကို လန်ချားပေါ်တင်ပြီးခေါ်လာပါရောရှင်။ကံကောင်းပေလို့ သေတွင်းထဲက ကျွန်မလွတ်လာခဲ့ရပါတယ်ရှင်''

ရှား။ ။''ကိုင်းဆရာတို့။ ကျုပ်အဖို့ ပုလိပ်အလုပ်တော့ဖြင့် ပြီးပေပြီ။ သို့သော် ရုံးအလုပ်ကြီးက ကျန်သေးတယ်ဗျ''

ကျွန်။ ။''အစစ်ပေါ့ဗျာ။ ဝတ်လုံနဲ့ဘာနဲ့ငှားပြီး ထုချေယင် ဦးထွန်းကျော်ကို သတ်ရခြင်းဟာ ဦးဘာဟိန်က မိမိအသက်ကို မိမိကာကွယ်ရခြင်းအတွက်ပဲ ပြုရပါတယ်လို့ လျှောက်လဲ့နိုင်ခွင့် ရှိဦးမှာကိုးဗျ''

သောင်း။ ။ဒီလိုလဲ မဟုတ်သေးပါဘူးခင်ဗျာ။ ကျွန်တော်လဲ ဥပဒေ နည်းနည်းပါးပါးတော့ ခေါက်မိပါတယ်။ ကိုယ့်ကိုယ်ကို ကာကွယ်တယ် ဆိုပေမယ့် လူတယောက်ကို သွေးဆောင်ခေါ်ပြီးမှ ချောင်းရိုက်သတ်လို့ ဘယ်တရားသူကြီးက ယုံမှာလဲခင်ဗျာ''

× ×

ဦးဘသောင်းထည့်လိုက်သောတပည့်သည် ဦးဘာဟိန်တို့ လူစုနောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားသည် ဆိုသော်လည်း၊ အလွန်ဉာဏ်များလှသော ဦးဘာဟိန်နှင့် ဦးပန်းဖူးတို့သည် အရပ်ဝတ်နှင့် လိုက်ပါလာသော ပုလိပ်ကို မကြားမိ ရိပ်မိကြ၏။ သို့ဖြစ်၍ ရန်ကုန်သို့ ရောက်ကြသောအခါ မိန်းကလေးများနှင့် လူယုံတော်တယောက်ကို တနေရာသို့ လွှတ်လိုက်၍ ဦးဘာဟိန်နှင့် ဦးပန်းဖူးတို့သည် ဟိုတယ်တခုသို့ ဝင်သွားကြပြီးနောက် ဤနေရာ၌ တည်းခိုလိမ့်မည် ထင်မိသော ပုလိပ်က ခန်းမကြီးထဲ၌ အမောဖြေနေစဉ် ထိုသူနှစ်ယောက်တို့သည် တပိုတပါး သွားမည်ဟန်နှင့် နောက်ဖေးပေါက်မှ ထွက်သွားကြလေရကား ပုလိပ်မှာ တမျှော်မျှော်နှင့် စောင့်မနေ၍ အချိန်ကုန်မှ ပြန်ထွက်လာခဲ့ရလေတော့သည်။

ထိုနေ့မှစ၍ ဦးဘာဟိန်တို့ လူစုသည် ရန်ကုန်မြို့ပေါ်တွင် ခြေရာကောက်မရအောင် ပျောက်သွားကြလေရာ ရက်သတ္တ နှစ်ပတ်ခန့် ကြာသောအခါတွင်မှ ကလောမြို့၊ ကလောဟိုတယ်၌ ညွှိသည် နှစ်ယောက်တို့ အိပ်ခန်းအတွင်း သေဆုံးနေသည်ဟူသော သတင်းတခု ကြားရလေ၏။ ညွှိသည်များ၏အမည်များမှာ တမျိုးတမည် မှည့်ထားသော်လည်း အလောင်းများ၏ ရုပ်ဆင်းသဏ္ဌာန်ကို ဖော်ပြထားပုံမှာ ဦးဘာဟိန်နှင့် ဦးပန်းဖူးတို့ပင်ဖြစ်ကြောင်း ယုံမှားသံသယ ဖြစ်ဖွယ်မရှိချေ။ ထိုသတင်းကိုကြားရသော ညနေ၌

ရှား။ ။''ဒီတခါအမှုကတော့ဖြင့် တော်တော်ရှုပ်တဲ့ အမှုပဲဗျို့ ကိုသိန်းမောင်။ခင်ဗျားရေးနေကျအမှုမျိုးလို သူ့နေရာနဲ့သူ သေသေဝပ်ဝပ်သပ်သပ်ရပ်ရပ်တော့ ရေးလို့မဖြစ်နိုင်ပေဘူးထင်တယ်။ ဒါပေမယ့် ဝတ္ထုသဘောမျိုးနဲ့ ဖတ်ကြည့်ယင်တော့ သိပ်မခေလှဘူးပေါ့ဗျာ။ဒီအမှုမှာ ကျုပ်တို့စုံထောက်ကြရပုံဟာလဲ အဖြစ်အပျက်တွေ ပြွတ်ကျပ်ပြွတ်သိပ် ပေါများနေတဲ့အထဲက အရေးမကြီးတာတွေ ဖယ်ထုတ်။ အရေးကြီးတာတွေနောက်ကို မျက်ခြည်မပြတ်ရအောင် ကွေ့ကွေ့ကောက်ကောက်နဲ့ ဇွတ်လိုက်ကြရတာကိုးဗျ။ ကိုင်း ဒါထက် ခင်ဗျား မရှင်းလင်းတာများ ရှိသေးသလား ကိုသိန်းမောင်''

ကျွန်။ ။''ထမင်းချက်တဲ့ ငနဲက ဘာလုပ်ပြန်လာတာလဲဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"အိမ်ပေါ်က နောက်ဖေးခန်းထဲမှာ ကျုပ်တို့တွေ့ခဲ့တဲ့ လူခြောက်ကလေးကြောင့် ထင်တာပဲဗျ။ ဒီလူခြောက်ဟာ ဆေးနဲ့စီရင်ထားတာနဲ့တူတယ်။ တချို့အယုံအကြည်ရှိတဲ့လူများတော့ သချိုင်းကုန်းသွားပြီး ဂါထာတွေမန္တရားတွေနဲ့ တပင်တပန်းကြီး စီရင်ထားရတာ ဖြစ်လေတော့ ဒီလူခြောက်ကို ဘယ်လောက်ပေးလို့မှ မရောင်းနိုင်ဘူးတဲ့ဗျ။ ဒါကြောင့် သူ့ပစ္စည်းကလေးကို နှမြောတာနဲ့ အရဲစွန့်ပြီး ပြန်လာဟန်တူတယ်။ ရွှေဘိုနယ်သားဖြစ်ရတဲ့အထဲမှာ ဟိုနယ်ကလူတွေနဲ့ နှစ်ရှည်လများ ပေါင်းသင်းလာခဲ့ရတော့ သူတို့ရဲ့အယူတွေ စွဲကပ်ပြီး ပါလာခဲ့တာ ထင်ပဗျာ"

ကျွန်။ ။ဦးထွန်းကျော် ရိုက်သတ်ခံရတော့ သူတယောက်တည်းလားဗျာ"

ရှား။ ။"လက္ခဏာမှာ ဦးထွန်းကျော်က ဒီလောက် အရေးကြီးတဲ့အလုပ်ကို တပည့်နဲ့ မလွှတ်ပဲ သူကိုယ်တိုင် ဆောင်ရွက်မယ်ဆိုပြီး တပည့်တွေကို တဓနုရာမှာထားခဲ့ပြီး သူတယောက်တည်း သွားဟန်တူပါရဲ့။ တချို့လူကလဲ ရန်ငြိုးအင်မတန်ကြီးပြီဆိုမှဖြင့် သူတပါးသတ်ပေးလို့ မကျေနပ်ချင်၊ ကိုယ်တိုင် လက်စားချေရမှ ကျေနပ်တာကိုး ဗျ"



www.burmeseclassic.com